ညောင်တုံးမြို့ ရွှေဟင်္သာတောရ
ပါဠိတက္ကသိုလ်ကျောင်းတိုက်
အဂ္ဂမဟာပဏ္ဍိတ
ဆရာတော်ဦးဝိမလ
၏

# ကင်္ခါမေးခွန်းနှင့်အဖြေ

စာမေးပွဲများစွာ၏
ဝိနယဘာသာအတွက်အထူးစီစဉ်ထားသည်

နိဒါနဝဏ္ဏနာမှ နိဿဂ္ဂိယဝဏ္ဏနာအထိ

ပထမတွဲ

ဆဋ္ဌမအကြိမ်ရိုက်

၁၉၉၈၊

ညောင်တုံးမြို့ ရွှေဟင်္သာတောရ
ပါဠိတက္ကသိုလ်ကျောင်းတိုက်
အဂ္ဂမဟာပဏ္ဍိတ

## ဆရာတော်ဦးဝိမလ

၏

# ကင်္ခါ မေးခွန်းနှင့် အဖြေ

စာမေးပွဲများစွာ၏

## ဝိနယဘာသာ အတွက်

အထူးစီစဉ်ထားသည်

( ဆဋ္ဌမအကြိမ်ရိုက် )

နိဒါနဝဏ္ဏနာမှ နိဿဂ္ဂိယဝဏ္ဏနာ အထိ

## ပထမတွဲ

➤ သင့်ဘဝ ပုံနှိပ်တိုက် ◄
၁၇၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း
ရန်ကုန်မြို့

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၆၀၀၆)
ဆဋ္ဌမအကြိမ်
အုပ်ရေ ၂၅၀၀
တန်ဘိုး ၃-ကျပ်
၁၉၇၃-ခုမတ်လ

၂၁၄၉
၂၉၄.၃၁၁
ဝမလ
၁၉၉၇၁

ထုတ်ဝေသူ။ ။ဦးတင်မောင် (၀၀၈၂) သင့်ဘဝစာအုပ်တိုက်
၁၇-မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်

ပုံနှိပ်သူ။ ။ဒေါ်ခင်မြင့် (၀၁၁၁) သင့်ဘဝ စာပုံနှိပ်တိုက်
၁၇-မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်

# နိဒါန်း

ယခုခေတ်သည် စာမေးပွဲခေတ်ဖြစ်သည်အားလျော်စွာ စာသင်သားလောကကိုကြည့်လျှင် ရာခိုင်နှုန်း ၉၉%ကျော်ကျော်မျှသော စာသင်သားတို့သည် စာမေးပွဲများစွာနှင့်ဆက်သွယ်ကာ စာပေသင်ကြား စခန်းသွားလျက်ရှိကြသည်ကို တွေ့မြင်ရပေမည်။

အဘယ်ကြောင့် ထိုမျှ စာမေးပွဲလောကသို့ ဝင်ရောက်လာကြသနည်းဟု စဉ်းစားသော် များစွာသော စာသင်သားတို့သည် စာမေးပွဲအောင်မြင်လိုဇောဖြင့်သက်ဆိုင်ရာ ကျမ်းစာများကိုထက်သန်သောဝီရိယ ကြီးမားခိုင်မြဲလှသော သမာဓိတရားတို့ဖြင့် စူးစူးစိုက်စိုက်လေ့ကျင့်သင်ကြားမှုကြောင့် လျင်မြန်တတ်မြောက် ခရီးရောက်လွယ်ခြင်း, စာပေကျမ်းဂန်မှတပါး အခြားသို့ စိတ်မသွားသဖြင့် အကုသိုလ်တရားဖြစ်ပွားမှု နည်းပါးခြင်း၊ ထို့ကြောင့်ပင် သာသနာတော်၌ ကြာရှည်ခိုင်မြဲခြင်း စသော အကျိုးတရားကို ဖြစ်ထွန်း တိုးပွားရုံသာမက အချိန် တန် အရွယ် ရောက် လာ၍ သာသနာတော်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်တာတို့ကို လုပ်ကိုင်ဆောင်ရွက်ရာ၌လည်း "ဂုဏဝန္တေ ပဿန္တိ ဇနာ" ဂုဏ်ရှိသူကိုသာ အရာရာ ဦးစားပေးတတ်သော လောကသဘာဝ အားလျော်စွာ "ဒီဂရီ"ရှိသူ၏ အပြောအဆို အလုပ် အကိုင်သည်သာ အများသူငါတို့၏ လိုက်နာလေးစား အလေးထားမှုကို ပိုမို၍ခံယူရခြင်းကြောင့် မိမိ၏ အပြောအဆို အလုပ်အကိုင်တို့ ခရီးပေါက်ရောက် ထမြောက် အောင်မြင်သဖြင့် ကိုယ်ရော သူပါ များစွာ အကျိုးရ ဖြစ်လေရကား အဆက်ဆက်သော ဆရာတော်ကြီးများနှင့်တကွ သာသနာတော်ကို လိုလားသည့်ဘုရင်မင်းတရားတို့သည် အားအပေးကြီး ပေးခဲ့ကြခြင်းကြောင့်ဖြစ်လေသည်။

ယင်းသို့ အရေးပါအရာရောက်လှသော စာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြရာ၌ များသောအားဖြင့် စာမေးပွဲသမားတို့သည် ကျမ်းဂန်၏သဘောသဘာဝကို ကျနစွာပင်သိထားစေကာ အမေးအဖြေပြုလုပ်ရာ၌ မကျွမ်းကျင်မှုကြောင့် စာမေးပွဲ၌ ဆုံးရှုံးကာ

အချို့မှာ သာသနာတော်မှ လျှောကျသည်အထိ တိုင်ခဲ့ရသည်မှာ များစွာ ဝမ်းနည်းဘွယ်ရာပင် ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ကျေးဇူးရှင် ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ် ကျောင်းတိုက် တိုက်အုပ်ဆရာတော်ဘုရားသည် ပထမငယ်တန်းမှ စာချတန်းတိုင်အောင်သော စာမေးပွဲများကို အနှစ် ၂၀-ကျော်မျှ ဦးစီးကာ လုပ်ကိုင်ဆောင်ရွက်တော်မူလာခဲ့စဉ် ထိုအဖြစ်မျိုးကို မကြာခဏတွေ့မြင်တော်မူရခြင်းကြောင့် ယခုအခါသည် အမေးအဖြေ နည်းပြကျမ်းစာ တခုရှိဘို့ရန် အချိန်တန်ပြီ။ သို့ရာတွင် ထိုကျမ်းစာသည် အမေးအဖြေ ဖြစ်ဆန်းကာမျှ မဟုတ်စေဘဲ နက်နဲသော ဝိနိစ္ဆယ, ကျနသောအဓိပ္ပါယ်သဘာဝတို့ဖြင့် စုံလင်စေပါမှ သာ စာမေးပွဲသမားရော-အခြားသော ရဟန်းရှင်လူတို့နှင့်ပါ ဆက်ဆံကာ သာသနာတော်အားကျေးဇူးပို၍များစေလိမ့်မည်ဟု နှလုံးပြုမိတော်မူသည်အားလျော်စွာ ကင်္ခါအဋ္ဌကထာကို အထည်ကိုယ်ထား၍ ဝိနည်းအဋ္ဌကထာ ဋီကာကြီးများနှင့်တကွ ဝိနယဝိနိစ္ဆယ-စသောထိုထိုကျမ်းပေါင်းများစွာတို့မှ သက်ဆိုင်ရာတို့ကိုပါ ထုတ်နုတ်ထည့်သွင်းကာ ဤကင်္ခါမေးခွန်းနှင့်အဖြေကျမ်းစာကို ကြိုးပမ်းတီထွင် စီစဉ်တော်မူခဲ့လေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရား၏ နှလုံးသွင်း ရည်ရွယ်တော်မူရင်းအတိုင်းပင်လျှင် ထိုကင်္ခါမေးခွန်းနှင့် အဖြေကျမ်းစာသည် မှတ်သားဘွယ်ရာ လင်္ကာနှင့် ဂါထာဆောင်ပုဒ်များ၊ ခက်ခဲသည့် ဝိနိစ္ဆယ အဓိပ္ပါယ်သဘာဝများနှင့် ပြည့်ဝစုံလင်သည်ဖြစ်ရကား စာမေးပွဲသမားတို့အဘို့ အမေးအဖြေနှင့်စပ်သည့် အချက်အလက် အခက်အခဲတို့ကို ဖျက်ခွဲ ဖြေရှင်းဘို့ရာ လက်နက်ကောင်းကြီးတခု ဖြစ်သည့်ပြင် ဝိနယဓရ လုပ်လိုသူ ရဟန်းရှင်လူတို့အတွက်လည်း ဝိနည်းဘက်ဆိုင်ရာ ပဒေသာပင်ကြီးပမာ လိုရာရာ ယူသုံးနိုင်ကာ များစွာအားထားရာကြီးပင် ဖြစ်လေတော့သတည်း။

အကျုင်ရာဇိန္ဒာဘိဝံသ

အစိုးရနှင့် စေတိယင်္ဂဏ ဓမ္မာစရိယ

# ဂန္ထာရမ္ဘ

ဇိတကင်္ခါရိ သိဒ္ဓတ္ထော၊
ကင်္ခါနေ ကပ္ပရာယဏော။
ဒါနေနိဋ္ဌတ္ထကင်္ခါနံ၊
သမ္ပူရေတု မနောရထံ။

ဇိတကင်္ခါရိ သိဒ္ဓတ္ထော၊ တဖန် တလှစ် ပြန်မဖြစ်အောင် အမြစ်ပါလှန် ကင်္ခါရန်ကို ပြင်းထန်စွာသတ် အောင်မြင် အပ်လျက် မွန်မြတ်တိုးပွား ကျိုးတရား၏ ထင်ရှားလက်ငင်း ပြီးမြောက်ခြင်း ရှိတော်မူသော။ ကင်္ခါနံ၊ သူကိန်းသမျှ အပါယ် ချ၍ ရော့ရန်သူ ကင်္ခါဟူသည် ညစ်ကျုံ့စွာလှ ပါပကိန်းအောင်း ဒုက္ခိတ သတ္တဝါ အပေါင်းတို့၏။ ကေပ္ပရာယဏော၊ ပြိုင်ဘက် မပြူ တဆူတည်းသာ ကိုးကွယ်ရာစစ် ဖြစ်တော်မူငြား ရှင်တော် မြတ်ဘုရားသည်။ ကင်္ခါနံ၊ ဒဿနတွင် ဉာဏ်မဂ္ဂင်ဖြင့် မထွင် မသတ် မဖျဉ်အပ်၍ စွဲကပ်နေငြား ကင်္ခါတရားရှိနေကြကုန်သော သတ္တဝါတို့အား၊ ဝါ၊ ကင်္ခါဖွင့်ပြ ပါမောက္ခ၏ များလှပေါ ယယ် အဓိပ္ပာယ်၌ စင်ကြယ်မှုကင်း ယုံမှားခြင်း ရှိနေကြကုန် သော အရှင်မြတ်တို့အား။ ဣဋ္ဌတ္ထံ၊ ကင်္ခါကင်းပ ယွင်းမခွဲ နက်လှဓိပ္ပာယ် အသွယ်သွယ်ကို လွယ်ကူပွင့်လင်း သိနိုင်ခြင်း ဟူသော အကျိုးကို။ ဒါနေန၊ မဟာကရုဏာ ထားကာရှေးရှူ ပေးတော်မူခြင်းဖြင့်။ မယှံ၊ ကိုယ်ရေးသူပါ ကင်္ခါကင်းပျောက် အလင်းရောက်အောင် ရည်ဆောင်ကြည့်မြှော် တပည့်တော်၏။

(ဆဋ္ဌမအကြိမ်)

•

မနောရထံ၊ စိတ်အလိုဟု ခေါ်ဆိုဘိတောင်း ဆန္ဒကောင်းကို။
သမ္ပူရေတုံ၊ ကောင်းကြောင်း ကောင်းရာ ဖြစ်စိမ့်ငှာ လျှင်
ဆောင်စွာပြည့်အောင်....ရွက်ဆောင်တော်မူပါဘုရား။

ကဝိဝန္ဒပုဂ္ဂိုလ်တို့အား သူတို့အဘို့ လိုအပ်သောအကျိုးကို ပေးခြင်းသည်ပင် အကျွန်ုပ်၏ အလိုကို ဖြည့်ရာရောက်ပါပြီဟူလို။

ကေပ္ပရာယဏောတိ ဧတ္ထ ကေသဒ္ဒေါ အတုလျတ္ထော။

ဣဋ္ဌတ္ထမိတျတ္ထ ဆန္ဒဟာနိဘယာ နိဂ္ဂဟီတလောပေါ၊
ကာမဉ္စေတံ ဒါနေနာတိ ယုပစ္စယန္တပဒေ ကမ္မံ၊ ဒုတိယန္တ
မေဝ ပန ဟောတိ၊ န ဆဋ္ဌျန္တံ။

“ယု, ဏွု, တု ပစ္စယန္တသ္မိံ၊
ဆဋ္ဌီ ဘဝတိ ကမ္မနိ” တိ

သဒ္ဒေါပဒေသဿ ဟိ အနေကန္တိကဘာဝေါ တတ္ထ တတ္ထ
ဝုတ္တော အာစရိယာသဘောဟိ သောဒါဟရဏေန။

မနသော အတ္ထော ဣစ္ဆာ မနောရထော၊ ရကာရာဂမံ
တကာရလောပဉ္စ ကတွာတိ။

---

(ဆဋ္ဌမအကြိမ်)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **နိဒါနကဏ္ဍ** | | |
| ၁ | ပါတိမောက္ခပုဒ်အဓိပ္ပါယ် .... | ၁ |
| ၂ | သုဏာတုမေ-လ-ဥဒ္ဒိသေယျ-ဝါကျ၏အဓိပ္ပါယ် | ၆ |
| ၃ | ကိံ သံဃဿပုဗ္ဗကိစ္စံပါဠိ၏အဓိပ္ပါယ် | ၃၀ |
| ၄ | ပါရိသုဒ္ဓိံ-လ-မနသိကရောမ-ဝါကျ၏ အဓိပ္ပါယ် .... .... | ၄၁ |
| ၅ | ယဿသိယာ-လ-ကရေယျ-ဝါကျ၏ အဓိပ္ပါယ် .... .... | ၄၃ |
| ၆ | ယာဝတတိယံ အနုသာဝိတံ ဟောတိ ဝါကျ၏ အဓိပ္ပါယ် .... .... | ၄၃ |
| **ပါရာဇိကကဏ္ဍ** | | |
| ၁ | ပထမ ပါရာဇိက .... .... | ၄၆ |
| ၂ | ဒုတိယ .... .... | ၇၇ |
| ၃ | တတိယ .... .... | ၉၀ |
| ၄ | စတုတ္ထ .... .... | ၉၈ |


(ဆဋ္ဌမအကြိမ်)

| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| **သံဃာဒိသေသကဏ္ဍ** | | | | |
| ၁ | ပထမ သံဃာဒိသေသ် | | .... | ၁၀၆ |
| ၂ | ဒုတိယ | .... | .... | ၁၁၀ |
| ၃ | တတိယ | .... | .... | ၁၁၅ |
| ၄ | စတုတ္ထ | .... | .... | ၁၂၀ |
| ၅ | ပဉ္စမ | .... | .... | ၁၂၃ |
| ၆ | ဆဋ္ဌ | .... | .... | ၁၂၇ |
| ၇ | သတ္တမ | .... | .... | ၁၃၆ |
| ၈ | အဋ္ဌမ | .... | .... | ၁၃၇ |
| ၉ | နဝမ | .... | .... | ၁၄၄ |
| ၁၀ | ဒသမ | .... | .... | ၁၄၅ |
| ၁၁ | ဧကာဒသမ | .... | .... | ၁၄၉ |
| ၁၂ | ဒွါဒသမ | .... | .... | ၁၅၀ |
| ၁၃ | တေရသမ | .... | .... | ၁၅၁ |
| ၁၄ | ဂရုကာပတ္တိဝုဋ္ဌာန | .... | .... | ၁၅၃ |
| **အနိယတကဏ္ဍ** | | | | |
| ၁ | ပထမအနိယတ | .... | .... | ၁၆၆ |
| ၂ | ဒုတိယ | .... | .... | ၁၆၈ |


(ဆဋ္ဌမအကြိမ်)

ဦးရေ အကြောင်းအရာ စာမျက်နှာ

## နိဿဂ္ဂိယပါစိတ္တိယကဏ္ဍ

(စီဝရဝဂ်)


| | | |
|---|---|---|
| ၁ | ပထမနိဿဂ္ဂိယပါစိတ် .... .... | ၁၇၀ |
| ၂ | ဒုတိယ .... .... | ၁၉၂ |
| ၃ | တတိယ .... .... | ၁၉၇ |
| ၄ | စတုတ္ထ .... .... | ၂၀၃ |
| ၅ | ပဉ္စမ .... .... | ၂၀၆ |
| ၆ | ဆဋ္ဌ .... .... | ၂၀၉ |
| ၇ | သတ္တမ .... .... | ၂၁၁ |
| ၈ | အဋ္ဌမ .... .... | ၂၁၅ |
| ၉ | နဝမ .... .... | ၂၁၈ |
| ၁၀ | ဒသမ .... .... | ၂၁၈ |


(ဧဠကလောမဝဂ်)


| | | |
|---|---|---|
| ၁၁ | ပထမနိဿဂ္ဂိယပါစိတ် .... .... | ၂၃၀ |
| ၁၂ | ဒုတိယ, တတိယ .... .... | ၂၃၂ |
| ၁၃ | စတုတ္ထ .... .... | ၂၃၄ |
| ၁၄ | ပဉ္စမ .... .... | ၂၃၅ |
| ၁၅ | ဆဋ္ဌ .... .... | ၂၃၇ |


(ဆဋ္ဌမအကြိမ်)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆ | အဋ္ဌမ .... .... | ၂၄၀ |
| ၁၇ | နဝမ .... .... | ၂၄၆ |
| ၁၈ | ဒသမ .... .... | ၂၄၇ |

(ပဏ္ဏဝဂ်)

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | ပထမနိဿဂ္ဂိယပါစိတ် .... .... | ၂၅၀ |
| ၂၀ | ဒုတိယ .... .... | ၂၅၄ |
| ၂၁ | တတိယ .... .... | ၂၅၈ |
| ၂၂ | စတုတ္ထ .... .... | ၂၆၅ |
| ၂၃ | ပဥ္စမ .... .... | ၂၆၈ |
| ၂၄ | ဆဋ္ဌ .... .... | ၂၇၀ |
| ၂၅ | သတ္တမ .... .... | ၂၇၃ |
| ၂၆ | အဋ္ဌမ .... .... | ၂၇၅ |
| ၂၇ | နဝမ .... .... | ၂၇၆ |
| ၂၈ | ဒသမ .... .... | ၂၇၈ |
| ၂၉ | နိဂမဂါထာများ .... .... | ၂၈၀ |


မာတိကာပြီး၏။

(ဆဋ္ဌမအကြိမ်)

# ကဏ္ဍ ၁

# မေးခွန်းနှင့် အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါနကဏ္ဍ

၁။ မေး (က) ပါဘိမောက် အားလုံးနှင့် ဆက်ဆံသော ပါတိမောက္ခသဒ္ဒါ၏ အနက်ဝစ္စ "ဝစနတ္ထ"ကို ညွှန်ပြ၍ (ခ) ထိုပါတိမောက်၏ ဘေဒကိုလည်း သရုပ အားဖြင့်ရင်း, ဂဏ္ဍအားဖြင့်ရင်း ထုတ်ပြပါ။

၁။ ဖြေ (က) "အတိဝ သေဋ္ဌတ္တာ, အဘိဥတ္တမတ္ထ" သည် သဗ္ဗသာဓာရဏ ဖြစ်သော ပါတိမောက္ခ သဒ္ဒါ၏ အနက်ဝစ္စ "ဝစနတ္ထ"ဖြစ်ပါသည်။

(ခ) ထို ပါတိမောက်သည် သရုပအားဖြင့် ၁-သီလ ပါတိမောက်, ၂-ဂန္ထ ပါတိမောက်ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြား

 (ဆဋ္ဌမအကြိမ်)

ပါသည်။ ဂန္ထ အားဖြင့် ၁-ဘိက္ခုပါတိမောက်, ၂-ဘိက္ခုနီ ပါတိမောက်ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားပါသည်။

သီလ-ဂန္ထ-ဟူသော အပြားကို သရူပဘေဒ, ဘိက္ခု-ဘိက္ခုနီ ဟူသော အပြားကို ဂန္ထဘေဒ ဟူလို၏။

**ဆောင်ပုဒ်**

ပါမောက်ဘေဒ၊ သရူပ၊ ဂန္ထနှစ်မျိုးပြား။
သီလ, ဂန္ထ၊ သရူပ၊ ဘေဒ ယင်းနှစ်ပါး။
ဘိက္ခုတလီ၊ ဘိက္ခုနီ၊ နှစ်မည် ဂန္ထပြား။

---

၂။ **မေး** (က) ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ (ခ) ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ။

အထက်ပါ (က) (ခ) ပါဠိတို့၌ လာသော ပါတိမောက် တို့မှာ အချင်းချင်း မည်သို့ခြားနားကြပါသနည်း။ ပါတိမောက္ခ သဒ္ဒါ၏“ဝိဂ္ဂဟ” ကိုလည်း လိုရင်းအချုပ်မျှ ပြုလုပ်ပြပါ။

၂။ **ဖြေ** (က) မှတ်ပါဠိတော်၌လာသော ပါတိမောက် မှာ သီလပါတိမောက်ဖြစ်၍ (ခ) မှတ်ပါဠိတော်၌လာသော ပါတိမောက်မှာ ဂန္ထပါတိမောက် ဖြစ်ပါသည်။

ပါတိ “ရက္ခန္တိ” “မောက္ခေတိ မောစယတိ” တိ ပါတိမောက္ခံ။

---

၃။ မေး (က) သီလပါတိမောက်, ဂန္ထပါတိမောက် နှစ်မျိုးကို ဇာတက, ဇာဝဇာတဗ္ဗ အားဖြင့် ခွဲခြား၍-
(ဆဋ္ဌမအကြိမ်)

(ခ) ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်တို့၌ အသီးအသီး ရထိုက်သော ဥဒ္ဒေသဘေဒများကိုလည်း ထုတ်ပြပါ။

၃။ ဖြေ (က) သီလပါတိမောက်သည် ဇာတတေဘွ, ဂန္ထပါတိမောက်သည် ဇောတကဖြစ်ပါသည်။

(ခ) ဘိက္ခု ပါတိမောက်၌ ရထိုက်သော ဥဒ္ဒေသဘေဒ များကား— ၁-နိဒါနုဒ္ဒေသ, ၂-ပါရာဇိကုဒ္ဒေသ, ၃-သံဃာ-ဒိသေသုဒ္ဒေသ, ၄-အနိယတုဒ္ဒေသ, ၅-ဝိတ္ထာရုဒ္ဒေသ ဖြစ်ပါသည်။

ဘိက္ခုနီ ပါတိမောက်မှာကား အနိယတုဒ္ဒေသကို ထား၍ ကျန်ဥဒ္ဒေသ ၄-ပါးဖြစ်ပါသည်။

**ဆောင်ပုဒ်**

သီလ,ဂန္ထ၊ ပါမောက္ခ၊ ထွန်းပြ တတ်,အစ်ခွဲ။
သီမှာကားအစ်၊ ဂန်မှာတတ်၊ နှစ်ရပ်ဤသို့ကွဲ။

---

၄။ မေး 'ယောပါတိတံ မောက္ခေတိ'' ဟူသော "နာမ လာဘာဟိတ်'' စကားအရ သီလ, ဂန္ထအားဖြင့် နှစ်ပါးသော ပါတိမောက်တို့တွင် အဘယ် ပါတိမောက်သာ မုချအားဖြင့် ပါတိမောက် မည်သင့်သည်။ ကျန်တပါးကိုမူ ဘယ်နည်းအား ဖြင့် ပါတိမောက္ခ ဆိုရမည်ကို ညွှန်ပြပါ။

၄။ ဖြေ ထိုစကားအရ သီလပါတိမောက်သည်သာ မုချ အားဖြင့် ပါတိမောက် မည်သင့်ပါသည်။

ဂန္ထ ပါတိမောက်မှာကား ထိုသီလပါတိမောက်ကို ထွန်းပြ တတ်သော ဇောတက ဖြစ်ရကား ဖလူပစာရ အားဖြင့်သာ ပါတိမောက္ခဟု ဆိုရပါသည်။

(ဆက်လက်ဖော်ပြမည်)

၅။ မေး (က) "အဝသေသံ သုတေန သာဝေတဗ္ဗံ"ဟူသောပါဠိအရ အဘယ် ကာရဏာ ဝိသေသကြောင့် သုတဖြင့် သိမ်းကာ ပါတိမောက် (အကျဉ်း) ပြနိုင်ခွင့်ရှိသည်ကို ညွှန်းပြ၍ (ခ) အနည်းဆုံး ဥဒ္ဒေသပေါင်း မည်မျှပြပြီးမှ သုတဖြင့် သိမ်းခွင့်ရှိသည်ကိုလည်း ဖြေဆိုပါ။

၅။ ဖြေ (က) အန္တရာယ် ၁၀-ပါးတို့တွင် တပါးပါး ဖြစ်ပေါ်ပါက သုတဖြင့် သိမ်းနိုင်ခွင့် ရှိပါသည်။

(ခ) အနည်းဆုံး နိဒါနုဒ္ဒေသတခု ပြပြီးမှသာ သုတဖြင့် သိမ်းခွင့်ရှိပါသည်။

**အန္တရာယ် ၁၀-ပါး သရုပ်ကား-**

(၁) ရာဇန္တရာယ-မင်းအန္တရာယ်။ (၂) စောရန္တရာယ-ခိုးသူအန္တရာယ်။ (၃) အဂ္ဂျန္တရာယ-မီးအန္တရာယ်။ (၄) ဥဒကန္တရာယ-ရေအန္တရာယ်။ (၅) မနုဿန္တရာယ- လူအန္တရာယ်။ (၆) အမနုဿန္တရာယ-ဘီလူးအန္တရာယ်။ (၇) ဝါဠန္တရာယ-ခြင်္သေ့,သစ်,ကျား,သားရဲအန္တရာယ်၊ (၈) သရီသပန္တရာယ-မြွေအန္တရာယ်။ (၉) ဇီဝိတန္တရာယ-အသက်အန္တရာယ်၊ (၁၀)ဗြဟ္မစရိယန္တရာယ-ကျင့်ဝတ်သိက္ခာပုဒ်တော်၏ အန္တရာယ်။

**ဆောင်ပုဒ်**

> **မီး,ရေ,မင်း,လူ၊ ခိုးသူ,ဘီလူး၊ သားရှူး,မြွေ,သက်၊ ကျင့်မြတ်ဖျက်၊ ဆယ်ချက်အန္တရာယ်။**

---

၆။ မေး အနိယတုဒ္ဒေသကို ပြနေဆဲမှာ အန္တရာယ် တမျိုးမျိုး ပေါ်လာသဖြင့် သုတဖြင့် သိမ်းခွင့်နေကသည့်

(ဆက်ရန်ကြည့်)

အခါ ပြဆဲ အနိယတဓမ္မသကိုပါ သိမ်းရမည်။ သို့မဟုတ် ဝိတ္ထာရဓမ္မသကိုသာ သိမ်းရမည်ကို ဖြေဆိုပါ။

၆။ ဖြေ "တေန သဒ္ဓိံ အဝသေသံ သုတေန သာဝေတဗ္ဗံ" ဟု ဆိုသောကြောင့် ပြနေဆဲ အပြီးသို့မကျသေးသော အနိယတဓမ္မသနှင့်တကွ သုတဖြင့် သိမ်းရပါမည်။

---

၇။ မေး (က) နိဒါနဓမ္မသကို အကုန်အစင် ရွတ်ဆိုပြီးလျှင် ကျန်ဥဒ္ဒေသကို သုတဖြင့် သိမ်းရှုပြဆိုရာ ပြည့်စုံသော (ပါဠိက္ကမ) ကို ဖော်ပြ၍ (ခ) နိဒါနဓမ္မသကို မပြဘဲ ပါရာဇိကဓမ္မသ စသော လိုရာတခုကို ရွတ်ဆိုကာ သုတသဒ္ဒါဖြင့် သိမ်းနိုင်ခွင့် ရ, မရကိုလည်း ဝိနိစ္ဆယပြုလိုက်ပါ။

၇။ ဖြေ (က) ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ ဒွေ အနိယတာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ သေခိယာ ဓမ္မာ၊ သုတာ ခေါ ပနာယသ္မန္တေဟိ သတ္တ အဓိကရဏ သမထာ ဓမ္မာ၊ ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္ဝဍ္ဎမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ၊ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ။

(ဆဋ္ဌမအကြိမ်)

(ခ) နိဒါနဒွေသမှ စ၍သာ အစဉ်အတိုင်း ပြရသည် ဖြစ်သောကြောင့် နိဒါနဒွေသကိုမပြဘဲ အထက်ဥဒ္ဒေသတခုခုကို ကျော်၍ မပြနိုင်ပါ။

---

၈။ မေး (က) "သုဏာတု မေ ဘန္တေ သံဃော။လ။ ပါတိမောက္ခံ ဥဒ္ဒိသေယျ" ဟူသော ဥတ်စကားမှာ ဥပုသ်ပြုသော သံဃာအများတွင် ဘယ်ပုဂ္ဂိုလ်က ရွတ်ဆိုရမည့် စကားပါနည်း။ (ခ) ထေရ နဝ မဇ္ဈိမတို့တွင် ဘယ်ပုဂ္ဂိုလ်မျိုးသာ ပါတိမောက်ပြသင့်သည်ကိုလည်း ညွှန်းပြပါ။

၈။ ဖြေ (က) ပါတိမောက္ခုဒ္ဒေသက ရဟန်းက ဆိုရမည့် စကားဖြစ်ပါသည်။

(ခ) မထေရ်ကြီး စွမ်းနိုင်က မထေရ်ကြီး ကိုယ်တိုင် ပြသင့်ပါသည်။ မစွမ်းနိုင်ပါက ဗျတ္တ, ပဋိဗလဂုဏ်နှင့် ပြည့်စုံသော သီတင်းငယ် တပါးပါးလည်း (တိုက်တွန်းချက်အရ) ပြသင့်ပါသည်။

**မှတ်ရန်**

ဘိက္ခုဝသာ ဟူသော ရဟန်းဝါအားဖြင့် အနည်းဆုံး ၁၀-ဝါ ရပြီးသော ရဟန်းမှစ၍ အထက်ကို ထေရ- ရဟန်းဟု ခေါ်သည်။ ၅-ဝါ ရပြီးသော ရဟန်းမှစ၍ ၉-ဝါရသော ရဟန်းအထိ မဇ္ဈိမ ရဟန်းခေါ်သည်။ ၅-ဝါမျှ မရသေးသောရဟန်းကို နဝ-ရဟန်း ခေါ်သည်။ ထိုတွင် ထေရ-ရဟန်းသည် အနုထေရ, မဟာထေရဟု နှစ်မျိုးရှိပြန်၏။ ၁၀-ဝါမှ ၁၉-ဝါအထိ အနုထေရ, ရဟန်းသိက္ခာ ဝါတော် ၂၀-မှစ၍ အထက်ကို မဟာထေရဟု မှတ်။

(ဆဋ္ဌ-အကြိမ်)

၉။ မေး "သုဏာတု မေ ဘန္တေ သံဃော" ပါဌ်ဖြင့် ပြအပ်သော သံဃာ၏ဘေဒ, ထိုဘေဒ၏ သရုပ်နှင့် ဥပေါသထ ကံအရာ၌ လိုအပ်သော အဓိပ္ပေတ သံဃာကိုလည်း ညွှန်းပြပါ။

၉။ ဖြေ ဘေဒအားဖြင့် ၁-ဒက္ခိဏေယျ သံဃာ, ၂-သမ္မုတိ သံဃာဟု နှစ်မျိုးနှစ်စား ကွဲပြားပါသည်။

ဒက္ခိဏေယျ သံဃာဟူသည် တရားကိုယ်အရ (သရုပ) အားဖြင့် အရိယာပုဂ္ဂိုလ်ရှစ်ယောက် ဖြစ်ပါသည်။

သမ္မုတိသံဃာဟူသည် တရားကိုယ်အရ (သရုပ) အားဖြင့် ပုထုဇဉ် အရိယာ အားလုံးပါသော သာမန် ရဟန်းအပေါင်း ဖြစ်ပါသည်။

ဤဥပေါသထကံ အရာ၌ သမ္မုတိ သံဃာကိုသာ လိုအပ် ပါသည်။

---

၁၀။ မေး (က) သံဃာ့ကံ၏ အစွမ်းအားဖြင့် ကွဲပြား သင့်သော သံဃ ဘေဒကို ဖော်ပြ၍ (ခ) ထိုသံဃာအသီးသီးတို့ ပြုနိုင်ခွင့်ရှိသော သံဃာ့ကံများကိုလည်း ခွဲခြား၍ပြပါ။

၁၀။ ဖြေ (က) ၁-စတုဝဂ္ဂ သံဃာ, ၂-ပဉ္စဝဂ္ဂသံဃာ, ၃-ဒသဝဂ္ဂသံဃာ, ၄-ဝီသတိဝဂ္ဂသံဃာ, ၅-အတိရေကဝီသတိ ဝဂ္ဂ သံဃာဟူ၍ ငါးမျိုး ငါးစား ကွဲပြားပါသည်။

(ခ) စတုဝဂ္ဂ သံဃာသည် ၁-ဥပသမ္ပဒကံ, ၂-ပဝါရဏာကံ, ၃-အဗ္ဘာနကံ တို့ကို ချန်ထား၍ ကျန် သံဃာ့ကံ အားလုံးကို ပြုနိုင်ပါသည်။

(ဆ၅မအကြိမ်)

၂

ပဉ္စဝဂ္ဂသံဃာသည် ၁-မဇ္ဈိမဒေသ၌ ခွင့်ပြုတော်မူအပ်သော ဥပသမ္ပဒကံ, ၂-အဗ္ဘာနကံကို ချန်ထား၍ ကျန် သံဃာ့ကံ အားလုံးကို ပြုနိုင်ပါသည်။

ဒသဝဂ္ဂ သံဃာသည် အဗ္ဘာနကံ တခုမျှကို ချန်ထား၍ ကျန် သံဃာ့ကံအားလုံးကို ပြုနိုင်ပါသည်။

ဝီသတိ ဝဂ္ဂသံဃာသည်ကား သံဃာ့ကံအားလုံးကိုပင် ပြုနိုင်ပါသည်။ ဝီသတိဝဂ္ဂသံဃာ မပြုနိုင်သော သံဃာ့ကံဟူ၍ တစုံတရာမျှ မရှိပါ။

အတိရေက ဝီသတိဝဂ္ဂ သံဃာသည်လည်း ဝီသတိဝဂ္ဂသံဃာ ကဲ့သို့ပင် ဖြစ်ပါသည်။

မှတ်ရန်

ဥပသမ္ပဒကံ, ဥပေါသထကံ, ပဝါရဏာကံ, အဗ္ဘာနကံတို့ကို ရွက်ဆောင်နိုင်ရန် လိုအပ်သော သံဃာအရေအတွက်ကို သတိပြုပါ၊ ဝီသတိဝဂ္ဂ သံဃာသည်ပင် သံဃာ့ကံအားလုံးကို ရွက်ဆောင်နိုင်ပါလျက် အတိရေက ဝီသတိဝဂ္ဂသံဃာကိုပြဆိုခြင်းမှာ ထိုထို သံဃာ့ကံ တို့ကို ရွက်ဆောင်ရာ၌ သတ်မှတ်ထားသော သံဃာ အရေအတွက်အောက် ယုတ်လျော့လျှင်မအပ်။ ပိုလွန်ပါမူကား အပြစ်တစုံတရာမရှိ၊ အတိသုန္ဒရ-ဟု သိစေလိုမှုကြောင့် ပြဆိုခြင်း ဖြစ်သည်။

စတုဝဂ္ဂေါ ပဉ္စဝဂ္ဂေါ၊ ဒသ ဝီသတိ ဝဂ္ဂိကော။
တိရေက ဝီသတိဝဂ္ဂေါ၊ ပဉ္စသံဃာ ဝိဘာဝိတာ။
စတုဝဂ္ဂေတ္ထ အဗ္ဘာန၊ ပသမ္ပဒပ္ပဝါရဏာ။
ပဉ္စဝဂ္ဂေါစ အဗ္ဘာနံ၊ မဇ္ဈဒေသူပသမ္ပဒံ။
ဒသဝဂ္ဂေါစ အဗ္ဘာနံ၊ ထပေတွာ သဗ္ဗကမ္မိကော။
ဣတရော သဗ္ဗကမ္မေသု၊ ကမ္မပ္ပတ္တောတိ ဒီပိတော။

(ဆဋ္ဌမအကြိမ်)

၁၁။ မေး (က) သုတ္တုဒ္ဒေသ သံဃာ့ဥပုသ် ပြုနိုင်ရန် အနည်းဆုံး လိုအပ်သော သံဃာ အရေအတွက်ကို ဖော်ပြ၍ (ခ) နေ့၏ အစွမ်းအားဖြင့် ပြားသင့်သော ဥပေါသထဘေဒ ကိုလည်း ရေတွက်ဖော်ပြပါ။

၁၁။ ဖြေ (က) အနည်းဆုံး တသိမ်တည်းမှာ ရဟန်း လေးပါး ရှိပါက သုတ္တုဒ္ဒေသ သံဃာ့ဥပုသ် ပြုနိုင်ပါသည်။

(ခ) ဥပုသ်ပြုရာနေ့၏ အစွမ်းအားဖြင့် ၁-စာတုဒ္ဒသီ, ၂-ပန္နရသီ, ၃-သာမဂ္ဂီ ဟူ၍ ဥပုသ်သုံးပါး ပြားပါသည်။

---

၁၂။ မေး တနှစ် အတွင်း၌ ပကတိ စာရိတ္တ ဥပုသ်ပေါင်း မည်မျှ ရှိသည်၊ ထိုတွင် စာတုဒ္ဒသီ ဥပုသ်ပေါင်း မည်မျှ ရှိ၍ ပန္နရသီ ဥပုသ်ပေါင်းမည်မျှရှိသည်ကိုလည်း သချာမျှ သတ်မှတ်၍ ပြပါ။

၁၂။ ဖြေ တနှစ်အတွင်း၌ ပကတိ စာရိတ္တ ဥပုသ်ပေါင်း ၂၄-ဥပုသ်ရှိပါသည်။ ထိုတွင် စာတုဒ္ဒသီ ဥပုသ်မှာ ၆-ဥပုသ်ဖြစ်၍ ပန္နရသီမှာ ၁၈-ဥပုသ် ဖြစ်ပါသည်။

---

၁၃။ မေး ပကတိစာရိတ္တ ဥပုသ်နေ့တို့မှတပါး အကြောင်း အားလျော်စွာ ဥပုသ်ပြုနိုင်သော နေ့များ ရှိသေးပါက ထိုနေ့ များကို အကြောင်းနှင့်တကွ ညွှန်ပြပါ။ (သာမဂ္ဂီ ဥပုသ်နေ့ကို မလို)

(ဆဋ္ဌမအကြိမ်)

၁၃။ ဖြေ အာဂန္တုက ရဟန်းများနှင့် အာဝါသိက ရဟန်းများတို့ တသိမ်တည်း၌ ဥပုသ်ပြုရန် စည်းဝေးမိကြရာ အာဝါသိက ရဟန်းတို့က အရေအတွက်အားဖြင့် များပြား ပိုမိုခြင်း စသော အကြောင်းရှိခဲ့သော် အာဂန္တုက ရဟန်းတို့သည် မိမိတို့၏ ထိုသို့အကြောင်းအရ အရေအတွက် အယူအဆ အားဖြင့် ပန္နရသီဥပုသ်နေ့ ဖြစ်ပါသော်လည်း အရေအတွက် များသော အာဝါသိကတို့၏ အလိုသို့ လိုက်ခါ မိမိတို့အဘို့ ပကတိ စာရိတ္တ စာတုဒ္ဒသီမဟုတ်သော သူဘပါးတို့ အလိုအားဖြင့်သာ စာတုဒ္ဒသီ ဖြစ်သော နေ့၌လည်း ဥပုသ်ပြုနိုင်သေး၏။

---

၁၄။ မေး သဗ္ဗံ ဝါကျံ့ သာဝဓာရဏံ-အရ "သုဏာတု မေ ။လ။ဥဒ္ဒိသေယျ" ဟူသော ဥတ်၌ ဥပေါသထော ပန္နရသော- ပုဒ်တို့နောက်တွင် ဧဝ ဝင်ပါက နိဝတ္တေတဗ္ဗ ဖြစ် ထိုက်သော အရာတို့ကို ထုတ်ပြပါ။

၁၄။ ဖြေ ဥပေါသထောနောင် ဧဝ- ဝင်ပါက ထို၏ နိဝတ္တေတဗ္ဗမှာ အနုပေါသထဒိဝသ ဖြစ်ပါသည်။

ပန္နရသော နောင် ဧဝ- ဝင်ပါက ထို၏ နိဝတ္တေ တဗ္ဗမှာ စာတုဒ္ဒသီ, သာမဂ္ဂီ ဥပုသ်နေ့တို့ ဖြစ်ပါသည်။

---

၁၅။ မေး (က) ပကတိ စာရိတ္တ ပဝါရဏာနေ့များကို ဖော်ပြလျက် (ခ) ပုရိမဝဿံဝုတ္ထရဟန်း, ပစ္ဆိမဝဿံဝုတ္ထရဟန်း တို့နှင့် သက်ဆိုင်ရာ ပဝါရဏာနေ့များကိုလည်း ခွဲခြားသတ်မှတ်၍ ပြပါ။

(ဆဋ္ဌမအကြိမ်)

၁၅။ ဖြေ (က) ပကတိ စာရိတ္တ ပဝါရဏာနေ့ တို့ကား ၁-သီတင်းကျွတ် လပြည့်နေ့, ၂-သီတင်းကျွတ် လကွယ်နေ့, ၃-တန်ဆောင်မုန်း လပြည့်နေ့တို့တည်း။

(ခ) ပုရိမဝဿံဝုတ္ထ ရဟန်းတို့နှင့် သုံးနေ့လုံး သက်ဆိုင်၏။ ပစ္ဆိမဝဿံဝုတ္ထ ရဟန်းတို့နှင့်ကား တန်ဆောင်မုန်း လပြည့်နေ့ တနေ့သာ သက်ဆိုင်၏။

---

၁၆။ မေး ပုရိမဝဿံဝုတ္ထ ရဟန်းတို့သည် ဘဏ္ဍန ကာရက ရဟန်းတို့ နှောင့်ယှက်ခြင်းစသော အကြောင်းကြောင့် သီတင်းကျွတ် လပြည့်နေ့မှာ ပဝါရဏာ မပြုနိုင်ပါကမည်သည့် နေ့များတွင် ပြုနိုင်ခွင့် ရပါသနည်း။

၁၆။ ဖြေ သီတင်းကျွတ်လကွယ်နေ့မှာ ပြုရမည်။ သီတင်းကျွတ် လကွယ်နေ့မှာ ပြုခွင့်မရပါက တန်ဆောင်မုန်းလပြည့်နေ့မှာ မုချပြုရမည်။ တန်ဆောင်မုန်းလပြည့်နေ့ကို မလွန်စေရပါ။

---

၁၇။ မေး ပကတိ စာရိတ္တ ပဝါရဏာနေ့တို့မှ တပါး အကြောင်းအားလျော်စွာ ပဝါရဏာ ပြုနိုင်သောနေ့များ ရှိသေးပါက ထိုနေ့တို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။ (သာမဂ္ဂီ ပဝါရဏာနေ့ကို မလို)

၁၇။ ဖြေ စာတုဒ္ဒသီ ပဝါရဏာကို ပြုခြင်းငှါ လျော်ကပ်သော အာဝါသိက ရဟန်းတို့၏ များပြားခြင်း စသော အကြောင်း ရှိခဲ့သော် သီတင်းကျွတ် လပြည့်, တန်ဆောင်မုန်း

(ဆင့်မဘာကြိမ်)

လပြည့်တို့၏ ရှေး၌ ဖြစ်ကုန်သော စာတုဒ္ဒသီနေ့ (အဖိတ်နေ့) တို့၌လည်း အများဖြစ်သော သူတပါးတို့ အလိုသို့ လိုက်ကာ ပဝါရဏာကို ပြုသင့်ပါသေးသည်၊

---

၁၈။ မေး (က) မည်သည့် ဥပုသ်မျိုးကို သာမဂ္ဂီဥပုသ်, မည်သည့် ပဝါရဏာမျိုးကို သာမဂ္ဂီ ပဝါရဏာဟု ခေါ်ဆိုပါသနည်း။(ခ) ထိုဥပုသ်မျိုး ပဝါရဏာမျိုးကို ပြုနိုင်ရာနေ့များကိုလည်း သတ်မှတ်၍ပြပါ။

၁၈။ ဖြေ (က) ကွဲပြား၍နေသော သံဃာများညီညွတ်စည်းလုံးမိရာနေ့တို့၌ ပြုအပ်သော ဥပုသ်မျိုး ပဝါရဏာမျိုးကို သာမဂ္ဂီဥပုသ် သာမဂ္ဂီပဝါရဏာဟု ခေါ်ဆိုပါသည်။

(ခ) သာမဂ္ဂီဥပုသ်ကို ပြုနိုင်ရာနေ့များကား တနှစ်အတွက်တွင် [လပြည့်ရက် ၁၂-ရက်, လကွယ်ရက် ၁၂-ရက်]ပေါင်း ၂၄-ရက် တို့မှ တပါးသောနေ့တို့မှာ သာမဂ္ဂီဥပုသ်ကို ပြုနိုင်ရာ နေ့ရက်များ ဖြစ်ပါသည်။

သာမဂ္ဂီ ပဝါရဏာကို ပြုနိုင်ရာ နေ့များကား [ကတ္တိကမာသပုဗ္ဗကတ္တရ]ဟု ဆိုအပ်သော သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ ၂၉-ရက်တို့မှာ သာမဂ္ဂီပဝါရဏာကို ပြုနိုင်ရာနေ့များ ဖြစ်ပါသည်။

---

၁၉။ မေး (က) "သုဏာတု မေ ။လ။ ဥဒ္ဒိသေယျ" ဟူသော ဉတ်ပါဠိ၌ စာတုဒ္ဒသီ, သာမဂ္ဂီ ဥပုသ်နေ့များဖြစ်ပါက

(ဆဋ္ဌမအကြိမ်)

မည်သို့ ပြောင်းလဲ ပြင်ဆင်ရမည်ကို ဖော်ပြ၍ (ခ) အနုပေါ သထ ဒိဝသ၌ ဥပုသ်ပြုပါက ရရှိသော အပြစ်ကိုလည်း ဖော် ပြပါ။

၁၉။ ဖြေ (က) စာတုဒ္ဒသီ ဥပုသ်နေ့ဖြစ်ပါက "အင်္ဂါ ပေါ်သထော စာတုဒ္ဒသော"၊ သာမဂ္ဂီ ပုဥသ်နေ့ဖြစ်ပါက "အင်္ဂါ ပေါ်သထော သာမဂ္ဂီ"ဟု ပြောင်းလဲ ပြင်ဆင်ရပါမည်။

(ခ) အနုပေါသထဒိဝသ၌ ဥပုသ်ပြုပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

၂၀။ မေး (က) "ယဒိ သံဃဿ ပတ္တကလ္လံ"၌ ပတ္တကလ္လ အရကို ကောက်ပြ၍ (ခ) အကြွင် အကြောင်း အင်္ဂါတို့နှင့် ပြည့်စုံက ပတ္တကလ္လဖြစ်၏၊ ထိုအကြောင်း အင်္ဂါတို့ကိုလည်း ထုတ်ပြပါ။

၂၀။ ဖြေ (က) ပတ္တကလ္လအရကား ဥပေါသထကံ ဖြစ် ပါသည်။

(ခ) ပတ္တကလ္လ ဖြစ်ကြောင်း အင်္ဂါများကား- ၁-စာ တုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ဥပုသ်နေ့ သုံးမျိုးတို့တွင် တမျိုးမျိုး ဖြစ်ခြင်း, ၂-ကမ္မပ္ပတ္တ ရဟန်းတို့၏ ဟတ္ထပါသ်ကို မစွန့်မူ၍ တသိမ်တည်း၌ တည်ကြခြင်း, ၃-ကမ္မပ္ပတ္တရဟန်းတို့၏ ဝတ္ထု သဘာဂအာပတ်မှ ကင်းစင်ကြခြင်း, ၄-ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့၏

(ဆက်ရန်ကြွင်း)

ဥပေါသထကာရက ရဟန်းတို့၏ ဟတ္ထပါသ်အတွင်းမှာ မရှိမနေခြင်းတို့တည်း။

"ဥပေါသထော ယာဝတိကာ စ ။လ။ ပတ္တကလ္လန္တိ ဝုစ္စတိ" ဟူသော ပါဠိကိုရေးလျှင်လည်း ပြီးနိုင်၏။

---

၂၁။ မေး (က) "ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ"၌ ကမ္မအရ ဘယ်ကံကို ယူရမည်၊ (ခ) ယာဝတိကာဘိက္ခူ-အရ အဘယ်ဌာန၌ အဘယ်သို့ နေထိုင်ကြကုန်သော အဘယ်မျှလောက် များပြားသည့် ဘယ်လိုရဟန်း အမျိုးအစားတို့ကို ယူရမည်ကိုလည်း ဖော်ပြပါ။

၂၁။ ဖြေ (က) ဥပေါသထကံကို ယူရပါမည်။ (ခ) တသိမ်တည်း၌ ဟတ္ထပါသ်ကို မစွန့်မူ၍ တည်နေကြကုန်သော အနည်းဆုံး လေးပါးကုန်သော ပကတတ် ရဟန်းမျိုးတို့ကို ယူရပါမည်။

မှတ်ရန်

ဤ၌ ပကတတ် ရဟန်းဟူသည် ဥက္ခေပနိယကံကိုလည်း အပြုမခံရ၊ ပါရာဇိက သို့လည်း မရောက်မရှိ၊ ပကတိ ဖြစ်သော သဘောသီလရှိသော ရဟန်းကောင်းမျိုးကို ဆိုသည်။

---

၂၂။ မေး (က) သိမ်ဟူသည် မူလဘေဒဟူသော အရင်းခံအမျိုးအစားအားဖြင့် ဘယ်မျှ အပြားရှိပါသနည်း။ သိမ်အမျိုး

အစား သီမာဘေဒကို ထုတ်ပြ၍ (ခ) ထိုသိမ်တို့ အချင်းချင်း မည်သို့ခြားနားကြသည်ကိုလည်း ဖြေဆိုပါ။

၂၂။ ဖြေ (က) မူလဘေဒအားဖြင့် ၁-ဗဒ္ဓသိမ်, ၂-အဗဒ္ဓသိမ်ဟု နှစ်မျိုးနှစ်စား ကွဲပြားပါသည်။

(ခ) ဗဒ္ဓသိမ်ဆိုသည်မှာ ကမ္မဝါစာဖြင့် ဖွဲ့အပ်သမုတ်အပ်သော သိမ်မျိုးဖြစ်၍ အဗဒ္ဓသိမ်ဆိုသည်မှာ ကမ္မဝါစာဖြင့်မဖွဲ့အပ် မသမုတ်အပ်သော သိမ်မျိုးဖြစ်ပါသည်။

---

၂၃။ မေး (က) ဝိပတ္တိသိမ်ဟု ဆိုအပ်သော သိမ်ပျက် တဆဲ့တမျိုးတို့ကို ရေတွက် ဖော်ပြ၍ (ခ) အငယ်ဆုံး သိမ်၏ ပမာဏနှင့် အကြီးဆုံးသိမ်၏ ပမာဏတို့ကိုလည်း ညွှန်းပြပါ။

၂၃။ ဖြေ (က) သိမ်ပျက် တဆဲ့တမျိုးကား ၁-အလွန် ငယ်လွန်းသော သိမ်, ၂-အလွန်ကြီးလွန်းသော သိမ်, ၃-နိမိတ် ကျိုးသော သိမ်, ၄-အရိပ်ကို နိမိတ်လုပ်သော သိမ်, ၅-လုံးလုံး နိမိတ်မရှိသော သိမ်, ၆-သိမ် အပြင်ဘက်ကနေ၍ သမုတ် အပ် သော သိမ်, ၇-မြစ်၌ သမုတ်အပ်သော သိမ်, ၈-သမုဒ္ဒရာ၌ သမုတ်အပ်သော သိမ်, ၉-ဇာတဿရအိုင်၌သမုတ်အပ်သောသိမ်, ၁၀-သိမ်ချင်းစပ်၍ သမုတ်အပ်သောသိမ်, ၁၁-သိမ်ချင်းထပ်၍ သမုတ်အပ်သောသိမ်တို့ ဖြစ်ပါသည်။

ဆောင်ပုဒ်

ကြီး,ငယ်,ကျိုး,ရိပ်၊ အနိမိတ်၊ ဗဟိဒ်,တည်သမုတ်။
အိုင်,သမုဒ်,မြစ်၊စပ်,လွှမ်း,လစ်၊ဆဲ့တစ်သိမ်ပျက်ထုတ်။
(ဆရာမှူးအကြွင်း)

(ခ) အငယ်ဆုံးသိမ်မှာ ရဟန်း ၂၁-ပါးနေနိုင်လောက်သော ပမာဏရှိရမည်၊ အကြီးဆုံးသိမ်မှာ ၃-ယူဇနာသမျှ ပမာဏ ရှိရပါမည်။

---

၂၄။ မေး (က) ဗဒ္ဓသိမ်သည် တိဝိဓ သမ္ပတ္တိယုတ္တ ဖြစ်မှသာ အောင်မြင်သည် ဆိုရာ၌ တိဝိဓ သမ္ပတ္တိ အရကို ဖော်ပြ၍ (ခ) သိမ်နိမိတ် ၈-မျိုးကိုလည်း သရုပ်သကောင် ထုတ်ဆောင်ရေတွက်ပြပါ။

၂၄။ ဖြေ (က) တိဝိဓ သမ္ပတ္တိ အရကား.... ၁-နိမိတ္တ သမ္ပတ္တိ, ၂-ပရိသ သမ္ပတ္တိ, ၃-ကမ္မဝါစာ သမ္ပတ္တိတို့ ဖြစ်ပါသည်။

(ခ) သိမ်နိမိတ် ၈-မျိုးကား.... ၁-ပဗ္ဗတ နိမိတ်, ၂-ပါသာဏနိမိတ်, ၃-ဝန နိမိတ်, ၄-ရုက္ခ နိမိတ်, ၅-မဂ္ဂ နိမိတ်, ၆-ဝမ္မိကနိမိတ်, ၇-နဒီနိမိတ်, ၈-ဥဒကနိမိတ်တို့ ဖြစ်ပါသည်။

ဆောင်ပုဒ်

ပဗ်, ပါ, ဝန၊ ရုက်, မဂ္ဂ၊ ဒက, ဝမ္မိကံ။
နဒီပါထည့်၊ ရှစ်မျိုးရှိ၊ သိမ်၏နိမိတ္တံ။

---

၂၅။ မေး (က) ရုက္ခနိမိတ်, ဥဒကနိမိတ်အရာ၌ နိမိတ္တုပဂဖြစ်သော ရုက္ခ,ဥဒကတို့နှင့် (ခ) အနိမိတ္တုပဂဖြစ်သော ရုက္ခ, ဥဒကတို့ကို ခွဲခြား၍ပြပါ။

၂၅။ ဖြေ (က) "နိမိတ္တုပဂ"ဖြစ်သော ရုက္ခမျိုးကား.... ၁-မြေအပြင်၌ တည်ခြင်း, ၂-သစ်ပင်ဆိုင်ရာ ဟာရိဘာဝတ်ဖြင့်

(ဆဋ္ဌမအကြိမ်)

စိမ်းရှင်၍နေခြင်း, ၃-အတွင်း၌ အနှစ်ရှိသော သစ်ပင်မျိုး ဖြစ်ခြင်း, ၄-အမြင့်အားဖြင့် အနည်းဆုံး လက်ရှစ်သစ်ရှိခြင်း, ၅-လုံးပတ်အားဖြင့် အနည်းဆုံး လက်ပွတ်စူး အရိုးလောက် ရှိခြင်း ဤ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော သစ်ပင်မျိုးဖြစ်ပါ သည်။ ဤ အင်္ဂါလက္ခဏာနှင့်မပြည့်စုံက "အနိမိတ္တုပဂရုက္ခ" မျိုး ဖြစ်ပါသည်။

(ခ) "နိမိတ္တုပဂ" ဖြစ်သော ဥဒကမျိုးကား- တွင်း,လေး ထောင့်ကန်,တဘက်ဆည်းကန်,ဇာတဿရအိုင်,ဆားငန်ချောင်း, သမုဒ္ဒရာ စသည်ဘို့အတွင်း၌ မစီးမဆင်းဘဲ ငြိမ်သက်စွာ တည်နေ သော ရေမျိုးပင်ဖြစ်စေ, အယုတ်ဆုံး အပိုင်းအခြားအားဖြင့် နိမိတ်ကြားခါနီးမှ တူးအပ်သော တွင်းငယ်၌ ထည့်လောင်း၍ ထားအပ်သော ရေပင်ဖြစ်စေကာမူ ကမ္မဝါစာ ဆုံးအောင်ခံလျှင် နိမိတ္တုပဂ ဥဒကဖြစ်ပါတော့သည်။ စီးနေသောရေမျိုး, ကမ္မဝါ စာ ဆုံးအောင်မခံသောရေမျိုး, အိုးခွက်စသည်၌ တည်သော ရေမျိုးမှာ အနိမိတ္တုပဂ ဥဒကဖြစ်ပါသည်။

နိမိတ္တုပဂ-နိမိတ်လောက်။ အနိမိတ္တုပဂ-နိမိတ်မလောက်။

---

၂၆။ **မေး** ယခုကာလ ပါသာဏ နိမိတ်အဖြစ်ဖြင့် အသုံး ပြုနေကြသော ကျောက်တိုင်များသည် အကြီးဆုံး အရှယ် ပမာဏ မည်မျှရှိနိုင်သည်, အနည်းဆုံးအချိန်ပမာဏ မည်မျှရှိမှ နိမိတ္တုပဂ ဖြစ်သည်ကို ဖော်ပြပါ။

၂၆။ ဖြေ နိမိတ်အဖြစ်ဖြင့် အသုံးပြုသော အကြီးဆုံး ပါသာဏမှာ ၇-တောင်, ၇-တောင့်ထွာရှိ ဆင်ကောင်ကြီး လောက်နီးနီး ကြီးနိုင်သော ပမာဏ ရှိပါသည်။

[ဆင်ကောင်ကြီးလောက် ကြီးလျှင်ကား ပါသာဏမဟုတ်၊ ပဗ္ဗတဖြစ်သွားသည်။]

အနည်းဆုံး အချိန်ပမာဏမှာ "ဒွတ္တိံသပလ" ၃၂-ပိုလ် အလေးချိန် ရှိရပါမည်။

[၃၂-ပိုလ်ဟူသည်မှာ ဒင်္ဂါးချိန် ၁၂၈-သားရှိ၏။ ယခုကာလ ဗိသုကာချိန်အားဖြင့် ၉၀-သားရှိ၏၊ယခုကာလပါသာဏနိမိတ် အဖြစ်ဖြင့် အသုံးပြုကြသော ကျောက်တိုင်များကား နိမိတ်လောက်ရုံ မကအဆများစွာ ပိုနေသေး၏ဟု "ပရိဝါသမာနတ္တာဒိ ဝိနိစ္ဆယ ကျမ်း" တွင် ကျေးဇူးရှင်စံကျောင်းဆရာတော်ဘုရားကြီး ဆုံးဖြတ် တော်မူသည်။]

(အမှာ။ ။ကွင်းအတွင်းစကားများမှာ ထည့်ဖြေရန်မဟုတ်။)

---

၂၇။ မေး (က) ၁-နိမိတ္တသမ္ဗတ္တိယုတ္တ, ၂-ပရိသာသမ္ဗတ္တိ ယုတ္တ, ၃-ကမ္မဝါစာသမ္ဗတ္တိ ယုတ္တ သိမ်မျိုးဖြစ်အောင် သမုတ် ပုံကို အတိုချုပ်ဖော်ပြ၍ (ခ) ဗဒ္ဓသိမ်,အဗဒ္ဓသိမ်တို့၏ အပြားကို လည်း ထုတ်ပြပါ။

၂၇။ ဖြေ (က) ၁-ပဗ္ဗတ, ပါသာဏ စသော ရှစ်ပါး သော နိမိတ်တို့တွင် ပါဝင်သော နိမိတ္တူပဂ နိမိတ်မျိုးတို့ကို ထိုထိုအရပ်မျက်နှာတို့၌ ရထိုက်သလို သုံးခုအောက် မလျော့ စေဘဲ ယူ၍ "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ၊ ပဗ္ဗတော ဘန္တေ၊ ဧသော ပဗ္ဗတော နိမိတ္တံ" စသည်ဖြင့် နည်းလမ်း

(ဆဋ္ဌမအကြိမ်)

မစောင်း ကောင်းစွာ ကြား၍ သမုတ်အပ်သော သိမ်သည် "နိမိတ္တ သမ္မတ္တိ ယုတ္တ" သိမ်ဖြစ်ပါတော့သည်။

၂။ အယုတ်ဆုံး သိမ်သမုတ်ရန် ရဟန်းလေးပါးတို့ စည်းဝေး၍ သိမ်သမုတ်မည့် ဂါမခေတ်တွင်းရှိ ရဟန်းတို့ကို ၎င်းတို့၏ ဗဒ္ဓသိမ် [နဒီ, သမုဒ္ဒ, ဇာတဿရ ဟူသော] အဗဒ္ဓ သိမ်တို့၌ နေစေ၍ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ကို ဟတ္ထပါသ်သို့ ပင့်ဆောင်၍ ဖြစ်စေ၊ သို့မဟုတ် ၎င်းတို့ထံမှ ဆန္ဒကိုဆောင်ယူ၍ဖြစ်စေ သမုတ်အပ်သော သိမ်သည် "ပရိသ သမ္မတ္တိ ယုတ္တ" သိမ်ဖြစ်ပါတော့သည်။ (ဝိသုံဂါမဖြစ်လျှင် ဤအစီရင် မလို။)

၃။ "သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ" စသည်ဖြင့် ဟောတော်မူအပ်သော ပရိသုဒ္ဓ ဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် သမုတ်အပ်သော သိမ်သည် "ကမ္မဝါစာသမ္မတ္တိ ယုတ္တ" သိမ်ဖြစ်ပါတော့သည်။

(ခ) ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်, သမာနသံဝါသက သိမ်, အဝိပ္ပဝါသသိမ် အားဖြင့် သုံးမျိုးပြားပါသည်။

အဗဒ္ဓသိမ်သည် ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ် အားဖြင့် သုံးမျိုးပြားပါသည်။

**ဆောင်ပုဒ်**

ခဏ်, သမာန၊ အဝိပ္ပ၊ ဗဒ္ဓ တြိပြား။
ဥဒကုက္ခေ၊ ဂါမေ, သတ္တ၊ အဗဒ္ဓ၊ မှတ်ကြတြိပြား။

---

၂၀။ မေး (က) ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပ သိမ်တို့၏ အပိုင်းအခြားကို ဖော်ပြ၍ (ခ) နဒီ, သမုဒ္ဒ, ဇာတ

(ဆဌမအုပ်ကြိမ်)

ဿရတို့၌ ကပ္ပိယဘူမိ ဖြစ်ထိုက်သော အရပ်ကိုလည်း သတ်မှတ် ပိုင်းခြား၍ ပြပါ။

၂၀။ ဖြေ (က) တခုသော ဂါမခေတ်သည် ဂါမသိမ်။ ရွာနေ လူကင်းသော တောတွင်း ဝယ် ကံပြုသော သံဃာ၏ ပတ်ပတ်လည် ခုနစ် အဗ္ဘန္တရ "တရာ့ကိုးဆယ့် ခြောက်တောင်" ရှိသောအရပ်သည် သတ္တဗ္ဘန္တရသိမ်။

နဒီ, သမုဒ္ဒ, ဇာတဿရတို့၌ ထာမမဇ္ဈိမ ပုရိသ သည် အားကုန်ထုတ်၍ ပစ်အပ်သော ရေ, သဲ တို့၏ ကျရာ ရေတကျ, သဲတကျ အရပ်သည် ဥဒကုက္ခေပသိမ် ဖြစ်ပါသည်။

(ခ) နဒီ, ဇာတဿရတို့၌ မိုးလေးလပတ်လုံး ရေလွှမ်း မိုးရာ အရပ်သည် ကပ္ပိယဘူမိ။

သမုဒ္ဒ၌ကား ပြကတေ့သော လှိုင်းတံပိုးတို့သည် ကမ်းကို ရိုက်လျက် သက်လျှောတည်နေရာ အရပ်မှစ၍ ကပ္ပိယဘူမိ ဖြစ်ပါ တော့သည်။

---

၂၉။ မေး (က) နွေအခါ ခန်းခြောက်၍ နေသော နဒီ, ဇာတဿရတို့၌ ဥပုသ် စသော ကံတို့ကို ပြုထိုက်ပါမည်လော။ (ခ) မြစ်၏အတွင်း သံဃာနှစ်သင်း ဥပုသ်ပြုကြရာ တသင်းနှင့် တသင်း မည်မျှခွာ၍ ဥပုသ်ပြုရမည်ကိုလည်း ဖော်ပြပါ။

၂၉။ ဖြေ (က) ရေရှိသည် ဖြစ်စေ, မရှိသည် ဖြစ်စေ, မိုးလေးလပတ်လုံး ရေနေသော အရပ်ဖြစ်ပါက ကပ္ပိယဘူမိ ဖြစ်၍ ကံပြုထိုက်ပါတော့သည်။

(ဆဋ္ဌမဘာကြီး)

(ခ) နှစ်ဘက်သော သံဃာတို့၏ ဥဒကုက္ခေပ နှစ်ခု အကြားမှာ ဥဒကုက္ခေပတခုစာ ချန်လှပ်ထား၍ ဥပုသ်ပြုရပါမည်။

---

၃၀။ မေး (က) "သဘာဂါပတ္တိယော စန ဝိဇ္ဇန္တိ" ၌ သဘာဂအာပတ် ဘယ်နှစ်မျိုးရှိသည်, (ခ) ၎င်းတို့ အချင်းချင်း မည်သို့ ခြားနားသည်, (ဂ) ဤနေရာ၌ မည်သည့် သဘာဂ အာပတ်မျိုးကို ယူရမည်တို့ကို ပြဆိုပါ။

၃၀။ ဖြေ (က) ၁-ဝတ္ထုသဘာဂအာပတ်, ၂-အာပတ္တိ သဘာဂ အာပတ်ဟု နှစ်မျိုးနှစ်စား ရှိပါသည်။

(ခ) ခြားနားပုံကား - ဝိကာလဘောဇန စသော အာပတ် သင့်ကြောင်း ဝတ္ထုအားဖြင့် တူမျှသောအဘို့ရှိသော အာပတ် မျိုးမှာ ဝတ္ထုသဘာဂ အာပတ် မျိုး ဖြစ်၍, အာပတ်ချင်းသာ တူမျှ၍ အာပတ်သင့်ကြောင်း ဝတ္ထုအားဖြင့် မတူမျှသော အာပတ်မျိုးမှာ အာပတ္တိသဘာဂ အာပတ်မျိုးဖြစ်ပါသည်။

(ဂ) ဤနေရာ၌ ဝတ္ထုသဘာဂ အာပတ်မျိုးကိုသာ ယူရပါမည်။

---

၃၁။ မေး (က) ဝတ္ထုသဘာဂ အာပတ်ကို အချင်းချင်း ဒေသနာ ကြားခြင်း, ဒေသနာခံခြင်း ပြုပါက ထိုအာပတ်မှ ထမြောက်ကြပါမည်လော (ခ) အခြားအာပြစ် တစုံတရာလည်း ရှိပါသေးသလော။

၁၆၄၄၇၁

(ဆဋ္ဌမအကြိမ်)

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

၃၁။ ဖြေ (က) ထိုအာပတ်မှကား ထမြောက်ကြပါ၏။

(ခ) သို့ရာတွင် ဒေသက ပုဂ္ဂိုလ်မှာ ဒေသနာ ပစ္စယ ဒုက္ကဋ်, ပဋိဂ္ဂါဟက ပုဂ္ဂိုလ်မှာ ပဋိဂ္ဂဟဏပစ္စယ ဒုက္ကဋ် အာပတ် သင့်ခြင်း ဟူသောအပြစ်ကို အသီးသီးရကြပါသည်။

---

၃၂။ မေး (က) ဥပုသ်ပြုမည့် နေ့မှာ သံဃာ အားလုံး ဝတ္ထုသဘာဂ အာပတ် သင့်ရောက်၍ နေပါက ပြုလုပ်ရမည့် နည်းလမ်းကို ညွှန်ပြ၍ (ခ) သဘာဂ အာပတ်ရှိလျက် ဥပုသ် ပြုပါက မည်သို့ အပြစ်ရှိသည်ကိုလည်း ဖော်ပြပါ။

၃၂။ ဖြေ (က) အားလုံး ဝတ္ထုသဘာဂ အာပတ်သင့်၍ နေပါက ရဟန်းတပါးကို အနီးအပါးရှိ ကျောင်းတကျောင်းသို့ ထိုအာပတ်ကို ကုစားရန် နေ့ချင်းပြန် လွှတ်ရမည်၊ ထိုရဟန်း ပြန်လာပါက သုဒ္ဓ အနာပတ္တိက ဖြစ်သော ထိုရဟန်းထံမှာ ဒေသနာ ကြားကြရမည်၊ ဤနည်းအတိုင်း မဖြစ်နိုင်ပါက ဗျတ္တ ပဋိဗလရဟန်းက "သုဏာတု မေ ဘန္တေ သံဃော၊ အယံ သဗ္ဗော သံဃော သဘာဂံ အာပတ္တိံ အာပန္နော၊ ယဒါ အညံ ဘိက္ခုံ သုဒ္ဓံ အနာပတ္တိကံ ပဿိဿတိ၊တဒါ သံဃော တဿ သန္တိကေ တံ အာပတ္တိံ ပဋိကရိဿတိ" ဟူသော ညတ်ဒုတိယကမ္မဝါစာ ... 

အကယ်၍ အာပတ်သင့်သည်ဟု အတိအကျ မသုံးဖြတ်နိုင်ဘဲ ဝေခွဲမရ ဝေမတိက ဖြစ်နေခဲ့သော် ဆိုပြီးဉတ်တွင် "သုဏာတု

[(ဆင့်မအကြိုင်)

မေ ။လ။ သဘာဂါယ အာပတ္တိယာ ဝေမတိကော။ ယဒါ နိဗ္ဗေမတိကော ဘဝိဿတိ၊ တဒါ တံ အာပတ္တိံ ပဋိကရိဿတိ” ဟု ပြောင်းလဲ၍ ဆိုပြီး ဥပုသ်ပြုရမည်။

(ခ) သာပတ္တိက ပုဂ္ဂိုလ်အဖြစ်ဖြင့် ဥပုသ်ပြုခဲ့သော် ဒုက္ကဋ် အာပတ်သို့ရောက်ပါသည်။

---

၃၃။ မေး ဝိသဘာဂ အာပတ်ဖြင့် သာပတ္တိကဖြစ်သော ရဟန်းတို့ပြုအပ်သော ဥပုသ်ကံမှာ “ပတ္တကလ္လ” ဖြစ်နိုင် မဖြစ် နိုင်ကို အကြောင်းပြ၍ ဖြေဆိုပါ။

၃၃။ ဖြေ ပတ္တကလ္လ ဖြစ်နိုင်ပါသည်။

ဝိသဘာဂ အာပတ်မှာ ထိုပုဂ္ဂိုလ် အသီးသီးတို့၏ အာပတ် သာဖြစ်သည်၊ သံဃာ၏ အာပတ်မဟုတ်ပါ။ ဥပုသ်ကံမှာကား “သံဃုဒ္ဒေပါသထ” သံဃာ့ဥပုသ်ကံဖြစ်ရကား “ပတ္တကလ္လ” ဖြစ်နိုင် ပါသည်။

---

၃၄။ မေး ပတ္တကလ္လ အင်္ဂါ၌ “အာပတ္တိယော စ န ဝိဇ္ဇန္တိ” ဟု သာမန်မဆိုဘဲ “သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ” ဟု ဝိသေသ အားဖြင့်ဆိုရခြင်းမှာ အဘယ်အကြောင်းကြောင့်ပါနည်း။

၃၄။ ဖြေ အာပတ္တိယော-ဟု သာမန်ဆိုပါက သဘာဂ, ဝိသဘာဂ အာပတ်နှစ်မျိုးလုံး နှင့် ဆက်ဆံသည်။ ဤနေရာ၌ကား သဘာဂအာပတ်မှ ကင်းခြင်းကိုသာ ပတ္တကလ္လအင်္ဂါ အဖြစ်ဖြင့်

(ဆက်ရန်အကြိမ်)

လိုအပ်သည်ဖြစ်သောကြောင့် သဘာဂသဒ္ဒါဖြင့် အထူးမှ ကာ "သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ" ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

---

၃၅။ မေး (က) ဝဇ္ဇနီယ ပုဂ္ဂိုလ် ၂၁ - ယောက်တို့၏ သရုပ်ကို ရေတွက်ဖော်ပြ၍ (ခ) ၎င်းတို့ကို မည်သို့ ကြဉ်ရမည်၊ မကြဉ်ပါက မည်သည့် ဝဇ္ဇနီယပုဂ္ဂိုလ်အတွက် မည်သည့်အာပတ် သင့်သည်တို့ကိုလည်း ဖော်ပြပါ။

၃၅။ ဖြေ (က) ၁-ဂဟဋ္ဌ - လူ, ၂-ဘိက္ခုနီ - ရဟန်းမိန်းမ, ၃-သိက္ခမာန - သိက္ခမာန်, ၄-သာမဏေရ - သာမဏေယောကျ်ား, ၅-သာမဏေရီ- သာမဏေမိန်းမ, ၆-သိက္ခာပစ္စက္ခာတက-သိက္ခာကိုစွန့်ချပြီးသူ, ၇-အန္တိမဝတ္ထုံ အဇ္ဈာပန္နက- ပါရာဇိက ကျပြီးသူ, ၈-အာပတ္တိယာ အဒဿနေ ဥက္ခိတ္တက- အာပတ်ကို မရှုခြင်းကြောင့် သံဃာက နှင်ထုတ်ထားသူ, ၉-အာပတ္တိယာ အပ္ပဋိကမ္မေ ဥက္ခိတ္တက- အာပတ်ကို မကုစားခြင်းကြောင့် သံဃာက နှင်ထုတ်ထားသူ, ၁၀-ပါပိကာယ ဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခိတ္တက- ယုတ်မာသော မိစ္ဆာအယူကို မစွန့်လွှတ်ခြင်းကြောင့် သံဃာက နှင်ထုတ်ထားသူ, ၁၁-ပဏ္ဍက- ပဏ္ဍုက်, ၁၂-ထေယျသံဝါသက- ထေယျသံဝါသက ပုဂ္ဂိုလ် ၃-မျိုး, ၁၃-တိတ္ထိယပက္ကန္တက- တိတ္ထိဘောင်သို့ ကူးပြောင်းသူ, ၁၄-တိရစ္ဆာနဂတ- တိရစ္ဆာန်, ၁၅-မာတုဃာတက- အမိကိုသတ်သူ, ၁၆-ပိတုဃာတက- အဘကိုသတ်သူ, ၁၇-အရဟန္တဃာတက- ရဟန္တာကို သတ်သူ, ၁၈-လောဟိတုပ္ပါဒက- မြတ်စွာဘုရား၌ သွေးစိမ်းတည်အောင်ပြုသူ, ၁၉-သံဃဘေဒက- သံဃာကိုခွဲသူ, ၂၀-ဘိက္ခုနီ

(ဆဋ္ဌမအာကြိုန်)

ဒူသက- ဘိက္ခုနီမကို ဖျက်ဆီးသူ, ၂၁-ဥဘတောဗျဥ္ဇနက- ဥဘတောဗျည်း။

ပါဠိမြန်မာ ၂-မျိုးလုံး လိုရာမှတ်နိုင်ရန် ရေးထည့်လိုက်သည်။

ဆောင်ပုဒ်

လူ, နီ, သိက္ခ၊ သာနှစ်ဝ၊ သိက္ခ, အန္တိမာ။
မစွန့်, မကု၊ မရှုတုံငြား၊ သရပ်ကြား၊ သုံးပါးဥက္ခိတ္တာ။
ပဏ်, ထေ, ပက်, ဆန်၊ ပဉ္စာနန်၊ ဒူ,သံ,ဥဘောပါ။
ကောဗိသ၊ ဝဇ္ဇနီယ။ ထုတ်ပြပါဠိမှာ။

၎င်းတို့ကို သံဃာ၏ ၂-တောင့်ထွာ ဟတ္ထပါသ်မှ အပပြုသော ...ားဖြင့် ကြဉ်ရပါမည်။

(ခ) မကြဉ်ဘဲ ဥပုသ်ပြုပါလျှင် ၈-၉-၁၀ နံပါတ်အရ ဥက္ခိတ္တကပုဂ္ဂိုလ် ၃-ယောက် အတွက် ပါစိတ်, ကြွင်းပုဂ္ဂိုလ် ၁၈-ယောက်အတွက် ဒုက္ကဋ်သင့်ပါသည်။

---

၃၆။ မေး (က) ဝဇ္ဇနီယ ပုဂ္ဂိုလ်စုတွင် တိတ္ထိယတို့မပါဝင်သဖြင့် ၎င်းတို့ကို မကြဉ်ဘဲလည်း ဥပုသ်ပြုကောင်းသည်ဟု မှတ်ရပါမည်လော, အကြောင်းနှင့်တကွ ဖြေဆို၍

(ခ) ဝဇ္ဇနီယ ပုဂ္ဂလကထာ၌ ဘယ်လိုပုဂ္ဂိုလ်မျိုးကို "တိရစ္ဆာနဂတ" ဆိုသည်ကိုလည်း ဖော်ပြပါ။

၃၆။ ဖြေ (က) ဂဟဋ္ဌဖြင့် တိတ္ထိယတို့ကိုလည်း ယူအပ်သည် ဖြစ်သောကြောင့် ၎င်းတို့ကိုမကြဉ်ဘဲ ဥပုသ်မပြုကောင်းပါ။

(ဆဋ္ဌမအကြိမ်)

(ခ) နဂါး ဂဠုန် စသော လူယောင်ဖန်ဆင်းတတ်သည့် တိရစ္ဆာန်မျိုးကို "တိရစ္ဆာနဂတ" ဆိုပါသည်။

---

၃၇။ မေး (က) ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ပြားသောဥပုသ်, ပြုအပ်သော အခြင်းအရာ "ကတ္တဗ္ဗာကာရ" ၏ အစွမ်းအားဖြင့် ပြားသော ဥပုသ်တို့ကို သရုပ်ပြ၍ (ခ) "သံဃော ဥပေါသထံ ကရေယျ" ဖြင့် ပယ်သင့်, ယူသင့်သော ဥပုသ်, "ပါတိမောက္ခံ ဥဒ္ဒိသေယျ" ဖြင့် ပယ်သင့်, ယူသင့်သော ဥပုသ်တို့ကိုလည်း ဖော်ပြပါ။

၃၇။ ဖြေ (က) ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ၁-သံဃာ့ဥပုသ်, ၂-ဂဏဥပုသ်, ၃-ပုဂ္ဂလဥပုသ်ဟု ၃-မျိုးပြားပါသည်။

ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် ၁-သုတ္တုဒ္ဒေသ ဥပုသ်, ၂-ပါရိသုဒ္ဓိဥပုသ်, ၃-အဓိဋ္ဌာန်ဥပုသ်ဟု ၃-မျိုးပြားပါသည်။

(ခ) "သံဃော ဥပေါသထံ ကရေယျ" ဖြင့် ပယ်သင့်သော ဥပုသ်တို့ကား ဂဏဥပုသ်, ပုဂ္ဂလဥပုသ်တို့ဖြစ်၍ ယူသင့်သော ဥပုသ်မှာ သံဃာ့ဥပုသ်ဖြစ်ပါသည်။

"ပါတိမောက္ခံဥဒ္ဒိသေယျ" ဖြင့် ပယ်သင့်သော ဥပုသ်တို့ကား ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်တို့ဖြစ်၍ ယူသင့်သောဥပုသ်မှာ သုတ္တုဒ္ဒေသဥပုသ် ဖြစ်ပါသည်။

---

၃၈။ မေး (က) "ပါတိမောက္ခံ ဥဒ္ဒိသေယျ" ၌ ပါတိမောက္ခုဒ္ဒေသ၏ ဘေဒကို ဖော်ပြ၍ (ခ) ယင်းဘေဒကို

(ဆက်ရန်)

သာဝကဝိသယ, ဗုဒ္ဓဝိသယအားဖြင့် သင့်သလို ဝေဘန်ကာ (ဂ) ဤအရာ၌ လိုအပ်သော အဓိပ္ပာယ် ပါတိမောက်ကိုလည်း ညွှန်းပြပါ။

**၃၈။** ဖြေ (က) ပါတိမောက္ခုဒ္ဒေသသည် ၁-ဩဝါဒ ပါတိမောက္ခုဒ္ဒေသ, ၂-အာဏာပါတိမောက္ခုဒ္ဒေသ အားဖြင့် နှစ်မျိုးနှစ်စား ကွဲပြားပါသည်။

(ခ) ၁-ဩဝါဒ ပါတိမောက္ခုဒ္ဒေသမှာ ဗုဒ္ဓဝိသယဖြစ်၍ ၂- အာဏာ ပါတိမောက္ခုဒ္ဒေသမှာ သာဝကဝိသယ ဖြစ်ပါသည်။

(ဂ) ဤအရာ၌ အာဏာပါတိမောက်ကိုသာ အလိုရှိအပ်ပါသည်။

မှတ်ရန်

"ပါတိမောက္ခံဥဒ္ဒိသေယျ"၌ ဥဒ္ဒေသက ပုဂ္ဂိုလ်အရ ဗုဒ္ဓကို ယူလျှင် ပါတိမောက္ခအရ ဩဝါဒ ပါတိမောက်ကို ယူရမည်၊ ဥဒ္ဒေသက ပုဂ္ဂိုလ်အရ သာဝကကိုယူလျှင် ပါတိမောက္ခအရ အာဏာပါတိမောက်ကို ယူရမည် ဟူလို၏။

---

၃၉။ မေး (က) ပါရိသုဒ္ဓိဥပုသ်သည် အာရောစန၏ အစွမ်းဖြင့် မည်မျှပြားသင့်သည်, (ခ) တဖန် ထိုအာရောစနဘေဒမှ မည်သို့သော အကွဲအပြားမျိုး ဖြစ်သင့်သေးသည်ကို ဖော်ပြပါ။

၃၉။ ဖြေ (က) အာရောစန၏ အစွမ်းဖြင့် ၁-အညာရောစန ပါရိသုဒ္ဓိဥပုသ်, ၂-အညမညာရောစန ပါရိသုဒ္ဓိ ဥပုသ် ဟု နှစ်မျိုးနှစ်စား ကွဲပြားပါသည်။

(ဆင့်မအကြိမ်)

(ခ) အညာရောစနု ပါရိသုဒ္ဓိဥပုသ်သည် ၁-ပဝါရိတာနံ သန္တိကေ ကရဏ, ၂-အပ္ပဝါရိတာနံ သန္တိကေ ကရဏဟု "ကရဏဝသ"အားဖြင့် နှစ်မျိုးနှစ်စား ကွဲပြားပြန်ပါသည်။

အညမညာရောစနု ပါရိသုဒ္ဓိ ဥပုသ်သည်လည်း ၁-ဥက္ကုဋိကံ ထပေတွာ ကရဏ, ၂-ဥက္ကုဋိကံ အထပေတွာ ကရဏဟု "ကရဏဝသ"အားဖြင့် နှစ်မျိုးနှစ်စား ကွဲပြားပြန်ပါသည်။

အညာရောစနု-သူတပါးထံ၌ ပြောကြားမှု၊
အညမညာရောစနု-ဥပုသ်ပြုသူချင်း ပြောကြားမှု။
ပဝါရိတာနံသန္တိကေ ကရဏ-ပဝါရဏာပြုပြီးသူတို့၌ပြုမှု၊
ဥက္ကုဋိကံထပေတွာ ကရဏ-ဥတ်ထားပြီး ပြုမှု။

---

၄၀။ မေး ဥပုသ်ပြုရမည့်နေ့တွင် တသိမ်တည်း၌ ရဟန်း ၁-ပါး ၂-ပါး ၃-ပါးရှိနေက မည်သို့ ဥပုသ်ပြုရမည် ဟူသော အစီအရင်ကို အပြည့်အစုံ ဖော်ပြပါ။

၄၀။ ဖြေ ရဟန်းတပါးတည်းသာ ရှိပါလျှင် ထိုတပါးတည်းသော ရဟန်းသည် သမ္မဇ္ဇနစသော ပုဗ္ဗကရဏလေးပါးကိုပြု၍ အခြားရဟန်းများ မလာမှန်းသိပါက "အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော (ပန္နရသော) အဓိဋ္ဌာမိ"ဟု စာတုဒ္ဒသီ, ပန္နရသီ အလိုက် ထိုက်သည် အားလျော်စွာ ဆိုရမည်။

ရဟန်း ၂-ပါးရှိပါလျှင် ထိုရဟန်းတို့သည် ဥတ်မထားဘဲ ထေရ်စဉ် ဝါလိုက် "ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ"ဟု ၃-ကြိမ်ဆိုရမည်၊ ကျန်တပါးကလည်း ထို

(ဆက်မအကြိမ်)

အတုပင် "အာဝုသော" နေရာတွင် "ဘန္တေ" ဟု ပြန်၍ ဆိုရမည်။

ရဟန်း ၃-ပါးရှိလျှင် ဗျတ္တ ပဋိဗလ ရဟန်း တပါးက "သုဏာတု မေ အာယသ္မန္တာ အဇ္ဇုပေါသထော စာတုဒ္ဒသော (ပန္နရသော) ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ" ဟု စာတုဒ္ဒသီ, ပန္နရသီ အလိုက် ထိုက်သည်အားလျော်စွာ ဥတ်ထား၍ ယခင်အတိုင်း အကြီးဆုံး ရဟန်းကစပြီး "ပရိသုဒ္ဓေါ အဟံ အာဝုသော" စသော ပါဠိကို ရွတ်ဆို၍ ဥပုသ်ပြုရမည်။

---

၄၁။ မေး (က) သုတ္တုဒ္ဒေသ ဥပုသ်ကို "တိလက္ခဏ သမ္ပန္န" ဥပုသ်ဆိုကြရာ၌ တိလက္ခဏ သရုပ်ကား အဘယ်ပါနည်း။ (ခ) ဥပုသ်ကိုးပါး သရုပ်ကိုလည်း ဖော်ထုတ်ရေတွက်လိုက်ပါ။

၄၁။ ဖြေ (က) ၁-စာတုဒ္ဒသီ ပန္နရသီ ဥပုသ်နေ့တို့တွင် တပါးပါးသော ဥပုသ်နေ့ဖြစ်ခြင်း, ၂-သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်ကံ ပြုရန်အတွက် လုံလောက်သော သံဃာရှိခြင်း, ၃-ပါတိမောက်ကို သရုပ်အားဖြင့် ရွတ်ဆိုခြင်း၊ ဤကား "တိလက္ခဏ" ၏ သရုပ်တည်း။

(ခ) ဥပုသ် ၉-ပါး သရုပ်ကား- စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီဟု နေ့၏အစွမ်းဖြင့် ၃-ပါး၊ သံဃ, ဂဏ, ပုဂ္ဂလဟု ကာရကပုဂ္ဂိုလ်၏ အစွမ်းဖြင့် ၃-ပါး၊ သုတ္တုဒ္ဒေသ, ပါရိသုဒ္ဓိ,

အဓိဋ္ဌာန်ဟု ကတ္တဗ္ဗာကာရ၏ အစွမ်းဖြင့် ၃-ပါး၊ ပေါင်း ၉-ပါး ဖြစ်ပါသည်။

---

၄၂။ မေး (က) အညာရောစနှ,အညမညာရောစနအားဖြင့် နှစ်မျိုး နှစ်စားသော ပါရိသုဒ္ဓိ ဥပုသ်တို့တွင် အဘယ်ပါရိသုဒ္ဓိမျိုးမှာ ဥပေါသထဥ္တ် ထားရပါသနည်း။ (ခ) ဥပုသ်ပြုရမည့်နေ့မှာ သံဃာလုံလောက်သော မိမိနေရာမှ အခြားနေရာသို့ သွားပါက အပြစ်လွတ်မည် မလွတ်မည်ကိုလည်း ဆုံးဖြတ်ပါ။

၄၂။ ဖြေ (က) အညမညာရောစန ပါရိသုဒ္ဓိဥပုသ်မှာ ဥ္တ်ထားရပါသည်။

နှစ်ပါးတည်း ဖြစ်လျှင်ကား ဥ္တ်မထားရ။

(ခ) မိမိသွားမည့် အခြားနေရာမှာ သတ္တုဒ္ဒေသ ဥပုသ်ပြုရန် သံဃာ လုံလောက်ခဲ့သော်ငြား, မိမိနှင့်အတူ သတ္တုဒ္ဒေသ ဥပုသ်ပြုရန် သံဃာလုံလောက်အောင် ပါခဲ့သော်ငြား, မသွားမဖြစ်သော အန္တရာယ်ရှိခဲ့သော်ငြား, သွားခဲ့သော် အပြစ်မရှိပါ။ ဆိုပြီးအကြောင်းတို့တွင် တခုခုမရှိဘဲ သွားပါက ဒုက္ကဋ် အာပတ်သင့်ပါသည်။

---

၄၃။ မေး "ကိံ သံဃဿ ပုဗ္ဗကိစ္စံ"၌ သံဃဿ-အရ ဘယ်သံဃာကို ယူရမည်၊ ပုဗ္ဗကိစ္စံ-အရ ဘယ်ပုဗ္ဗကိစ္စကိုယူရမည်၊ သမ္မဇ္ဇနကိစ္စ စသည်ကို ဘယ်လိုပုဂ္ဂိုလ် ပြုလုပ်ရမည်တို့ကို ဖော်ပြပါ။

(ဆဋ္ဌမအကြိမ်)

၄၃။ ဖြေ "သံဃော ဥပေါသထံ ကရေယျ"ဟူသောပါဠိ အရ ဥပုသ်ပြုခြင်းနှင့် စပ်၍ ဟောတော်မူအပ်သော ဥပေါသထ ကာရက သံဃာကိုသာ ယူရပါမည်။ ပုဗ္ဗကိစ္စအရ ပုဗ္ဗကရဏ ၄-ပါး, ပုဗ္ဗကိစ္စ ၅-ပါး ပေါင်း ၉-ပါးလုံးကို ယူရပါမည်။

သမ္မုဉ္ဇနကိစ္စ စသည်ကို မထေရ်ကြီး စေခိုင်းချက်အရ မထေရ် ငယ် ပြုလုပ်ရပါမည်။

ဂိလာနမဟုတ်သော သီတင်းငယ်သည် မထေရ်ကြီးက ခိုင်းပါ လျက် ဒုက္ကဋ သဘောသက်ကာ မပြုမလုပ်ဘဲ နေခဲ့ပါမူ ဒုက္ကဋ် အာပတ်သင့်၏။ အာဗာဓပကဖြစ်သော မထေရ်ကြီးလည်း ပဋိရူပ ပုဂ္ဂိုလ်ကိုသိ၍ ခိုင်းရမည်ဟု အဋ္ဌကထာအနုသာသနီ ရှိ၏။

---

၄၄။ မေး ဆန္ဒ ပါရိသုဒ္ဓိဟူသော ပါဠိအရ ဆန္ဒပေးရမည့် ပုဂ္ဂိုလ်မျိုး, ပါရိသုဒ္ဓိပေးရမည့် ပုဂ္ဂိုလ်မျိုးကိုရင်း,မည်သို့ မည်ပုံ ပေးရမည်ကိုရင်း ဖော်ပြပါ။

၄၄။ ဖြေ တခုသော သိမ်အတွင်း၌ သံဃာ့ကံကို ဆောင် သည့်အခါ ကမ္မကာရက သံဃာများနှင့် တသိမ်တည်း အတူ ရှိနေပါလျက် ထိုသံဃာတို့ စည်းဝေးရာဌာန (ဟတ္ထပါသ်) သို့ မသွားနိုင်, မသွားလိုသော ရဟန်းမျိုးသည် ဆန္ဒပေးရသော ရဟန်းမျိုးဖြစ်ပါသည်။

တခုသော သိမ်အတွင်း၌ သံဃာများ ဥပုသ်ပြု၍ နေကြရာ ထိုသိမ်အတွင်းမှာပင် ရှိနေပါလျက် ဥပုသ်ပြုရာဌာန(ဟတ္ထပါသ်) သို့ မလိုက်နိုင်သော-အကတူပေါသထ,ဂိလာန,ကိစ္စပ္ပသုတ ရဟန်း

မျိုးသည် ပါရိသုဒ္ဓိ ပေးရသော ရဟန်းမျိုးဖြစ်ပါသည်။ ထို ရဟန်းသည် ပါရိသုဒ္ဓိပေးသည့်အခါ ကြွင်းသံဃာ့ကိစ္စအလို့ငှာ ဆန္ဒကိုလည်း တပါတည်း ပေးလိုက်ရပါသည်။

ဆန္ဒပေးပုံကား....

တပါးသောရဟန်း၏ အထံ၌ "ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ" ဟူသော ပါဠိကိုဖြစ်စေ, ထိုပါဠိ၏ အနက် အဓိပ္ပါယ်ကိုဖြစ်စေ, ကိုယ်ဖြင့်သော်၎င်း, နှုတ်ဖြင့်သော် ၎င်း, ကိုယ်နှုတ် နှစ်ပါးလုံးဖြင့်သော်၎င်း ရှုတ်ဆို ပြောကြား သိစေရမည်။

ပါရိသုဒ္ဓိပေးပုံကား....

ရဟန်းတပါးအထံ၌ "ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ"ဟူသော ပါဠိကိုဖြစ်စေ,ထိုပါဠိ၏ အနက် အဓိပ္ပါယ်ကို ဖြစ်စေ, ကိုယ်ဖြင့် သော်၎င်း, နှုတ်ဖြင့် သော်၎င်း, ကိုယ်နှုတ်နှစ်ပါးလုံးဖြစ်သော်၎င်း ရွတ်ဆိုပြောကြား သိစေရမည်။

"ဆန္ဒံ ဒမ္မိ"ဟူသောပါဠိဖြင့်ပင် ဆန္ဒပေးမှုအထမြောက်ပါ၏၊ သို့ရာတွင် မိမိပေးလိုက်သော ဆန္ဒကို သံဃာ့တောင်သို့ ဆောင် မသွားဘဲ တခြားသို့ ထွက်သွားမည်စိုးသည့်အတွက် "ဆန္ဒံ မေ ဟရ"ဟုတိုက်တွန်းရပြန်သည်။သံဃာ့တောင်သို့ရောက်ပြီးနောက် မပြောကြားဘဲ နေပါက ဆန္ဒဟာရက ရဟန်းမှာ ဒုက္ကဋ် အာပတ် သင့်သည့်အတွက် "ဆန္ဒံ မေ အာရောစေဟိ" ဟူသော စကားကို ဆက်လက်ပြောကြားရသည်။

(ဆန္ဒမအကြွန်)

၄၅။ မေး ဆန္ဒ ပါရိသုဒ္ဓိကို ပေးရာ၌ "ဆန္ဒံ ဒမ္မိ" စသော ပါဠိကိုသာ ရွတ်ဆို ပေးကောင်းသလော၊ နှုတ်က ရွတ်ဆို၍ ပေးမှသာ ပေးရာရောက်ပါသလော။

၄၅။ ဖြေ "အယံ အတ္တော ကာယေန ဝါ ဝါစာယ ဝါ ဥဘယေန ဝါ ဝိညာပေတဗ္ဗော"ဟု အဋ္ဌကထာ အဆိုရှိရကား ပါဠိကိုသာ ရွတ်ဆို၍ ပေးကောင်းသည် မဟုတ်၊ ထိုအနက် အဓိပ္ပါယ်ကို သိစေလျှင် ပြီးသည်ပင်ဖြစ်၏။

"ကာယေန ဝါ ဝါစာယ ဝါ"ဟု ဆိုသဖြင့် နှုတ်ကရွတ်ဆို၍ ပေးမှ သာလျှင် ပြီးသည် မဟုတ်၊ ကိုယ်ဖြင့် သိစေလျှင်လည်း ပြီးသည်ပင်, ပေးသည် မည်တော့သည်ပင် ဖြစ်၏။

---

၄၆။ မေး (က) ဆန္ဒသက်သက်ကိုသာ ပေးသင့်သော ပုဂ္ဂိုလ်မျိုး, ဆန္ဒ ပါရိသုဒ္ဓိ နှစ်မျိုးလုံးကို ပေးသင့်သော ပုဂ္ဂိုလ်မျိုးတို့ကို ခွဲခြား ပြဆို၍ (ခ) ၎င်းတို့ကို ပေးရခြင်း၏ အကျိုးထူးကိုလည်း ဖော်ပြပါ။

၄၆။ ဖြေ (က) တခုသော သိမ်အတွင်း၌ ဥပေါသထ စသော သံဃာ့ကံကို ဆောင်သည့်အခါ ကမ္မကာရက သံဃာ များနှင့် တသိမ်တည်း အတူရှိနေပါလျက် ထိုသံဃာစည်းဝေး ရာဌာန ဟတ္ထပါသ်သို့ မလိုက်လိုသော ကတူပေါသထ ရဟန်း မျိုးမှာ "သုဒ္ဓိကစ္ဆန္ဒ"ဆန္ဒသက်သက်ကိုသာ ပေးသင့်ပါသည်။

"အကတူပေါသထ" ဥပုသ်မပြုရသေးသော ရဟန်းမျိုးမှာကား ဆန္ဒ, ပါရိသုဒ္ဓိ ၂-မျိုးလုံးကိုပင် ပေးသင့်ပါသည်။

ပါရိသုဒ္ဓိကို ပေးရာ သံဃာမှာ ဥပေါသထ ကမ္မကာရက သံဃာသာ ဖြစ်ပါသည်။

(ခ) ပါရိသုဒ္ဓိ ပေးရကျိုးကား- ပေးရာဖြစ်သော သံဃာအားရင်း, ပေးတတ်သော မိမိအားရင်း, ဥပုသ်ပြုခြင်း ကိစ္စ ပြီးစီးခြင်း အကျိုးရှိ၏၊ ဆန္ဒပေးရကျိုးကား- သံဃာအားသာ ဥပုသ်စသော သံဃာ့ကံအားလုံး ပြီးစီးခြင်းအကျိုးရှိ၏။

ဆောင်ပုဒ်

နှစ်ဦး နှစ်ဝ၊ ဥပုသ်မျှ၊ ပြီးထ ပါရိမှာ။
ဆန္ဒမှာကား၊ သံဃာအား၊ ပြီးငြား ကံသဗ္ဗာ။
ပါရိ,ဆန္ဒ၊ ထိုနှစ်ဝ၊ ထူးထ ဤသို့လာ။

---

၄၇။ **မေး** တပါးတည်းသော ဆန္ဒဟာရက ပါရိသုဒ္ဓိဟာရက ရဟန်းသည် များစွာကုန်သော ဆန္ဒဒါယက, ပါရိသုဒ္ဓိဒါယက ရဟန်းတို့၏ ဆန္ဒပါရိသုဒ္ဓိတို့ကို ဆောင်ယူနိုင်ခွင့် ရပါမည်လော။

၄၇။ **ဖြေ** "ဧကေန ဗဟူနမ္ပိ အာဟရိတုံ ဝဋ္ဋတိ" ဟု ဆိုသောကြောင့် ဆောင်ယူနိုင်ခွင့် ရပါသည်။

---

၄၈။ **မေး** သူတပါးတို့၏ ဆန္ဒ, ပါရိသုဒ္ဓိကို ဆောင်လာသော ဆန္ဒပါရိသုဒ္ဓိဟာရက ရဟန်းသည် ထိုဆန္ဒ ပါရိသုဒ္ဓိကို မိမိကိုယ်တိုင် သံဃာ့ဘောင်သို့ သွား၍ မရောက်ကြားဘဲ အခြား ရဟန်းတပါးအား တဆင့် ပေးလိုက်ပါက ထိုဆန္ဒ ပါရိသုဒ္ဓိမှာ သံဃာ့ဘောင်သို့ရောက်လာပါမည်လော။

(ဆန္ဒမအကြိမ်)

၄၈။ ဖြေ သံဃာ့ဘောင်သို့ မရောက်ပါ။

ကြောင်နှောင်သံကွင်း၌ ပထမသံကွင်းသည် ဒုတိယသံကွင်းနှင့်သာ ဆက်စပ်၍ တတိယသံကွင်းနှင့် မဆက်စပ်သည့်ပမာ ဤဆန္ဒပါရိသုဒ္ဓိ မျိုးမှာလည်း မူလလက်ခံရင်း ဆန္ဒပါရိသုဒ္ဓိဟာရက ရဟန်းနှင့်သာဆက်စပ်၍ ဒုတိယ တဆင့်လက်ခံသော ဆန္ဒပါရိသုဒ္ဓိဟာရကရဟန်းနှင့်မဆက်စပ်သော ဗိဋ္ဋာလသံခလိက ဆန္ဒပါရိသုဒ္ဓိမျိုးဖြစ်၍ သံဃာ့ဘောင်သို့ မရောက်ပါ။

ဗိဋ္ဋာလသင်္ခလိက ဆန္ဒပါရိသုဒ္ဓိနာမ မဟာတိ၊သာ န ဂစ္ဆတိ။

---

၄၉။ မေး (က) ဆန္ဒပါရိသုဒ္ဓိဟာရက ရဟန်းက မိမိဆောင်လာသော ဆန္ဒပါရိသုဒ္ဓိကို သံဃာအား လျှောက်ထားသော ပါဠိကိုရေးပြ၍ (ခ) ထိုဆန္ဒပါရိသုဒ္ဓိမှာ ထိုသို့လျှောက်ထားသောအခါမှသာ သံဃာ့ဘောင်သို့ ရောက်ပါသလော။

၄၉။ ဖြေ (က) မိမိအား ဆန္ဒပါရိသုဒ္ဓိပေးလိုက်သော ရဟန်း၏ ဘွဲ့အမည်ကို မှတ်၍ "တိဿော နာမ ဘန္တေ ဘိက္ခု ဆန္ဒံ ဒေတိ(အဒါသိ)ဟုရင်း,တိဿေန နာမ ဘိက္ခုနာ ဆန္ဒော ဒိန္နော ဟုရင်း, တိဿေန နာမ ဘိက္ခုနာ ဆန္ဒော ဒိန္နော၊ တမဟံ သံဃဿ အာရောစေမိဟုရင်း, တိဿော နာမ ဘန္တေ ဘိက္ခု ပါရိသုဒ္ဓိံ ဒေတိ, (အဒါသိ) ဟုရင်း, တိဿေန နာမ ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာဟုရင်း, တိဿေန နာမ ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ၊ တမဟံ သံဃဿ အာရောစေမိ"ဟုရင်း, အလို ရှိရာပါဠိဖြင့် လျှောက်ထားနိုင်သည်။

(ဆန္ဒမအကြောင်း)

(ခ) လျှောက်ထားမှသာ ရောက်သည်မဟုတ်၊ ထိုဆန္ဒပါရိသုဒ္ဓိဟာရက ရဟန်းသည် သံဃာ၏ ဟတ္ထပါသ်သို့ ချဉ်းကပ်မိလျှင်ပင် ရောက်လာပါတော့သည်။ သို့ရောက်လာပါလျက် လျှောက်ထားရသည်မှာကား ဒုက္ကဋ်မှ လွတ်ကြစေရန်ဖြစ်၏။

---

၅၀။ **မေး** မိမိဆောင်လာသော ဆန္ဒပါရိသုဒ္ဓိကို သံဃာအား မပြောကြားလိုသော စေတနာနှင့်တကွ မပြောကြားဘဲနေပါက မည်သည့်အပြစ်ကို ရပါသနည်း။ (ခ) ဂါမသိမ်၌ တည်သော ရဟန်းတပေးလိုက်သော ဆန္ဒ ပါရိသုဒ္ဓိမှာ ဗဒ္ဓသိမ်၌ တည်သော ကမ္မကာရက သံဃာ့ဘောင်သို့ ရောက်ပါမည်လော အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၅၀။ **ဖြေ** (က) ဒုက္ကဋ်အာပတ်သင့်ပါသည်။

(ခ) မရောက်ပါ၊ "နာနာသီမ" သိမ် မတူသောကြောင့် ဖြစ်ပါသည်။

---

၅၁။ **မေး** (က) ဥတုက္ခာနံ ဟူသော ပါဠိအရ ဥတုအာစိက္ခနာကာရကို ပြဆို၍ (ခ) ဘိက္ခုဂဏနာ- ဟူသော ပါဠိအရ ဘယ်ရဟန်းတို့ကို ရေတွက်ရမည်ကိုလည်း ဖော်ပြပါ။

၅၁။ **ဖြေ** (က) ဟေမန္တစသော ဥတုတို့တွင် ဤမျှလောက်သော ဥတုသား လွန်ပါပြီ၊ ယခု ရောက်ဆဲကားမည်သည့်ဥတု ဖြစ်ပါသည်၊ ဤမျှလောက်သော ဥတုကား

ကြွင်းကျန်ပါသေးသည်။ ထိုဥတု၌ ရှစ်ပက္ခရှိသည်တွင် လွန်လေပြီးသော ပက္ခကား ဤမျှရှိပါပြီ၊ ယခုရောက်ဆဲ ပက္ခကား မည်သည့်ပက္ခ ဖြစ်ပါသည်၊ ကြွင်းကျန်သော ပက္ခပေါင်းကား မည်မျှ ရှိပါသေးသည်ဟု အတိက္ကန္တ, သမ္ပတ္တ, အဝသိဋ္ဌ ဥတုတို့နှင့်တကွ ပက္ခအရေအတွက်ကိုပါ လျှောက်ကြားရပါသည်။

(ခ) ဥပုသ်အိမ် သိမ်အပြင်၌ ဥပုသ်ပြုရန် စည်းဝေးရောက်လာကြကုန်သော ရဟန်းတို့ကို ရေတွက်ရပါမည်။

အတိက္ကန္တ လွန်ပြီး။ သမ္ပတ္တ-ရောက်ဆဲ။
အဝသိဋ္ဌ-အကြွင်းအကျန်။

၅၂။ မေး "ဘိက္ခုဂဏနာဒစ ဩဝါဒေါ"၌ ဩဝါဒေါ ဟူသော ပါဠ်အရ ဘိက္ခုနီတို့က တောင်းပန်အပ်သော ဩဝါဒကို ပြောကြားရမည်ဆိုရာ ဘယ်သူက ဘယ်သူ့အား ဘယ်သို့ ပြောကြားရမည်ကို ပြဆိုပါ။

၅၂။ ဖြေ ဘိက္ခုနီမတို့ တောင်းပန်အပ်သော ဩဝါဒကို လက်ခံ၍ လာသော ရဟန်းက ပါတိမောက္ခုဒ္ဒေသက ရဟန်းအား "ဘိက္ခုနီသံဃော ဘန္တေ ဘိက္ခုသံဃဿ ပါဒေ ဝန္ဒတိ၊ ဩဝါဒူပသင်္ကမနဉ္စ ယာစတိ။ လဘတု ကိရ ဘန္တေ ဘိက္ခုနီသံဃော ဩဝါဒူပသင်္ကမနံ"ဟု လျှောက်ဆိုပြောကြားရမည်။

**ဘိက္ခုနီသံဃာ ပြုရမည့်အစီအစဉ်**

ဤနေရာ၌ ဗဟုသုတအကျိုးငှာ ဘိက္ခုနီမတို့ ပြုလုပ်ရမည့် လုပ်ငန်းအစီအစဉ်ကိုဖော်ပြဦးအံ့။ ဘိက္ခုနီတို့သည် အဖိတ်နေ့သို့ ရောက်လျှင် ရဟန်းတပါးပါးထံသို့လာ၍ အရှင်ဘုရား နက်ဖန် ပြုရမည့် ဥပုသ်မှာ စာတုဒ္ဒသီပါလော, ပန္နရသီပါလောဟု မေးမြန်းလျှောက်ထားရမည်။ ဥပုသ်နေ့သို့ ရောက်သည့်အခါ တဖန်

လာ၍"ဘိက္ခုနိသံဃော အယျ သံဃဿ ပါဒေ ဝန္ဒတိ။ ဩဝါဒူပသင်္ကမနဉ္စ ယာစတိ၊ လဘတု ကိရ အယျ ဘိက္ခုနိသံဃော ဩဝါဒူသင်္ကမနံ"ဟု ဩဝါဒကို တောင်းပန်ရမည်။ အထွက်တရက်နေ့မှာ ဘိက္ခုနိသံဃာ၏စေလွှတ်ချက်အရ မိမိတို့ဩဝါဒကို လက်ခံထားသော ရဟန်းထံသို့ တဖန် လာကြလျက် "ကိံ အယျ လဘတိ ဘိက္ခုနိသံဃော ဩဝါဒူပသင်္ကမနံ"ဟု မေးလျှောက်ရမည်။ ထိုအခါ ဩဝါဒပဋိဂ္ဂါဟက ရဟန်းက ပါတိမောက္ခုဒ္ဒေသက ရဟန်း ညွှန်ကြားလိုက်သည့်အတိုင်း "မည်သည့် ရဟန်းထံ အဆုံးအမခံ"ဟု ဆိုလျှင် ထိုရဟန်းထံတွင် အဆုံးအမ ခံရမည်။ "ပါသာဒိကေန ဘိက္ခုနိသံဃော သမ္ပာဒေတု" ဟု ဩဝါဒပြုလျှင်လည်း "သာဓု အယျ"ဟု ဝန်ခံကာ ပြန်လာကြရမည်။

---

၅၃။ **မေး** ဘိက္ခုနီတို့က တောင်းပန်အပ်သော ဩဝါဒကို ဘယ်လိုရဟန်းမျိုး လက်ခံရပါသနည်း။ လက်မခံလိုက နေခွင့် ရပါသလော။

၅၃။ **ဖြေ** ဗာလ, ဂိလာန, ဂမိက ရဟန်းတို့ကို ထား၍ တပါးသော ရဟန်းတို့မှာ တောနေရဟန်းပင်ဖြစ်စေကာ လက်မခံလိုသော်လည်း လက်မခံဘဲ နေခွင့်မရပါ၊ မုချ လက်ခံရမည် ဖြစ်ပါသည်။ လက်မခံက ဒုက္ကဋ်အာပတ်မှ မလွတ်ပါ။

**မှတ်ရန်**

ဘိက္ခုနီ သံဃာက တောင်းပန်အပ်သော ဩဝါဒကို လျှောက်ဆိုပုံအစီအစဉ်၌ မကျွမ်းကျင်မလိမ္မာသောရဟန်းမျိုးကို"ဗာလ" ထိုကိစ္စကို မရွက်ဆောင်နိုင် လောက်အောင် မကျန်းမာသော ရဟန်းမျိုးကို "ဂိလာန"ဥပုသ်နေ့၌ဖြစ်စေ, အထွက်တရက်နေ့၌ဖြစ်စေ, မချွတ်ခရီး သွားရလတ္တံ့သော ရဟန်းမျိုးကို "ဂမိက" ဆိုသည်။

(ဆငွမုအကြိမ်)

ဘိက္ခုသံဃာပြုရမည့် အစီအစဉ်

"ဤအရာ၌ ဇာတ်သုတအကျိုး၄၁ ဘိက္ခုသံဃာကပြုလုပ်ရမည့် အစီအစဉ်ကိုပြဆိုဦးအံ့။ ဘိက္ခုနီမတို့၏အထံမှ ဩဝါဒကိုလက်ခံလာသော ရဟန်းသည် ဥပုသ်အိမ် သိမ်အပြင် သံဃာအစည်းအဝေး၌ ပါတိမောက္ခုဒ္ဒေသက ရဟန်းအား "ဘိက္ခုနီသံဃော ဘန္တေ ဘိက္ခုသံဃဿ ပါဒေ ဝန္ဒတိ၊ ဩဝါဒူပသင်္ကမနဉ္စ ယာစတိ။ လဘတု ကိရ ဘန္တေ ဘိက္ခုနီသံဃော ဩဝါဒူပသင်္ကမနံ" ဟု လျှောက်ထားရမည်၊ ပါတိမောက္ခုဒ္ဒေသက ရဟန်းက "အတ္ထိ ကောစိ ဘိက္ခု ဘိက္ခုနောဝါဒကော သမ္မတော"ဟု မေးရမည်။ ဘိက္ခုနောဝါဒက သမ္မုတိ ရသောရဟန်းရှိခဲ့လျှင် ဤမည်သော ရဟန်းသည် ဘိက္ခုနောဝါဒက သမ္မုတိ ရ၏။ ထိုရဟန်းထံမှာ ဘိက္ခုနီသံဃာ အဆုံးအမ ခံလေဟု ပြောဆိုရမည်။ ဘိက္ခုနောဝါဒက သမ္မုတိရသော ရဟန်းမရှိခဲ့လျှင် ပါတိမောက္ခုဒ္ဒေသက ရဟန်းက"ကော အာယသ္မာ ဥဿဟတိ ဘိက္ခုနိယော ဩဝဒိတုံ" ဟု မေးရမည်။

တစုံတယောက်သော ရဟန်းသည် ဆုံးမခြင်း၄၁ စွမ်းနိုင်အံ့။ သီလဝန္တဖြစ်ခြင်းစသော အင်္ဂါရှစ်ပါးနှင့်လည်းပြည့်စုံပါမူ ထိုရဟန်းကိုပင် ထိုအစည်းအဝေး၌ ဘိက္ခုနောဝါဒက သမ္မုတိပေး၍ ဩဝါဒပဋိဂ္ဂါဟက ရဟန်းအား ယခုသမ္မုတိပေးလိုက်သော ရဟန်းထံတွင် ဘိက္ခုနီသံဃာ အဆုံးအမခံရန် ပြောလိုက်ရမည်။ အကယ်၍ စွမ်းနိုင်သူ မရှိခဲ့အံ့၊ ပါတိမောက္ခုဒ္ဒေသက ရဟန်းက "နတ္ထိ ကောစိ ဘိက္ခု ဘိက္ခုနောဝါဒကော သမ္မတော၊ ပါသာဒိကေန ဘိက္ခုနီသံဃော သမ္ပာဒေတု"ဟု ပြောရမည်။ ထိုပါတိမောက္ခုဒ္ဒေသက ရဟန်းပြောသမျှ ဆိုသမျှကို ဩဝါဒပဋိဂ္ဂါဟက ရဟန်းက ကောင်းမွန်စွာ ဝန်ခံ မှတ်သားပြီးလျှင် အထွက် တရက်နေ့၌ ဘိက္ခုနီမများလာရောက်၍ "ကိံ အယျ လဘတိ ဘိက္ခုနီသံဃော ဩဝါဒူပသင်္ကမနံ"ဟု လျှောက်ထား

(ဆဋ္ဌမအကြိမ်)

သည့်အခါ ပါတိမောက္ခုဒ္ဒေသက ရဟန်းပြောလိုက်သည့် အစီရင်အတိုင်း ပြောဆိုပြုလုပ်ရပါမည်။

---

၁၄။ မေး "သံဃော ဥပေါသထံ ကရေယျ ပါတိမောက္ခံ ဥဒ္ဒိသေယျ"ဟူသော ပဟေဠာဝတ္တစကား အားလျော်စွာ အထက်၌လည်း "ပါတိမောက္ခံ ဥဒ္ဒိသိဿတိ"ဟု နာမယောဂဖြင့်ဆိုသင့်လျက် မဆိုဘဲ "ဥဒ္ဒိသိဿာမိ"ဟု အမှယောဂဖြင့် ဆိုခြင်းမှာ ပုဗ္ဗာပရ ဝိရောဓိဒေါသ လွတ်ပါမည်လော အဘယ်ကြောင့်ထိုသို့ ဆိုရပါသနည်း။

၁၄။ ဖြေ အထက်အောက် စကားနှစ်ရပ်မှာ နာမယောဂ အမှယောဂ သဒ္ဒါမျှသာ ကွဲပြား၍ မှတ်ကြောင်း ဖြစ်သော သဘောလက္ခဏာအားဖြင့် ရှေ့သွားနောက်နေ ညီညွတ်ပေရကား ပုဗ္ဗာပရ ဝိရောဓိဒေါသ မသင့်ပါ။

အောက်၌ နာမယောဂဖြင့် ဆိုရကြောင်းမှာ သံဃာ၏ ညီညွတ်ခြင်း, ဂိုဏ်း၏ ညီညွတ်ခြင်းကြောင့် ပုဂ္ဂိုလ်ပါတိမောက် ပြသည်ရှိသော် သံဃာပြသည် မည်သောကြောင့် "သံဃပဓာန" နာမယောဂဖြင့် ဆိုပါသည်။

အထက်၌ အမှယောဂဖြင့် ဆိုရကြောင်းမှာကား- ဝစီဘေဒ နှုတ်မြွက်ဟ၍ ပါတိမောက်ပြဆိုသူမှာ အမှန်အားဖြင့် သံဃာ မဟုတ် ပုဂ္ဂိုလ်သာ ဖြစ်သောကြောင့် "သကပုဂ္ဂလပဓာန" အမှယောဂဖြင့် ဆိုပါသည်။

---

၁၅။ မေး "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ၊ တံ သုဏောမ မနသိကရောမ"ဟူသော ပါဌ်၌ "တပည့်တော် ပါတိမောက် ပြပါတော့မည်၊ အရှင်တို့ နာကြပါကုန်"ဟူသော အဓိပ္ပါယ်

(ဆဋ္ဌမအကြိမ်)

အားလျော်စွာ "သုဏာထမနသိကရောထ" ဟူ၍သာ ဆိုသင့်ပါလျက် အဘယ်ကြောင့်"သုဏောမ မနသိကရောမ"ဟု ဆိုရပါသနည်း။

၁၅။ ဖြေ ဥပုသ်ပြုခြင်းမှာ သမဂ္ဂ သံဃာ၏ ဥပုသ်ပြုခြင်းသာဖြစ်၏။ ထိုပါတိမောက္ခုဒ္ဒေသက ရဟန်းသည်လည်း ပါတိမောက်ကို နာရမည့် ဥပေါသထကာရက ဥပုသ်ပြု သံဃာတွင် အပါအဝင်ဖြစ်လေရကား မိမိပါ သုဏန္တ ပုဂ္ဂိုလ်ဖြစ်နေသည့်အတွက် "သုဏောမ မနသိကရောမ" ဟူ၍သာ ဆိုသင့်ပါသည်။

၁၆။ မေး (က) "ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ" ဟူသော စကားသည် ဘယ်သူက ဘယ်သူတို့အား ပြောကြားသည့် စကားပါနည်း။ (ခ) အဘယ်ကြောင့် ထိုသို့ ပြောကြားရပါသနည်း။

၁၆။ ဖြေ (က) ပါတိမောက္ခုဒ္ဒေသက ရဟန်းက ဥပေါသထကာရက သံဃာအား ပြောကြားရသော စကားဖြစ်ပါသည်။

(ခ) ပါတိမောက်ကို ပြဆိုတော့မည် ဖြစ်သည့် အတွက် အာပတ်နှင့်တကွ ပါတိမောက်ကို မနာရဟူသော ပညတ်တော်ရှိသောကြောင့် ထိုသို့ပြောဆိုရပါသည်။

၁၇။ မေး (က) "ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ" ၌ အဘယ်သို့ ပြုခြင်းမှာ "ပါရိသုဒ္ဓိ အာရောစန" မည်ပါသနည်း။ (ခ) အာပတ်သင့်ကြောင်း ၆-ပါးကိုလည်း ဖော်ပြပါ။

(ဆန္ဒမအကြိမ်)

၅၇။ ဖြေ (က) မိမိတွင် အာပတ်ရှိနေပါက ဖွင့်ဖော်ပြောကြားမှု မရှိလျှင် တိတ်တိတ်နေမှုမှာ "ပါရိသုဒ္ဓိအာဒေသနာ" မည်ပါသည်။

(ခ) အာပတ်သင့်ကြောင်း ၆-ပါးကား– ၁-အလဇ္ဇိတာ- အရှက်မရှိခြင်း၊ ၂-အညာဏတာ- ပညတ်တော်ကို မသိခြင်း၊ ၃–ကုက္ကုစ္စပကတတာ- ဝိနယကုက္ကုစ္စ နှိပ်စက်ခြင်း၊ ၄-အကပ္ပိယေ ကပ္ပိယသညိတာ- မအပ်သည်၌ အပ်သည်ဟု ထင်မှတ်ခြင်း၊ ၅-ကပ္ပိယေ အကပ္ပိယ သညိတာ- အပ်သည်၌ မအပ်ဟု ထင်မှတ်ခြင်း၊ ၆-သတိသမ္မောသာ- သတိမေ့လျော့ခြင်းတို့ ဖြစ်ပါသည်။

---

၅၈။ မေး အာပတ်သင့်ကြောင်း ၆-ပါး၌ "ကုက္ကုစ္စပကတတာ" ဟူသော အကြောင်းတပါး ပါရှိရာ ကုက္ကုစ္စ ဖြစ်ရုံမျှဖြင့် အာပတ် မသင့်နိုင်ရကား ထို "ကုက္ကုစ္စပကတတာ" မှာ ဘယ်သို့လျှင် အာပတ်သင့်ကြောင်း ဖြစ်နိုင်ရာ အံ့နည်း။

၅၈။ ဖြေ ဝိနယ ကုက္ကုစ္စ ဖြစ်ရုံမျှဖြင့် အာပတ်မသင့်သည်ကား မှန်ပါ၏။ သို့ရာတွင် ဝိနယကုက္ကုစ္စ နှိပ်စက်အပ်သော ရဟန်းသည် အပ်မှန်း မအပ်မှန်း မသိက ဝိနယဓရပုဂ္ဂိုလ်အား လျှောက်ထား မေးမြန်းရမည့်တာဝန်ရှိပါလျက် ထိုသို့မေးမြန်းမှုကို မပြုဘဲ အပ်ထာဘဲဟု ဇွတ်အတင်း ပြုလုပ်မိသောကြောင့် အာပတ်သင့်ရသည်ကို ရည်ရွယ်ကာ "ကုက္ကုစ္စပကတတာ" ကို အာပတ်သင့်ကြောင်းဟု ဆိုပါသည်။

(ဆရာမဟာကြိမ်)

၅၉။ မေး (က) "ယဿ သိယာ အာပတ္တိ သော အာဝိကရေယျ"၌ အာပတ်ခုနစ်ပုံ၏ သရုပ်ကို ဖော်ပြ၍ (ခ) ဘယ်သို့ အာဝိကရဏ ပြုရမည်ကိုလည်း ပြဆိုပါ။

၅၉။ ဖြေ (က) ၁-ပါရာဇိက အာပတ်, ၂-သံဃာဒိသေသ အာပတ်, ၃-ထုလ္လစ္စယ အာပတ်, ၄-ပါစိတ်အာပတ်, ၅-ပါဋိဒေသနီ အာပတ်, ၆-ဒုက္ကဋ်အာပတ်, ၇-ဒုဗ္ဘာသီအာပတ် တို့ ဖြစ်ပါသည်။

(ခ) ထို သင့်ရောက်သော အာပတ်ကို ပြောကြားခြင်း ဖွင့်ဖော်ခြင်း ဒေသနာပကာသန အမှုတို့ကို "အာဝိကရဏ" ဆိုလိုပါသည်။

---

၆၀။ မေး (က) "ယာဝ တတိယံ အနုဿာဝိတံ ဟောတိ" ဟူသော ပါဠိလာ "အနုဿာဝနတ္တယ"ကို ဖော်ပြ၍ (ခ) "သမ္ပဇာနမုသာဝါဒဿ ဟောတိ" အရ သမ္ပဇာနမုသာဝါဒ ကြောင့် သင့်ရောက်သော အာပတ်ကို သင့်ရောက်ရာခေတ်နှင့် တကွ ညွှန်းပြပါ။

၆၀။ ဖြေ (က) "တတ္ထာ ယသ္မိံ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ" ပါဠိတို့မှာ အနုဿာဝနတ္တယ ပါဠိများ ဖြစ်ပါသည်။

(ခ) သမ္ပဇာန မုသာဝါဒကြောင့် ဒုက္ကဋ်အာပတ် သင့်ပါသည်၊ ၎င်းအာပတ်သင့်ရာ ခေတ်ကား တတိယအနုဿာဝန စကား၏အဆုံး ဖြစ်ပါသည်။

(ဆဋ္ဌမအကြိမ်)

မှတ်ရန်

ဤတတ္ထာယသ္မန္တေ-စသော စကားသည် နိဒါန်း၏ အဆုံးမှာ မရှိရ။ ပါတိမောက်ပြသော အခါမှသာ ထည့်၍ရွတ်ဆိုရမည်ဟု အဋ္ဌကထာဆို၏။

---

၆၁။ မေး (က) "သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ" အရ သမ္ပဇာနမုသာဝါဒကြောင့် ပါစိတ်သာ ဖြစ်သင့်လျက် ဒုက္ကဋ်ဖြစ်ရသည်မှာ အဘယ်ကြောင့်ပါနည်း။ (ခ) ထိုအာပတ်၏ ဒွါရ သမုဋ္ဌာန တို့ကိုလည်း ညွှန်းပြပါ။

၆၁။ ဖြေ (က) ဤအာပတ်မှာ မုသာဝါဒ ကြောင့် သင့်ရောက်ရသော အာပတ်မဟုတ်သဖြင့် ပါစိတ် မဖြစ်နိုင်ပါ။ "သမ္ပဇာနမုသာဝါဒေ ကိံ ဟောတိ၊ ဒုက္ကဋံ ဟောတိ" ဟူသော မြတ်စွာဘုရား စကားတော်ကြောင့်သာ သင့်ရောက်ရသော အာပတ်ဖြစ်ပါ၍ ဒုက္ကဋ်သာ ဖြစ်ရပါသည်။

(ခ) ထိုအာပတ်၏ ဒွါရ သမုဋ္ဌာနတို့မှာ ဝစီဒွါရအကိရိယ သမုဋ္ဌာန်တို့ ဖြစ်ပါသည်။

---

၆၂။ မေး (က) "သန္တီ အာပတ္တိ အာဝိကာတဗ္ဗာ" အရ သံဃာ့ပရိသတ်အလယ်မှာ ထင်ရှားမပြသာပါက ဘယ်သို့ ပြုရပါမည်နည်း။ (ခ) "အန္တရာယိကော, ဖာသု ဟောတိ" ပုဒ်တို့အရ အဘယ်၏ အန္တရာယ်ကိုပြုသည်, ဘယ်သို့ ဖာသုဖြစ်ရသည်တို့ကိုလည်း ပြဆိုပါ။

၆၂။ ဖြေ (က) ထင်ရှားစွာ မပြသာပါက မိမိနှင့် တပ်၍ထိုင်ခနေသော ရဟန်းအား "ငါ့ရှင် ငါကား ဤမည်သော

အာပတ်သို့ ရောက်နေပါသည်၊ ဤနေရာမှ ထသွားပါလျှင် ထိုအာပတ်ကို ကုစားပါမည်''ဟုပြောထားရပါမည်။ အကယ်၍ မိမိ၌ အာပတ် ရှိလေသလား မရှိလေသလားဟု ယုံမှားဒွိဟ ဝေမတိက ဖြစ်နေခဲ့ပါလျှင် ''ငါ့ရှင် ငါကား ဤမည်သော အာပတ်၌ ယုံမှားဒွိဟ ဝေမတိက ဖြစ်နေ၏။ အကြင်အခါ ထိုဝေမတိက ကင်း၏၊ထိုအခါ ထိုအာပတ်ကို ကုစားပါမည်''ဟု ပြောထားရမည်။

(ခ) ပထမစျာန် စသည်တို့ကို ရခြင်း၏ အန္တရာယ်ကို ပြုပါသည်။ ပရိသုဒ္ဓသီလလျှင် ပါဒကရှိသော အဝိပ္ပဋိသာရ စသည်တို့ကိုရလျက် အဆင့်ဆင့်တက်ခါ ပထမစျာန် စသည်တို့ကို ရနိုင်ရာသောကြောင့် ဖာသုဖြစ်ပါသည်။

ပရိသုဒ္ဓ-စင်ကြယ်။ ပါဒက-အခြေခံ။
အဝိပ္ပဋိသာရ-စိတ်ချမ်းသာခြင်း။

နိဒါနကဏ္ဍ အလုံးစုံပြီး၏။

# ပါရာဇိက ကဏ္ဍ

## ပထမ ပါရာဇိက

၆၃။ မေး (က) ရဟန်းအဖြစ်ဟူသော ဥပသမ္ပဒါရှစ်မျိုးကို ရေတွက်ပြ၍ (ခ) မည်သည့် ဥပသမ္ပဒါဖြင့် ဖြစ်သော ဥပသမ္ပန္နကိုသာ ပထမပါရာဇိက သိက္ခာပုဒ်လာ ယောပနဘိက္ခု-အရ လိုအပ်သည်ဟုလည်း အကြောင်းနှင့်တကွ ညွှန်ပြပါ။

၆၃။ ဖြေ (က) ၁-ဧဟိဘိက္ခူပသမ္ပဒါ, ၂-သရဏာဂမနူပသမ္ပဒါ, ၃-ဩဝါဒ ပဋိဂ္ဂဟဏူပသမ္ပဒါ, ၄-ပဉှာဗျာကရဏူပ သမ္ပဒါ, ၅-အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါ, ၆-ဒူတေနူပသမ္ပဒါ, ၇-အဋ္ဌဝါစိကူပသမ္ပဒါ, ၈-ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ။

ဆောင်ပုဒ်

ဧဟိ, သရဏ၊ ဩဝါဒ၊ အဋ္ဌဝါစိကူ။
ဉတ္တိ, ပဉှာ၊ ဂရုပါ၊ ရှစ်ဖြာဒူတေနူ။

၎င်းရှစ်မျိုးအရ ဥပသမ္ပန္နပုဂ္ဂိုလ်သည်လည်း ဧဟိဘိက္ခူပသမ္ပဒူပသမ္ပန္န စသောအားဖြင့် ရှစ်မျိုးပင်ပြား၏။ ဥပသမ္ပဒါနှင့်ဥပသမ္ပန္နကို ခွဲခြား၍မှတ်ပါ။

(ခ) ပြဆိုအပ်ခဲ့ပြီးသော ဥပသမ္ပန္န ရှစ်မျိုးတွင် ရှေ့လေးမျိုးတို့မှာ ပါရာဇိက စသော လောကဝဇ္ဇ သိက္ခာပုဒ်မျိုးကို လွန်ကျူးထိုက်သူတို့ မဟုတ်သောကြောင့်ရင်း, အလယ်သုံးမျိုးတို့မှာ ဘိက္ခုနီမတို့သာဖြစ်သောကြောင့်ရင်း, ယောပနဘိက္ခု-အရတွင် မလိုအပ်ဘဲ နောက်ဆုံးပိတ် ဖြစ်သော သဗ္ဗပစ္ဆိမ ဉတ္တိစတုတ္ထ

(ဆဋ္ဌမအကြိမ်)

ကမ္မူပ သမ္ပဒူပသမ္ပန္န(ဉ တ္တိစတုတ္ထရဟန်း)ဘမျိုးကိုသာ လိုအပ်ပါသည်။

ဥပသမ္ပဒါရှစ်မျိုးကို မြန်မာလို မှတ်ရန်

၁-ဧဟိဘိက္ခုဟူသော မြတ်စွာဘုရား စကားတော်မျှဖြင့် ရရှိအပ်သော ပဉ္စင်းအဖြစ်, ၂-သရဏဂုဏ်သုံးပါးကို နှုတ်မြွက်ရွတ်ဆိုခြင်းဖြင့် ဘုရားရှင်ခွင့်ပြုတော်မူအပ်သော ပဉ္စင်းအဖြစ်, ၃-ဘုရားရှင်၏အဆုံးအမဩဝါဒကို အရိုအသေဝန်ခံခြင်းဖြင့် ခွင့်ပြုတော်မူအပ်သော ပဉ္စင်းအဖြစ်, ၄-ကိုယ်တော်မြတ်၏ မေးခွန်းပုစ္ဆာပြဿနာကိုဖြေဆိုနိုင်သဖြင့် ခွင့်ပြုတော်မူအပ်သော ပဉ္စင်းအဖြစ်, ၅-ရှစ်ပါးသော ဂရုဓမ်ကို ဝန်ခံသဖြင့် ခွင့်ပြုတော် မူအပ်သော ပဉ္စင်းအဖြစ်, ၆-စေတမန်ဖြင့် ခွင့်ပြုတော်မူအပ်သောပဉ္စင်းအဖြစ်, ၇-ကမ္မဝါစာ ရှစ်ကြိမ်ရွတ်ဘတ်ခြင်းဖြင့် ခွင့်ပြုတော်မူအပ်သော ပဉ္စင်းအဖြစ်, ၈-ဉ တ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် ရရှိသော ပဉ္စင်းအဖြစ်။

---

၆၄။ မေး ဥပသမ္ပန္န ပုဂ္ဂိုလ်အားလုံးပင် သိက္ခာပုဒ်အားလုံးကို လွန်ကျူးနိုင်စရာ အကြောင်းအခွင့် ရှိပါသလော, သို့မဟုတ် အချို့သိက္ခာပုဒ်ကို လွန်ကျူးမှုမှာ အချို့ဥပသမ္ပန္နနှင့်သာ ဆိုင်သည်ဟူသော သတ်မှတ်ချက် နိယမများ ရှိပါသေးသလော ရှင်းပြပါ။

၆၄။ ဖြေ ပါရာဇိက စသော လောကဝဇ္ဇ သိက္ခာပုဒ်မျိုးကို လွန်ကျူးမှုမှာ ဉ တ္တိစတုတ္ထ ကမ္မူပသမ္ပဒူပသမ္ပန္န (ဉ တ္တိစတုတ္ထကံဖြင့် ပဉ္စင်းဖြစ်သော ရဟန်း)နှင့်သာ သက်ဆိုင်ပါသည်။

ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကို ကျူးလွန်မှုမှာကား ဥပသမ္ပန္နအားလုံးနှင့်ပင် သက်ဆိုင်ပါသည်။

(ဆဋ္ဌမအကြိမ်)

အဋ္ဌဝါဒီတို့ကုပသမ္ပဒါသည်လည်း ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါပင်ဖြစ်၏။ ဥဘတော သံဃာ၌ပြုသဖြင့် ဉတ္တိစတုတ္ထ ၂-ထပ်ကျသောကြောင့်သာ အဋ္ဌဝါဒီက ဖြစ်ရသည်။

---

၆၅။ မေး ဥပသမ္ပဒကံ၏ မပျက်စီး မဖောက်ပြန် အောင်မြင်သော ဥပသမ္ပဒကံ ဖြစ်ရန်အတွက် လိုအပ်သောအကြောင်း အင်္ဂါတို့ကို ပြည့်စုံစွာ ဖော်ပြပါ။

၆၅။ ဖြေ ၁-ဝတ္ထု၏ပြည့်စုံခြင်း, ၂-ဉတ်၏ပြည့်စုံခြင်း, ၃-ကမ္မဝါစာ၏ပြည့်စုံခြင်း, ၄-သိမ်၏ပြည့်စုံခြင်း, ၅-ပရိသတ်၏ပြည့်စုံခြင်းဟူသော အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပဉ္စင်္ဂသမန္နာဂတ ဥပသမ္ပဒကံသည် မပျက်စီး မဖောက်ပြန် အောင်မြင်သော ဥပသမ္ပဒကံ ဖြစ်ပါတော့သည်။

ဆောင်ပုဒ်

ဝတ်, ဉတ်, သိမ်, ကမ်၊ ပရိသံ၊ ငါးတန်သမ္ပတ္တိ။
ဥပသမ္ပဒံ၊ အောင်မြင်ရန်၊ အင်္ဂါဟူ၍သိ။

---

၆၆။ မေး (က) ဥပသမ္ပဒကံ အရာ၌ လာသောဝတ္ထုဟူသည် အဘယ်အရာကို ဆိုပါသနည်း။ (ခ) ယင်းဝတ္ထုအတွက် ဥပသမ္ပဒကံ၏ ပျက်ပုံ မပျက်ပုံကိုလည်း သိသာရုံမျှဖော်ပြပါ။

၆၆။ ဖြေ (က) ဝတ္ထုဟူသည် ပဉ္စင်းလောင်းဖြစ်သော ပုဂ္ဂိုလ်ကို ဆိုပါသည်။

(ခ) ဤဝတ္ထုဟူသော ပဉ္စင်းလောင်းသည် အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗကပုဂ္ဂိုလ်, ပဏ္ဍကစသော တဆဲ့တယောက်သော

(ဆန္ဒမအကြိမ်)

အဘဗ္ဗပုဂ္ဂိုလ်မျိုးတို့တွင် အပါအဝင်မဟုတ်သော ပရိပုဏ္ဏဝီသတိဝဿ ပုဂ္ဂိုလ်မျိုးဖြစ်ပါက ဥပသမ္ပဒကံသည် ဝတ္ထုအတွက် မပျက်စီး မဖောက်ပြန် အကုပ္ပကံ ဖြစ်တော့၏။

ပဥ္စင်းလောင်းသည် အန္တိမဝတ္ထု အဇ္ဈာပန္နပုဗ္ဗကပုဂ္ဂိုလ်, ပဏ္ဍကာဒိ အဘဗ္ဗပုဂ္ဂိုလ်, ဦနဝီသတိဝဿပုဂ္ဂိုလ်မျိုး ဖြစ်နေပါက ဥပသမ္ပဒကံသည် ဝတ္ထုအဘွက် ပျက်စီးဖောက်ပြန် ကုပ္ပကံမျိုး ဖြစ်တော့၏။

တရားနည်းလမ်းမကျ အဌာနာရဟဖြစ်သဖြင့် ဖျက်ဆီးတားမြစ်အပ်သော ကံမျိုးကို ကုပ္ပ, တရားနည်းလမ်းကျ၍ ဌာနာရဟဖြစ်သဖြင့် မဖျက်ဆီးအပ် မတားမြစ်အပ်သော ကံမျိုးကို အကုပ္ပ ဆိုသည်။

အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်တို့ကား

၁-ပဏ္ဍက, ၂-ထေယျသံဝါသက, ၃-တိတ္ထိယပက္ကန္တက, ၄-တိရစ္ဆာနဂတ, ၅-မာတုဃာတက, ၆-ပိတုဃာတက, ၇-အရဟန္တဃာတက, ၈-လောဟိတုပ္ပါဒက, ၉-သံဃဘေဒက, ၁၀-ဘိက္ခုနီဒူသက, ၁၁-ဥဘတောဗျဉ္ဇနက တို့တည်း။

ဤဆိုအပ်ခဲ့ပြီးသော ဦနဝီသတိဝဿ ပုဂ္ဂိုလ်တယောက်, အန္တိမဝတ္ထု အဇ္ဈာပန္နပုဗ္ဗက ပုဂ္ဂိုလ်တယောက်, ပဏ္ဍကာဒိ အဘဗ္ဗပုဂ္ဂိုလ်တဆဲ့တယောက်, ပေါင်း ၁၃-ယောက်ကုန်သော ပုဂ္ဂိုလ်တို့ကို ဥပသမ္ပဒကံအရာ၌ "အဝတ္ထု" ရဟန်းလောင်း မဖြစ်ထိုက်သူတို့ဟု မှတ်ကြလေကုန်။

---

၆၇။ မေး (က) ပဏ္ဍုက် ၅-မျိုးကို ရေတွက်ဖော်ပြ၍ (ခ) မည်သည့်ပဏ္ဍုက်မျိုးမှာ ရဟန်းအဖြစ်ကို ရနိုင်သည်, မည်သည့်ပဏ္ဍုက်မျိုးမှာ မရနိုင်သည်ကို ခွဲခြားပြဆိုပါ။

၆၇။ ဖြေ (က) ၁-အာသိတ္တ ပလ္လင်္ကျ, ၂-ဥဿူယ ပလ္လင်္ကျ, ၃-ဩပက္ကမိက ပလ္လင်္ကျ, ၄-ပက္ခ ပလ္လင်္ကျ, ၅-နပုံသက ပလ္လင်္ကျ။

(ခ) အာသိတ္တပလ္လင်္ကျ, ဥဿူယ ပလ္လင်္ကျ, များနှင့် (အပလ္လကဘာဝပက္ခ၌) ပက္ခပလ္လင်္ကျတို့မှာ ရဟန်းအဖြစ်ကို ရနိုင်ကြပါသည်။ ဩပက္ကမိကပလ္လင်္ကျ, နပုံသကပလ္လင်္ကျများနှင့် (ပလ္လကဘာဝပက္ခ၌) ပက္ခပလ္လင်္ကျတို့မှာ ရဟန်းအဖြစ်ကို မရနိုင်ကြပါ။

ပလ္လကဘာဝပက္ခ၌-ပလ္လင်္ကျဖြစ်ရာပက္ခ၌ တည်နေသူ။

၁။ ပက္ခော, ပက္ကမိကာ သိတ္တာ၊ စတုတ္ထော ပနုဿူယကော။
နပုံသကေန ပဗ္ဗေဇတ၊ ပလ္လကာ ပရိဒီပိတာ၊

၂။ တေသု အာသိတ္တု, ဿူယာနံ၊ ပဗ္ဗဇ္ဇာ န နိဝါရိတာ။
ဣတရေသန္တု တိဏ္ဏန္နံ၊ ပလ္လကာနံ နိဝါရိတာ။

(ဝိနယ ဝိနိစ္ဆယ)

---

၆၈။ **မေး** ထေယျသံဝါသက ပုဂ္ဂိုလ်မျိုး မည်မျှရှိသည်, ၎င်းတို့ အချင်းချင်း မည်သို့ ခြားနားခြင်း ရှိသည်တို့ကို ဖြေဆိုပါ။

၆၈။ ဖြေ ၁-လိင်္ဂတ္ထေနက, ၂-သံဝါသတ္ထေနက, ၃-ဥဘယတ္ထေနကဟု သုံးမျိုးရှိပါသည်။

ဤထေနကအရာ၌ ၁-ရဟန်းတို့က ပေးအပ်သည်မဟုတ်ဘဲ မိမိလျှောက်လျှားဘာသာ သင်္ကန်းကို ဝတ်နေမှု, ၂-ရဟန်း ဝါကို တဝါရပြီ နှစ်ဝါရပြီ စသည်ဖြင့် ရေတွက်ခြင်း, ထေရ်

(ဆဌမအကြိမ်)

စဉ်ဝါလိုက်ရှိခိုးခံခြင်း, ငါက ဝါကြီးသည် သင် ဤနေရာတွင် မထိုင်နှင့် စသည်ဖြင့် နေရာဖြင့် တားမြစ်ခြင်း, ဥပုသ်ကိစ္စ ပဝါရဏာကိစ္စ စသည်တို့၌ ပါဝင်ခြင်း အမှုဟူ၍ အမှုနှစ်မျိုး ရှိလေရာ-

၁ နံပါတ် အမှုကိုသာ လွန်ကျူးသော ရှင်ယောင်သည် လိင်္ဂတ္ထေနကသာ ဖြစ်၏။
၂ နံပါတ် အမှုကိုသာ လွန်ကျူးသော သာမဏေ အစစ်သည် သံဝါသတ္ထေနကသာ ဖြစ်၏။
၁-နံပါတ် ၂-နံပါတ် အမှု နှစ်မျိုးလုံးကို လွန်ကျူးပါက ဥဘယတ္ထေနက ဖြစ်တော့၏။

ရဟန်း၁ါကို ရေတွက်ခြင်းစသော အပြုအမူ အထူးကို သံဝါသ ဆိုသည်။

၁။ လိင်္ဂတ္ထေနော စ သံဝါသ၊ ထေနော တဒုဘယဿစ။
ထေယျသံဝါသကော နာမ၊ တိဝိဓောပိ ပဝုစ္စတိ။
၂။ ဘယမေဝ စ ယော တတ္ထ၊ ပဗ္ဗဇိတွာ န ဂဏှာတိ။
ဘိက္ခုဝဿာနိ ဝါ နေဝ၊ ယထာ ဝုဍ္ဎိ ဝန္ဒနံ။
၃။ လိင်္ဂတ္ထေနော အယံ လိင်္ဂ၊ မတ္တဿ ထေနကော သိယာ။
ယော စ ပဗ္ဗဇိတော ဟုတွာ၊ ဘိက္ခုဝဿာနိ ဂဏှာတိ။
၄။ သံဝါသံ သာဒိယန္တောဝ၊ သံဝါသတ္ထေနကော မတော။
ဥဘယတ္ထေနကော ဝုတ္တ၊ နယောယေဝ ယထာဟစ။

(ဝိနယ ဝိနိစ္ဆယ)

---

၆၉။ မေး မူလ,က ရဟန်းစစ် သာမဏေစစ် ဖြစ်သော ပုဂ္ဂိုလ်သည် သင်္ကန်းကိုပယ်ချ၍ မေထုန သေဝနအမှုကိုပြုပြီးလျှင်

တဖန် သင်္ကန်းကိုဝတ်ကာ ငါရဟန်း, ငါသာမဏေဟု ဝန်ခံ၍ နေပါက လိင်တ္ထေနက သံဝါသတ္ထေနက ဖြစ် မဖြစ်ကို စီရင်ဆုံးဖြတ်ပါ။

၆၉။ ဖြေ ပယ်ချ၍ ထားအပ်သော သင်္ကန်းတို့၌ ငါပြန်ဝတ်ဦးမည် ဟူသော တွယ်တာမှု ငဲ့ကွက်မှု အာလယဥဿာဟမျိုး မူလက ရှိနေသူ ဖြစ်ပါက လိင်တ္ထေနက သံဝါသတ္ထေနက မဖြစ်။ ထိုအာလယ ဥဿာဟမျိုး မရှိပါက လိင်တ္ထေနက သံဝါသတ္ထေနက ဖြစ်၏။

ဘိက္ခုပဋိညာဏ လိင်္ဂသာ အပရိစ္စတ္တတ္တာ န လိင်္ဂတ္ထေနကော၊ လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နာပိ သံဝါသတ္ထေနကော၊ အန္တိမဝတ္ထုံ အဇ္ဈာပန္နကေပိ ဧသေဝနယော။

---

၇၀။ မေး အကြင် အကြောင်းမျိုးရှိသော သူသည် မိမိကိုယ်တိုင်သင်္ကန်းဝတ်ကာ ရဟန်းသာမဏေ အသွင်ကိုယူပါလျက် ထေယျသံဝါသက မဖြစ်၊ ထိုအကြောင်းတို့ကား အဘယ်တို့ပါနည်း။

၇၀။ ဖြေ မင်းဘေး ရှိခြင်း၊ ငတ်မွတ် ခေါင်းပါးသော ဘေးရှိခြင်း, ခရီးခဲဘေးရှိခြင်း, အနာရောဂါ ဘေးရှိခြင်း, ရန်သူဘေးရှိခြင်း, သင်္ကန်းကို ဝတ်၍ ဆောင်ယူလိုခြင်း, ဟူသော အကြောင်း ၆-ပါးရှိပါက မိမိဘာသာပင် သင်္ကန်းကိုဝတ်ကောင်းပါသည်။ သို့ရာတွင် အခြား ရှင်ကောင်း, ရဟန်းကောင်းတို့နှင့် တွေ့သောအခါ ဟုတ်တိုင်းမှန်ရာကို ဖွင့်ပြောရသည်၊ ဤသို့ မပြောကြားဘဲ အသုဒ္ဓစိတ်ဖြင့် တိတ်တိတ် မြုံနေက ထေယျသံဝါသက ဖြစ်တော့သည်သာတည်း။

(ဆဋ္ဌမူအကြိမ်)

၁။ ရာဇဒုဋ္ဌိကွကန္တာရ၊ ရောဂဝေရိဘယေန ဝါ။
စိဝရာဟရဏတ္တ ဝါ၊ လိင်္ဂ အာဒိယတိဓ ယော။

၂။ သံဝါသံ နာဓိဝါသေတိ၊ ယာဝ သော သုဒ္ဓမာနသော၊
ထေယျသံဝါသကော နာမ၊ တာဝ သေ န ဝုစ္စတိ။

---

၇၁။ မေး ရဟန်း အဖြစ်ကို မရထိုက်သော တိတ္ထိယ ပက္ကန္တက, တိရစ္ဆာနဂတ, ဥဘတောဗျဉ္ဇနက, သံဃ ဘေဒကတို့ ဟူသည် ဘယ်လို ပုဂ္ဂိုလ်မျိုးတို့ပါနည်း။

၇၁။ ဖြေ တိတ္ထိအဖြစ်ကို လိုချင်တောင့်တ သဘောကျ၍ တိတ္ထိယ လိင်္ဂကို ယူသောသူသည် တိတ္ထိယပက္ကန္တက, လူယောင် ဖန်ဆင်းတတ်သော နတ် သိကြားတို့နှင့် တကွ နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ စသော သတ္တဝါမျိုးသည် တိရစ္ဆာနဂတ, ကံ အားလျော်စွာ ရံခါ ဣတ္ထိနိမိတ် ရံခါ ပုရိသနိမိတ် ထင်ရှား၍ နေသော သတ္တဝါသည် ဥဘတောဗျဉ္ဇနက, ဒေဝဒတ်ကဲ့သို့ ဓမ္မ,ဝိနယ သာသနာတော်ကို ဥဒ္ဓမ္မ, ဥဗ္ဗိနယလုပ်ကာ သံဃာ့ ကံလေးပါးတို့တွင် တပါးပါးဖြင့် သံဃာကို ခွဲဖျက်သူသည် သံဃ ဘေဒက မည်ပါသည်။

သံဃဘေဒက အလုပ်မှာ ရဟန်းနှင့်သာ ဆိုင်သည်ကို သတိ ပြုပါ။

---

၇၂။ မေး ဥပသမ္ပဒကံ အရာ၌(က) ဥတ္တိဒေါသ ၅-မျိုး၊ (ခ) အနုဿာဝနဒေါသ ၅-မျိုး၊ (ဂ) ပရိသဒေါသ ၃-မျိုး တို့၏ သရုပ်ကို ဖော်ထုတ်၍ ပြပါ။

(ဆဋ္ဌမအောကြိမ်)

၇၂။ ဖြေ (က) ဥတ္တိဒေါသ ၅-မျိုးကား ၁-ဝတ္ထုအပရာမသန, ၂-သံဃအပရာမသန, ၃-ပုဂ္ဂလအပရာမသန, ၄-ဥတ္တိအပရာမသန, ၅-ပစ္စာဥတ္တိထပနတို့တည်း။

(ခ) အနုဿာဝနဒေါသ ၅-မျိုးကား ၁-ဝတ္ထုအပရာမသန, ၂-သံဃအပရာမသန, ၃-ပုဂ္ဂလအပရာမသန, ၄-သာဝနာဝယဟာပန, ၅-အကာလေသာဝန တို့တည်း။

(ဂ) ပရိသဒေါသ ၃-မျိုးကား ၁-ကမ္မပ္ပတ္တာနာဂမန, ၂-ဆန္ဒာနာဟရဏ, ၃-သမ္မုခီဘူတ ပဋိက္ကောသန တို့တည်း။

ဆောင်ပုဒ်

၁။ ဝတ္ထုသံဃ၊ ပုဂ္ဂလ,ဥတ်၊ မသုံးသပ်နှင့်၊ တရစ်နောက်ဖြား၊ဥတ်ကိုထား၊ ငါးပါးဥတ်ဒေါသ။

၂။ ဥတ်ဒေါသဝယ်၊ ဆုံးနှစ်ပယ်ကာ၊ သာဝနာဝယ၊ ဟာပနနှင့်၊အကာလသာဝနာ၊ နှစ်ဖြာသွင်းဘိ၊ ငါးပါးရှိ၊မှတ်သိ အနုဿာဝန၊ ပြစ်ဒေါသ။

၃။ ကမ္မပ္ပတ္တ၊ သမဂ္ဂတို့၊ မကြွမလာ၊ တဖြာဆန္ဒ၊ မဆောင်ကြနှင့်၊ ပစ္စက္ခဖြစ်၊ ရဟန်းစစ်တို့၊ တားမြစ်တုံပြန်၊ ပြစ်သုံးတန်၊ မှတ်ရန် ပရိသဒေါသတည်း။

---

၇၃။ မေး ဥတ္တိ, အနုဿာဝန, သီမာ, ပရိသ တို့၏ အစွမ်းဖြင့် ဥပသမ္ပဒကံ၏ ကုပ္ပ, အကုပ္ပ ဖြစ်ပုံကို သိသာရုံမျှ ဖြေဆိုပါ။

၇၃။ ဖြေ ဝတ္ထုအပရာမသန စသော ဥတ္တိဒေါသ ၅-မျိုးတို့မှ မလွတ်သော ဥတ်ရှိသော ဥပသမ္ပဒကံသည် ဥတ်၏ အစွမ်းအားဖြင့် ပျက်စီးသော ကုပ္ပကံ ဖြစ်၍ ထိုအပြစ်

(ဆန္ဒမုအကြိမ်)

ဒေါသတို့မှ လွတ်သော ဥတ်နှင့်ပြည့်စုံသော ဥပသမ္ပဒကံသည် ဥတ်၏အစွမ်းဖြင့် မပျက်စီးသော အကုပ္ပကံဖြစ်၏။

ဝတ္ထုအပရာမသန စသော အနုသာဝနဒေါသ ၅-မျိုးမှ မလွတ်သော ကမ္မဝါစာရှိသော ဥပသမ္ပဒကံသည် အနုသာဝန၏ အစွမ်းဖြင့် ပျက်စီးသော ကုပ္ပကံဖြစ်၍ ထိုအပြစ်ဒေါသတို့မှ လွတ်သော ကမ္မဝါစာနှင့်ပြည့်စုံသော ဥပသမ္ပဒကံသည် အနုသာဝန၏ အစွမ်းဖြင့် မပျက်စီးသော အကုပ္ပကံ ဖြစ်တော့သည်။

ဝိနည်းလမ်းကြောင်းအရ သမုတ်အပ်သော အောင်မြင်သော သိမ်၌ပြုအပ်သော ကံသည် အကုပ္ပကံဖြစ်၍ အတိခုဒ္ဒကစသော ဝိပတ္တိသိမ်မျိုး၌ ပြုအပ်သော ကံသည် သိမ်အတွက်ပျက်စီးသော ကုပ္ပကံမျိုး ဖြစ်ပါသည်။

ကမ္မပ္ပတ္တာနာဂမန စသော ပရိသဒေါသတို့မှ မလွတ်သော ပရိသတ်သည် ပြုအပ်သော ဥပသမ္ပဒကံသည် ပရိသတ်အတွက် ပျက်စီးသော ကုပ္ပကံဖြစ်၍ ထိုအပြစ်ဒေါသတို့မှ လွတ်သော ပရိသတ်သည် ပြုအပ်သော ဥပသမ္ပဒကံမှာ ပရိသတ်အတွက် မပျက်စီးသော အကုပ္ပကံ ဖြစ်တော့၏။

မေးခွန်းထုတ်သည့်အခါ "ဥတ်၏အစွမ်းဖြင့် ဥပသမ္ပဒကံ၏ ကုပ္ပအကုပ္ပဖြစ်ပုံကိုရေးပါ"စသည်ဖြင့် တခုလောက်သာ ထုတ်သင့်သည်။ အလားတူ အခြားနေရာ၌လည်း သတိပြုပါ။

ဤနေရာ၌ ဝတ္ထုအပရာမသန စသော ဒေါသတို့၏အဓိပ္ပါယ်ကို ညွှပ်၍ ဆိုဦးအံ့။

(ဆဋ္ဌမဘာကြိမ်)

ဥဒ္ဒိဋ္ဌ ဒေါသ ၅-မျိုး-

၁။ ဥဒ္ဒိဋ်ကို ရွတ်ဘတ်ရာ၌ "အယံ နာဂေါ" စသည်ဖြင့် ပဌွင်းလောင်း၏ အမည်ကို မဘတ်မရွတ် မသုံးသပ်ခြင်းသည် ဝတ္ထုအပရာမသန ဥဒ္ဒိဋ္ဌဒေါသ မည်၏။

၂။ ဥဒ္ဒိဋ်ပါဠိတော်တွင် ပါဝင်သော "သုဏာတု မေ ဘန္တေ သံဃော"ဟူသော ဝါကျ၌ သံဃောဟူသော ပုဒ်ကို ချန်လှပ်ကာ "သုဏာတု မေ ဘန္တေ"ဟုသာ ရွတ်ဘတ်ခြင်းသည် သံဃအပရာမသန ဥဒ္ဒိဋ္ဌဒေါသမည်၏။

၃။ "အာယသ္မတော တိဿဿ" စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၏ အမည်ကို မဘတ်ရွတ် မသုံးသပ်ခြင်းသည် ပုဂ္ဂလအပရာမသန ဥဒ္ဒိဋ္ဌဒေါသ မည်၏။

၄။ ဥဒ္ဒိဋ်ကို လုံးဝမရွတ်ဆိုခြင်းသည် ဥဒ္ဒိဋ္ဌအပရာမသန ဥဒ္ဒိဋ္ဌဒေါသ မည်၏။

၅။ ကမ္မဝါကို လက်ဦးဘတ်၍ ဥဒ္ဒိဋ်ကို နောက်မှ ထားခြင်းသည် ပစ္ဆာဥဒ္ဒိဋ္ဌ ထပနဥဒ္ဒိဋ္ဌဒေါသ မည်၏။

အနုဿာဝန ဒေါသ ၅-မျိုး-

၁-၂-၃။ ဥဒ္ဒိဋ်၌ ပြဆိုအပ်ခဲ့သည့် အတိုင်း ကမ္မဝါစာ ၃-ကြိမ်တို့တွင် တကြိမ်ကြိမ်၌ ဝတ္ထု, သံဃ, ပုဂ္ဂလတို့ကို မရွတ်မဘတ် မသုံးသပ်ခြင်းသည် ဝတ္ထုအပရာမသန အနုဿာဝနဒေါသ စသည်မည်၏။

၄။ ကမ္မဝါစာကို လုံးဝမဘတ်ဘဲ ဥဒ္ဒိဋ်ကိုသာ လေးကြိမ်ထပ်၍ ရွတ်ဘတ်ခြင်းသည်၎င်း, ကမ္မဝါစာ၏အတွင်း၌ ပါဝင်သော တစုံတခုသော အက္ခရာကိုဖြစ်စေ ပုဒ်ကိုဖြစ်စေ ရွတ်ဘတ်ဘဲနေခြင်း,သို့မဟုတ် ဌာနကရိုဏ်းမကျ မပီမသ ရွတ်ဘတ်ခြင်းသည်၎င်း အနုဿာဝနာယဟာပန အနုဿာဝနဒေါသ မည်၏။

၅။ ဥဒ္ဒိဋ်ကို ရွတ်ဘတ်ရမည်အခါ၌ ဥဒ္ဒိဋ်မထားဘဲ ကမ္မဝါစာကိုသာ ရွတ်ဘတ်ခြင်းသည် အကာလေသာဝန အနုဿာဝန ဒေါသမည်၏။

သိမဒေါသ

ဝိပတ္တိသိမ်သည် အတိခုဒ္ဒက အတိမဟန္တ စသော အားဖြင့် ၁၁-မျိုး ရှိသည်ကို နိဒါန်း၌ ဆိုခဲ့ပြီးသည့် နည်းအတိုင်းသိလေ။

ပရိသဒေါသ ၃-မျိုး

၁။ ဥပသမ္ပဒ ကိစ္စအတွက် အနည်းဆုံး လိုအပ်သော ၅-ပါး ကုန်သော ကမ္မပ္ပတ္တ ရဟန်းတို့၏ ရဟန်းခံရာသိမ်အပြင် သံဃာတော်တို့၏ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ မလာမရောက်ခြင်းသည် ကမ္မပ္ပတ္တာနာဂမန ပရိသဒေါသ မည်၏။

၂။ ဥပသမ္ပဒကိစ္စ၌ သဘောတူဆန္ဒပေးထိုက်ကုန်သော ဆန္ဒာရဟ ရဟန်းတို့၏ ဆန္ဒကို မဆောင်မယူခြင်းသည် ဆန္ဒာနာဟရဏ ပရိသဒေါသမည်၏။

၃။ ဥပသမ္ပဒကံကို ရွက်ဆောင်ရာ ရဟန်းခံ သံဃာ အစည်းအဝေးတွင် မျက်မှောက်ထင်ထင် ပါဝင်ကုန်သော ရဟန်းတို့၏ ကံကို တားမြစ်ခြင်းသည် သမ္မုခီဘူတ ပဋိက္ကောသန ပရိသဒေါသ မည်၏။

ဆောင်ပုဒ်

> ကံလောက်သံဃာ၊ မလာကုန်ကြ၊ ဆန္ဒတူအောင်၊
> မဆောင်လေမြောက်၊ မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ ကွဲပြားဝင်ဖြစ်မြဲ။

(ကျောင်းခတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ လက်ာ။)

---

၇၄။ မေး (က) "သိက္ခာ သာဇီဝသမာပန္နော" ၌သိက္ခာ သာဇီဝပုဒ်တို့၏ ဝစနတ္ထနှင့် အဘိဓေယျကို ကောက်ပြ၍ (ခ) ဘယ်လို ပုဂ္ဂိုလ်မျိုးကို သိက္ခာသမာပန္န, သာဇီဝသမာပန္န ခေါ်ဆိုရကြောင်းကိုလည်း ပြဆိုပါ။

၇၄။ ဖြေ (က) သိက္ခိတဗ္ဗာတိသိက္ခာ (အဓိသီလသိက္ခာ)၊ သဟ ဇီဝန္တိ ဧတ္ထာတိ သာဇီဝံ(သိက္ခာပုဒ်တော်)

သိက္ခာသည် အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာဟု ၃-မျိုးရှိ၏။ ထိုတွင် အဓိသီလသိက္ခာဟူသည် ပါတိမောက္ခသံဝရ သီလတည်း။ အဓိစိတ္တသိက္ခာဟူသည် ဝိပဿနာပါဒက အဋ္ဌသမာပတ္တိ စိတ္တတည်း။ အဓိပညာသိက္ခာ ဟူသည် မဂ္ဂဖလပညာတည်း။ ဤ၌ အဓိသီလသိက္ခာကိုသာ လိုအပ်သည်။

(ခ) ပါတိမောက္ခ သံဝရသီလကို ဖြည့်ကျင့်၍ နေသောရဟန်းကို သိက္ခာသမာပန္န, သိက္ခာပုဒ်ကို မလွန်ကျူးသော ရဟန်းကို သာဇီဝသမာပန္နဟု ဆိုသည်။

---

၇၅။ မေး သိက္ခာချမှု အထမြောက်ရန်အတွက် လိုအပ်သော အကြောင်းအင်္ဂါတို့ကို ဖော်ပြပါ။

၇၅။ ဖြေ စိတ္တ- လူထွက်လိုသောစိတ်, ခေတ္တ— ဗုဒ္ဓပစ္စက္ခာမိ စသောပုဒ်, ကာလ= ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလ, ပယောဂ— ဝါစသိကပယောဂ, ပုဂ္ဂလ-သိက္ခာချတတ်သောပုဂ္ဂိုလ်နှင့် သိက္ခာချရာပုဂ္ဂိုလ်၊ ဝိဇာနန- သိက္ခာချရာသုဏန္တပုဂ္ဂိုလ် သိရှိမှု။ ဤအင်္ဂါ ၆-ပါးနှင့် ပြည့်စုံမှ သိက္ခာကျသည်။

ဆောင်ပုဒ်

စိတ်, ခေတ်, ကာလ၊ ပယောဂ၊ ဇာန,ပုဂ္ဂလာ။
သိက္ခာချရန်၊ ဆဋင်္ဂ၊ အခွန်လိုအပ်စွာ။

---

၇၆။ မေး သိက္ခာချရာ၌ စိတ္တ, ခေတ္တ, ကာလ, ပယောဂ, ပုဂ္ဂလ, ဝိဇာနန ဟူသော ဆဋင်္ဂတို့၏ အစွမ်းဖြင့် သိက္ခာကျပုံ, မကျပုံကို သိသာရုံမျှ ဖြေဆိုပါ။

(ဆဋ္ဌမအကြိမ်)

၃၆။ ဖြေ စိတ္တ- အဘုတ်တကယ် ရဟန်းပဋိညာဉ်အဖြစ်မှ လျောကျလိုသော "လူထွက်လိုသော" စိတ်မျိုးရှိမှသာ သိက္ခာကျသည်။ ထိုစိတ်မျိုးမရှိက သိက္ခာမကျ။

ခေတ္တ-သိက္ခာကျကြောင်းဖြစ်သော "ဗုဒ္ဓံ ပစ္စက္ခာမိ, ဂိဟီတိ မံ ဓာရေဟိ, အလံ မေ ဗုဒ္ဓေန" စသော ခေတ်ပုဒ်တို့တွင် အပါအဝင်ဖြစ်သော တပုဒ်ပုဒ်ကို ရွတ်ဆို၍ ချမှ သိက္ခာကျသည်။ ထိုခေတ်ပုဒ်တို့တွင် အပါအဝင်မဟုတ်သော ပုဒ်ကို ရွတ်ဆိုပါက သိက္ခာမကျ။

**ကာလ**- "ပစ္စက္ခာမိ၊ မံ ဓာရေဟိ" ဟူသော ပစ္စုပ္ပန်ကာလ, "အလံမေ" ဟူသော အနာမဋ္ဌကာလရှိသော ပုဒ်တို့ဖြင့်သာ သိက္ခာချမှု အထမြောက်သည်။ "ပစ္စက္ခာသိ၊ပစ္စက္ခိဿံ၊ယံနူနာဟံ ပစ္စက္ခေယျံ" ဟူသော အတိတ် အနာဂတ် ပရိကပ္ပ ကာလရှိသော ပုဒ်တို့ဖြင့် သိက္ခာချမှု အထမမြောက်။

**ပယောဂ**- နှုတ်ကမြွက်ဆိုခြင်း ဝစီပယောဂဖြင့်သာ သိက္ခာကျသည်။ အက္ခရလိခန စသော ကာယပယောဂဖြင့် သိက္ခာမကျ။

**ပုဂ္ဂလ** - သိက္ခာချတတ်သော ပုဂ္ဂိုလ်သည် ဥမ္မတ္တက ခိတ္တစိတ္တ ဝေဒနာဋ္ဋ ပုဂ္ဂိုလ်မျိုးမဖြစ်မှ သိက္ခာကျသည်။ ထိုပုဂ္ဂိုလ်မျိုးဖြစ်လျှင် သိက္ခာမကျ။ သိက္ခာချရာ ပုဂ္ဂိုလ်သည်လည်း ဥမ္မတ္တကစသူမဟုတ်ဘဲ မျက်မှောက်၌ ရှိနေသော လူဇာတ်ရှိသော ပုဂ္ဂိုလ်ဖြစ်မှ သိက္ခာကျသည်။ သို့မဟုတ်က သိက္ခာမကျ။

(ဆဋ္ဌမအကြိမ်)

အကြင်ပုဂ္ဂိုလ်ထံ၌ သိက္ခာချ၏။ ထိုပုဂ္ဂိုလ်ကို သိက္ခာချရာ ပုဂ္ဂိုလ်ခေါ်သည်။

ဝိဇာနန - သိက္ခာချရာဖြစ်သော သုဏန္တ ပုဂ္ဂိုလ်သည် သိက္ခာချတတ်သော ရဟန်းက ရွတ်ဆိုလိုက်သော "ဗုဒ္ဓံပစ္စက္ခာမိ" စသော စကား၏အခြားမဲ့၌ ဤရဟန်း လူထွက်လိုသည်ဟု သိမှ သိက္ခာကျသည်။ မသိခဲ့သော်ငြား, သိပင်သိစေကာ ဤရဟန်း ဘာကိုဆိုပါလိမ့်ဟု အတော်ကြာမှ စဉ်းစား၍ သိခဲ့ရသော်ငြား သိက္ခာမကျ။ ထိုပြင် သိက္ခာချသော ရဟန်းက ဤသူ သိပစေဟု တယောက်ယောက်ကို ရည်ရွယ်မှုရှိပါက ထိုရည်ရွယ်ရင်း ပုဂ္ဂိုလ် သိမှ သိက္ခာကျသည်။ ထိုပုဂ္ဂိုလ်မသိက သိက္ခာမကျ။ သို့မဟုတ် ဘယ်သူသိသိဟု နှလုံးသွင်းရှိပါမူကား နားထောင်သူ အများ တို့တွင် တယောက်ယောက် သိက သိက္ခာကျ၏။

ဗုဒ္ဓံပစ္စက္ခာမိ စသော ပါဠိ၏အနက်အဓိပ္ပါယ်ကို သိခြင်း မသိခြင်းမှာ လိုရင်းမဟုတ် လူထွက်လိုသည်ဟု သိခြင်းမသိခြင်းသာ လိုရင်းဖြစ်သည်။

---

၇၇။ မေး (က) ပထမပါရာဇိက သိက္ခာပုဒ်၌ မူလပညတ်နှင့် အနုပညတ်ကို ခွဲခြားပြ၍ (ခ) "ပါရာဇိကော ဟောတိ" ၌ ပါရာဇိကသဒ္ဒါ၏ ပကရဏာနုရူပ ဖြစ်သော ဝစနတ္ထနှင့် အဘိဓေယျကိုလည်း ပြဆိုပါ။

၇၇။ ဖြေ (က) "မေထုနံ ဓမ္မံ ပဋိသေဝေယျ" ကား မူလပညတ် "သိက္ခံ အပစ္စက္ခာယ, အန္တမသော တိရစ္ဆာနဂတာယပိ" တို့ကား အနုပညတ် ဖြစ်ပါသည်။

(ဆဋ္ဌမအကြိမ်)

(ခ) "သာသနတော ပရာဇိယတီတိ ပါရာဇိကော"ဟု ဟောတော် ကမ္မသာခံပြု၍ ပါရာဇိကသို့ ရောက်ပြီးသော ပုဂ္ဂိုလ်ကို အဘိဓေယျတ္တ ကောက်လေ။

ဆိုပြီး ဝစနတ္ထ၌ ပရာဇိတဟု နိပ္ဖန္န ဖြစ်သင့်သော်လည်း 'ပ'၏ မှီရာ'အ'ကို'အာ'ပြု'တ'ကို 'က'ပြု၍ ပါရာဇိကဟု နိပ္ဖန္န ဖြစ်သည်။ အရာအားလျော်စွာ သိက္ခာပုဒ်နှင့် အာပတ်တို့သည်လည်း ပါရာဇိက ဟူသော ဝေါဟာရကို ရကြကုန်သေး၏။ "ဝိတိက္ကမဘိက္ခုံ သာသနတော ပရာဇေတီတိ ပါရာဇိကံ, (သိက္ခာပုဒ်) အဇ္ဈာစာရ ဘိက္ခုံ ပရာဇေတီတိ ပါရာဇိကာ" (အာပတ်)

---

၇၈။ မေး (က) "အသံဝါသော"၌ သံဝါသပုဒ်၏ဝိဂ္ဂဟကို ညွှန်းပြ၍ (ခ) သံဝါသအရ သရုပ်နှင့် ၎င်းတို့အချင်းချင်း ခြားနားပုံကို ပြဆိုပါ။

၇၈။ ဖြေ (က) သဟ ဝသန္တိ ဧတ္ထာတိ သံဝါသော။ (ခ) ဧကကမ္မ, ဧကုဒ္ဒေသ, သမသိက္ခတာ ၃-ပါးတည်း။

ဧကကမ္မဟူသည် ပကတတ်ရဟန်းတို့ အတူအက္ခ ပြုသင့် ပြုထိုက်သော သံဃာ့ကံ လေးမျိုးတည်း။ ဧကုဒ္ဒေသဟူသည်- ပကတတ် ရဟန်းတို့ အတူတကွ ပြသင့်ပြထိုက်သော ပါတိမောက္ခုဒ္ဒေသ ၅-မျိုးတည်း။

သမသိက္ခတာ ဟူသည် လဇ္ဇီပုဂ္ဂိုလ် အားလုံးတို့ တညီတညွတ်တည်း ကျင့်သင့် ကျင့်ထိုက် ကျင့်ကြရမည် ဖြစ်သော သိက္ခာပုဒ်တော်အပေါင်းတည်း။

(ဆဋ္ဌမအကြိမ်)

၇၉။ မေး (က) မေထုန်ပါရာဇိက အရာ၌ သိသင့် သိထိုက်သော တိ ံသမဂ္ဂ သရုပ်ကို ဖော်ထုတ်၍ (ခ) ပထမ ပါရာဇိက သိက္ခာပုဒ်အရာ၌ သေဝက ပုဂ္ဂိုလ်သာ လိုသည်၊ သေဝိတဗ္ဗ ပုဂ္ဂိုလ်ကို မလိုဟု မှတ်ရမည်လော ဆုံးဖြတ်ပါ။

၇၉။ ဖြေ (က) ၁-လူမ၊ ၂-နတ်မ၊ ၃-တိရစ္ဆာန်မ၊ ၄-လူ ဥဘတောဗျည်း၊ ၅-နတ် ဥဘတောဗျည်း၊ ၆-တိရစ္ဆာန် ဥဘ တောဗျည်း၊ ဤ ၆-ယောက်တို့မှာ အသီးသီးဝစ္စ, ပဿာဝ, မုခအားဖြင့် မဂ် ၃-မျိုးစီရထိုက်ရကား ၆×၃=၁၈-မဂ်။

၁-လူယောကျ်ား၊ ၂-နတ်ယောကျ်ား၊ ၃-တိရစ္ဆာန် ယောကျ်ား၊ ၄-လူပဏ္ဍုက်၊ ၅-နတ်ပဏ္ဍုက်၊ ၆-တိရစ္ဆာန် ပဏ္ဍုက် ဤ ၆-ယောက်တို့မှာ အသီးသီး ဝစ္စမုခအားဖြင့် မဂ် ၂-မျိုးစီ ရထိုက်ရကား ၆×၂=၁၂-မဂ်အားဖြင့် အမျိုး ၃၀- သော မဂ်တို့သည် ဖြစ်ကုန်၏။

**အချုပ်မှာ**

အမ ၃-မျိုးအတွက် ၉-မဂ်, ဥဘတောဗျည်း ၃-မျိုးအတွက် ၉-မဂ်, အထီး ၃-မျိုးအတွက် ၆-မဂ်, ပဏ္ဍုက် ၃-မျိုးအတွက် ၆-မဂ်, မဂ်ပေါင်း ၃၀-ဖြစ်၏။

(ခ) သေဝိတဗ္ဗပုဂ္ဂိုလ်သည်လည်း သူတပါးတို့က သေဝန အမှု ပြုလာသည်ကို အလိုညီမျှ စိတ်ကကြည်ဖြူ သဘောတူ ပါက သေဝကပုဂ္ဂိုလ်ကဲ့သို့ပင် ပါရာဇိကသို့ မုချ ရောက်ပါ တော့သည်။

(ဆရာမအကြိုမ်)

၇၀။ မေး (က) သိက္ခာပုဒ်အားလုံးနှင့် ဆက်ဆံသော နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထုဟူသည် အဘယ်သို့နည်း။ (ခ) ပညတ္တိဝိဓိ အရ ပညတ္တိဘေဒကိုလည်း ဖော်ပြပါ။

၇၀။ ဖြေ (က) သိက္ခာပုဒ်ကို ပညတ်တော်မူရာ သိက္ခာပဒပညတ္တိဌာနကို နိဒါန်းဆိုပါသည်။

အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထိုထို သိက္ခာပုဒ်ကို ပညတ်၏။ ထိုပုဂ္ဂိုလ်ကို ပုဂ္ဂိုလ်ဟု ဆိုပါသည်။

သိက္ခာပုဒ်တော်ကို ပညတ်ရကြောင်း ဖြစ်သော ထိုထို လွန်ကျူးမှုကို ဝတ္ထုဟုဆိုပါသည်။

(ခ) ပညတ္တိဘေဒကား မူလပညတ်, အနုပညတ်, အနုပ္ပန္နပညတ်,သဗ္ဗတ္ထပညတ်, ပဒေသပညတ်,သာဓာရဏပညတ်, အသာဓာရဏပညတ်, ဧကတောပညတ်, ဥဘတောပညတ် ဟူ၍ ၉-ပါး ဖြစ်ပါသည်။

**သိက္ခာပဒပညတ္တိ ဌာနများကား**

ဝေသာလီ,ရာဇဂြိုဟ်,သာဝတ္ထိ,အာဠဝီ,ကောသမ္ဗီ,သက္ကတိုင်း, ဘဂ္ဂတိုင်းဟု ခုနစ်ဌာနရှိ၏။

ဝေသာလိယာ ရာဇဂဟေ၊ သာဝတ္ထိယာစ အာဠဝိ။
ကောသမ္ဗိယာစ သက္ကေသု၊ ဘဂ္ဂေသုစေဝ ပညတ္တာ။

**ဆောင်ပုဒ်**

ဝေသာ,ရာဇ၊ သာ,အာဠ၊ သက္က,ကောသမ္ဗီ။
ဘဂ္ဂ,ပါထည့်၊ သတ္တရှိ၊ သိလေနိဒါန်းမည်။
(ဆန္ဒမာအကြိမ်)

၈၁။ မေး (က) အဘယ်ပညတ်မျိုးကို မူလပညတ်, အနုပညတ်, အနုပ္ပနုပညတ်ဟု ဆိုပါသနည်း။ (ခ) အနုပ္ပနုပညတ်၏ လာရှိရာကိုလည်း ညွှန်းပြပါ။

၈၁။ ဖြေ (က) ရှေးဦးစွာ ပညတ်အပ်သော ပညတ်ကို မူလပညတ်, အကြောင်းအလျောက် နောက်ထပ် ပညတ်အပ်သော ပညတ်ကို အနုပညတ်, အမှုမဖြစ်ပေါ်မီ ကြိုတင်၍ ပညတ် အပ်သောပညတ်ကို အနုပ္ပနုပညတ်ဟု ခေါ်ဆိုပါသည်။

(ခ) အနုပ္ပနုပညတ်သည် ဘိက္ခုနီတို့အား ဂရုဓမ်ရှစ်ပါးကို ခံယူခြင်း၏ အစွမ်းဖြင့် လာရှိပါသည်။

---

၈၂။ မေး (က) ဝိဘာဂဝန္တဖြစ်သော ပဒေသပညတ်၏ အပြား ဘေဒ ဝိဘာဂနှင့်တကွ ပါတိမောက်၌ တိုက်ရိုက်လာသော ပဒေသပညတ်ကို ဖော်ပြ၍ (ခ) ထိုပဒေသပညတ်တို့ သိက္ခာပုဒ်တို့ဖြင့် အဘယ်ဒေသ၌သာ အာပတ်သင့်သည်ကိုလည်း ပြဆိုပါ။

၈၂။ ဖြေ (က) ကမ္မဝါစာဆရာဟူသော "ဝိနည်းဓိုရ်" ပုဂ္ဂိုလ်လျှင် င ါးယောက်မြောက်ရှိသော ရဟန်းအပေါင်း ဟူသော ပဉ္စဝဂ္ဂ သံဃာဖြင့် ပဉ္စင်းခံနိုင်ခြင်း, အထပ်အလွှာ များစွာရှိသော ဘိနပ်ကိုစီးနိုင်ခြင်း, ရေကို အလိုရှိတိုင်း ချိုးနိုင်ခြင်း, သားရေအခင်းကို အသုံးပြုနိုင်ခြင်းအားဖြင့် ပဒေသပညတ် လေးမျိုး လေးစား ရှိပါသည်။

(ခ) ပါတိမောက်၌ တိုက်ရိုက်သာသော ပဒေသပညတ်ကား "ယော ပန ဘိက္ခု သြရေနုဒ္ဓမာသံ နှာယေယျ" ဟူသော သိက္ခာပုဒ်ဖြင့် ပြအပ်သော ဓုဝန္နာန ပဋိက္ခေပ တခုသာတည်း။ ကြွင်းပါတိမောက် လာသမျှ သိက္ခာပုဒ်အားလုံးသည် သဗ္ဗတ္ထ ပညတ်ချည်းသာဘည်း။

ဤပဒေသပညတ္တိ သိက္ခာပုဒ်တို့ဖြင့် မဇ္ဈိမဒေသ၌သာ အာပတ် သင့်ပါသည်။

ဆိုပြီး ပဒေသပညတ်များသည် မြန်မာပြည်လို ပစ္စန္တဒေသမျိုး အတွက် အနုညာတပညတ်ဖြစ်၍ မဇ္ဈိမဒေသမျိုးအတွက် ပဋိက္ခေပ ပညတ်ဖြစ်၏။

---

၇၃။ မေး (က) ဝိပတ္တိဘေဒကို သရုပ်နှင့်တကွ ထုတ်ပြ၍ (ခ) အဘယ်အရာကို အဘယ်ဝိပတ္တိ ဆိုသည်ကိုလည်း ဖော်ပြပါ။

၇၃။ ဖြေ (က) သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ၊ အာဇီဝဝိပတ္တိဟု ဝိပတ္တိ ၄-မျိုး။

(ခ) ပါရာဇိကအာပတ်နှင့် သံဃာဒိသေသ် အာပတ်များသည် သီလဝိပတ္တိ၊ ကြွင်းလဟုကအာပတ် ၅-မျိုးသည် အာစာရဝိပတ္တိ၊ မိစ္ဆာဒိဋ္ဌိ-အန္တဂ္ဂါဟိကဒိဋ္ဌိသည် ဒိဋ္ဌိဝိပတ္တိ၊ အသက်မွေးမှုကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ် ၆-ပါး တို့သည် အာဇီဝ ဝိပတ္တိ။

အနာညညာပဒေသေန၊ ဒုဝေ အာဟုတဘိက္ခုနာ။
သဗ္ဗရိတ္တံ ဒွေ ပဏီတာ၊ သူပေါဒနန္တိ ဆာဇီဝါ။

၇၄။ မေး သတ္တာပတ္တိကုဿလ်ကို ဝိပတ္တိစတုက္ကဖြင့် ထိုက်သလို သွင်းပြပါ။

၇၄။ ဖြေ ပါရာဇိကာပတ္တိကုဿလ၊ သံဃာဒိသေသာပတ္တိကုဿလ တို့သည် သီလဝိပတ္တိ၊ လဟုကာပတ္တိကုဿလ ပဉ္စကသည် အာစာရ ဝိပတ္တိမည်၏။ ဒိဋ္ဌိဝိပတ္တိ၊ အာဇီဝဝိပတ္တိတို့ကား တစုံတခုသော အာပတ်မဟုတ်၊ အာပတ်ကို ပညတ်ခြင်း၏ အကြောင်းတို့သာ ဖြစ်ကုန်၏။

---

၇၅။ မေး (က) အာပတ္တိသမုဋ္ဌာန် ၆-ပါးကို ရေတွက် ဖော်ပြ၍ (ခ) ၎င်းတို့ကို ဧကင်္ဂိက၊ ဒွင်္ဂိက၊ တိဝင်္ဂိကအားဖြင့် ၎င်း၊ (ဂ) သစိတ္တက၊ အစိတ္တက အားဖြင့်၎င်း ခွဲခြားပြပါ။

၇၅။ ဖြေ (က) ကိုယ်၊ နှုတ်၊ ကိုယ်နှုတ်၊ ကိုယ်စိတ်၊ နှုတ်စိတ်၊ ကိုယ်နှုတ်စိတ် ဤကား အာပတ္တိသမုဋ္ဌာန် ၆-ပါး။

(ခ) ကိုယ်၊ နှုတ်-ဧကင်္ဂိက။ ကိုယ်နှုတ်၊ ကိုယ်စိတ်၊ နှုတ်စိတ်၊ ဒွင်္ဂိက။ ကိုယ် နှုတ် စိတ် တိဝင်္ဂိက။

(ဂ) သမုဋ္ဌာန် ၆-ပါးတို့တွင် ရှေ့သုံးပါး အစိတ္တက၊ နောက် ၃-ပါး သစိတ္တကဘည်း။ (သိက္ခာပဒသမုဋ္ဌာန်ဟူ၍လည်းဆိုရ၏။

---

၇၆။ မေး (က) ဧကသမုဋ္ဌာန၊ ဒွိသမုဋ္ဌာန၊ တိသမုဋ္ဌာန၊ စတုသမုဋ္ဌာန၊ ဆသမုဋ္ဌာန အာပတ်တို့၏ အရေအတွက်သချာ (ဆန္ဒမဘာကြိ်)

မျှနှင့် (ခ) ကေ-ဒွိ- တိ- စတု- ဆသင်္ချာပုဒ်တို့၏ သရုပ်သင်္ချေယျ များကိုလည်း ဖော်ပြပါ။

**ဂ၆။ ဖြေ** (က) ကေသမုဋ္ဌာန အာပတ်-၃၊ ဒွိသမုဋ္ဌာန အာပတ်-၅၊ တိသမုဋ္ဌာနအာပတ်-၂၊ စတုသမုဋ္ဌာနအာပတ်-၂၊ ဆသမုဋ္ဌာနအာပတ်-၁၊ ပေါင်း သမုဋ္ဌာနသီသအားဖြင့် အာပတ် ၁၃-မျိုးတည်း။

> တိဓာ ကေသမုဋ္ဌာနာ၊ ပဉ္စဓာ ဒွိသမုဋ္ဌိတာ။
> ဒွိဓာ တိ စတုရော ဌာနာ၊ ကေဓာ ဆ သမုဋ္ဌိတာ။

(ခ) **ကေ**- စတုတ္ထ သမုဋ္ဌာန်, ပဉ္စမ သမုဋ္ဌာန်, ဆဋ္ဌ-သမုဋ္ဌာန် တို့တွင် တခုခု။

**ဒွိ** ပထမ စတုတ္ထ, ဒုတိယ ပဉ္စမ, တတိယ ဆဋ္ဌ, စတုတ္ထ ဆဋ္ဌ, ပဉ္စမ ဆဋ္ဌအားဖြင့် ၅-ပါးသော သမုဋ္ဌာန ဒုကတို့တွင် တခုခု။

**တိ** ပထမ ဒုတိယ တတိယနှင့်, စတုတ္ထ ပဉ္စမ ဆဋ္ဌအားဖြင့် ၂-ပါးကုန်သော သမုဋ္ဌာန တိကတို့တွင် တခုခု။

**စတု** ပထမ တတိယ စတုတ္ထ ဆဋ္ဌ, ဒုတိယ တတိယ ပဉ္စမ ဆဋ္ဌအားဖြင့် ၂-ပါးကုန်သော သမုဋ္ဌာန စတုက္ကတို့တွင် တခုခု။

**ဆ** သမုဋ္ဌာန် ၆-ပါးလုံး။

"ကေသမုဋ္ဌာနအာပတ်၏ သမုဋ္ဌာန်သရုပ်ကို ထုတ်ပြပါ" စသည်ဖြင့် မေးခွန်းဖြစ်လာလျှင်လည်း ဤအဖြေပင် ထွက်ရမည်။

(ဆဋ္ဌမအကြိမ်)

၈၇။ မေး သမုဋ္ဌာန သီသအားဖြင့် ကွဲပြားကုန်သော အာပတ် ၁၃-မျိုးတို့၏ ပထမပညတ္တိသိက္ခာပဒ၏ သမုဋ္ဌာန်နှင့် စပ်၍ ဖြစ်ခြင်းဟူသော အကြောင်းအရ ရသင့်ရထိုက်ကုန်သော "နာမန္တရ" အမည်ထူးတို့ကို ဖော်ပြပါ။

၈၇။ ဖြေ ပထမပါရာဇိက သမုဋ္ဌာနအာပတ်, အဒိန္နာဒါန သမုဋ္ဌာနအာပတ်, သဉ္စရိတ္တ သမုဋ္ဌာနအာပတ်, သမနုဘာသန သမုဋ္ဌာနအာပတ်, ကဌိန သမုဋ္ဌာနအာပတ်, ဧဠကလောမ သမုဋ္ဌာနအာပတ်, ပဒသောဓမ္မ သမုဋ္ဌာနအာပတ်, အဒ္ဓါန သမုဋ္ဌာနအာပတ်, ထေယျသတ္ထ သမုဋ္ဌာနအာပတ်, ဓမ္မဒေသနာ သမုဋ္ဌာနအာပတ်, ဘူတာရောစန သမုဋ္ဌာနအာပတ်, စောရီဝုဋ္ဌာပန သမုဋ္ဌာနအာပတ်, အနနုညာတ သမုဋ္ဌာနအာပတ် ပေါင်း ၁၃-ပါး။

ပထမပါရာဇိက အာပတ်ကဲ့သို့ ကာယ-စိတ္တ ဟူသော ဖြစ်ကြောင်း သမုဋ္ဌာန်ရှိသော အာပတ်မျိုးကို ပထမပါရာဇိက-သမုဋ္ဌာနခေါ်သည်။ ကမ်္ဘါတွင်ကြည့်၍ ၁၃-မျိုးကို သိကြလေ။

---

၈၈။ မေး (က) ကိရိယာ၏ အစွမ်းဖြင့် ဖြစ်သော အာပတ္တိဘေဒကို သရုပ်အားဖြင့်ထုတ်ပြ၍ (ခ) အဘယ်အာပတ်မျိုးသည် ကိရိယသမုဋ္ဌာန အာပတ် မည်သည် စသည်ဖြင့် အမိပ္ပါယ်နှင့်တကွ ပုံစံတခုစီမျှ ထုတ်ပြပါ။

၈၈။ ဖြေ (က) ၁-ကိရိယ သမုဋ္ဌာန, ၂-အကိရိယ သမုဋ္ဌာန, ၃-ကိရိယာ ကိရိယသမုဋ္ဌာန, ၄-သိယာ ကိရိယ

(ဆက်ရန်အကြွင်း)

သိယာ အကိရိယ သမုဋ္ဌာန, ၅-သိယာကိရိယ သိယာကိရိယာ ကိရိယသမုဋ္ဌာနဟူ၍ ၅-မျိုး။

(ခ) ၁-ကိရိယသမုဋ္ဌာန၊ မပြုအပ်သည်ကို ပြုခြင်းကြောင့် ဖြစ်သော အာပတ်မျိုး၊ ပုံစံ- ပထဝီခဏနအာပတ်စသည်။

၂ - အကိရိယသမုဋ္ဌာန၊ ပြုအပ်သည်ကို မပြုခြင်းကြောင့် ဖြစ်သော အာပတ်မျိုး၊ ပုံစံ- ပထမကထိန အာပတ်စသည်။

၃-ကိရိယာ ကိရိယသမုဋ္ဌာန၊ မပြုအပ်သည်ကို ပြု, ပြုအပ် သည်ကို မပြုခြင်းကြောင့်ဖြစ်သော အာပတ်မျိုး၊ ပုံစံ - အမျိုး မတော်သော ရဟန်းမ၏လက်မှ သင်္ကန်းကို ခံယူခြင်းကြောင့် သင့်ရောက်သော အာပတ်စသည်။

၄-သိယာကိရိယ သိယာအကိရိယသမုဋ္ဌာန၊ ရံခါမပြုအပ် သည်ကို ပြုခြင်းကြောင့်ဖြစ်၍ ရံခါ ပြုအပ်သည်ကို မပြုခြင်း ကြောင့်ဖြစ်သော အာပတ်မျိုး၊ ပုံစံ-ရူပိယပဋိဂ္ဂဟဏ အာပတ် စသည်။

၅-သိယာကိရိယ သိယာကိရိယာကိရိယ သမုဋ္ဌာန၊ ရံခါ မပြုအပ်သည်ကို ပြုခြင်းကြောင့်ဖြစ်၍ ရံခါမပြုအပ်သည်ကို ပြု, ပြုအပ်သည်ကို မပြုခြင်းကြောင့်ဖြစ်သော အာပတ်မျိုး၊ ပုံစံ- ကုဋိကာရ အာပတ်စသည်။

---

၇၉။ မေး သညာ၏အစွမ်းဖြင့် ပြားသင့်သောအာပတ္တိ ဘေဒ, စိတ္တ၏အစွမ်းဖြင့် ပြားသင့်သော အာပတ္တိဘေဒတို့ကို သရုပ်နှင့်တကွ အဓိပ္ပါယ်ပါ ဖော်ပြပါ။

(ဆဋ္ဌမအကြိမ်)

၇၉။ ဖြေ သညာ၏အစွမ်းဖြင့် သညာဝိမောက္ခ, နောသညာဝိမောက္ခ ဟု ၂-မျိုး၊ စိတ္တ၏အစွမ်းဖြင့် သစိတ္တက, အစိတ္တကဟု ၂-မျိုး ပြားပါသည်။

ဝီတိက္ကမသညာမရှိက လွတ်နိုင်သော အာပတ်မျိုးသည် သညာဝိမောက္ခ, ဝီတိက္ကမသညာ မရှိစေကာ မလွတ်နိုင်သော အာပတ်မျိုးသည် နော သညာဝိမောက္ခ, သစိတ္တက သမုဋ္ဌာန်ကြောင့်သာဖြစ်သော အာပတ်မျိုးသည် သစိတ္တက, အစိတ္တက သမုဋ္ဌာန်ကြောင့်ဖြစ်စေ, သစိတ္တကမိဿက အစိတ္တကသမုဋ္ဌာန်ကြောင့် ဖြစ်စေ, ဖြစ်သော အာပတ်မျိုးသည် အစိတ္တက မည်ပါသည်။

သညာဝိမောက္ခနှင့် သစိတ္တက, နော သညာဝိမောက္ခနှင့် အစိတ္တက အဘူတပင်ဖြစ်၏။

သို့ရာတွင် သညာဒုက်မှာ အာပတ်မှလွတ်ခြင်းကို ပဓာနထား၍ ဆိုသည်။ စိတ္တဒုက်မှာ အာပတ်သင့်ခြင်းကို ပဓာနထား၍ ဆိုသည်ဟူသော အဘူးကိုမှတ်လေ။

---

၈၀။ မေး ဝဇ္ဇ၏အစွမ်းဖြင့် ပြားသင့်သောအာပတ္တိဘေဒ, ကမ္မ၏အစွမ်းဖြင့် ပြားသင့်သော အာပတ္တိဘေဒတို့ကို သရုပ်နှင့်တကွ အဓိပ္ပါယ်ပါ ဖော်ပြပါ။

၈၀။ ဖြေ ဝဇ္ဇ၏အစွမ်းဖြင့် လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇဟု ၂မျိုး၊ ကမ္မ၏အစွမ်းဖြင့် ကာယကမ္မ, ဝစီကမ္မ, တဒုဘယ-ဟု ၃-မျိုးပြားပါသည်။

အဓိပ္ပါယ် စိတ်စေတနာနှင့်တကွ လွန်ကျူးခဲ့ပါက အကုသိုလ်စိတ်မျိုးဖြင့်သာ လွန်ကျူးကောင်းသော အာပတ်မျိုးသည်

(ဆရာမအကြိမ်)

လောကဝဇ္ဇ, ပထဝီခဏနအာပတ်ကဲ့သို့ မြတ်စွာဘုရား၏ ပညတ်တော်ကြောင့်သာ ဖြစ်ရသော အာပတ်မျိုးသည် ပဏ္ဏတ္တိဝဇ္ဇ, ကာယဒွါရ၌ ရောက်ထိုက်သော အာပတ်မျိုးသည် ကာယကမ္မ, ဝစီဒွါရ၌ ရောက်ထိုက်သော အာပတ်မျိုးသည် ဝစီကမ္မ, ဒွါရ ၂-မျိုးလုံး၌ ရောက်ထိုက်သော အာပတ်မျိုးသည် ကာယကမ္မ ဝစီကမ္မ အာပတ်မည်ပါသည်။

---

၉၁။ မေး ကမ္မ၏အစွမ်းဖြင့် အာပတ္တိဘေဒကို ပြဆိုရာ၌ ကာယကမ္မ, ဝစီကမ္မ, တဒုဘယ ၃-မျိုးကိုသာပြ၍ မနောကမ္မ အာပတ်ကို အဘယ်ကြောင့် မပြပါသနည်း။

၉၁။ ဖြေ ကာယဒွါရ, ဝစီဒွါရ, တဒုဘယတို့၌ ဖြစ်ထိုက်သော အာပတ်ရှိသလို မနောဒွါရ၌ ဖြစ်ထိုက်သော အာပတ်ဟူ၍ မရှိရကား မနောကမ္မ အာပတ်ကို မပြသင့်ပါပြီ။ (မနောဒွါရေ အာပတ္တိနာမ နတ္ထိ။)

အရှင်ဘုရားအား လှူပါ၏ဟုလျှောက်၍ အနီးအပါး၌ချထားလာသော ရွှေငွေကို စိတ်က သာယာမှုကြောင့် အာပတ်သင့်နိုင်ရကား "မနောဒွါရေ အာပတ္တိနာမ နတ္ထိ"ဟူသော အဋ္ဌကထာစကားမှာ "အနေကန္တိက" ယေဘုယျသာဟု ဋီကာဆိုပြန်၏၊ အကိရိယကြောင့် သင့်သည်ဖြစ်သောကြောင့် မနောဒွါရ၌ သင့်သည်ဟု မဆိုသင့်။ တိတ်တိတ်နေခြင်းကြောင့် ဝစီဒွါရ၌ "ဒုက္ကဋ်" အာပတ်သင့်သလိုပင် ယူသင့်သည်ဟု ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရားကြီး မိန့်တော်မူ၏။

---

၉၂။ မေး ကုသလတိက်, ဝေဒနာတိက် ဟူသော တိကဒွယ အရ စိတ် ၃-မျိုး, ဝေဒနာ ၃-မျိုးတွင် အဘယ်စိတ္တသမင်္ဂီ ပုဂ္ဂိုလ်သည် အာပတ်သို့ ရောက်ထိုက်ပါသနည်း။

(ဆဋ္ဌမအကြိမ်)

၈၂။ ဖြေ အကုသလ စိတ္တသမင်္ဂီ ကုသလာဗျာကတ စိတ္တ သမင်္ဂီ ပုဂ္ဂိုလ်မျိုးသည်၎င်း, ဒုက္ခဝေဒနာ သမင်္ဂီ သုခေါပေက္ခာ ဝေဒနာဒွယသမင်္ဂီ ပုဂ္ဂိုလ်မျိုးသည်၎င်း အာပတ်သို့ ရောက်ထိုက် ပါသည်။

ဤ တိကဒွယာဂတ စိတ္တဝေဒနာတို့ဖြင့် မှတ်ခြင်းမှာလည်း ယေဘုယျသာ။ လျောင်းစက်၍ နိရောဓ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်သည် အစိတ္တက အဝေဒနာ ဖြစ်လျက် သဟသေယျ အာပတ် သို့ ရောက်နိုင်သောကြောင့်တည်းဟု ဋီကာဆို၏။

---

၈၃။ မေး ထိုထိုသိက္ခာပုဒ်တို့ကို ကုသလတိက် ဝေဒနာ တိက်တို့အရ ကေစိတ္တံ ဒွိစိတ္တံ တိစိတ္တံ, ကေဝေဒနံ ဒွိဝေဒနံ တိဝေဒနံ-ဟု ယထာရဟ သတ်မှတ်၍ပြရာ၌ ကေ, ဒွိ, တိ,သင်္ချာ တို့၏ သင်္ချေယျ ဖြစ်ထိုက်သော စိတ်, ဝေဒနာသရုပ်ကို ဖော်ထုတ် ပြပါ။

၈၃။ ဖြေ ကေစိတ္တံ- အကုသိုလ်စိတ်၊ ဒွိစိတ္တံ ကုသိုလ် စိတ်, အဗျာကတစိတ်၊ တိစိတ္တံ- ကုသိုလ်, အကုသိုလ်, အဗျာ ကတစိတ်။

ကေဝေဒနံ-ဒုက္ခဝေဒနာ၊ ဒွိဝေဒနံ-သုခ ဝေဒနာ, ဥပေက္ခာ ဝေဒနာ၊ တိဝေဒနံ- သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာ။

---

၈၄။ မေး (က) ကေစိတ္တ သမုဋ္ဌာနအာပတ်, ဒွိစိတ္တ သမုဋ္ဌာနအာပတ်, တိစိတ္တသမုဋ္ဌာန အာပတ်တို့၏ သမုဋ္ဌာန် ဖြစ်သော ကေစိတ္တ - ဒွိစိတ္တ - တိစိတ္တ အရကို ကောက်ပြ၍

(ဆဋ္ဌမအကြိမ်)

(ခ) ပထမပါရာဇိက၏ နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု တို့ကိုလည်း ညွှန်းပြပါ။

၆၄။ ဖြေ (က) စေတိတ္တ- အကုသိုလ်စိတ်၊ ဒွိစိတ္တ- ကုသိုလ်စိတ်, အဗျာကတစိတ်, တိစိတ္တ- ကုသိုလ်, အကုသိုလ်, အဗျာကတစိတ်။

ဒွိစိတ္တ–တိစိတ္တတို့၌ ယထာရဟ တခုခုယူ။

(ခ) နိဒါန်း- ဝေသာလီပြည်, ပုဂ္ဂိုလ်- သုဒိန္နထေရ်, ဝတ္ထု- မေထုနဝီတိက္ကမန။

---

၆၅။ မေး (က) အနုပညတ် အမျိုးအစားကို သရုပ်အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍ (ခ) ပထမပါရာဇိက သိက္ခာပုဒ်လာ အနုပညတ်မှာ မည်သည့် အနုပညတ်မျိုး ဖြစ်သည်ကိုလည်း ညွှန်းပြပါ။

၆၅။ ဖြေ (က) အနုပညတ်သည် အမျိုးအစား အားဖြင့် ၁- အာပတ္တိကရ အနုပညတ်၊ နောက်ထပ် အာပတ် အသစ်ထပ်မံ၍ သင့်အောင်ပြုတတ်သော အနုပညတ်မျိုး, ၂- အနာပတ္တိကရ အနုပညတ်၊ အာပတ် မသင့်ခြင်းကို ပြုတတ်သော အနုပညတ်မျိုး, ၃–အာပတ္တိ ဥပတ္ထမ္ဘကရ အနုပညတ်၊ မူလအာပတ်ကို ခိုင်ခန့်မြဲမြံအောင် ပြုတတ်သော အနုပညတ်မျိုးဟု သုံးမျိုးသုံးစား ကွဲပြားပါသည်။

(ခ) ပထမပါရာဇိက သိက္ခာပုဒ်လာ အနုပညတ်မှာ "အာပတ္တိဥပတ္ထမ္ဘကရ" ဟူသော တတိယ အနုပညတ်မျိုး ဖြစ်ပါသည်။

(ဆက်ရန်)

၈၆။ မေး (က) သာဓာရဏ အသာဓာရဏ သာဏာတ္တိ-က အနာဏာတ္တိက သိက္ခာပုဒ်တို့၏ အဓိပ္ပါယ်ကို ဖော်ပြ၍ (ခ) ပထမသိက္ခာပုဒ်အတွက် သက်ဆိုင်ရာကိုလည်း ညွှန်းပြပါ။

၈၆။ ဖြေ (က) သာဓာရဏ- ဘိက္ခု ဘိက္ခုနီနှစ်ဦးလုံးနှင့် သက်ဆိုင်သော သိက္ခာပုဒ်, အသာဓာရဏ- တဦးဦးနှင့်သာ သက်ဆိုင်သော သိက္ခာပုဒ်, သာဏာတ္တိက- စေခိုင်း တိုက်တွန်းမှု အတွက် အပြစ်ရှိသော သိက္ခာပုဒ်, အနာဏာတ္တိက- စေခိုင်း တိုက်တွန်းမှုအတွက် အပြစ်မရှိသော သိက္ခာပုဒ်။

(ခ) ပထမပါရာဇိက သိက္ခာပုဒ်မှာ သာဓာရဏ အနာဏာတ္တိက ဖြစ်ပါသည်။

အပြစ်ရှိသည် မရှိသည်ဟူရာ၌ သိက္ခာပုဒ်လာ အာပတ်သင့်မှု မသင့်မှုကို ဆိုလိုသည်။

---

၈၇။ မေး (က) ရဟန်းဖြစ်သော ပုဂ္ဂိုလ်ကို ပထမပါရာဇိက အမှုကိုပြုရန် စေခိုင်းပါက အာဏာပက ရဟန်းမှာ အာပတ်မှ လွတ်ပါမည်လော။ (ခ) မေထုန ရာဂဖြင့် မာတုဂါမကို ကိုင်တွယ်သုံးသပ်က ဘယ်အာပတ် သင့်သည်ကိုလည်း ပြဆိုပါ။

၈၇။ ဖြေ (က) ပထမပါရာဇိက သိက္ခာပုဒ်မှာ အနာဏာတ္တိက ဖြစ်သောကြောင့် ပါရာဇိက အာပတ်မှသာ လွတ်ပါ၏၊ သို့ရာတွင် အစေခံ "အာဏတ္တ" ပုဂ္ဂိုလ်မှာ ရဟန်းပုဂ္ဂိုလ် ဖြစ်နေရကား မအပ်သော အမှုကို အပြုခိုင်းမိသည့် အတွက်

(ဆန္ဒမအကြိမ်)

ခိုင်းသူရဟန်းမှာ အကပ္ပိယ သမာဒါန ဒုက္ကဋ် အာပတ်မှကား မလွတ်ပေ။

(ခ) ကာယသံသဂ္ဂရာဂဖြင့် သုံးသပ်သည် မဟုတ်သော ကြောင့် ဒုက္ကဋ်သာ သင့်၏။

---

၉၈။ မေး ပထမပါရာဇိက သိက္ခာပုဒ်၌ ထိုထိုသဝန အမှုအလိုက် ဖြစ်ထိုက်သော အာပတ္တိဘေဒကို အမည်မျှ ထုတ် ပြ၍ (ခ) မတသရီရ၌ မေထုန သေဝနအမှုကို ပြုပါက သင့် ရောက်ထိုက်သမျှသော အာပတ္တိဘေဒကိုလည်း ယထာရဟ ညွှန်းပြပါ။

၉၈။ ဖြေ (က) ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိက ၃-ပါး။

(ခ) နိမိတ်၌ အိမ်ခွေး, တောခွေးတို့ တဝက်ခဲအပ် စားအပ်သည်မှ စ၍ ကြိုက်ကြိုက်ဆူအောင် မပုပ်သေးသော မတသရီရ၌ သေဝနအမှုကို ပြုသော ရဟန်းအား ထုလ္လစ္စည်း, ကြိုက်ကြိုက်ဆူအောင် ပုပ်သော မတသရီရ၌ သေဝန အမှုကို ပြုသောရဟန်းအား ဒုက္ကဋ် သင့်၏၊ ဟင်းလင်းပွင့်သော ခံတွင်း ၌ နံဘေးလေးဘက်နှင့် အာစောက်ကို မထိစေဘဲ ပဝေသန အမှုကိုပြုသော် ဒုက္ကဋ်, အပြင်ဘက်သို့ ထွက်သော လျှာနှင့် သွားတို့၌ လုံ့လပြုခဲ့သော် ထုလ္လစ္စည်း, နိမိတ်မှ အပြင်ပသို့ ကျနေသော သားတစ်၌ လုံ့လပြုခဲ့သော် ဒုက္ကဋ် သင့်၏။

အာပတ္တိဘေဒကို ဆိုရာ၌ အာပတ္တိ ဟူသော မာတိကာ အရ အကျယ်ပြသော ကဏ္ဍ အတိုင်းသာ ဆိုသည်၊ "ဒေထုနံ ဓမ္မံ" (ဆက်မအကြိမ်)

ပဋိသေဝေနပွဋ္ဌယာ စတသော အာပတ္တိယော အာပဇ္ဇတိ” ဟု ဇတုမဋ္ဌက ပါစိတ်ကိုပါထည့်၍ ဆိုသော ပရိဝါပါဠိနှင့် ညီဘွယ် မဟုတ်။

---

၉၉။ မေး ပထမပါရာဇိက သိက္ခာပုဒ် ဆိုင်ရာ သမုဋ္ဌာန်, ကိရိယ, သညာ, စိတ္တ, ဝဇ္ဇ, ကမ္မ, တိကဒွယာ ဂတ စိတ္တ,ဝေဒနာ တို့ကို ဖော်ပြပါ။

၉၉။ ဖြေ ပထမပါရာဇိက သိက္ခာပုဒ်သည် ပထမ ပါရာ ဇိကသမုဋ္ဌာန်, ကိရိယ, သညာဝိမောက္ခ, သစိတ္တက, လောက ဝဇ္ဇ, ကာယကမ္မ, အကုသလစိတ္တ, သုခေါပေက္ခာ ဝေဒနာဒွယ ရှိသော သိက္ခာပုဒ်တည်း။

---

၁၀၀။ မေး (က) ပထမ ပါရာဇိက၏ အကြောင်းအင်္ဂါ စုကို ထုတ်ပြ၍ (ခ) ထိုသိက္ခာပုဒ်ကို ကျူးလွန်မိစေကာ အာပတ်မှ လွတ်ခွင့်ရနိုင်သော ပုဂ္ဂိုလ်များတို့ကိုလည်း ထုတ် ပြပါ။

၁၀၀။ ဖြေ (က) မှီဝဲလိုသော စိတ်ရှိခြင်း, မဂ်တခု၌ မဂ်တခုကိုသွင်းခြင်း အင်္ဂါ ၂-ပါး။

(ခ) သူတပါးတို့က ပြုကျင့်လာသည်ကို မသိသော အဇာ နန္တ ရဟန်းမျိုး, သိပင်သိစေကာ မသာယာသော အသာဒိ ယန္တ ရဟန်းမျိုး, ဗုဒ္ဓသည်းခြေ ပျက်ပြီးလျှင် မစင်နှင့်စန္ဒကူး ကိုပင် အတူတူဟု မှတ်ထင်သျက် သွက်သွက် လယ်အောင် ရူးနေသော ဥမ္မတ္တက ရဟန်းမျိုး, ဘီလူးဘမ်းစားခြင်း အတွက် စိတ် ကတောက် ကတက်ဖြစ်ခါ အထက်ပါအတိုင်း ရူးနေသော

(ဆဋ္ဌမအကြိမ်)

ခိတ္တစိတ္တ ရဟန်းမျိုး, ဘာကိုမျှမသိ သတိကင်းစွာ ဝေဒနာ အပြင်းအထန် အနှိပ်စက်ခံနေရသော ဝေဒနာဋ္ဋ ရဟန်းမျိုး, သိက္ခာပုဒ်ကို ပညတ်ရခြင်း၏ အမှုအခင်း အကြောင်းရင်းဝတ္ထု ကို စတင်၍ လွန်ကျူးသော အာဒိကမ္မိကရဟန်းမျိုး ဤရဟန်း မျိုးတို့သည် ဤသိက္ခာပုဒ်အရ အာပတ်မှ လွတ်ခွင့်ရှိကြကုန်၏။

**အင်္ဂါအတွက် ကျက်မှတ်ရန်**

သေဝေတုကာမတာ စိတ္တံ မဂ္ဂေ မဂ္ဂပ္ပဝေသနံ။
ဣမံ မေထုနဓမ္မဿ၊ အာဟု အင်္ဂဒွယံ ဗုဓာ။

**ဆောင်ပုဒ်**

သေဝနမှု၊ပြုလိုစိတ်စော၊မဂ်ချင်းရော၊မှတ်လောဒွယင်္ဂ။
(အကျဉ်း)။
မှီဝဲလိုဘိ၊ စိတ်လည်းရှိရ၊ မဂ္ဂမဂ္ဂေ၊ ပဝေသနံ၊
ပြုပြန်လျှင်းတုံ၊အင်နှစ်စုံ၊ မေထုန်ပါရာဇိ။ (အကျယ်)။
**ပထမ ပါရာဇိက ပြီး၏။**

---

## ဒုတိယပါရာဇိက

၁၀၁။ မေး (က) ဒုတိယပါရာဇိက သိက္ခာပုဒ်၌ ဂါမ နှင့် အရညတို့ကို ပိုင်းခြားပြဆို၍ (ခ) အိမ်ပေါင်း မည်မျှရှိမှ ဂါမဆိုရမည်, ဂါမပင်ဖြစ်စေကာမူ လူမရှိသည့်အခါ ဂါမဆို နိုင်မည် မဆိုနိုင်မည်တို့ကိုလည်း ဖြေဆိုပါ။

၁၀၁။ ဖြေ (က) အကာအရံရှိသော ရွာဖြစ်ပါက အကာအရံ၏အတွင်းသည် ဂါမ, အကာအရံမရှိသော ရွာဖြစ်ပါ က သဗ္ဗန္တိမဃရ၏ ဃရူပစာရ၌ တည်နေကာ ထာမမဇ္ဈိမပုရိသ သည် အားကုန်လွှဲ၍ ပစ်အပ်သော ခဲ၏ကျရာ "ခဲတကျ" အရပ်

(ဆင့်မအကြိမ်)

၏ အတွင်းသည် ဂါမူပစာရမည်၏။ ဂါမ, ဂါမူပစာရတို့တွင် အပါအဝင်မဟုတ်သော အရပ်သည် အရညမည်၏။

(ခ) တအိမ်တည်း ရှိသော်လည်း ဂါမပင် ခေါ်ရသည်။ လူမရှိသော်လည်း ခေတ္တမျှ မရှိခိုက်ဖြစ်ပါလျှင် ဂါမဟုပင် ဆိုရပါမည်။

---

၁၀၂။ မေး ဃရ, ဃရူပစာရ, ဂါမ, ဂါမူပစာရတို့ကို ပိုင်းခြားသတ်မှတ်၍ပြပါ။

၁၀၂။ ဖြေ အိမ်တံစက်မြိတ် ရေကျရာအရပ်၏ အတွင်းဘက်သည် ဃရ, အိမ်တံခါး၌ရပ်လျက် မာတုဂါမသည် သွန်ပက်လိုက်သော ပန်းကန်ခွက်ယောက် ဆေးကြောခရေ၏ ကျရာအရပ်သည် ဃရူပစာရ, အကာအရံရှိသော အိမ်ဖြစ်လျှင် အကာအရံသည် ဃရူပစာရ, သဗ္ဗန္တိမဃရ၏ ဃရူပစာရ၌ တည်နေကာ ထာမမဇ္ဈိမပုရိသသည် အားကုန်လွှဲ၍ ပစ်အပ်သော ခဲ၏ကျရာ "ခဲဘကျ" အရပ်၏ အတွင်းသည် ဂါမ, အကာအရံရှိသော ရွာဖြစ်လျှင် အကာအရံသည်ပင် ဂါမပရိစ္ဆေဒဖြစ်၏။ ဂါမထိုက်ရာအရပ်မှနေ၍ ပစ်အပ်သော ခဲ၏ကျရာ "ခဲတကျ" အရပ်၏ အတွင်းသည် ဂါမူပစာရ, အကာအရံရှိသော ရွာဖြစ်ခဲ့မူ တံခါးခုံမှနေ၍ ပစ်အပ်သော ခဲ၏ကျရာ "ခဲတကျ" အရပ်၏ အတွင်းသည် ဂါမူပစာရ။

သဗ္ဗန္တိမဃရ-အစွန်ဆုံးအိမ်။ ထာမမဇ္ဈိမပုရိသ-အား အလတ်စားရှိသော ယောကျာ်း။
(ဆဋ္ဌမအကြိမ်)

၁၀၃။ မေး "ဂါမာ ဝါ အရညာ ဝါ" ဟု ဟောတော်မူခြင်းကြောင့် ဃရ, ဃရူပစာရနှင့် ဂါမူပစာရ, တို့မှ ပါရာဇိကဝတ္ထုကို ခိုးယူပါက ပါရာဇိကသို့ မရောက်ဟုမှတ်ရမည်လော။ ရောက်လျှင် အဘယ်ကြောင့် "ဂါမာ ဝါ အရညာ ဝါ" ဟုသာ ဟောတော်မူပါသနည်း။

၁၀၃။ ဖြေ ဃရ, ဃရူပစာရနှင့်, ဂါမူပစာရတို့မှ ခိုးလျှင်လည်း ပါရာဇိကလောက်သော ဝတ္ထုဖြစ်ပါက ပါရာဇိကသို့ ရောက်သည်ပင် ဖြစ်၏။

ဂါမဖြင့် ဃရ, ဃရူပစာရနှင့်, ဂါမူပစာရတို့ကိုလည်း အရာ အားလျော်စွာ ယူနိုင်သည်ပင် ဖြစ်သောကြောင့် "ဂါမာ ဝါ အရညာ ဝါ"ဟု ဒေသနာသိသ ပဓာန စကားမျှကိုသာ ဟောတော်မူပါသည်။ အတ္ထုပ္ပတ်ကလည်း ထိုသို့ ဟောရန်ပင် ဖြစ်လာပါသည်။

---

၁၀၄။ မေး (က) ထေန, ထေယျ, ထေယျသင်္ခါတတို့၏ အရကို အသီးသီးကောက်ပြ၍ (ခ) "အဒိန္နံထေယျသင်္ခါတံ" ၌ သမ္ဗန္ဓိဖြစ်သော "အဒိန္နသန္တက" ၏ သမ္ဗန်ဖြစ်ထိုက်သော အရာကိုလည်း ပြည့်စုံစွာ ညွှန်းပြပါ။

၁၀၄။ ဖြေ (က) ထေန-ခိုးသူ၊ ထေယျ, ထေယျသင်္ခါတ ခိုးယူကြောင်းဖြစ်သောစိတ်။

(ခ) အဒိန္နသန္တက၏ သမ္ဗန်ကား မိမိမှ တပါးသော လူပုဂ္ဂိုလ်။

(ဆက်ရန်အကြွင်း)

၁၀၅။ မေး (က) ခိုးခြင်း ၂၅-ပါးပြ ပစ္စပစ္စကသရုပ်ကို ဖော်ထုတ်၍ (ခ) ပထမ ပစ္စက နှစ်ခုမှာ သဝိညာဏက အဝိညာဏက ဘဏ္ဍာ ၂-မျိုးတွင် မည်သည့်ဘဏ္ဍာမျိုးနှင့် သက်ဆိုင်သည်ကိုလည်း ဖော်ပြပါ။

၁၀၅။ ဖြေ (က) ၁-နာနာဘဏ္ဍပစ္စက၊ ၂-ကေဘဏ္ဍပစ္စက၊ ၃-သာဟတ္ထိကပစ္စက၊ ၄-ပုဗ္ဗပယောဂပစ္စက၊ ၅-ထေယျာဝဟာရပစ္စက။

(ခ) နာနာဘဏ္ဍပစ္စကသည် သဝိညာဏက အဝိညာဏက ဘဏ္ဍာ ၂-မျိုးလုံးနှင့်ဆိုင်၏။ ကေဘဏ္ဍပစ္စကသည် သဝိညာဏက ဘဏ္ဍာတမျိုးနှင့်သာ ဆိုင်၏။

---

၁၀၆။ မေး အဒိန္နာဒါန သိက္ခာပုဒ်၌ ပစ္စက ၅-ပါးဖြင့် ပြအပ်သော ခိုးခြင်း ၂၅-ပါးသရုပ်ကို ဆိုင်ရာ ပစ္စကနှင့်တွဲဘက်၍ ဖော်ထုတ်ပါ။

၁၀၆။ ဖြေ အာဒိယန, ဟရဏ, အဝဟရဏ, ဣရိယာပထဝိကောပန, ဌာနာစာဝန။ **နာနာဘဏ္ဍပစ္စက။**

အာဒိယန, ဟရဏ, အဝဟရဏ, ဣရိယာပထဝိကောပန, ဌာနာစာဝန။ **ကေဘဏ္ဍကပစ္စက။**

သာဟတ္ထိက, အာဏတ္တိက, နိဿဂ္ဂိယ, အတ္ထသာဓက, ဓုရနိက္ခေပ။ **သာဟတ္ထိကပစ္စက။**

ပုဗ္ဗပယောဂ, သဟပယောဂ, သံဝိဓာဝဟာရ, သင်္ကေတကမ္မ, နိမိတ္တကမ္မ။ **ပုဗ္ဗပယောဂပစ္စက။**

ထေယျာဝဟာရ, ပသယှာဝဟာရ, ပရိကပ္ပါဝဟာရ, ပဋိစ္ဆန္နာဝဟာရ, ကုသာဝဟာရ။ ထေယျာဝဟာရပဉ္စက ပေါင်း ၂၅-ပါး။

---

၁၀၇။ မေး (က) သူ့ဘပါး၏ အာရာမ်ကို မိမိအာရာမ် ဖြစ်ဘို့ နှလုံးထားလျက် တရားစွဲဆိုသော ရဟန်းအား သင့်ရောက် နိုင်သော အာပတ် အမျိုးအစားတို့ကို ဖော်ပြ၍ (ခ) မိမိထံ အပ်နှံ၍ထားသော ဥစ္စာကိုပြန်မပေးလိုသဖြင့် ငါမယူဟု ငြင်း ဆန်ကာ မပေးဘဲနေမှုမှာ မည်သည့်ခိုးခြင်းမျိုး ဖြစ်သည်, မည်သို့ အာပတ်တပ်၍ ဆုံးဖြတ်ရမည်ကိုလည်း ပြဆိုပါ။

၁၀၇။ ဖြေ (က) တရားစွဲလျှင် ဒုက္ကဋ်,အာရာမ် ပိုင်ရှင်၌ ငါ့ချမှ ရပါတော့မည်လားဟု ယုံမှား ဖြစ်လာခဲ့လျှင် ထုလ္လစ္စည်း, အာရာမ်ရှင်က ငါ့ဟာဖြစ်တော့မည် မဟုတ်ပါဟု စိတ်ချခဲ့လျှင် ပါရာဇိက, (အဝဟရဏ ၈ုရနိက္ခေပခိုးခြင်းမျိုး ဖြစ်ပါသည်)။

မှတ်ရန်

ပစ္စည်းရှင် တဦးတည်းက စိတ်ချရုံမျှဖြင့်လည်း ပါရာဇိကသို့ မရောက်သေး။ ရဟန်းကပါ ငါမပေးတော့ပြီဟု စိတ်ချထားမှ ပါရာဇိကသို့ ရောက်သည်။

(ခ) အဝဟရဏ- ခိုးခြင်းမျိုး ဖြစ်ပါသည်။ ငါမယူဟု ငြင်းလျှင် ဒုက္ကဋ်, ဥစ္စာရှင်၌ ငါ့ရမှ ရပါတော့မည်လားဟု ယုံမှား ဖြစ်ခဲ့ပါလျှင် ထုလ္လစ္စည်း, ဥစ္စာရှင်က ငါ့ဟာ ပြန်ရတော့မည် မဟုတ်ပါဟု စိတ်ချခဲ့လျှင် ပါရာဇိက။

**၁၀၈။ မေး** (က) ဌာနာထာဝန ခိုးခြင်း၌ အခိုက်အတန့် အားလျော်စွာ သင့်နိုင်သော အာပတ်များကို ခွဲခြား ပြဆို၍ (ခ) နိဿဂ္ဂိယ ခိုးခြင်းဟူသည် ဘယ်လိုခိုးခြင်းမျိုး ဖြစ်သည် ကိုလည်း ပြဆိုပါ။

**၁၀၈။** ဖြေ (က) ခိုးမည့် ဝတ္ထုပစ္စည်းကို ကိုင်တွယ် သုံးသပ်က ဒုက္ကဋ်, လှုပ်ရှားစေက ထုလ္လစ္စည်း, တည်နေရာမှ ရွေ့စေက ပါရာဇိက။

(ခ) ပြည်ပိုင် အစိုးရမင်းတို့ ကင်းခွန် ကောက်ယူရာအရပ် "**အကောက်ဌာန**" နှင့် မိမိစိတ်တွင် ခိုးရန် အတွက် ကြံစည် ရည်မှတ်၍ ထားအပ်သောအရပ်တို့၏ **အတွင်း**မှ **နေ**၍ အပြင် ဘက်သို့ တစုံတခုသော ဝတ္ထုပစ္စည်းကို ပစ်လွှင့်၍ ခိုးခြင်းမျိုး သည် နိဿဂ္ဂိယ ခိုးခြင်းမျိုးမည်၏။

---

**၁၀၉။ မေး** သူတပါးကိုခိုးစေခြင်းအားဖြင့် အတူတူဖြစ်ကြ ကုန်သော အာဏတ္တိကနှင့် အတ္ထသာဓကတို့၏ ခြားနားပုံကို ပြဆို၍ (ခ) အကြောင်းညီညွတ်သည့်အခါ ခိုးပါဟု စေခိုင်း ရာ၌ အာဏာပက ရဟန်း၏ ပါရာဇိကသို့ ရောက်ရာ ကာလကို လည်း ညွှန်းပြပါ။

**၁၀၉။** ဖြေ (က) မည်သည့်အခါမှာ ခိုးချေဟု ခိုးရမည့် အချိန်အခါကို သတ်မှတ်၍ ခိုးစေခြင်းသည် အာဏတ္တိက, အချိန်အခါကို မသတ်မှတ်ဘဲ အကြောင်း ညီညွတ်သည့် အခါ ခိုးပါဟု စေခိုင်းခြင်းသည် အတ္ထသာဓက, ဤသို့ခြားနားကြ၏။

(ဆဋ္ဌမအကြိမ်)

(ခ) အကြောင်းညီညွတ်သည့်အခါ ခိုးပါဟု စေခိုင်းရာ၌ အစေခံ "အာဏတ္တ"ပုဂ္ဂိုလ်သည် အနှောက်အယှက် ကင်းကွာ၍ မချွတ် ခိုးယူမည်ဖြစ်ပါက "အာဏာပက" ရဟန်းမှာ ခိုင်းစဉ် ကပင် ပါရာဇိကသို့ ရောက်လေပြီ။

အာဏာပက-ခိုင်းတတ်သူ၊ အာဏတ္တ-ခိုင်းအပ်သူ,အခိုင်းခံရသူ။

---

၁၁၀။ မေး (က) ဓုရနိက္ခေပ- ခိုးခြင်းကို အဘယ်၏ အစွမ်းဖြင့် သိရမည်နည်း။ (ခ) ဤအရာ၌ ရဟန်း၏ ဓုရ နိက္ခေပ, ဥစ္စာရှင်၏ ဓုရနိက္ခေပတို့တွင် အဘယ်ကို ယူရမည်ဟု လည်း ဆုံးဖြတ်ပါ။

၁၁၀။ ဖြေ (က) သူတပါး၏ အာရုမ်, ဥယျာဉ်ကို မိမိဥစ္စာဖြစ်ရန် တရားစွဲဆိုခြင်း, မိမိထံ အပ်နှံထားသောဥစ္စာကို ငါမယူဟု ငြင်းဆန်ခြင်းတို့၏ အစွမ်းဖြင့် သိအပ်ပါသည်။

(ခ) ရဟန်း, ဥစ္စာရှင် နှစ်ဦးစလုံးတို့၏ ဓုရနိက္ခေပကို ယူရမည်။

ဓုရနိက္ခေပ-ဝန်ချမှု, စိတ်ချမှု။
တဦးတည်း၏ ဓုရနိက္ခေပဖြင့် ပါရာဇိကသို့ မရောက်။

---

၁၁၁။ မေး (က) ရဟန်းလေးပါး ငါးပါး သဘောတူ တိုင်ပင်၍ ခိုးကြရာ၌ ရဟန်းတပါးက ခိုးလျှင် အပေါင်းပါ ရဟန်းများကို မည်သို့ဆုံးဖြတ်ရမည်နည်း။ (ခ) သင်္ကေတကမ္မ နိမိတ္တကမ္မ ခိုးခြင်းတို့၌ သင်္ကေတကာရက နိမိတ္တကာရက ရဟန်း တို့၏ ပါရာဇိကသို့ ရောက်ရာကာလကိုလည်း ညွှန်းပြပါ။

(ဆင့်မအကြိမ်)

၁၁၁။ ဖြေ (က) အပေါင်းပါရဟန်းတို့ကိုလည်း ပါရာဇိကဖြင့် ဆုံးဖြတ်ရပါမည်။

(ခ) အခိုးခိုင်းအပ်သော ပုဂ္ဂိုလ်သည် ချိန်းချက် ပြုလုပ်အပ်ပြီးသော သင်္ကေတ နိမိတ္တအတိုင်းပင် မချွတ်မယွင်းစေရ အတိအကျ ခိုးမည်ဖြစ်ပါက သင်္ကေတကာရက နိမိတ္တကာရက ရဟန်းတို့မှာ သင်္ကေတကိုပြုရာ နိမိတ်ကိုပြုရာ အခါကပင် ပါရာဇိကသို့ ရောက်ကြပါသည်။

---

၁၁၂။ မေး (က) မမှန်သော တင်း, တောင်း, ချိန်ခွင်, ပိုက်ဆံတို့ဖြင့် လူပါး, လူနပ်, လုပ်ကာ လှည့်စား၍ ခိုးခြင်းမျိုးမှာ ၂၅-ပါးသော ခိုးခြင်းတို့တွင် အဘယ်၌ ပါဝင်ပါသနည်း။ (ခ) ပရိကပ္ပါဝဟာရ-ဟူသည် ဘယ်လိုခိုးခြင်းမျိုးဖြစ်သည်ကို ဖော်ပြ၍ (ဂ) ဘဏ္ဍပရိကပ္ပ, ဩကာသ ပရိကပ္ပတို့၏ အဓိပ္ပါယ်ကိုလည်း အတိုချုပ် ရှင်းပြပါ။

၁၁၂။ ဖြေ (က) ထေယျာဝဟာရ ခိုးခြင်း၌ ပါဝင်ပါသည်။

(ခ) ခိုးအပ်သော ဘဏ္ဍာကိုဖြစ်စေ, ခိုးရာအရပ်ကိုဖြစ်စေ ကြံဆ၍ ခိုးခြင်းမျိုးသည် ပရိကပ္ပါဝဟာရ ခိုးခြင်းမျိုး ဖြစ်ပါသည်။

(ဂ) ဤသေတ္တာထဲ၌ သင်္ကန်းဖြစ်လျှင် ငါယူမည်, ဘိနပ်ဖြစ်လျှင် ငါမယူ စသည်ဖြင့် မိမိ ခိုးယူမည့် ဘဏ္ဍာကို ကြံရည်မှန်းဆခြင်းသည် ဘဏ္ဍပရိကပ္ပ, မည်သည့် အရပ်တွင်းမှာ

(ဆဋ္ဌမအကြိမ်)

လူမြင်လျှင် ကြည့်ချင်လို့ ယူတာပါဟုပြောပြီး ပြန်ပေးမည်။ လူမမြင်လျှင် ငါခိုးသွားမည်ဟု ခိုးရာအရပ်ကို သတ်မှတ်ကြံဆ၍ ခိုးခြင်းမျိုးသည် ဩကာသပရိကပ္ပ မည်၏။

---

၁၁၃။ **မေး** ကုသာဝဟာရ- ခိုးခြင်းဖြင့် ခိုးရာဝယ် (က) သကကောဋ္ဌာသ၌ ကျသောမဲကို ပထမကောက်၍ပြောင်းခြင်း။ (ခ) ပရကောဋ္ဌာသ၌ ကျသောမဲကို ပထမကောက်၍ ပြောင်းခြင်းကိစ္စတို့၌ အဝဟာရအမှု အထမြောက်ရာ အခါကာလကို ညွှန်းပြပါ။

၁၁၃။ **ဖြေ** (က) မှတ်အရ ပရကောဋ္ဌာသ၌ ကျသောမဲကို သကကောဋ္ဌာသ၌ ချရန် ကောက်ယူလိုက်သည်နှင့် တပြိုင်နက် အဝဟာရဖြစ်၏။

(ခ) မှတ်အရ သကကောဋ္ဌာသ၌ ကျသောမဲကို ကောက်ယူ၍ ပရကောဋ္ဌာသသို့ ချလိုက်ရာ လက်က "မဲ" လွတ်သည်နှင့်တပြိုင်နက် အဝဟာရကိစ္စ အထမြောက်တော့၏။

သကကောဋ္ဌာသ-မိမိ၏အတွက် အစုအပုံ။
ပရကောဋ္ဌာသ-သူတပါး၏ အတွက်အစုအပုံ။

---

၁၁၄။ **မေး** (က) ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ "ရာဇာနော" ဟူသော စကားသည် ဘယ်လိုမင်းကို ရည်၍ ဆိုသောစကားပါနည်း။ (ခ) "တထာရူပံဘိက္ခု"၌ တထာရူပံ အရ ပါရာဇိကဝတ္ထု ဖြစ်လောက်သော ဘဏ္ဍာကိုလည်း ညွှန်းပြပါ။

(ဆင့်မအကြွမ်)

၁၁၄။ ဖြေ (က) ဗိမ္ဗိသာရမင်း တဦးတည်းကိုသာ ရည်၍ ဆိုသောစကားဖြစ်ပါသည်။

(ခ) ပေါရာဏက နီလ ကဟာပဏ၏ စတုတ္ထဘာဂ ဖြစ်သော ပါဒ, ပါဒါရဟ, သဇီဝ, နိဇ္ဇီဝဘဏ္ဍာကို တထာရူပ ဆိုပါသည်။

နီလကဟာပဏ-ဟူသည် ရှေးကျမ်းဟောင်းတို့၌ လာရှိသော နည်းလမ်းအရ“ရွှေတပါဒ,ငွေတပါဒ,ကြေးနီ-နှစ်ပါဒ”ပေါင်း ၄-ပါဒ ရောနှောပေါင်းစပ်၍ ထိုထိုအမှတ်တံဆိပ် ခပ်နှိပ်ကာ ပြုလုပ်အပ်သော စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော အသပြာကို ဆိုသည်။

ဟေမပါဒံ သဇ္ဈုပါဒံ၊ တမ္ဗပါဒ ဒွယံ ဟိ သော။
မိဿေတွာ ရူပမပ္ပေတွာ၊ ကာတုံ သတ္တေသု ဒဿိတော။

ဟေမ၊ ရွှေ။ သဇ္ဈု၊ ငွေ။ တမ္ဗ၊ ကြေးနီ။ အပ္ပေတွာ၊ ထင်စေ၍။ နီလဟူသည် အညိုကိုဆိုသည်မဟုတ် အပြစ်ဒေါသ ကင်းသည်ကို ဆိုသည်။“ဥဒ္ဓောတိ ဝုစ္စတေဒေါသော၊နိဒ္ဒေါသတ္တာ တထိရိကော” (ဝိနယဝိနိစ္ဆယဋီကာ)ပါဒအရ တမတ်ကို ရွှေစင်တမတ်, ငွေဖြစ်လျှင် ငါးကျပ်ဟူ၍ရင်း, ယခုသုံးနေကြသော ဝိုက်ဆံတမတ်ပင်ဟူ၍ရင်း, ပိဋကတ်တတ် ဆရာတော်ကြီးများပင် အစားစား အယူရှိကြ၏။

---

၁၁၅။ မေး (က) ကဟာပဏ တခုမှာ ပါဒပေါင်း မည်မျှ ပါဒတခုမှာ မာသကပေါင်း မည်မျှရှိပါသနည်း။ (ခ) ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ ထိုထိုအဝဟာရ အမှုအလိုက် ဖြစ်ထိုက်သော အာပတ္တိဘေဒကိုလည်း အမည်မျှထုတ်ပြပါ။

(ဆ၃မအကြိမ်)

၁၁၅။ ဖြေ (က) ကဟာပဏတခုမှာ ပါဒပေါင်း ၄-ပါဒ ရှိပါသည်။ ပါဒတခုမှာ မာသကပေါင်း ၅-မာသက ရှိပါသည်။

(ခ) အာပတ္တိဘေဒကား- ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိကတို့ ဖြစ်ပါသည်။

ကဟာပဏတခု "တကျပ်"မှာ မာသက ၂၀-ရှိသည်ဟူသော ကျမ်းဂန်စကားအရ ကဟာပဏ၏ စတုတ္ထဘာဂဖြစ်သော ပါဒကို ၅-မာသက ငါးပဲဟု ဆိုသည်။ ပါဠိတော်၌လည်း "ပဉ္စမာသကော ပါဒေါ"ဟု ထိုအခါက အသုံးကိုပြ၏။

---

၁၁၆။ မေး (က) ဒုတိယ ပါရာဇိက၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထုနှင့် အနုပညတ်ကို ညွှန်းပြ၍ (ခ) ပါဒအောက် ယုတ်သော ဥစ္စာကို ခိုးယူပါက ရသင့်သော အပြစ်အာပတ်များကိုလည်း ညွှန်ကြားပါ။

၁၁၆။ ဖြေ (က) နိဒါန်း- ရာဇဂြိုဟ်ပြည်၊ ပုဂ္ဂိုလ်-ဓနိယထေရ်၊ ဝတ္ထု-ဗိမ္ဗိသာရ မင်းကြီး၏ သစ်တော်တို့ကို ခိုးယူမှု၊ အနုပညတ်ကား- "ဂါမာ ဝါ အရညာ ဝါ"တည်း။

(ခ) တပဲ့တပဲအောက် ဥစ္စာကို ခိုးယူက ဒုက္ကဋ်, တပဲအထက် ငါးပဲအောက် ဖြစ်လျှင် ထုလ္လစ္စည်း။

ဤ၌ ၅-ပဲဟူသည်ကဟာပဏ၏ (စတုတ္ထဘာဂ)လေးပုံတပုံကို ဆိုသည်။

---

၁၁၇။ မေး (က) ပါရာဇိကဝတ္ထုကို ခိုးယူခြင်းကိစ္စ၌ ပုဗ္ဗပယောဂ, အာမသန, ဖန္ဒာပန, အမှုတို့အတွက် သက်ဆိုင်ရာ

အာပတ်ကိုညွှန်းပြ၍ (ခ) မည်မျှလောက်သော ဥစ္စာကို ခိုးယူက မည်သည့်အာပတ် သင့်သည်ကိုလည်း ဆိုးဖြတ်ပါ။

၁၁၇။ ဖြေ (က) ပုဗ္ဗပယောဂအတွက် ဒုက္ကဋ်, အာမသနအတွက် ဒုက္ကဋ်, ဖန္ဒာပနအတွက် ထုလ္လစ္စည်း သင့်၏။

(ခ) တပဲ, တပဲအောက်ခိုးယူက ဒုက္ကဋ်, တပဲအထက်ငါးပဲအောက်ခိုးယူက ထုလ္လစ္စည်း, ငါးပဲ, ငါးပဲအထက် ခိုးယူက ပါရာဇိက။

ပုဗ္ဗပယောဂ-မခိုးမီလုံ့လပြုခြင်း။ အာမသန- ကိုင်တွယ် သုံးသပ်ခြင်း။ ဖန္ဒာပန-လှုပ်ရှားစေခြင်း။

---

၁၁၈။ မေး (က) ဒုတိယ ပါရာဇိက၏အကြောင်းအင်္ဂါတို့ကို ဖော်ပြလျက် (ခ) ထိုသိက္ခာပုဒ်ကို လွန်ကျူးမိစေကာ အာပတ်မှ လွတ်ခွင့်ရသော ပုဂ္ဂိုလ်မျိုးကိုလည်း ထုတ်ပြပါ။

၁၁၈။ ဖြေ (က) လူဇာတ်ရှိသူ အခြားလူ သိမ်းဆည်းအပ်သော ဥစ္စာဖြစ်ခြင်း, သူတပါးသိမ်းဆည်းအပ်သော ဥစ္စာဟု အထင်အမှတ်ရှိခြင်း, ပါရာဇိကလောက်သော ဝတ္ထုပစ္စည်းဖြစ်ခြင်း, ခိုးလိုသော စိတ်ရှိခြင်း, ၂၅-ပါးသော ခိုးနည်းမျိုးတို့တွင် တမျိုးမျိုးဖြင့် ခိုးခြင်း, ပေါင်း အင်္ဂါ ၅-ပါး။

(ခ) မိမိဥစ္စာဟူသော မှတ်ထင်မှုဖြင့် ယူသော ပုဂ္ဂိုလ်, ယူအပ်သောပစ္စည်းရှင်နှင့် အကျွမ်းဝင်၍ ယူသောပုဂ္ဂိုလ်, အခိုက်

(ဆဋ္ဌမအကြိမ်)

အတန့် ယူသော ပုဂ္ဂိုလ်, နတ်, ဘီလူး, ပြိတ္တာတို့၏ ဥစ္စာကို ယူသော ပုဂ္ဂိုလ်, နဂါး, ဂဠုန် စသော တိရစ္ဆာန်တို့၏ ဥစ္စာကို ယူသော ပုဂ္ဂိုလ်, ဥမ္မတ္တကပုဂ္ဂိုလ် စသည်တို့မှာ ဤသိက္ခာပုဒ် အရ အာပတ်မှ လွတ်ကြကုန်၏။

**အင်္ဂါအတွက် ကျက်မှတ်ရန်**

မနုဿသံ တထာသညီ၊ ထေယျစိတ္တဉ္စ ဝတ္ထုနော။
ဂရုတာ အဝဟာရောစ၊ အဒိန္နာဒါန ဟေတုယော။

**မဆောင်ပုဒ်**

၁။ လူ၏ဥစ္စာ၊ ထိုဟာမှတ်ရှိ၊ ခိုးမည့်စိတ်ပါ၊ ဘဏ္ဍာဂရု၊ ခိုးခြင်းပြု၊ ဒု၏ပဉ္စင်္ဂ။ (အကျဉ်း)

၂။ လူဇာတ်ရှိပြား၊ သူတပါး၏၊ သိမ်းထားဥစ္စာ၊ ထိုဥစ္စာဟု၊ သညာလည်းရှိ၊ ပါရာဇိက၊ ကျရောက်သင့်တန်၊ ဂရုဘဏ်မျိုး၊ သူခိုးဖြစ်ကြောင်း၊ မကောင်းစိတ်မှီ၊ ပဉ္စဝီ အပြား၊ ခိုးခြင်းများဖြင့်၊ ခိုးပြားလေရာ၊ အင်္ဂါးဖြာ၊ ပါရာဒုတိယ ပဉ္စင်္ဂ။ (အကျယ်)

---

**၁၁၉။ မေး** (က) ပရိယာယ, အာဏတ္တိတို့ဖြင့် ဒုတိယ ပါရာဇိကမှ လွတ်နိုင် မလွတ်နိုင်ကို ဆုံးဖြတ်၍ (ခ) ဒုတိယ ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ သမုဋ္ဌာန, ကိရိယ, သညာ, စိတ္တ, ဝဇ္ဇ, ကမ္မ, တိကဒွယ, ဂတစိတ္တ, ဝေဒနာတို့ကိုလည်းညွှန်းပြပါ။

**၁၁၉။ ဖြေ** (က) ပရိယာယအမှုဖြင့် ဒုတိယ ပါရာဇိကမှ လွတ်နိုင်ပါ၏၊ အာဏတ္တိဖြင့်ကား မလွတ်ပါ။

(ဆက်နှမအကြိမ်)

(ခ) ဒုတိယ ပါရာဇိက သိက္ခာပုဒ်သည် အဒိန္နာဒါန သမုဋ္ဌာန်, ကိရိယ, သညာဝိမောက္ခ, သစိတ္တက, လောကဝဇ္ဇ, ကာယကမ္မ, အကုသလစိတ္တ, တိဝေဒနာ သိက္ခာပုဒ်တည်း။

ဒုတိယ ပါရာဇိကပြီး၏။

---

## တတိယပါရာဇိက

၁၂၀။ မေး (က) တတိယ ပါရာဇိက သိက္ခာပုဒ်၌ မနုဿဝိဂ္ဂဟအရကို အဘယ်မှစ၍ ယူမည်နည်း။ (ခ) ကိုယ်ဝန်ကို ဖျက်ဆီးရုံမျှဖြင့် ပါရာဇိက အာပတ်သင့်မည် မသင့်မည်ကိုလည်း ဆုံးဖြတ်ပါ။

၁၂၀။ ဖြေ (က) ကလလရေကြည်မှစ၍ ယူရပါမည်။

(ခ) ကိုယ်ဝန်ကို ဖျက်ဆီးမှု သည်လည်း "ဇီဝိတာ ဝေါရောပေယျ" ပါဌ်ဖြင့် ပြအပ်သော ဇီဝိတိန္ဒြေကို ချမှုခွင်းမှု ကင်းစေမှုပင် ဖြစ်လေသောကြောင့် ဤအမှုအတွက် အာပတ်မှ မလွတ်ပါ။

---

၁၂၁။ မေး (က) မနုဿဝိဂ္ဂဟ ပါရာဇိကနှင့် စပ်၍ သိအပ်သော ပါဏ, ပါဏာတိပါတ, ပါဏာတိပါတီဘို့၏ အရကို ကောက်ပြ၍ (ခ) ပါဏာတိပါတ၏ ပယောဂ ၆-ပါးကိုလည်း ရေတွက်ဖော်ပြပါ။

၁၂၁။ ဖြေ (က) ပါဏ-သတ္တဝါ၊ သို့မဟုတ်ဇီဝိတိန္ဒြေ။

သတ္တဝါကား- ဝေါဟာရပါဏ။ ဇီဝိတိန္ဒြေကား ပရမတ္ထ ပါဏတည်း။

(ဆရာမအကြိမ်)

ပါဏာတိပါတ- ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လ ပယောဂကို ဖြစ်စေတတ်သော စေတနာ။

ပါဏာတိပါတီ- ပါဏာတိပါတ သမင်္ဂီပုဂ္ဂိုလ်၊ သူ့အသက်ကို သတ်သောပုဂ္ဂိုလ်။

(ခ) သာဟတ္ထိက, အာဏတ္တိက, နိဿဂ္ဂိယ, ထာဝရ, ဝိဇ္ဇာမယ, ဣဒ္ဓိမယ။ (ပယောဂ ၆-ပါး)

---

၁၂၂။ မေး (က) ပါဏာတိပါတပယောဂ ၆-ပါး၏ အဓိပ္ပါယ်ကို အကျဉ်းမျှရေးပြ၍ (ခ) တယောက်ကို ရိုက်ရာ၌ မတော်တဆ အခြား တယောက်ကို ရိုက်မိ၍ သေသွားပါက ပါဏာတိပါတကံ ထိုက်မထိုက်ကိုလည်း ဆုံးဖြတ်ပါ။

၁၂၂။ ဖြေ (က) သာဟတ္ထိက-မိမိကိုယ်တိုင်, ကာယ, ကာယပဋိဗဒ္ဓဝတ္ထုဖြင့် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ခြင်း။

အာဏတ္တိက-သူတပါးကို ခိုင်း၍ သတ်စေခြင်း။

နိဿဂ္ဂိယ-လှံ,မြှား စသည်တို့ကို ပစ်လွှတ်၍သတ်ခြင်း။

ထာဝရ-သူတပါးသေစေရန် တွင်းတူး၍ ထားခြင်း စသည်။

ဝိဇ္ဇာမယ-အတတ်ပညာ၏ အစွမ်းဖြင့်သတ်ခြင်း။

ဣဒ္ဓိမယ-တန်ခိုးအစွမ်းဖြင့် သတ်ခြင်း။

(ခ) မရည်ရွယ်သူကို မတော်တဆ ရိုက်မိ၍ သေရာ၌ ပါဏာတိပါတကံ မထိုက်ပါ။ "ယံ ဥဒ္ဒိဿ ပဟရတိ၊ တဿေဝ မရဏေန ကမ္မဗဒ္ဓေါ"

(ဆဋ္ဌမအကြိမ်)

၁၂၃။ မေး သတ္တဝါ တယောက်ကို သေအောင် ရိုက်နှက်ရာ ရိုက်နှက်စဉ်က မသေဘဲ နောက်မှ ထိုဒဏ်ရာဖြင့် သေဆုံးမှုကိစ္စ၌ ကံထိုက်ရာ ကာလကို ညွှန်းပြပါ။

၁၂၃။ ဖြေ ရိုက်နှက်မှုကို ပြုရာကာလ ကပင် ပါဏာတိပါတကံ ထိုက်ပါတော့သည်။

---

၁၂၄။ မေး (က) တတိယပါရာဇိက အရာ၌ သိထိုက်သော အာဏတ္တိနိယာမက ၆-ပါးကို ထုတ်ပြ၍ (ခ) ယင်းတို့ဖြင့် အာဏာပက ရဟန်း၏ ပါရာဇိကမှ လွတ်ပုံ မလွတ်ပုံကိုလည်း သိသာရုံမျှ ဖော်ပြပါ။

၁၂၄။ ဖြေ။ (က) ၁-ဝတ္ထု- ၂-ကာလ, ၃-ဩကာသ, ၄-အာဝုဓ, ၅-ဣရိယာပထ, ၆-ကြိယာဝိသေသ (အာဏတ္တိနိယာမက ၆-ပါး)

(ခ) ထို၆-ပါးတို့တွင် ဝတ္ထုဟူသည် သတ်အပ်သည့်ပုဂ္ဂိုလ်တည်း။ မည်သူ့ကိုသတ်ချေဟု စေခိုင်းလိုက်ရာ အစေခံအခိုင်းခံ "အာဏတ္တ" ပုဂ္ဂိုလ်က အာဏာပကရဟန်း အသတ်ခိုင်းသူကိုပင် သတ်လျှင် "အာဏာပက" ရဟန်းမှာ ပါရာဇိကမှ မလွတ်။ သို့မဟုတ်ဘဲ အာဏာပကရဟန်း ခိုင်းရင်းပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်ကိုသတ်လျှင် "အာဏာပက"ရဟန်းမှာ ပါရာဇိကမှ လွတ်၏။

ကာလ-ဟူသည် နံနက်ကာလစသော အချိန်အခါတည်း။ နံနက်အခါ၌ သတ်ရန် စေခိုင်းလိုက်ရာ နံနက်အခါမှာပင်

သတ်လျှင် ခိုင်းတတ်သောရဟန်း အာပတ်မှ မလွတ်။ ခိုင်းရာ အချိန်တွင် မသတ်ဘဲ အချိန်လွဲလျှင် ခိုင်းတတ်သော ရဟန်း အာပတ်မှ လွတ်၏။

ဩကာသ-ဟူသည် သတ်ရမည့် နေရာတည်း။

အာဝုဓ-ဟူသည် သတ်ရမည့် လက်နက်တည်း။

ဣရိယာပထ-ဟူသည် သတ်အပ်သူ၏ အိပ်ခြင်း ထိုင်ခြင်း စသော ဣရိယာပုထ်တည်း။

ကြိယာဝိသေသ-ဟူသည် ထိုးခြင်း ခုတ်ခြင်း စသောအပြုအမူ အထူးအပြားတည်း။

မည်သည့်အရပ်၌ နေသူကို မည်သည့်လက်နက်ဖြင့် မည်သည့် ဣရိယာပုထ်ဖြင့် နေခိုက် မည်သို့ မည်ပုံ သတ်ပါဟု ရဟန်းက ခိုင်းရာ ခိုင်းအပ်သော ပုဂ္ဂိုလ်က ခိုင်းရင်းဖြစ်သော "ဩကာသ, အာဝုဓ, ဣရိယာပထ, ကြိယာဝိသေသ" တို့ကို မချွတ်မယွင်းစေဘဲ သတ်ပါလျှင် အာဏာပက ရဟန်းမှာ အာပတ်မှမလွတ်၊ ချွတ်ယွင်း လျှင် လွတ်၏။ ဤသို့ ဩကာသ စသည် တို့၏ အစွမ်းဖြင့် သင်္ကေတ, ဝိသင်္ကေတ ဖြစ်ပုံကို အကျဉ်းသိလေ။

ဆောင်ပုဒ်

ဝတ္ထု ကာလောစ ဩကာသော၊ အာဝုဓံ ဣရိယာပထော။
ကြိယာဝိသေသောတိ ဣမေ၊ ဆ အာဏတ္တိနိယာမကာ။

---

၁၂၅။ မေး (က) "သတ္တဟာရကံ ဝါဿ ပရိယေ- သေယျ" ၌ ပရိယေဒ္ဓိမတ္တကိုပင် ပရိယေသန ဆိုပါသလော

(ဆဋ္ဌမအကြိမ်)

ဘာကို ဆိုပါသနည်း။ (ခ) ဤပါဠိဖြင့် ပါထာတိပါတ ပယောဂ ၆-ပါးတို့တွင် ဘယ်ပယောဂကိုပြပါသနည်း။

၁၂၅။ ဖြေ (က) ရှာမှီးရှံမှုကို ပရိယေသန မဆိုပါ။ တစုံတခုသော အကြောင်းကြောင့် ကိုယ့်ကိုယ်ကို သတ်ပြီး သေလိုသူ၏အနီး "ရယူနိုင်လောက်ရာအရပ်" ၌ ချထားခြင်းကို ပရိယေသန ဆိုပါသည်။

(ခ) ဤပါဠိဖြင့် ထာဝရပယောဂကို ပြတော်မူပါသည်။

---

၁၂၆။ မေး သေလိုသူ၏ ထံပါးတွင် သေစေလိုသောစိတ်ထားဖြင့် ဤနည်းဤပုံ သေသူသည် ဤသို့ ဤသို့သောအကျိုးကျေးဇူးကိုရနိုင်သည်ဟု ပရိယာယ်ပြု၍ပြောရာ ပြောအပ်သူသည် ပြောသည့်အတိုင်း မိမိကိုယ်ကို အဆုံးစီရင်၍ သွားပါက ပြောတတ်သောရဟန်းမှာ ပါရာဇိကမှ လွတ်ပါမည်လော အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၁၂၆။ ဖြေ "မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ"ဟု ဟောတော်မူခြင်းကြောင့် မနုဿဝိဂ္ဂဟ ပါရာဇိက အရာ၌ ဤသို့သော ပရိယာယကထာမျိုးဖြင့် အာပတ်မှ လွတ်နိုင်ခွင့် မရှိပါ။

---

၁၂၇။ မေး (က) "မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ, မရဏာယ ဝါ သမာဒပေယျ"တို့၌ သံဝဏ္ဏနာကာရနှင့် သမာဒပနာကာရတို့ကို ဖော်ပြ၍ (ခ) "မရဏာယ ဝါ သမာဒပေယျ"ပါဠိဖြင့် ပြအပ်သော ပယောဂကိုလည်း ညွှန်ပြပါ။

(ဆဋ္ဌမအကြိမ်)

၁၂၇။ ဖြေ (က) ပါဠိတော်၌ "ကိံ တယိမိနာ ပါပကေန ဒုဇ္ဇီဝိတေန မတံ တေ ဇီဝိတာ သေယျော" ပါဠိမှာ သံဝဏ္ဏနာ ကာရကို ပြသောပါဠိ ဖြစ်ပါသည်။

ဤသို့ဤပုံ သေသူမှာ ဤသို့ဤသို့သော အကျိုးထူးမျိုးကို ရသည်ဟု ပြောဆိုမှုမျိုးသည်လည်း မရဏဝဏ္ဏ ပကာသနအမှုမျိုးပင် ဖြစ်ပါသည်။

ဓားနှင့် ထိုးသေလိုက်ပါလား, အဆိပ်သောက် သေလိုက်ပါလား စသည်ဖြင့် သေမှုကိစ္စအဘွက် အကြောင်းနည်းသမ်းကို ညွှန်းပြခြင်း ယူစေခြင်းမှာ သမာဒပနာကာရ ဖြစ်ပါသည်။

(ခ) ဤပါဠိဖြင့် အာဏတ္တိက ပယောဂကို ပြပါသည်။

---

၁၂၈။ မေး (က) "ဉာတိ စိတ္တသက်ပွေါ"၌ သက်ပွအရကို ကောက်ပြ၍ (ခ) မင်းလို လူပျင်းလုပ်ကာ အနှစ်ဘာဆာနေရ ခြင်းထက် လုံ့လဝီရိယနှင့် ပြည့်စုံစွာ တရက်တာမျှ နေရခြင်းက ကောင်းသေးသည်ဟု ပြောဆိုမှုမှာ မရဏသံဝဏ္ဏနာ ဖြစ်မဖြစ်ကို လည်း အကြောင်းနှင့်တကွ စီစစ်ပြပါ။

၁၂၈။ ဖြေ (က) မရဏသညာ, မရဏစေတနာ, မရဏာ ဓိပ္ပါယတို့ကို သက်ပွဆိုပါသည်။

(ခ) မရဏစေတနာ မရှိဘဲ ဓမ္မဒေသနာမုခ သြဝါဒ ဒါန အားဖြင့် ပြောဆိုခြင်းမျိုးဖြစ်ရကား မရဏသံဝဏ္ဏနာ မဖြစ်ပါ။

(ဆဋ္ဌမအကြိမ်)

၁၂၉။ မေး (က) တတိယ ပါရာဇိကာ၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထု နှင့် အနုပညတ်ကိုညွှန်းပြ၍ (ခ) တတိယ ပါရာဇိက သိက္ခာပုဒ်၌ ထိုထို မရဏ အမှုအလိုက် ဖြစ်ထိုက်သော အာပတ္တိဘေဒ ကိုလည်း အမည်မျှ ထုတ်ပြပါ။

၁၂၉။ ဖြေ (က) နိဒါန်း-ဝေသာလီပြည်၊ပုဂ္ဂိုလ်-သမ္ဗဟုလ ဘိက္ခူ၊ ဝတ္ထု-အချင်းချင်းသတ်မှု၊ အနုပညတ်-မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။

(ခ) အာပတ္တိဘေဒကား ဒုက္ကဋ်, ပါစိတ်, ထုလ္လစ္စည်း, ပါရာဇိက။

---

၁၃၀။ မေး မည်သူမဆို ကျ၍သေပေစေဟူသော ရည်ရွယ်ချက်ဖြင့် တူးထားသော တွင်းထဲသို့ ထိုထိုသတ္တဝါတို့ ကျခြင်း, ကျ၍ ဒုက္ခဖြစ်ခြင်း, သေခြင်း တို့ကြောင့် ရောက်သင့်သော အာပတ်များကို ညွှန်းပြပါ။

၁၃၀။ ဖြေ တွင်းတူးခြင်းကြောင့် ဒုက္ကဋ်, သတ္တဝါတဦးဦး ကျခြင်းကြောင့် ဒုက္ကဋ်, ဘီလူး, ပြိတ္တာ, လူယောင် ဖန်ဆင်း တတ်သော နဂါး, ဂဠုန် စသော ဣဒ္ဓိမန္တ တိရစ္ဆာန်မျိုးတို့၏ ထိုတွင်းသို့ကျ၍ ဒုက္ခဖြစ်ခြင်းကြောင့် ထုလ္လစ္စည်း, ယက္ခ စသော သတ္တဝါတို့ ထိုတွင်းသို့ကျ၍ သေခြင်းကြောင့် ထုလ္လစ္စည်း, တိရစ္ဆာန်ကျ၍ သေခြင်းကြောင့် ပါစိတ်, လူကျ၍ သေခြင်းကြောင့် ပါရာဇိကတို့ ဖြစ်ကုန်၏။

(ဆဋ္ဌမအကြိမ်)

၁၃၁။ မေး (က) တတိယပါရာဇိက၏ အကြောင်း အင်္ဂါတို့ကို ဖော်ပြ၍ (ခ) ထိုသိက္ခာပုဒ်ကို လွန်ကျူးမိစေကာ အာပတ်မှလွတ်သော ပုဂ္ဂိုလ်မျိုးကိုလည်း ထုတ်ပြပါ။

၁၃၁။ ဖြေ (က) လူသတ္တဝါဖြစ်ခြင်း, လူသတ္တဝါဟူသော မှတ်ထင်မှုရှိခြင်း, သတ်လိုသောစိတ်ရှိခြင်း, သတ်ခြင်း, သေခြင်း အင်္ဂါ ၅-ပါး။

(ခ) သတ်မည်ဟူသော စိတ်စေတနာမရှိဘဲ သေစေမှုကို ပြုမိသောရဟန်း, ဤအမှုဖြင့် သူတပါး သေလိမ့်မည်ဟု မသိရှိဘဲ သေစေမှုကို ပြုမိသော ရဟန်း, သူတပါးသေမှုကို အလိုမရှိဘဲ သေစေမှုကို ပြုမိသောရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့သည် အာပတ်မှ လွတ်ကုန်၏။

အင်္ဂါအတွက် ကျက်မှတ်ရန်

ပါဏော မာနုသကော ပါဏ၊ သညိတာ ဃာတစေတနာ။
ပယောဂေါ တေန မရဏံ၊ ပဉ္စေတေ ဝဓဟေတုယော။

ဆောင်ပုဒ်

လူသတ္တဝါ၊ ထိုသညာရှိ၊ သတ်မည့်စိတ်ထား၊ ကြိုးစား၍ သတ်။ သေပြန်လတ်၊ မှတ်လေပဥ္စင်္ဂ။ (အကျဉ်း)
မနုဿဇာတ်၊ ရှိလတ်ပါဏ၊ ထိုပါဏ၌၊ ပါဏသညာ၊ ထင်စွာရှိစေ၊ တထွေ ဝဓက၊ စိတ္တရှိမှု၊ ဥပက္ကမ၊ တေန မရဏံ၊ အင်ငါးတန်၊ တတိယဗ္ဗိ၊ ပါရာဇိ။ (အကျယ်)

---

၁၃၂။ မေး (က) ပရိယာယ အာဏတ္တိတို့ဖြင့် တတိယပါရာဇိကမှ လွတ်နိုင် မလွတ်နိုင်ကို ဆုံးဖြတ်၍ (ခ) တတိယ

ပါရာဇိက သိက္ခာပုဒ်ဆိုင်ရာ သမုဋ္ဌာန, ကိရိယ, သညာ, စိတ္တ, ဝဇ္ဇ, ကမ္မ, တိကဒွယာဂတ စိတ္တ ဝေဒနာတို့ကိုလည်း ညွှန်းပြပါ။

၁၃၂။ ဖြေ (က) ပရိယာယအမှု အာဏတ္တိအမှုတို့ဖြင့် တတိယပါရာဇိကမှ မလွတ်ပါ။

(ခ) တတိယပါရာဇိက သိက္ခာပုဒ်သည် အဒိန္နာဒါန သမုဋ္ဌာန, ကိရိယ, သညာဝိမောက္ခ, သစိတ္တက, လောကဝဇ္ဇ, ကာယကမ္မ, ဝစီကမ္မ, အကုသလစိတ္တ, ဒုက္ခဝေဒနာ ဖြစ်ပါသည်။

တတိယပါရာဇိက ပြီး၏။

---

## စတုတ္ထပါရာဇိက

၁၃၃။ မေး (က) စတုတ္ထ ပါရာဇိကသိက္ခာပုဒ်၌ အဘယ်မနုဿမျိုးကို ဥတ္တရိမနုဿ, အဘယ်ဓမ္မမျိုးကို ဥတ္တရိမနုဿဓမ္မဟု ညွှန်းပြ၍ (ခ) အတ္တုပနာယိကံအရ ၁-မိမိကိုဥတ္တရိမနုဿဓမ္မသို့ ဆောင်၍ ပြောဆိုပုံ, ၂-မိမိသို့ ဥတ္တရိမနုဿဓမ္မကိုဆောင်၍ ပြောဆိုပုံတို့ကိုလည်း ရေးပြပါ။

၁၃၃။ ဖြေ (က) ဈာနလာဘီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့ကို ဥတ္တရိမနုဿ, ၎င်းတို့၏ ဈာန်တရား, မဂ်တရား, ဖိုလ်တရားမျိုးကို ဥတ္တရိမနုဿဓမ္မ ခေါ်ပါသည်။

(ခ) ၁-ငါသည် ဈာန်, မဂ်, ဖိုလ်, တရား၌ ထင်၏ဟု ပြောဆိုမှုမျိုး။

(ဆက်ရန်မဆက်ရှိ)

၂-ဈာန်မဂ်ဖိုလ်တရားသည် ငါ၌ရှိ၏ဟု ပြောဆိုမှုမျိုး။

ကုသိုလ်ကမ္မပထတရား ၁၀-ပါးကား-သာမန် မနုဿဓမ္မမျှသာဖြစ်သည်။ ဥတ္တရိမဟုတ်။

---

၁၃၄။ မေး (က) အလမရိယဉာဏဒဿနပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထနှင့် အဘိဓေယျကို ညွှန်းပြ၍ (ခ) "သမုဒါစရေယျ"၌ ပါရာဇိကသို့ ရောက်နိုင်သော သမုဒါစာရဟူသည် ဘယ်လိုသုဏန္တ ပုဂ္ဂိုလ်မျိုးအား ပြောကြားမှုပါနည်း။ (ဂ) နှုတ်ဖြင့်ပြောမှသာ သမုဒါစာရ မည်ပါသလော။

၁၃၄။ ဖြေ (က) ဇာနာတီတိ ဉာဏံ၊ ပဿတီတိ ဒဿနံ။ ဉာဏံဧဝ ဒဿနံ ဉာဏဒဿနံ၊ အရိယံ ဉာဏဒဿနံ အရိယဉာဏဒဿနံ (မဟဂ္ဂတ လောကုတ္တရ ပညာ)။ အလံ "ပရိယတ္တံ" အရိယဉာဏဒဿနံ ဧတ္ထာတိ အလမရိယ ဉာဏဒဿနော(ဈာနာဒိဘေဒ ဥတ္တရိမနုဿဓမ္မ။)

(ခ) သုဏန္တပုဂ္ဂိုလ်မှာ ဝိညူမနုဿဇာတိက ပုဂ္ဂိုလ်မျိုး ဖြစ်ရပါမည်။

(ဂ) "ကာယေနဝါဝါစာယဝါ တဒုဘယေနဝါ"ဆိုသောကြောင့် သမုဒါစာရ အမှုမှာ ကာယနှင့်လည်း ဆိုင်ပါသည်။

---

၁၃၅။ မေး (က) ဥတ္တရိမနုဿဓမ္မကို ပြောဆိုပုံအခြင်းအရာ "သမုဒါစရဏာကာရ"ကို ပြဆို၍ (ခ) "တတော အပရေန သမယေန"ဟု ဆိုခြင်းကြောင့် "အဓာနမေဝံ" စသော

(ဆက်ရန်အကြွင်း)

စကားကို ပြောဆိုသည့်အခါမှသာ ပါရာဇိကသို့ ရောက်သည်ဟု မှတ်ရမည်လော အဘယ်အခါ ရောက်ပါသနည်း။

၁၃၅။ ဖြေ (က) ပါဠိတော်၌ "ဈာနံ သမာပဇ္ဇိံ" ဟူသော စကားသည် သမုဒါစရဏာကာရကို ပြဆိုသောစကား ဖြစ်ပါသည်။

ဤပါဠိဖြင့် ဤအကြောင်း မျိုး, ဤအကြောင်းမျိုးဖြင့် ဤမည် ဤမည်သော ဈာန်တရား မဂ်တရား ဖိုလ်တရားကို ငါရ၏ ငါသိ၏ ငါမြင်၏ဟု ပြောဆိုမှုကို ညွှန်းပြပါသည်။

(ခ) "တတော အပရေန သမယေန" စသော စကားမှာ အာပတ်သို့ ရောက်ရာကာလကို ညွှန်းပြသော စကားမဟုတ်ပါ၊ အာပတ်ကို ထုတ်ဖော်၍ ဝန်ခံရာကာလကို ပြဆိုသော စကားသာဖြစ်ပါသည်။ ဥတ္တရိမနုဿဓမ္မကို ပြောဆိုသော ရဟန်းမှာ စကား ပြောဆိုလိုက်ရာ အခါကာလကပင် ပါရာဇိကသို့ ရောက်ခဲ့ပြီး ဖြစ်ပါသည်။

---

၁၃၆။ မေး (က) "ဝိသုဒ္ဓါပေက္ခော"၌ ဝိသုဒ္ဓိအရနှင့် "အညတြ အဓိမာနာ" ၌ အဓိမာန အရကို ကောက်ပြ၍ (ခ) "အဓိမာန"ဟူသည် ဘယ်လိုပုဂ္ဂိုလ်မျိုး၌ ဖြစ်တတ်သည် ကိုလည်း ဖော်ပြပါ။

၁၃၆။ ဖြေ (က) လူအဖြစ်, သာမဏေအဖြစ်သည် ထိုပါရာဇိကာပန္န ရဟန်းအတွက် ဝိသုဒ္ဓိ ဖြစ်ပါတော့သည်။ (လူအဖြစ် သာမဏေအဖြစ်နှင့် နေမှသာ ဝိသုဒ္ဓိ ဖြစ်နိုင်သော

(ဆဋ္ဌမအကြိမ်)

ကြောင့်တည်း။) မရသေး မရောက်သေးသော တရား၌ ရပြီးရောက်ပြီး ဟူသော အမှတ်အထင်မျိုးကို "အဓိမာန" ဆိုပါသည်။

(ခ) ထို အဓိမာနမျိုးမှာ အာရဒ္ဓ ဝိပဿက ယောဂီ ရဟန်းမျိုး၌ ဖြစ်တတ်ပါသည်။

---

၁၃၇။ **မေး** (က) စတုတ္ထပါရာဇိက၏ နိဒါန်,ပုဂ္ဂလ,ဝတ္ထု တို့နှင့် အနုပညတ်ကို ညွှန်းပြ၍ (ခ) ဤစတုတ္ထ သိက္ခာပုဒ်၌ ထိုထို အာရောစန အမူအလိုက် ဖြစ်ထိုက်သော အာပတ္တိဘေဒကိုလည်း အမည်မျှ ထုတ်ပြပါ။

၁၃၇။ **ဖြေ** (က) နိဒါန်- ဝေသာလီပြည်၊ ပုဂ္ဂလ- ဝဂ္ဂုမုဒါတီရိယဘိက္ခုု၊ ဝတ္ထု- ဥတ္တရိမနုဿ ဓမ္မကို လူတို့အား ပြောကြားမှု၊ အနုပညတ်- အညတြ အဓိမာနာ။

(ခ) အာပတ္တိဘေဒကား ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိက ၃-မျိုး။

---

၁၃၈။ **မေး** မနုဿဇာတိက ပုဂ္ဂိုလ်အား ရဟန်းက မိမိကိုယ်ကို ငါ စျာနလာဘီ, ငါ အရိယာဟု ပြောဆိုရာ၌ သုဏန္တဖြစ်သော လူပုဂ္ဂိုလ်၏ နားလည်မှု မလည်မှုအတွက် ဝဒန္တ ရဟန်းမှာ အာပတ်သင့်မှု မည်သို့ ခြားနား ပါသေးသနည်း။

၁၃၈။ **ဖြေ** သုဏန္တပုဂ္ဂိုလ် နားလည် သိရှိလျှင် ဝဒန္တ ရဟန်းမှာ ပါရာဇိက, နားမလည်လျှင် ထုလ္လစ္စည်း။

(ဆဋ္ဌမအကြိမ်)

ပြောတိုင်းပင်ပါရာဇိကချည်းရောက်သည်မဟုတ်၊ နားထောင်သူ၏ သိမှု မသိမှုသို့လိုက်၍ ထိုက်သလိုအာပတ်သင့်သည်ဟု ဆိုလို၏၊ နားလည်မှုဟူရာ၌လည်း အချင်းချင်း စကားပြောရာ၌ နားလည်သလိုပြောပြီးပြီးခြင်း နားလည်မှုကိုသာလိုသည်၊ နောက်မှ စဉ်းစား၍ သိမှုမျိုးကို မလို။

---

၁၃၉။ မေး (က) မည်သို့ပြောဆိုမှုမှာ "အညာပဒေသ" သူတပါးကို ရည်ညွှန်း၍ပြောဆိုခြင်း မည်ပါသနည်း။ (ခ) ထို ပြောဆိုမှုမျိုးအတွက် မည်သည့် အာပတ် သင့်ပါသနည်း။

၁၃၉။ ဖြေ (က) အကြင်ရဟန်းသည် သင်ဒါယကာ၏ ကျောင်း၌နေ၏။ ထိုရဟန်းသည် ရဟန္တာပုဂ္ဂိုလ်ကြီး ပေတည်းစသည်ဖြင့် ပြောဆိုမှုမျိုးကို "အညာပဒေသ" ခေါ်ပါသည်။

(ခ) ထိုပြောဆိုမှုမျိုး အတွက် နားထောင်သူ နားလည်လျှင် ပြောသော ရဟန်းမှာ ထုလ္လစ္စည်း, နားမလည်လျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

---

၁၄၀။ မေး (က) စတုတ္ထ ပါရာဇိက၏ အကြောင်း အင်္ဂါတို့ကို ဖော်ပြ၍ (ခ) ထိုသိက္ခာပုဒ်ကို လွန်ကျူးမိစေကာ အာပတ်မှ လွတ်ခွင့်ရသော ပုဂ္ဂိုလ်မျိုး တို့ကိုလည်း ညွှန်းပြပါ။

၁၄၀။ ဖြေ ပြောဆိုအပ်သော ဥတ္တရိမနုဿဓမ္မ၏ မိမိ၌ မရှိခြင်း, ယုတ်မာသောအလိုဖြင့် ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း, သူတပါးကို ရည်ညွှန်းမှု မရှိခြင်း, နားထောင်သူ သူတာန္တ

(ဆန္ဒမအကြိမ်)

ပုဂ္ဂိုလ်၏ လူဇာတ်ရှိသူဖြစ်ခြင်း, နားထောင်သူ သုဏန္တပုဂ္ဂိုလ်၏ ပြောပြီးပြီးခြင်း သိခြင်း အင်္ဂါ ၅-ပါး။

(ခ) တကာယ်ရပြီဟူသော မှတ်ထင်မှု "အဓိမာန" မျိုးဖြင့် ပြောသောပုဂ္ဂိုလ်, ယုတ်မာသော အလိုမျိုးမရှိဘဲ ပြောကြားမိသော ပုဂ္ဂိုလ်,ဥမ္မတ္တကစသော ပုဂ္ဂိုလ်မျိုးတို့မှာ ဤသိက္ခာပုဒ်အရ အာပတ်မှ လွတ်နိုင်ကြကုန်၏။

**အင်္ဂါအတွက် ကျက်မှတ်ရန်**

အသန္တတာ အတ္တနိ ပါပမိစ္ဆတာ၊
ယာ ရောစနာ တဿ မနုဿဇာတိတာ။
နညာပဒေသာ စ တဒေဝ ဇာနနံ၊
ပဉ္စေတ္တ အင်္ဂါနိ အသန္တဒီပနေ။

**ဆောင်ပုဒ်**

မင်္ဂျာန်ကင်းကွာ၊ ပါပိစ္ဆာဖြင့်၊ မုသာပြောဆို၊ သူ့ကိုရည်မှု၊ မပြုကင်းပ၊ သုဏန္တလည်း၊ မနုဿမှန်၊ တန်ဏံသိ၊ ဥတ္တရိ၊ လာရှိပဉ္စင်္ဂ။ (အကျဉ်း)

ကိုယ့်သန္တာန်၌၊ မြတ်မွန်စွာဘိ၊ ဥတ္တရိမနုဿ၊ ဓမ္မမယှဉ်၊ လိုအင်ယုတ်မာ၊ပါပိစ္ဆာဖြင့်၊ ထင်စွာမြွက်ကြား၊ သူများအတွက်၊ ရည်ညွှန်းချက်လည်း၊ သက်သက်မနွှာ၊ နာသောပုဂ္ဂလ၊ သုဏန္တ၏၊ မနုဿမျိုး၊ ဖြစ်ရိုးတဝ၊ သုဏန္တလည်း၊ ပြောပြီးခါစ၊ တန်ဏတွင်း၊ချက်ခြင်းသိစေ၊ အင်ငါးထွေ၊မှတ်လေဥတ္တရိ၊ ပါရာဇိ။ (အကျယ်)

---

၁၄၁။ မေး (က) ပရိယာယ အာဏတ္တိတို့ဖြင့် စတုတ္ထပါရာဇိကမှ လွတ်နိုင်မလွတ်နိုင်ကို ပြဆို၍ (ခ) စတုတ္ထပါရာဇိက

(ဆဋ္ဌမအာကြိမ်)

သိက္ခာပုဒ်ဆိုင်ရာ သမုဋ္ဌာန, ကိရိယ, သညာ, စိတ္တ, ဝဇ္ဇ, ကမ္မ, တိကဒ္ဒယာဂတစိတ္တ, ဝေဒနာကိုလည်း ညွှန်းပြပါ။

၁၄၁။ ဖြေ (က) ပရိယာယအမှု အာဏတ္တိ အမှု တို့ဖြင့် စတုတ္ထပါရာဇိက သိက္ခာပုဒ်အရ အာပတ်မသင့်ပါ။

(ခ) စတုတ္ထ ပါရာဇိက သိက္ခာပုဒ်သည် အဒိန္နာဒါန သမုဋ္ဌာန, ကိရိယ, သညာဝိမောက္ခ, သစိတ္တက, လောကဝဇ္ဇ, ကာယကမ္မ, ဝစီကမ္မ, အကုသလစိတ္တ, တိဝေဒနာဖြစ်ပါသည်။

ပါရာဇိက ၄-ပါးတို့တွင် တတိယပါရာဇိက အရာ၌ ပရိယာယ အာဏတ္တိ ၂-မျိုးလုံးဖြင့်လည်း အာပတ်သင့်နိုင်၏။ ဒုတိယပါရာဇိက အရာ၌ကား အာဏတ္တိ တမျိုးဖြင့်သာ အာပတ်သင့်၏၊ ပရိယာယဖြင့် အာပတ်မသင့်။ ပထမ,စတုတ္ထ ပါရာဇိကတို့၌ကား ပရိယာယ အာဏတ္တိ ၂-မျိုးလုံးဖြင့် အာပတ်မသင့်ပေ။

ကျက်မှတ်ရန်

ပရိယာယော စ အာဏတ္တိ၊ တတိယေ ဒုတိယေ ပန။
အာဏတ္တိယေဝ သေသေသု၊ ဒွယမေတံ န လဗ္ဘတိ။

---

၁၄၂။ မေး ပါရာဇိက ၂၄-ပါးကို သရုပ် သကောင် ထုတ်ဆောင်၍ ရေတွက်ပါ။

၁၄၂။ ဖြေ ဘိက္ခုတို့၏ ပါရာဇိက-၄၊ ဘိက္ခုနီ၏ အသာ ဓာရဏ ပါရာဇိက-၄၊ ပဏ္ဍကာဒိ အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက် တို့၏ ပါရာဇိက-၁၁၊ လူထွက်သည့် ဘိက္ခုနီ၏ ပါရာဇိက-၁၊ လမ္ဗီပုဂ္ဂိုလ်, မုဒုပိဋ္ဌိကပုဂ္ဂိုလ်, ပရအင်္ဂဇာတကို မုခဂ္ဂါဟ

ပြုသောပုဂ္ဂိုလ်, ပရအင်္ဂဇာတ၌ ဖိ၍ထိုင်သော ပုဂ္ဂိုလ် ဤလေးယောက်တို့၏ပါရာဇိက-၄၊ ပေါင်းပါရာဇိက ၂၄-ပါးဖြစ်၏။

ပါရာဇိက ၂၄-ပါးအတွက် ကျက်မှတ်ရန်

အသာဓာရဏာ စတ္တာရော၊ ဘိက္ခုနီန မဘဗ္ဗကာ။
ကောဒသ စ ဝိဗ္ဘန္တာ၊ ဘိက္ခုနီ မုဒုပိဋ္ဌိကော။
လမ္ဗီ မုခေန ဂဏှန္တော၊ အင်္ဂဇာတံ ပရဿ စ။
တတ္ထေဝါဘိနိသီဒန္တော၊ စတ္တာရော အနုလောမိကာ။
မဂ္ဂေ မဂ္ဂပ္ပဝေသနာ၊ မေထုနဿ ဧဝ ဂတာ။
စတ္တာရောတိ စတုဗ္ဗီသ၊ သမောဓာနာ ပါရာဇိကာ။

ဆောင်ပုဒ်

ရှစ်ပါးပါရ၊ ဘဗ္ဗာယောသွတ်၊ လူဝတ်သည့်နီ၊ လမ္ဗီ, မုဒု၊ ရွှေရှုထိုင်ခွဲ၊ ရုတ်ပြန်ခွဲ၊ နှစ်ဆဲ့လေးပါရာ။

ပဏ္ဍုက်စသော ပုဂ္ဂိုလ်တို့၏ ရှင်,ရဟန်းအဖြစ်ကို မထိုက်ခြင်းဟူသော အဘဗ္ဗတောကို ပါရာဇိကာပတ္တိသဒိသဖြစ်၍ ပါရာဇိက ဆိုရ၏။ လမ္ဗီမုဒုပိဋ္ဌိကပုဂ္ဂိုလ်တို့မှာ အနဘိရတိ နှိပ်စက်မှုအတွက် သကအင်္ဂဇာတကို သကာဝစ္စမဂ္ဂ, မုခမဂ္ဂသို့ သွင်းမှသာ ပါရာဇိက ဖြစ်သည်။ ဘိက္ခုနီသည်ကား လူအဖြစ်ကို လိုလားသောစိတ်ဖြင့် လူတို့၏အဝတ်ကို ဝတ်သည်ဖြစ်စေ၊ သက်န်းကိုပင် လူတို့ဝတ်ပုံဝတ်နည်းမျိုးဖြင့် ဝတ်သည်ဖြစ်စေ၊ ဤအမှုမျိုးသည် ဘိက္ခုနီတို့အဘို့၌ ပါရာဇိကအမှုပင် ဖြစ်တော့၏။

စတုတ္ထပါရာဇိကပြီး၏။
ပါရာဇိက ကဏ္ဍ အလုံးစုံပြီး၏။

---

(ဆဋ္ဌမအကြိမ်)

# သံဃာဒိသေသ ကဏ္ဍ

## ပထမ သံဃာဒိသေသ်

၁၄၃။ မေး (က) သဋ္ဌေတနိကာ ပုဒ်၌ "သံ" ကို အနက်ရှိ "ဣက" ကို အနက်မဲ့ကြံ၍တနည်း။ "သံ" ကို အနက်မဲ့ "ဣက" ကို အနက်ရှိကြံ၍ တနည်းအားဖြင့် နည်း ၂-ပါးအရ ဝစနတ္ထ ပြုလုပ်၍ အရကောက်ပြီးလျှင် (ခ) စေတနာအရ အဘယ် စေတနာကို ယူရမည်ကိုလည်း ညွှန်းပြပါ။

၁၄၃။ ဖြေ (က) "သံဝိဇ္ဇတိ စေတနာ အဿာတိသဋ္ဌေတနာ၊ သဋ္ဌေတနာဝ သဋ္ဌေတနိကာ၊ သဋ္ဌေတနာ အဿအတ္ထီတိ သဋ္ဌေတနိကာ၊ သုက္ကဝိဿဋ္ဌိ" ကို ကောက်။

(ခ) စေတနာအရကား "မောစနဿာဒ" စေတနာတည်း။ မောစနဿာဒ စေတနာ။ မောစန - သုက်လွှတ်ခြင်း၌၊ အဿာဒ- သာယာသော ရာဂနှင့်၊ စေတနာ-ယှဉ်သော စေတနာ။

အဋ္ဌကထာလာ သဋ္ဌေတနိကာ ပုဒ်၏ဝစနတ္ထ ၂-မျိုးတွင် ပထမ ဝစနတ္ထဖြင့် "သံ" အနက်ရှိ "ဣက" အနက်မဲ့။ ဒုတိယ ဝစနတ္ထဖြင့် "သံ" အနက်မဲ့ "ဣက" အနက်ရှိကို ညွှန်းပြသည် ဟူသော ဝိသေသကို သတိပြုပါ။ အနက်မဲ့ဆိုသော်လည်း မိမိ အတွက် သီးခြားအနက်မရှိသည်ကိုသာ ဆိုသည်။ အတ္ထောနတ္ထိ- ဟုသာ မဆိုဘဲ ဝိသုံအတ္ထောနတ္ထိ-ဟု ဆိုသည်ကို သတိပြုမိပါစေ။

---

၁၄၄။ မေး (က) "သုက္ကဝိဿဋ္ဌိ" ဟူသည် ဗဟိနိက္ခမန ကို ဆိုပါသလော၊ ဘာကိုဆိုပါသနည်း။ (ခ) သုက္ကဘေဒ (ဆဋ္ဌမအကြိမ်)

မည်မျှရှိကြောင်းနှင့်တကွ (ဂ) သံဃာဒိသေသ ဝတ္ထုဖြစ်သော သုက္က၏ အပ္ပက,မဟန္တ ပမာဏကိုလည်း ဟေဌ္ဌိမပရိစ္ဆေဒအားဖြင့် ပြဆိုပါ။

၁၄၄။ ဖြေ (က) ဗဟိနိက္ခမန ကိုဝိဿဋ္ဌိမဆိုပါ၊ တည်ရာဌာနမှ ရွေ့လျောခြင်း "ဌာနာစာဝန"ကိုသာ ဝိဿဋ္ဌိဆိုပါသည်၊ (ဗဟိဒ္ဓသို့ ရောက်မှု,မရောက်မှုမှာ ပမာဏမဟုတ်ဟူ၏။)

(ခ) သုက္ကဘေဒ သုက်အမျိုးအစားကား နီလ,စသည်တို့၏ အစွမ်းဖြင့် ၁၀-မျိုးဖြစ်ပါသည်။

(ဂ) သဗ္ဗန္တိမ ပမာဏကား.... ယင်ကောင်ငယ် တကောင် သောက်လောက်ရုံမျှ ပမာဏရှိပါသည်။

နီလ, ပီတ, လောဟိတ, ဩဒါတ, တက္ကဝဏ္ဏ, ဒကဝဏ္ဏ,တေလဝဏ္ဏ, ခီရဝဏ္ဏ, ဒဓိဝဏ္ဏ, သပ္ပိဝဏ္ဏ သုက် ၁၀-မျိုး။

**ဆောင်ပုဒ်**

> နီ,ပီ,လော,ဩ၊ တက်,တေ,နှော၊ ခီရော, ဒဓိပါ။
> သပ္ပိ, ဒကံ၊ ထည့်တုံပြန်၊ သုက္ကံ ဒသဓာ။

---

၁၄၅။ မေး (က) သံဃာဒိသေသပုဒ်၏ ဝစနတ္ထကို ပြဆို၍ (ခ) အာဒိကာလ, သေသကာလတို့၏ သရုပ်နှင့်တကွ (ဂ) ထိုကာလတို့၌ လိုအပ်သော သံဃာအရေအတွက်ကို ညွှန်းပြလျက် (ဃ) အာဘယ်၏ အာဒိ,သေသ ဖြစ်သည်ကိုလည်း ပြဆိုပါ။

(ဆဌမအကြိမ်)

၁၄၅။ ဖြေ (က) "သံဃော အာဒိမ္ဟိစေဝ သေသေစ ဣဇ္ဇိတဗ္ဗော အဿာတိ သံဃာဒိသေသော"။ (ဣဇ္ဇိတဗ္ဗတဒ္ဓိတ ဝိဂ္ဂဟောာယံ။)

(ခ) အာဒိကာလကား - ပရိဝါသ်ပေးရာ ကာလတည်း။ သေသကာလကား- မာနတ်ပေးရာကာလနှင့် အဗ္ဘာနကံ ပြုရာ ကာလတည်း။

မူလာယပဋိကဿန ကံစွဲဖြစ်ပေါ်ခဲ့လျှင် ထိုကံစွဲကို ပြုရာကာလ လည်း သေသကာလပင်တည်း။

(ဂ) ပရိဝါသဒါန ကာလ၌ လိုအပ်သော သံဃာ အရေ အတွက်ကား ၄-ပါးတည်း။

သေသကာလတို့တွင် မာနတ္တဒါန ကာလ၌ လိုအပ်သော သံဃာ အရေအတွက်ကား ၄-ပါးတည်း။ အဗ္ဘာန ကာလ၌ လိုအပ်သော သံဃာအရေအတွက်ကား အပါး ၂၀-တည်း။

(ဃ) အာပတ္တိဝုဋ္ဌာနာ၏ အာဒိ,သေသ ဖြစ်ပါသည်။

---

၁၄၆။ မေး (က) သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၏ နိဒါန်,ပုဂ္ဂလ, ဝတ္ထုနှင့် အနုပညတ်ကို ညွှန်းပြ၍ (ခ) ဤသိက္ခာပုဒ်၏ အနာ ဏတ္တိကံဖြစ်သောကြောင့် သကအင်္ဂါတ၌ ပရပုဂ္ဂလကို ဥပက္ကမ အမှုကို ပြုစေကာ မောစာပနအမှုကို ပြုပါက သံဃာဒိသေသ အာပတ်မှ လွတ်မလွတ်ကိုလည်း ဆုံးဖြတ်ပါ။

၁၄၆။ ဖြေ (က) နိဒါန်-သာဝတ္ထိပြည်။ ပုဂ္ဂလ-သေယျ သက။ ဝတ္ထု-အသုစိမောစန။ အနုပညတ်-အညတြ သုပိနန္တာ။ (ဆန္ဒမအကြိမ်)

(ခ) ဒုတိယ မေးခွန်းအရ သံဃာဒိသေသ် အာပတ်မှ မလွတ်ပါ။

---

၁၄၇။ မေး (က) မောစနသာဒ ရာဂဖြင့် သကနိမိတ္တ၌ လုံ့လပြုရာ သုက္ကဝိဿဋ္ဌိ မဖြစ်ပါက မည်သည့်အာပတ် သင့်ပါ သနည်း။ (ခ) သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၏ အင်္ဂါများနှင့်တကွ (ဂ) သုက္ကဝိဿဋ္ဌိ ဖြစ်စေကာ ဤသိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ်ခွင့်ရှိသော ပုဂ္ဂိုလ်မျိုးတို့ကိုလည်း ဖော်ပြပါ။

၁၄၇။ ဖြေ (က) သုက္ကဝိဿဋ္ဌိ မဖြစ်ပါက ထုလ္လစ္စည်း အာပတ်သင့်ပါသည်။

(ခ) အင်္ဂါများ— ၁-စေတနာ၊ သုက္ကဝိဿဋ္ဌိအမှု၌ သာယာသော စိတ်စေတနာရှိခြင်း, ၂-ဉပက္ကမ၊ သကနိမိတ်၌ လုံ့လပြုခြင်း, ၃-မုစ္စန၊ သုက္ကဝိဿဋ္ဌိ ကိစ္စဖြစ်ခြင်း။

(ဂ) နိမိတ်၌ လုံ့လမပြုသူ, မောစနာဓိပ္ပါယ မရှိသူ, အိပ်မက်၌ သုက္ကဝိဿဋ္ဌိဖြစ်သူ, ဥမ္မတ္တက စသော သူတို့သည် ဤသိက္ခာပုဒ်အရ အာပတ်မှလွတ်ကြပါသည်။

**အင်္ဂါအတွက် ကျက်မှတ်ရန်**

မောစေတုကာမတာ သုက္က၊ သုပက္ကမ္မ ဝိမောစယံ။
အညတြ သုပိနန္တေန။ သမဏော ဂရုကံ ဖုသေ။

**ဆောင်ပုဒ်**

စေ,ဉ,မုတ္တိ၊အင်တြိ၊အာဒိသံဃာဒိသိသ်။(အကျဉ်း)
မောစနသာဒ၊ ခေါ်ရစေတနာ၊ ထင်စွာရှိစေ၊
(ဆင္ခမအကြိမ်)

တထွေသက၊ နိမိတ္တံ၌၊ လုံ့လပြုခြင်း၊ လွတ်ခြင်း
ထည့်ပါ၊ အင်သုံးဖြာ၊ မှတ်ပါ အင်္ဂသရုပ်တည်း။
(အကျယ်)

ဤသိက္ခာပုဒ်သည် အသာဓာရဏ, အနာဏတ္တိက, ပထမပါရာဇိက သမုဋ္ဌာန, ကိရိယ, သညာဝိမောက္ခ, သစိတ္တက, လောကဝဇ္ဇ, ကာယကမ္မ,အကုသလစိတ္တ,ဒွိဝေဒနာ သိက္ခာပုဒ်တည်း။

ပထမ သံဃာဒိသေသ် ပြီး၏။

---

## ဒုတိယသံဃာဒိသေသ်

၁၄၇။ မေး ကာယသံသဂ္ဂ သိက္ခာပုဒ်၌ ဩတိဏ္ဏပုဒ်၏ ကတ္တု, ကမ္မ သာဓနဒွယကို အဋ္ဌကထာပြဆိုရာ ထိုသာဓနဒွယ အလိုက် ကတ္တား,ကံ ဖြစ်ထိုက်သောအရာတို့ကို ကောက်ပြပါ။

၁၄၇။ ဖြေ ကတ္တုသာဓန၌ ကာယသံသဂ္ဂ ရာဂသမင်္ဂီ ပုဂ္ဂိုလ်ကား ကတ္တား, ကာယသံသဂ္ဂရာဂကား ကမ္မ, ကမ္မသာဓန၌ ကာယသံသဂ္ဂရာဂကား ကတ္တား, ကာယသံသဂ္ဂ ရာဂ သမင်္ဂီ ပုဂ္ဂိုလ်ကား ကမ္မ ဖြစ်ပါသည်။

ရာဂံ ဩတရတီတိ ဩတိဏ္ဏော (ကတ္တုသာဓန)
**ရာဂေန** ဩတရိတဗ္ဗောတိ ဩတိဏ္ဏော (ကမ္မသာဓန)
ကာယသံသဂ္ဂရာဂ သမင်္ဂီပုဂ္ဂိုလ်သည် ဩတိဏ္ဏမည်၏။

---

၁၄၈။ မေး (က) "ဝိပရိဏတေန စိတ္တေန"၌ စိတ်သည် အဘယ်၏အစွမ်းဖြင့် ဝိပရိဏတ ဖြစ်ပါသနည်း။ (ခ) "မာတုဂါမေနသဒ္ဓိံ"၌ လိုအပ်သော မာတုဂါမမျိုးကိုလည်း ပြဆိုပါ။ (ဆဋ္ဌမ အကြိမ်)

၁၄၉။ ဖြေ (က) ကာယသံသဂ္ဂဆုဂ၏ အစွမ်းဖြင့် ဝိပရိဏတ ဖြစ်ပါသည်။

(ခ) အသက်ရှင်လျက်ရှိသော လူမိန်းမကို ဤသိက္ခာပုဒ်၌ မာတုဂါမဟုဆိုရပါသည်၊ အသက်အရွယ် အားဖြင့်ကား ယနေ့ ဖွားသော ကလေးမကလေးပင် ဖြစ်စေကာ ဤသိက္ခာပုဒ်၌ လိုအပ်သော မာတုဂါမ ဖြစ်ပါသည်။

မာတုဂါမေနာတိ ကဒဟုဇာတာယပိ ဇီဝမာနကမနုဿိတ္ထိယာ။

---

၁၅၀။ မေး (က) ကာယသံသဂ္ဂသိက္ခာပုဒ်၌ ဟတ္ထ, ဝေဏီ, အင်္ဂတို့ကို ပိုင်းခြားပြဆို၍ (ခ) တချောင်းတချောင်းသော ဆံပင်တို့နှင့် မွေးညှင်းတို့ကို ကိုင်တွယ်ပါက ကာယသံသဂ္ဂအမှု ဖြစ်, မဖြစ်ကိုလည်း ဆုံးဖြတ်ပါ။

၁၅၀။ ဖြေ (က) တတောင်ဆစ်မှစ၍ လက်သည်းဖျား တိုင်အောင် ဟတ္ထ, ကေသကလာပ ဆံစည်း ဆံထုံးသည် ဝေဏီ, ဟတ္ထဝေဏီတို့မှ ကြွင်းသော ကိုယ်အင်္ဂါသည် အင်္ဂမည်ပါသည်။

(ခ) ဝေဏီသဒ္ဒါဖြင့် တချောင်းတချောင်းသော ဆံပင်တို့နှင့် မွေးညှင်းတို့ကိုလည်း ယူအပ်လေသည် ဖြစ်သောကြောင့် ၎င်းတို့ကို ကိုင်တွယ် သုံးသပ်ပါကလည်း ဝေဏိဂ္ဂါဟ ကာယသံသဂ္ဂ အမှုပင် ဖြစ်ပါတော့သည်။

ဝေဏီဟူရာ၌ ထုံး၍ ပတ်၍ ထားသည်ဖြစ်စေ, မထုံး မပတ်ဘဲ တနည်းနည်းဖြင့်စု၍ထားသည်ဖြစ်စေ, ဆံပင်သက်သက်ချည်းဖြစ် စေ,ပန်းအမျိုးမျိုး ငန်းစည်းကြိုး, ပိုးကြိုး, ဝဲကြိုး, ဆံထိုး, ဆံကျင် စသည်တို့နှင့်ရောနှော၍ နေသည်ဖြစ်စေ, ဤအလုံးစုံသည် ဝေဏီ

(ဆန္ဒမအကြွန်)

ပင် မည်တော့၏။ ဆံပင်ချည်းသက်သက်နေမှ ဝေဏိခေါ်ရသည် မဟုတ်ဟူလို။

---

၁၅၁။ မေး (က) ကာယသံသဂ္ဂသိက္ခာပုဒ်၌ နိဒါန်, ပုဂ္ဂလ, ဝတ္ထုတို့ကို ညွှန်းပြ၍ (ခ)မိမိကမကိုင်ရဘဲ မာတုဂါမက ကိုင်တွယ် သုံးသပ်လာသည်ကို သာယာသော ရဟန်းအား အပြစ် ရှိသည် မရှိသည်ကို ဆုံးဖြတ်ပါ။

၁၅၁။ ဖြေ (က) နိဒါန်-သာဝတ္ထိပြည်။ ပုဂ္ဂလ-ဥဒါယီ ထေရ်။ ဝတ္ထု-ကာယသံသဂ္ဂသမာသဇ္ဇန။

(ခ) သာယာမှုရှိသော်လည်း ကိုယ်ဖြင့် လှုပ်လှမပြုဘဲ မလှုပ် မရှက် စိတ်သက်သက်ဖြင့်သာ သာယာ၍နေပါက အပြစ်မရှိပါ။ သာယာရုံမျှဖြင့် မနေ နောက်ပွေ့လှုပ်ရှား ကာယဝါယာမ အမှုမျိုးပေါ်လာပါမူကား သံဃာဒိသေသ်အာပတ်သို့ ရောက် ပါတော့သည်။

ကာယဝါယာမ+ကိုယ်ဖြင့်လှုပ်လှမှု။

---

၁၅၂။ မေး ကာယ သံသဂ္ဂရာဂဖြင့် (က) မိန်းမတယောက် တည်း၏ လက် ၅-ချောင်းကို တပေါင်းတည်းဆွဲကိုင်သောရဟန်း (ခ) မိန်းမ ၅-ယောက်တို့၏ လက် ၅-ချောင်းကို တပေါင်းတည်း ဆွဲကိုင်သောရဟန်း (ဂ) မိန်းမကို ယောကျ်ားမှတ်၍ ကိုင်သော ရဟန်း (ဃ) ယောကျ်ားကို မိန်းမမှတ်၍ ကိုင်သော ရဟန်း (င) ယောကျ်ားကို ယောကျ်ားဟူသော အမှတ်ဖြင့် ကိုင်သော ရဟန်း (စ) မိန်းမ၏ ပုဝါစသော ကာယပဋိဗဒ္ဓဝတ္ထုကို မိမိ

(ဆက်မအကြိမ်)

ကာယဖြင့် ထိစေသောရဟန်း (ဆ) မိန်းမ၏ ကာယပဋိဗဒ္ဓဝတ္ထုနှင့် မိမိ၏ ကာယ ပဋိဗဒ္ဓဝတ္ထုကို ထိစေသော ရဟန်း (ဇ) သေပြီးသော မိန်းမကို ကိုင်တွယ် သုံးသပ်သော ရဟန်း (ဈ) တိရစ္ဆာန်မကို ကိုင်တွယ်သုံးသပ်သော ရဟန်း ဤရဟန်း ၉-မျိုးတို့မှာ အာပတ်သင့်ပုံ မည်သို့ခြားနားကြပါသနည်း။

၁၅၂။ ဖြေ (က) သံဃာဒိသေသ်တချက်, (ခ) သံဃာဒိသေသ် ၅-ချက်, (ဂ) ထုလ္လစ္စည်း, (ဃ) ဒုက္ကဋ်, (င) ဒုက္ကဋ်, (စ) ထုလ္လစ္စည်း, (ဆ) ဒုက္ကဋ်, (ဇ) ထုလ္လစ္စည်း, (ဈ) ဒုက္ကဋ်, ဤသို့ခြားနားကြပါသည်။

ကာယသံဂ္ဂ သိက္ခာပုဒ်၌ ထိုထိုသံသဂ္ဂ အမှုအလိုက် သံဃာဒိသေသ် ထုလ္လစ္စည်း ဒုက္ကဋ် ၃-မျိုး ယထာရဟ သင့်သည်ကို သတိပြုပါ။

**အမှာ**

ပုစ္ဆာပေါင်း များစွာ မခွဲလို၍ တပေါင်းတည်း ပုစ္ဆာ လုပ်ထားသည်၊ မေးခွန်းထုတ်ရာ၌ကား 'ကာယသံဂ္ဂရာဂဖြင့် မိန်းမ ၅-ယောက်တို့၏ လက်၅-ချောင်းကို တပေါင်းတည်းဆွဲကိုင်သော ရဟန်းအား သံဃာဒိသေသ် အာပတ်ပေါင်း မည်မျှ သင့်ပါသနည်း, စသည်ဖြင့် တပုစ္ဆာစီခွဲ၍ မေးသင့်သည်၊ ဤသို့ခွဲသင့်သော ပုစ္ဆာမျိုးမှာ အများအပြားပင်ရှိ၏။

---

၁၅၃။ မေး ကာယသံသဂ္ဂရာဂဖြင့် ဣတ္ထိ၏ကာယကို မိမိကိုယ်တိုင် ကိုင်တွယ် သုံးသပ်ပါလျက် သံဃာဒိသေသ် အာပတ် မသင့်ဘဲ လဟုကအာပတ်မျှသာ သင့်သည်ဆိုပါက ဟုတ်နိုင်သော

အကြောင်းရှိပါ၏လော။ မည်သည့်အကြောင်းကြောင့် မည်သည့် လဟုကအာပတ်မျိုး သင့်သည်ကိုဖြေဆိုပါ။

၁၅၃။ ဖြေ ကာယသံသဂ္ဂဖြင့် ဣတ္ထိ၏ကာယကို ကိုင်တွယ်သုံးသပ်စေကာ ဣတ္ထိသညာမရှိဘဲ ပုရိသ, ပဏ္ဍက စသော အမှတ်အထင် သညာမျိုးရှိနေခဲ့ပါသော်ငြား, ကိုင်တွယ်အပ်သောဣတ္ထိ၌ ဣတ္ထိဟုတ်လေသလား မဟုတ်လေသလားဟု ယုံမှားဒွိဟ ဝေမတိကမျိုး ရှိနေခဲ့သော်ငြား, ဤအကြောင်းမျိုးကြောင့် သံဃာဒိသေသ် မသင့်ပါ၊ ထုလ္လစ္စယ, လဟုက အာပတ်မျှသာသင့်ပါသည်။

ဣတ္ထိသညိတာ အင်္ဂါချို့တဲ့မှုအတွက် သံဃာဒိသေသ်မသင့်သည်ကို ရည်၍မေးသော ဉာဏ်စမ်းပုစ္ဆာဖြစ်သည်။ အရာရာ၌ သတိပြုမိကြစေခလို။

---

၁၅၄။ မေး (က) ကာယသံသဂ္ဂ သံဃာဒိသေသ်၏ အင်္ဂါများနှင့်တကွ (ခ) ထိုသိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ်ခွင့်ရသော ပုဂ္ဂိုလ်မျိုးတို့ကိုလည်းဖော်ပြပါ။

၁၅၄။ ဖြေ (က) အင်္ဂါများကား ၁-မနုဿိတ္ထိ၊ လူမိန်းမဖြစ်ခြင်း, ၂-ဣတ္ထိသညိတာ၊ လူမိန်းမဟူသော အမှတ်အထင်ရှိခြင်း, ၃-ကာယသံသဂ္ဂရာဂေါ၊ ကာယသံသဂ္ဂကိစ္စ၌ သာယာမှုရှိခြင်း, ၄-တေနရာဂေန ဝါယာမော၊ ထိုကာယသံသဂ္ဂရာဂဖြင့် လုံ့လပြုခြင်း, ၅-ဟတ္ထဂ္ဂါဟာဒိသမာပဇ္ဇနံ၊ လက်ကိုဆွဲကိုင်ခြင်း, စသော ကာယသံသဂ္ဂအမှုသို့ရောက်ခြင်း, ပေါင်း ၅-ပါး။

(ခ) မတော်တဆ ထိမိသည့်အခါဖြစ်စေ, တမင်သက်သက်မာတုဂါမက ထိကိုင်လာသည့်အခါဖြစ်စေ, စိတ်ထဲကသာယာ

သော်လည်း "ကာယဝါယာမ"မှု ကင်းလျက် မလှုပ်မရှက် ငြိမ်သက်စွာနေသော ရဟန်း, မာတုဂါမက အတင်း ဖမ်းထား သဖြင့် မာတုဂါမလက်မှ လွတ်မြောက်ရန်အတွက် တွန်းဖယ် ရုန်းထွက်သော ရဟန်း, စိတ်စေတနာမရှိဘဲ ကိုင်မိ ထိမိသော ရဟန်း, သတိမကပ် အမှတ်မဲ့ ကိုင်မိ ထိမိသောရဟန်း, ကာယ သံသဂ္ဂကို သာယာမှုမရှိဘဲ ကိုင်မိ ထိမိသော ရဟန်း, ဥမ္မတ္တက ရဟန်း စသည်တို့မှာ ဤသိက္ခာပုဒ်အရ အာပတ်မှလွတ်ကြကုန်၏။

**အင်္ဂါအတွက် ကျက်မှတ်ရန်**

ဇုတ္တိသညီ မနုဿိ.တ္ထိ၊ ကာယသံသဂ္ဂရာဂဝါ။
သံဖုသန္တော ဥပက္ကမ္မ၊ သမဏော ဂရုကံ ဖုသေ။

**ဆောင်ပုဒ်**

လူမ,ဖြစ်ခြင်း၊ ယင်းသညာရှိ၊ မှတ်သိကာယ၊ သံသဂ္ဂဟု၊
ရာဂဝင်နှောက်၊ ဖောက်ပြန်ထကြွ၊ ထိုရာဂဖြင့်၊ လုံ့လ
ပြုပေ၊ သံသဂ္ဂေသို့၊ ရောက်လေလျှင်းပြန်၊ အင်္ဂါးတန်၊
မှတ်ရန်ကာယ သံသဂ္ဂ။

ဤသိက္ခာပုဒ်သည် အသာဓာရဏ, အနာဏတ္တိကတည်း။ သမုဋ္ဌာန် စသည်ကို သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်အတိုင်း သိလေ။

**ဒုတိယသံဃာဒိသေသ်ပြီး၏။**

---

## တတိယ သံဃာဒိသေသ်

၁၅၅။ **မေး** (က) သံဃာဒိသေသ် တတိယသိက္ခာပုဒ်၌ ဩတိဏ္ဏပုဂ္ဂိုလ်, ဝိပရိဏတစိတ္တ ပုဂ္ဂိုလ် ဖြစ်ကြောင်း တရားကို

(ဆန္ဒမအကြိမ်)

ညွှန်ပြ၍ (ခ) ဤသိက္ခာပုဒ်၌ လိုအပ်သော မာတိကာမျိုးနှင့် (ဂ) ဒုဋ္ဌုလ္လဝါစာဟူသည် မည်သည့်စကားမျိုးဖြစ်သည်ကိုလည်း ပြဆိုပါ။

၁၅၅။ ဖြေ (က) ဩတိဏ္ဏပုဂ္ဂိုလ်, ဝိပရိဏတစိတ္တပုဂ္ဂိုလ် ဖြစ်ကြောင်း တရားကား "ဒုဋ္ဌုလ္လဝါစဿာဒ ရာဂ" ဒုဋ္ဌုလ္လ ဝါစာ၌ သာယာသောရာဂ ဖြစ်ပါသည်။ ဤရာဂကြောင့်သာ တံသမင်္ဂီပုဂ္ဂိုလ်ကို ဩတိဏ္ဏ ဝိပရိဏတစိတ္တဟုခေါ် ဆိုရသည်။

(ခ) ဒုဋ္ဌုလ္လဝါစာ ဟုတ်သည် မဟုတ်သည်ကိုနားလည်သော လူမိန်းမမျိုးကိုသာ ဤသိက္ခာပုဒ်၌ မာတိကာမဟု ဆိုရပါသည်။

(ဂ) ဝစ္စမဂ်, ပဿာဝမဂ်, မေထုန်နှင့်စပ်သော စကားမျိုးကို ဒုဋ္ဌုလ္လဝါစာ ဆိုပါသည်။

---

၁၅၆။ မေး (က) "ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသေယျ"၌ အဘယ်အခြင်းအရာတို့၏ အစွမ်းဖြင့် ပြောဆိုမှုကို ဩဘာသန ဆိုပါသနည်း။ (ခ) ဤဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ သံဃာဒိသေသ်သို့ ရောက်စေနိုင်သော "သိခါပတ္တ" (ထိပ်တန်းအကျဆုံး) အက္ကောသ ဝစနမျိုးကိုလည်း ပြဆိုပါ။

၁၅၆။ ဖြေ (က) "ဝဏ္ဏ, အဝဏ္ဏ, ယာစန, အာယာစန, ပုစ္ဆန, ပဋိပုစ္ဆန, အာစိက္ခဏ, အနုသာသန, အက္ကောသန" ဟူသော အခြင်းအရာတို့၏ အစွမ်းဖြင့် အမျိုးမျိုး အစားစားသော မသူတော်တို့၏ စကားကို ပြောဆိုမှုမျိုးကို ဩဘာသန ဆိုပါသည်။

(ဆဋ္ဌမအကြိမ်)

(ခ) "သိခရဏီ သိ, သမ္ဘိန္နာ သိ, ဥဘတောဗျဉ္ဇနကာသိ" ဟူသော အက္ကောသဝစန ၃-မျိုး ဖြစ်ပါသည်။

သိခရဏီ၊ ပဿာဝမဂ်အပြင်ဘက်သို့ ပိုထွက်သော အသားစွန်းရှိသူသည်။ အသိ၊ ဖြစ်၏။ သမ္ဘိန္နာ၊ ဝစ္စပဿာဝ မဂ်နှစ်ဝတို့တကွနက် စပ်သူသည်။ အသိ၊ ဖြစ်၏။ ဥဘတော ဗျဉ္ဇနကာ၊ ဥဘတော ဗျည်းသည်။ အသိ၊ ဖြစ်၏၊ (အနက်)

ဝဏ္ဏ အဝဏ္ဏ စသည်တို့တွင် ဝစ္စမဂ် ပဿာဝမဂ်ကို ရည်၍ ချီးမွမ်းခြင်းသည် ဝဏ္ဏ,ကဲ့ရဲ့ခြင်းသည် အဝဏ္ဏ,မေထုန်ကိုတောင်း ခြင်းသည် ယာစန, အငြင်းအထန် တောင်းခြင်းသည် အာယာစန, မေထုန်မှီဝဲပုံကို မေးခြင်းသည် ပုစ္ဆန, ထပ်ခါထပ်ခါ မေး ခြင်းသည် ပဋိပုစ္ဆန, မိန်းမက မေးအပ်သည် ဖြစ်၍ မေထုန်မှီဝဲ ပုံကို ပြောဆိုခြင်းသည် အာစိက္ခဏ, မမေးအပ်ဘဲ နည်းပေး လမ်းပြ ဆုံးမ သွန်သင်ခြင်းသည် အနုသာသန, "အနိမိတ္တာသိ နိမိတ္တမတ္တာသိ" စသောစကားတို့ဖြင့် ဆဲရေးခြင်းသည် အက္ကော သနမည်၏။

---

၁၅၇။ မေး (က) သံဃာဒိသေသ် တတိယသိက္ခာပုဒ်၏ နိဒါန်,ပုဂ္ဂလ,ဝတ္ထုတို့ကိုပြဆို၍ (ခ) ဟတ္ထမုဒ္ဒါ စသော ကာယ ဝိကာရဖြင့် ဒုဋ္ဌုလ္လ အမှုကို ပြုလုပ်ပြသပါက သံဃာဒိသေသ်မှ လွတ် မလွတ်ကိုလည်း ဆုံးဖြတ်ပါ။

၁၅၇။ ဖြေ (က) နိဒါန်-သာဝတ္ထိပြည်။ ပုဂ္ဂလ-ဥဒါယိ ထေရ်။ ဝတ္ထု-ဒုဋ္ဌုလ္လဝါစာကို ပြောဆိုမှု။

(ခ) ကာယဝိကာရဖြင့် ဒုဋ္ဌုလ္လအမှုကို ပြုလုပ်ပြသရာ၌ အပြ ခံရသော မာတုဂါမက ပြရာခဏ၌ပင် ထိုအဓိပ္ပါယ်ကို နားလည် ပါလျှင် ပြသူရဟန်းမှာ သံဃာဒိသေသ်မှ မလွတ်ပါ။

(ဆဋ္ဌမအကြိမ်)

၁၅၀။ မေး (က) တခွန်းတည်းသော ဒုဋ္ဌုလ္လဝါစာဖြင့် မိန်းမပေါင်း များစွာကို အယုတ်တမာ ပြောဆိုသော ရဟန်း (ခ) တယောက်တည်းသောမိန်းမကို ဒုဋ္ဌုလ္လဝါစာ အခွန်းပေါင်း များစွာဖြင့် အယုတ်တမာပြောဆိုသော ရဟန်းတို့မှာ အာပတ် သင့်ပုံ မည်သို့ခြားနားကြပါသနည်း။ (ဂ) မိမိ၏ ဒုဋ္ဌုလ္လဝါစာ ကို အပြော ခံရသော မိန်းမက နားမလည်ပါလျှင် ပြောသော ရဟန်းမှာ ဘာအပြစ်ရှိပါသနည်း။

၁၅၀။ ဖြေ (က) ရဟန်းမှာ အပြော ခံရသော မိန်းမ အရေအတွက်နှင့်အမျှ သံဃာဒိသေသ်အာပတ် သင့်ပါသည်။

(ခ) ရဟန်းမှာ ဒုဋ္ဌုလ္လဝါစာ "စကားခွန်း" အရေအတွက် နှင့်အမျှ သံဃာဒိသေသ်အာပတ် သင့်ပါသည်။

(ဂ) အပြောခံရသောမိန်းမကနားမလည်ပါလျှင်ထုလ္လစ္စည်း သင့်ပါသည်။

---

၁၅၉။ မေး ရာဂသမ္ပယုတ္တစိတ်ဖြင့် မာတုဂါမ၏ ဝစ္စမဂ္ဂ ပဿာဝမဂ္ဂတို့မှ တပါးသော ကိုယ်အရပ်နှင့် ကာယပဋိဗဒ္ဓဝတ္ထု တို့ကို ရည်ရွယ်ကာ ဝဏ္ဏာဝဏ္ဏ စသည်ကို ပြောဆိုမှု အတွက် အဘယ်အပြစ် ရှိပါသနည်း။

၁၅၉။ ဖြေ (က) ညှပ်ရိုး၏ အောက် ဒူးဝန်းနှစ်ဘက်၏ အထက်ဖြစ်သောအရပ်ကို ရည်ရွယ်ပြောဆိုပါက ထုလ္လစ္စည်း။

(ခ) ညှပ်ရိုး၏အထက် ဒူးဝန်းနှစ်ဘက်၏အောက်ဖြစ်သော အရပ်ကို ရည်ရွယ်ပြောဆိုပါက ဒုက္ကဋ်။

(ဆဋ္ဌမအကြိမ်)

(ဂ) အင်္ဂါ လုံချည်စသော ကာယပဋိဗဒ္ဓဝတ္ထုကို ရည်ရွယ် ပြောဆိုပါက ဒုက္ကဋ်အာပတ်သို့ ရောက်ခြင်း အပြစ်ရှိပါသည်။

အခက္ခက "ညှပ်ရိုး"နှင့် ဇာဏုမဏ္ဍလ "ဒူးဝန်း" တို့ကား ဒုက္ကဋ် ခေတ်ဖြစ်၏။

---

၁၆၀။ မေး (က) သံဃာဒိသေသ် တတိယ သိက္ခာပုဒ်၏ အင်္ဂါများကို ဖော်ပြ၍ (ခ) ထိုသိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ် ခွင့်ရသော ပုဂ္ဂိုလ်မျိုးကိုလည်း ညွှန်းပြပါ။

၁၆၀။ ဖြေ (က) အင်္ဂါများကား ၁-မနုဿိတ္ထီ၊ လူ မိန်းမဖြစ်ခြင်း, ၂-ဝိတ္ထိသညိဘာ၊ လူမိန်းမ ဟူသော အမှတ် အထင် သညာရှိခြင်း, ၃-ဒုဋ္ဌုလ္လဝါစဿာဒရာဂေါ၊ ဒုဋ္ဌုလ္လ ဝါစာ၌ သာယာသော ရာဂရှိခြင်း, ၄-တေနရာဂေန ဩဘာ သနံ၊ ထိုရာဂဖြင့် အယုတ်တမာ ပြောဆိုခြင်း, ၅-တင်္ခဏဝိဇာ နနံ၊ ထိုပြောဆိုပြီးရာခဏ၌ သိခြင်း။ ပေါင်း ၅ ပါး။

(ခ) "အနိမိတ္တာသိ" စသော ပါဠိတို့၏ အနက် အဓိပ္ပါယ် ကို ငဲ့၍ ပြောဆိုသော ရဟန်း, "အနိမိတ္တာသိ" စသော ပါဠိ တို့ကိုငဲ့၍ ပြောဆိုသောရဟန်း, အဆုံးအမကိုငဲ့၍ ပြောဆိုသော ရဟန်း, ဥမ္မတ္တကရဟန်း စသည်တို့မှာ ဤသိက္ခာပုဒ်ဖြင့် အပြစ် မရှိကြကုန်။

**အင်္ဂါအတွက် ကျက်မှတ်ရန် ဆောင်ပုဒ်**

> လူမ ဖြစ်ခြင်း၊ ယင်းသည့်သညာ၊ ဝါစာပါပ၊ ဒုဋ္ဌုလ္လ၌၊
> အဿာဒဖြစ်၊ ရာဂညစ်နှော၊ ထိုရာဂေါဖြင့်၊ ဆိုပြော
> (ဆဋ္ဌမအကြိမ်)

ယုတ်မာ၊ နာသူမှာလည်း၊ မကြာစေရ၊ ထိုခဏ၌၊ သိရ
လေပြန်၊ အင်ငါးတန်၊ မှတ်ရန်အင်္ဂ သရူပ။

တတိယ သံဃာဒိသေသ် ပြီး၏။

---

## စတုတ္ထ သံဃာဒိသေသ်

၁၆၁။ မေး (က) သံဃာဒိသေသ် စတုတ္ထ သိက္ခာပုဒ်၌ ဩတိဏ္ဏပုဂ္ဂိုလ်, ဝိပရိဏတစိတ္တပုဂ္ဂိုလ် ဖြစ်ကြောင်း တရားကို ညွှန်ပြ၍ (ခ) ဤသိက္ခာပုဒ်အရ လိုအပ်သော မာတုဂါမမျိုးနှင့်တကွ (ဂ) "အတ္တကာမ ပါရိစရိယာယ ဝဏ္ဏံ ဘာသေယျ" ၌ ဝဏ္ဏဘာသနာကာရကိုလည်း ပြဆိုပါ။

၁၆၁။ ဖြေ (က) ဩတိဏ္ဏပုဂ္ဂိုလ်, ဝိပရိဏတစိတ္တပုဂ္ဂိုလ် ဖြစ်ကြောင်းတရားကား-အတ္တကာမ ပါရိစရိယရာဂ "မိမိအကျိုးငှာ မေထုန်ကာမဖြင့် လုပ်ကျွေးခြင်း၌ သာယာသော ရာဂ" တရားတည်း။

(ခ) ဒုဋ္ဌုလ္လဝါစာ ဟုတ်သည် မဟုတ်သည်ကို နားလည်သော လူမိန်းမမျိုးကိုသာ ဤသိက္ခာပုဒ်၌ မာတုဂါမဆိုပါသည်။

(ဂ) ပါဠိတော်၌ "ဧတဒဂ္ဂံ ဘဂိနိ။ လ။ ပရိစရေယျ" ဟူသော စကားသည် ဝဏ္ဏဘာသနာကာရကို ပြသော စကား ဖြစ်ပါသည်။

---

၁၆၂။ မေး (က) "မေထုနူ ပသံဟိတေန" ဟူသော ပါဠိအရ မေထုနပဋိသံယုတ္တဝါစာ ဟူသည် ဘယ်လိုစကားမျိုး

(ဆဋ္ဌမအကြိမ်)

ဖြစ်ပါသနည်း။ (ခ) အလွန်ဖျင်းအ,၍ ဘယ်လို အဓိပ္ပါယ်ကို ရည်ရွယ် ပြောဆိုမှန်း မသိသော မိန်းမကို မေထုနယာစနေ စကား ပြောကြားပါက အပြစ် တစုံတရာ ရှိပါသေးသလော။ (ဂ) အတ္တကာမ သိက္ခာပုဒ်လာ နိဒါန်, ပုဂ္ဂလ, ဝတ္ထုတို့ကို လည်း ညွှန်းပြပါ။

၁၆၂။ ဖြေ (က) "အရဟာသိ တွံ မယှံ မေထုနံ ဓမ္မံ ဒါတုံ" သင်သည် ငါ့အား မေထုန် လှူထိုက်ပါသည် စသော စကားမျိုးကိုသာ မေထုနပဋိသံယုတ္တဝါစာ ဆိုပါသည်။

(ခ) အပြောခံရသော မိန်းမက ဘာပြောမှန်း မသိပါလျှင် ပြောသောရဟန်းမှာ ထုလ္လစ္စည်း သင့်ပါသည်။

(ဂ) နိဒါန်- သာဝတ္ထိပြည်၊ ပုဂ္ဂလ- ဥဒါယီထေရ်၊ ဝတ္ထု- အတ္တကာမပါရိစရိယာယ ဝဏ္ဏဘာသန။

---

၁၆၃။ မေး (က) မိမိအား မေထုန် လှူပါဟူသော အဓိပ္ပါယ်ကို နှုတ်က မဟဘဲ ကာယပယောဂဖြင့်သာ သိစေသော ရဟန်းမှာ သံဃာဒိသေသ်အာပတ် သင့်ပါသေးသလော၊ (ခ) အတ္တကာမ သိက္ခာပုဒ်၏ အင်္ဂါများနှင့်တကွ (ဂ) ထို သိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ်ခွင့်ရသော ပုဂ္ဂိုလ်မျိုးကိုလည်း ဖော်ပြပါ။

၁၆၃။ ဖြေ (က) ရဟန်းကသိစေလိုသော အဓိပ္ပါယ်ကို သိစေအပ်သည့် မာတုဂါမက ထိုခဏ၌ပင် သိရှိနားလည်ပါလျှင် ရဟန်းမှာ သံဃာဒိသေသ်မှ မလွတ်ပါ။

(ဆက်ရန်အကြွင်း)

(ခ) အင်္ဂါများကား ၁-မနုဿတ္တိ၊ လူမိန်းမဖြစ်ခြင်း, ၂-ဗုဒ္ဓိသညိတာ၊ လူမိန်းမဟုပင် အမှတ်အထင် သညာရှိခြင်း, ၃-အတ္တကာမ ပါရိစရိယာယ ရာဂေါ၊ မိမိသည် အလိုရှိအပ်သော မေထုန်ဖြင့် လုပ်ကျွေးမှု၌ သာယာသော ရာဂရှိခြင်း, ၄-တေနရာဂေန ဝဏ္ဏဘဏနံ၊ ထိုရာဂဖြင့် မေထုန်ဖြင့်လုပ်ကျွေးမှု၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း, ၅-တင်္ခဏဝိဇာနနံ၊ ထိုဆိုပြီးစ ခဏ၌ပင် အပြောခံရသော မိန်းမ၏ သိရှိခြင်း, ပေါင်း အင်္ဂါ ၅-ပါး။

(ဂ) သက်န်းစသော အပ်စပ်သော ဝတ္ထုကာမပစ္စည်းမျိုးတို့ကို ပေးလှူမှု၏ အကျိုးကျေးဇူးကို ပြောဆိုသော ရဟန်း, ဥမ္မတ္တကစသော ရဟန်းတို့မှာ ဤသိက္ခာပုဒ်အရ အာပတ်မှ လွတ်ကြကုန်၏။

ဤသိက္ခာပုဒ်သည် အသာဓာရဏပညတ်, အနာဏတ္တိက, အဒိန္နာဒါနသမုဋ္ဌာန, ကိရိယ, သညာဝိမောက္ခ, သစိတ္တက, လောကဝဇ္ဇ, ကာယကမ္မ, ဝစီကမ္မ, အကုသလစိတ္တ, ဒွိဝေဒနာတည်း။

**အင်္ဂါအတွက် ကျက်မှတ်ရန် ဆောင်ပုဒ်**

လူအခ၌၊ လူမဟုပင်၊ သညာရှိစေ၊ တတွေ့မိမိ၊ လိုရှိကာမ၊ မေထုနဖြင့်၊ ယုယပိုက်ထွေး၊ လုပ်ကျွေးရေး၌၊ နှစ်ချိုက်တတ်သော၊ ရာဂေါရှိထ၊ ထိုရာဂဖြင့်၊ ကိစ္စညစ်ထေး၊ ထိုအရေး၏၊ ကျေးဇူးဆိုပြန်၊ နာခံသူမ၊ သုဏန္တလည်း၊ ကြားရချင်းပင်၊ သိမှုဝင်၊ အင်္ဂါပဉ္စ-သရုပ်တည်း။

စတုတ္ထသံဃာဒိသေသ်ပြီး၏။

(ဆန္ဒမအကြိမ်)

## ပဌမသံဃာဒိသေသ်

၁၆၄။ မေး (က) သဉ္စရိတ္တာပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထနှင့် အဘိဓေယျကိုညွှန်းပြ၍ (ခ) "သမာပဇ္ဇေယျ"၌ မည်သည့်ကိစ္စကို ပြု၍ ရောက်မှုကို သမာပဇ္ဇန ဆိုသည်ဟုလည်း ဆုံးဖြတ်ပါ။

၁၆၄။ ဖြေ (က) "သဉ္စရဏံ သဉ္စရော၊သဉ္စရော ဧတဿ တ္ထီတိ သဉ္စရိ၊ သဉ္စရိနော ဘာဝေါ သဉ္စရိတ္တံ" မိန်းမယောကျ်ား နှစ်ဦးသား တို့၏ စပ်ကြား၌ အောင်သွယ် လုပ်၍ သွားလာမှု "အောင်သွယ်မှုသည်" သဉ္စရိတ္တ မည်ပါသည်။

(ခ) ပဋိဂ္ဂဏှန, ဝီမံသန, ပစ္စာဟရဏ အမှုတို့ကို ပြု၍ ရောက်ခြင်းကို သမာပဇ္ဇန ဆိုပါသည်။

**ပဋိဂ္ဂဏှန စသည်တို့၏ အဓိပ္ပါယ်**

မိန်းမဘက်ကဖြစ်စေ, ယောကျ်ားဘက်က ဖြစ်စေ, အပြော ခိုင်းသောစကားကို တစုံတခုသော ကိုယ်အမူ အရာ နှုတ်အမူ အရာတို့ဖြင့် ဝန်ခံခြင်းသည် ပဋိဂ္ဂဏှန, ဝန်းခံတိုင်းပင် ကာယကံ ရှင်ဖြစ်သော ယောကျ်ား မိန်းမတို့ကိုဖြစ်စေ, သို့မဟုတ် ထိုသူတို့ အား မချပြောကြားလတ္တံ့ ဖြစ်သောသူတို့၏ မိဘစသည်တို့ကို ဖြစ်စေ, သွားရောက်၍ ပြောပြခြင်းသည် ဝီမံသန, သွားရောက် ၍ ပြောဆိုသည့်အခါ ၎င်းတို့ထံမှ လက်ခံသည် မခံသည်ကို မူလ ခိုင်းရင်းပုဂ္ဂိုလ်အား ပြန်ကြား ပြောဆိုခြင်းသည် ပစ္စာ ဟရဏ မည်၏။

"သမာ ပဇ္ဇေယျာတိ သမ္ပာ ပဋိဂ္ဂဏှန ဝီမံသန ပစ္စာဟရ ဏာနိ ကရောန္တော အာပဇ္ဇေယျ"ဟူသော အဋ္ဌကထာ၌ "သမာ ပဇ္ဇေယျ" ဟူသော သံဝဏ္ဏေတဗ္ဗ၏ပဓာနသံဝဏ္ဏနာစကား "သမ္ပာ အာပဇ္ဇေယျ" သာတည်း။ ဤသံဝဏ္ဏနာဖြင့်"သမာပဇ္ဇေယျ"ဟူ

(ဆင့်မအကြိမ်)

သော သံဝဏ္ဏေတဗ္ဗကို "သံအာပဇ္ဇေယျ" ဟု ပဒစ္ဆေဒပြု။ သံ ကား သမ္ဘာအနက်ရှိသည်ဟု ပြ၏။ "ပဋိဂ္ဂဏှာန, ဝိမံသန, ပစ္စာ ဟရဏာဒိ ကရောန္တော"ကား "သမာပဇ္ဇေယျ"ဒွေ သမာပဇ္ဇ နာကာရကို ပြဆိုသော ပရိဝါရစကားမျှသာတည်း။ ထိုကြောင့် ပဋိဂ္ဂဏှာန စသည်တို့၏ သမာပဇ္ဇနာကာရ အဖြစ်ကို ရည်ရွယ်၍ ဤမေးခွန်းကို ထုတ်လိုက်သည်။ သမ္ဘာကို ပဋိဂ္ဂဏှာနစသည်တို့နှင့် စပ်က အဖြေမှန်ရမည်ကြောင့် ဤအမှားကိုထည့်လိုက်သည်။

---

၁၆၅။ မေး (က) "ဣတ္ထိယာဝါ ပုရိသမတိ ပုရိသဿဝါ ဣတ္ထိမတိ" ဟူသော ပဒဒွယကို "ဇာယတ္တနေဝါ ဇာရတ္တနေဝါ" ဟူသော ပဒဒွယနှင့် သင့်သလို စပ်လျက် ပေါ်ထွက်လာသော အဓိပ္ပါယ်ကိုရင်း, (ခ) "ဣတ္ထိယာဝါ ပုရိသမတိ ဇာယတ္တနေဝါ ဇာရတ္တနေဝါ၊ ပုရိသဿဝါ ဣတ္ထိမတိ ပတိဘာဝေဝါ ဇာရ ဘာဝေဝါ"ဟု စပ်ယှဉ်လိုက်ပါက ရသင့်သော အဓိပ္ပါယ်ကိုရင်း ဖော်ပြပါ။

၁၆၅။ ဖြေ (က) "ဣတ္ထိယာဝါ ပုရိသမတိ ဇာယတ္တနေ ဝါ ပုရိသဿဝါ ဣတ္ထိမတိ ဇာရတ္တနေ ဝါ"ဟု စပ်လျက် ယောကျ်ား၏ အလိုကို မိန်းမအား "မယား ဖြစ်စေလို သောကြောင့်" ပြောကြားသည်။ မိန်းမ၏အလိုကို ယောကျ်ား အား "လင် ဖြစ်စေလိုသောကြောင့်" ပြောကြားသည်ဟု အဓိပ္ပါယ်ရပါသည်။

(ခ) "ဣတ္ထိယာဝါ ပုရိသမတိ ဇာယတ္တနေဝါ ဇာရတ္တ နေဝါ"ဟု စပ်သည့်အခါ ယောကျ်ား၏ အလိုကို မိန်းမအား အမြဲတန်း မယားဖြစ်ရန် ခေတ္တ မယား ဖြစ်ရန် အတွက် ပြော ကြားသည်ဟု အဓိပ္ပါယ်ရပါသည်။

(ဆဋ္ဌမအကြိမ်)

"ပုရိသဿ ဝါ ဉတ္တိမတိ ပတိဘာဝေ ဝါ ဇာရဘာဝေ ဝါ" ဟု စပ်သည့်အခါ မိန်းမ၏အလိုကို ယောကျ်ားအား အမြဲတန်း လင်ဖြစ်ရန် ခေတ္တလင်ဖြစ်ရန် အတွက် ပြောကြားသည်ဟု အဓိပ္ပါယ်ရသည်။

---

၁၆၆။ မေး "အန္တမသော တံခဏိကာယ"ဟူသော စကား သည် ယောကျ်ား၏ အလိုကို မိန်းမအား ပြောဆိုမှုနှင့်သာ ဆိုင်ရကား မုဟုတ္တိကာ ဘဝိဿသိဟု ဉတ္တိမတိကို ပုရိသအား ပြောကြားမှုမှာ သံဃာဒိသေသ်၏ အရာမဟုတ်ဟု မှတ်ရမည် လော ဆုံးဖြတ်ပါ။

၁၆၆။ ဖြေ တံခဏိကာယပိ ဟူသောစကားမှာ ဖြစ်ပေါ် လာသော အကြောင်းဝတ္ထု အားလျော်စွာ ဟောတော်မူအပ် သည့် နိဒဿန စကားမျှသာ ဖြစ်ရကား ထိုစကားဖြင့် တံခဏိ ကဿပိ ဟူသော နိဒဿိတဗ္ဗကိုလည်း ညွှန်ပြလေသည် ဖြစ်သော ကြောင့် "ဉတ္တိမတိ-ကို ပုရိသအား ပြောကြားသည့် အတွက် လည်း သံဃာဒိသေသ်မှ မလွတ်နိုင်ပါ"။

"ဤကွင်း" အတွင်းပါ စကားလောက်သာ ဖြေကလည်း ပြီးနိုင်သည်ပင်။

ဉတ္တိမတိ၊ မိန်းမ၏ အလိုဆန္ဒ။

---

၁၆၇။ မေး (က) သဉ္စရိတ္တသိက္ခာပုဒ်တို့၏ နိဒါန-ပုဂ္ဂလ- ဝတ္ထုနှင့် အနုပညတ်တို့ကို ဖော်ပြ၍ (ခ) ရဟန်း၏ အောင်

သွယ်မှုမှာ အကျိုးမပြီး အချည်းနှီးဖြစ်ပါက အောင်သွယ်လုပ်သောရဟန်းမှာ အာပတ် သင့်ပါသေးသလော ဆိုးဖြတ်ပါ။

၁၆၇။ ဖြေ (က) နိဒါန်-သာဝတ္ထိပြည်၊ ပုဂ္ဂလ- ဥဒါယိထေရ်၊ ဝတ္ထု- အောင်သွယ်လုပ်မှု၊ အနုပညတ်- အန္တမသော တင်္ခဏိကာယပိ။

(ခ) အကျိုးပြီးခြင်း မပြီးခြင်းမှာ လိုရင်းပမာဏမဟုတ်၊ အောင်သွယ်လုပ်ခြင်းသာ လိုရင်းပမာဏဖြစ်သဖြင့် အကျိုးပြီးသည်ဖြစ်စေ,မပြီးသည်ဖြစ်စေ အောင်သွယ်လုပ်ပါက သဥ္စရိတ္တသံဃာဒိသေသ်မှ မလွတ်သည်သာတည်း။

---

၁၆၈။ မေး (က) မိန်းမ ယောကျ်ားတို့၏ အလိုကို ပြောဆိုပါမည်ဟု ဝန်ခံပြီးနောက် မိမိကိုယ်တိုင် သွားရောက်၍ မပြောကြားဘဲ သူတပါးကို အပြောခိုင်းပါက သဥ္စရိတ္တသိက္ခာပုဒ်ဖြင့် အာပတ် သင့် မသင့်ကို ဆိုးဖြတ်၍ (ခ) သဥ္စရိတ္တအမှု၌ ပဋိဂ္ဂဏှန, ဝီမံသန, ပစ္စာဟရဏ အင်္ဂါ ၃-ချက်တွင် တချက် ၂-ချက် ငြိစွမ်းသော ရဟန်းမှာ အဘယ် အာပတ်သင့်ပါသနည်း။

၁၆၈။ ဖြေ (က) အကြင်သူအား အပြောခိုင်း၏၊ ထိုသူသည် မချွတ်မုချ သွားရောက်ပြောဆိုမည့်သူဖြစ်ပါက သဥ္စရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်သင့်ပါသည်။

(ခ) အင်္ဂါတချက် အတွက်- ဒုက္ကဋ်၊ ၂-ချက် အတွက် ထုလ္လစ္စည်း သင့်ပါသည်။

(ဆန္ဒမအာကြိမ်)

၁၆၉။ မေး (က) သဉ္စရိတ္တ သိက္ခာပုဒ်၏ အင်္ဂါများကို ပြဆို၍ (ခ) ထိုသိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ်ခွင့်ရသော ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ထုတ်ပါ။

၁၆၉။ ဖြေ (က) အင်္ဂါများကား ၁-ယေသံမနုဿဇာတိကတာ၊ အောင်သွယ်ပေးအပ်သူတို့၏ လူဇာတ်ရှိသူများဖြစ်ခြင်း, ၂-အလံဝစနီယတာ၊ အောင်သွယ်စကား ပြောကြားခွင့်ရှိခြင်း, ၃-ပဋိဂ္ဂဏှနာ၊ ဝန်ခံခြင်း, ၄-ဝီမံသနာ၊ သွားရောက်စုံစမ်း မေးမြန်းခြင်း, ၅-ပစ္စာဟရဏ၊ တဖန်ခိုင်းသူထံ ပြန်ပြောခြင်း, ပေါင်း ၅-ပါး။

(ခ) ရတနာသုံးပါးနှင့် စပ်သောကိစ္စဖြင့် သွားရောက်ပြောဆိုသောရဟန်း, ဥမ္မတ္တကစသော ရဟန်းတို့မှာ ဤသိက္ခာပုဒ်အရ အာပတ်မှ လွတ်ကြကုန်၏။

ဤသိက္ခာပုဒ်သည် အသာဓာရဏ ပညတ်, သာဏတ္တိက, ဆသမုဋ္ဌာန,ကိရိယ,နောသညာဝိမောက္ခ, အစိတ္တက, ပဏ္ဏတ္တိဝဇ္ဇ, ကာယကမ္မ, ဝစီကမ္မ, တိစိတ္တ, တိဝေဒနာတည်း။

**အင်္ဂါအတွက် ကျက်မှတ်ရန် ဆောင်ပုဒ်**

အောင်သွယ်အပ်ပြား၊ မ,နှင့်ကျားတို့၊ လူသားဖြစ်ကြ၊
ကြားကရွက်ဆောင်၊ အောင်သွယ်ခွင့်ရှိ၊ပဋိ,ဝီမံ၊တဖန်
ပစ္စာ၊ သုံးဖြာထည့်လေ၊အင်္ဂါးထွေ၊မှတ်လေသဉ္စရိတ်။

ပဥ္စမသံဃာဒိသေသ်ပြီး၏။

---

## ဆဋ္ဌသံဃာဒိသေသ်

၁၇၀။ မေး (က) ကုဋိကာရ သိက္ခာပုဒ်လာ သံယာစိကာယ၌ သံသဒ္ဒါ၏ အနက်ကို ညွှန်းပြ၍ (ခ) ဉာတိပဝါရိတ

(ဆဋ္ဌမအကြိမ်)

မဟုတ်သူထံ စူး့ဆောက်-စသော ပရပရိဂ္ဂဟိတဥစ္စာကို တောင်းရာ၌ မူလစ္ဆေဒ, တာဝကာလိကဟူသော တောင်းခြင်း ၂-မျိုးတို့တွင် အဘယ်အမျိုးသာ ရဟန်းတို့အား အပ်စပ်သည်ကို ပြဆိုပါ။

**၁၇၀။** ဖြေ (က) သံသဒ္ဒါသည် "အတ္တ၀ါစက"မိမိကိုယ်တိုင်ဟူသော အနက်ကို ဟောပြပါသည်။

(ခ) တာဝကာလိက ယာစနာမျိုးသာ ရဟန်းတို့အား အပ်စပ်ပါသည်။

မူလစ္ဆေဒယာစနာ၊ အပြီးအပိုင် တောင်းခြင်း။
တာဝကာလိက ယာစနာ၊ ခေတ္တခဏငှားရမ်းခြင်း။

---

**၁၇၁။** မေး ဉာတိပဝါရိတ မဟုတ်သူကို ကျောင်းဆောက်ခြင်း စသော ကိစ္စ၌ ကူညီပြုလုပ်၍ ပေးရန် ခိုင်းကောင်း မခိုင်းကောင်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

**၁၇၁။** ဖြေ ခိုင်းကောင်းပါ၏၊ အကြောင်းကား ကူညီပြုလုပ်၍ပေးပါ ဟူသော စကားမျိုးမှာ "ဟတ္ထကမ္မ" လက်အမှုကို တောင်းဆိုခြင်းသာ ဖြစ်၏။ လက်အမှု ဟူသည်မှာလည်း တစုံတခု ဝတ္ထုပစ္စည်းမဟုတ်ပါ၊ ထိုကြောင့် ထိုဟတ္ထကမ္မယာစနအမှုအတွက် အပြစ်တစုံတရာ မရှိနိုင်ပါ။

---

**၁၇၂။** မေး (က) ကုဋိကာရ သိက္ခာပုဒ်၌ လာသော ကုဋိအမျိုးအစားကို အဓိပ္ပါယ်နှင့်တကွ ပြဆို၍ (ခ) "ကာရယမာနေန"ဟု ဆိုသဖြင့် သူတပါးကိုပြုစေမှုသာ အာပတ် သင့်

(ဆင့်မအကြိမ်)

သည် မိမိကိုယ်တိုင် ပြုခြင်းကြောင့်ကား အာပတ် မသင့်ဟု မှတ်ရမည်လော ဆုံးဖြတ်ပါ။

၁၇၂။ ဖြေ (က) ကုဋိသည် ၁-ဥလ္လိတ္တာ, ၂-အဝလိတ္တာ, ၃-ဥလ္လိတ္တာ-ဝလိတ္တာဟု ၃-မျိုး ရှိပါသည်၊ ထိုတွင် အမိုး၏ အတွင်းဘက်၌သာ လိမ်းကျံခွင့် ရှိသမျှ "ဘိတ္တိ,ဆဒန" ဟူသော လေပေါက်သတို့၌ အင်္ဂတေမြေညက်တို့ဖြင့် လိမ်းကျံအပ်သော ကုဋိမျိုးသည် ဥလ္လိတ္တာ, ဤနည်းအတိုင်း အမိုး၏အပြင်ဘက်၌သာ လိမ်းကျံအပ်သော ကုဋိမျိုးသည် အဝလိတ္တာ, အတွင်းအပ နှစ်ဌာနလုံးတို့၌ လိမ်းကျံအပ်သော ကုဋိမျိုးသည် ဥလ္လိတ္တာ-ဝလိတ္တာ မည်ပါသည်။

(ခ) "ကာရယမာနေန"ဟူသော ပါဌ်ဖြင့် ကိုယ်တိုင်ပြုခြင်း ဟူသော အနက်ကိုလည်း သာမတ္ထိယအားဖြင့် ပြလေသည်ဖြစ်ရကား ကိုယ်တိုင် ပြုခြင်းကြောင့် လည်း ကုဋိကာရအာပတ်မှ မလွတ်ပါ။

ဘိတ္တိ+နံရံ။ ဆဒန+အမိုး။ လေပေါကာသ+လိမ်းကျံခွင့် ရှိရာအရပ်။

---

၁၇၃။ မေး (က) "အဿာမိကံ"၌ သာမိ ဟူသည် အဘယ်နည်း၊ အတ္တုဒ္ဒေသ ပုဒ်ကို ဝိဂ္ဂဟပြု အနက်ကောက်၍ (ခ) ကုဋိကာရ သိက္ခာပုဒ်လာ ကုဋိ၏ အလျားအနံ ပမာဏကို မဇ္ဈိမပုရိသ ပကတိပုရိသတို့၏ပမာဏဖြင့် တွက်ချက်၍ပြပါ။

၁၇၃။ ဖြေ (က) ကျောင်းဒါယကာကို သာမိဆိုပါသည်၊ ဥဒ္ဒိသိတဗ္ဗောတိ ဥဒ္ဒေသော (အတ္တာ)၊ အတ္တာ ဥဒ္ဒေသော ဧတိဿာတိ အတ္တုဒ္ဒေသာ(ကုဋိ)။

(ခ) အလျားပမာဏ- မဇ္ဈိမပုရိသ ၁၈-တောင်, ပကတိပုရိသ ၂၇-တောင် ရှိပါသည်။

အနံပမာဏ- မဇ္ဈိမပုရိသ ၁၀-တောင်နှင့် တထွာ, ပကတိပုရိသ ၁၅-တောင်နှင့် ၁၈-လက်သစ် ရှိပါသည်။

---

၁၇၄။ မေး ကုဋိကာရ သိက္ခာပုဒ်လာ ကုဋိ၏ပမာဏမှာ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား အနံ ပတ်ပတ်လည် ၃၈-ထွာရှိရာ အလျား အနံ ပမာဏအားဖြင့် ၉-ထွာနှင့် ၆-လက်သစ်စီ အညီအမျှထားခါ ၃၈-ထွာ ပတ်ပတ်လည်ပင်ရှိသော ကုဋိကိုဆောက်လုပ်ပါက ဤသိက္ခာပုဒ်အရ အပြစ်ရှိပါဦးမည်လော အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၁၇၄။ ဖြေ အပြစ်ရှိပါသည်၊ အကြောင်းမှာ ၉-ထွာနှင့် လက် ၆-သစ်စီ အညီအမျှ ထားခြင်းဖြင့် အလျားအတွက် (ခွင့်ပြုတော်မူအပ်သော ၁၂-ထွာပမာဏအောက်ပင် လျော့၍ နေသေးသဖြင့်) အပြစ်မရှိသော်လည်း အနံအတွက်မှာ ခွင့်ပြုတော်မူရင်း ၇-ထွာထက် ပိုလွန်၍ နေသောကြောင့် အပြစ်ရှိပါသည်။

အလျားကိုလျော့၍ အနံကိုတိုးမှု အနံကိုလျော့၍ အလျားတိုးမှုတို့အတွက် ဤသိက္ခာပုဒ်ဖြင့် အပြစ်မလွတ်ပါ။
(ဆရာမအကြိမ်)

၁၇၅။ မေး (က) အလျားအတောင် ၆၀, အနံ မဇ္ဈိမ ပုရိသ ၃-တောင်ရှိသော ကုဋိကို ဆောက်လုပ်မှုအတွက် ကုဋိကာရသိက္ခာပုဒ်ဖြင့် အာပတ်မှလွတ်ပါမည်လော။ (ခ) "ဘိက္ခု အဘိနေတဗ္ဗာ"အရ မည်မျှ အရေအတွက်ရှိသော ရဟန်းတို့ကို ပင့်ဆောင်ရမည်ကိုလည်း ပြဆိုပါ။

၁၇၅။ ဖြေ (က) အလျားအတောင် ၆၀,အနံ မဇ္ဈိမ ပုရိသ ၃-တောင်ရှိသော ကုဋိမျိုးမှာ ကုဋိဟူသော အရေအတွက် တွင် မပါဝင်သော ကုဋိမျိုးဖြစ်၍ ဆောက်လုပ်မှုအတွက် အပြစ် မရှိပါ။

(ခ) သံဃပရိယာပန္န ရဟန်းအားလုံးတို့ကိုသော်၎င်း, ဥတ္တိ ဒုတိယ (သို့မဟုတ်) အပလောကနကံဖြင့် သံဃာကသမုတ်အပ် သော "သံဃသမ္မတ" နှစ်ပါး သုံးပါးသော ရဟန်းတို့ကို သော်၎င်း ပင့်ဆောင်ရပါမည်။

---

၁၇၆။ မေး ကုဋိကာရသိက္ခာပုဒ်လာ "အနာရမ္ဘံ"ဟူ သောပုဒ်ကို "တေရသဟိ သောဠသဟိ ဥပဒ္ဒဝေဟိ ဝိရဟိ တတ္တာအနာရမ္ဘံ"ဟု အဋ္ဌကထာဖွင့်ဆိုရာ၌ တေရသ, သောဠသ, ဥပဒ္ဒဝတို့၏သရုပ်ကို ဖော်ထုတ်ရေတွက်လိုက်ပါ။

၁၇၆။ ဖြေ တေရသသရုပ်ကား- ၁-ပိုးရွတို့၏ နေရာဖြစ် ခြင်း, ၂-ခြ, ၃-ကြွက်, ၄-မြွေ, ၅-ကင်းမြီးကောက်, ၆-ကင်းခြေ များ, ၇-ဆင်, ၈-ခြင်္သေ့, ၉-ကျား, ၁၀-သစ်, ၁၁-ဝံ, ၁၂-အောင်း, ၁၃-အမှတ်မရှိသော တိရစ္ဆာန်တို့၏နေရာဖြစ်ခြင်း, ပေါင်း ၁၃-ပါး။

[(ဆဋ္ဌမအကြိမ်)]

သော့ဋ္ဌသသရုပ်ကား- ၁-ကောက်ခင်းကိုမှီခြင်း, ၂-ပဲခင်း, ၃-ဒွတ္တိ သကမ္မကရဏကို ပြုရာအရပ်, ၄-လက်ခြေ စသည်ကို ဖြတ်ရာအရပ်, ၅-သုသာန်, ၆-ဥယျာဉ်, ၇-မင်း၏နေရာစံနန်း, ၈-ဆင်တင်းကုပ်, ၉-မြင်းတင်းကုပ်, ၁၀-နွားခြံအိမ်, ၁၁-သေတင်းကုပ် (ဘုံဆိုင်), ၁၂-နွားသတ်ရုံ, ၁၃-လမ်းသုံးသွယ်တို့၏ အဆုံ, ၁၄-လမ်းလေးသွယ်တို့၏ အဆုံ, ၁၅-အိမ်ဈေးသဘင်, ၁၆-ထုတ်ချင်းမထွင်းသောခရီးကိုမှီခြင်း, ပေါင်း ၁၆-ပါး။

(အရကျက်ရန်လိုသည်)

---

၁၇၇။ မေး (က) "သပရိက္ကမန်"အရ ဘယ်ပုံလှည့်လည်ရမည်ကို ဖော်ပြ၍ (ခ) "ဝတ္ထုဒေသသတဗ္ဗ"အရ ဒေသကရဟန်းတို့သည် အဘယ်နေရာကနေ၍ အဘယ်ကံဖြင့် ဒေသနာပြုရမည်ကိုလည်း ဆုံးဖြတ်ပါ။

၁၇၇။ ဖြေ (က) လှည်းဘီးတခုကို တံစက်မြိတ်ရေကျရာအရပ်၌ ထား၍ အခြားလှည်းဘီးတခုကို အပြင်ဘက်က ထားကာ လှည့်လည်ရပါသည်။

(ခ) ကုဋိဝတ္ထုဒေသနာကံကိုပြုရန်အတွက် သံဃာလုံလောက်ပါလျှင် ထိုကုဋိဆောက်မည့်နေရာ၌ပင် ဉတ္တိဒုတိယကံဖြင့် ဒေသနာအမှုကို ပြုရပါမည်။ သံဃာ မလုံလောက်ပါလျှင် ကုဋိဆောက်လုပ်မည့် ရဟန်းက သံဃာရှိရာသို့သွား၍ တောင်းပန်လျှောက်ထားကာ သံဃာက မိမိနေရာကပင် ဉတ္တိဒုတိယကံဖြင့် ကုဋိဝတ္ထုဒေသနာအမှုကို ပြုရပါမည်။

(ဆဋ္ဌမအကြိမ်)

၁၇၈။ **မေး** ကုဋိကာရသိက္ခာပုဒ်၏ နိဒါန်-ပုဂ္ဂလ-ဝတ္ထု တို့ကို ညွှန်းပြ၍ (က) အဒေသိတ ဝတ္ထုက,ပမာဏိက,သာရမ္ဘ, အပရိက္ကမန (ခ) ဒေသိတ ဝတ္ထုက, ပမာဏာတိက္ကန္တ, အနာရမ္ဘ, အပရိက္ကမန (ဃ) အဒေသိတဝတ္ထုက,ပမာဏာတိက္ကန္တ, သာရမ္ဘ, အပရိက္ကမန ကုဋိတို့ကို ဆောက်လုပ်မှုအတွက် သင့်ရောက်သော အာပတ်များကိုလည်း ပြဆိုပါ။

၁၇၈။ **ဖြေ** နိဒါန်-အာဠဝီပြည်၊ ပုဂ္ဂလ-အာဠဝီတိုင်းသား ရဟန်းများ၊ ဝတ္ထု-သံယာစိတကုဋိကို ဆောက်လုပ်မှု။

(က) သံဃာဒိသေသ်တချက် ဒုက္ကဋ်၂-ချက်။
(ခ) သံဃာဒိသေသ်တချက် ဒုက္ကဋ်၂-ချက်။
(ဂ) သံဃာဒိသေသ် ၂-ချက်, ဒုက္ကဋ်တချက်။
(ဃ) သံဃာဒိသေသ် ၂-ချက်, ဒုက္ကဋ် ၂-ချက်။
ဖြစ်ပါသည်။

---

၁၇၉။ **မေး** (က) ဒေသိတဝတ္ထုကပမာဏာတိက္ကန္တ ကုဋိကို ဆောက်လုပ်သောရဟန်း (ခ) အဒေသိတဝတ္ထုက ပမာဏိကကုဋိကိုဆောက်လုပ်သော ရဟန်းတို့မှာ သံဃာဒိသေသ် ချည်း သင့်ကြသည်ဖြစ်ရာ ၎င်းရဟန်း ၂-ပါး အချင်းချင်းတို့ အာပတ်ကို ဒေသနာ ကြားကောင်း ခံကောင်းပါမည်လော အကြောင်းနှင့်တကွ ဆုံးဖြတ်ပါ။

(ဆဋ္ဌမအကြိမ်)

၁၇၉။ ဖြေ ဒေသနာကြားကောင်း ခံကောင်းပါသည်။ အကြောင်းကား- ထိုသံဃာဒိသေသ် အာပတ်တို့မှာ အာပတ်သင့်ကြောင်း ဝတ္ထုအားဖြင့် တခြားစီဖြစ်သောကြောင့်ပါတည်း။

ဝတ္ထုသဘာဂ အာပတ်ကိုသာ ဒေသနာ မကြားကောင်း မခံကောင်းသည်။ အာပတ္တိသဘာဂ အာပတ်ကိုကား ဒေသနာကြားခြင်း ခံခြင်းကြောင့် အပြစ်မရှိ။

---

၁၈၀။ မေး (က) ကုဋိကာရ သိက္ခာပုဒ်၏ အင်္ဂါများကို ဖော်ပြ၍ (ခ) ဤသိက္ခာပုဒ်ဖြင့် အာပတ်မှ လွတ်ခွင့်ရသော ပုဂ္ဂိုလ်မျိုးကိုလည်း ပြဆိုပါ။

၁၈၀။ ဖြေ (က) အင်္ဂါများကား– ၁-ဥလ္လိတ္တာဒီနံ အညတရတာ၊ ဥလ္လိတ္တစသော ကုဋိမျိုးတို့တွင် တမျိုးမျိုးဖြစ်ခြင်း, ၂-ဟေဋ္ဌိမပ္ပမာဏ သမ္ဘဝေါ၊ အနံအားဖြင့် မဇ္ဈိမပုရိသ လေးတောင်ဟူသော ဟေဋ္ဌိမပ္ပမာဏရှိခြင်း, ၃-အဒေသိတ ဝတ္ထုကတာ၊ မပြောကြားအပ်သော ကုဋိနေရာရှိခြင်း, ၄-ပမာဏာတိက္ကန္တတာ၊ ခွင့်ပြုတော်မူအပ်သော အလျားအနံ ပမာဏကို လွန်ခြင်း, ၅-အတ္တုဒ္ဒေသိကတာ၊မိမိဟူသော ရည်စူးအပ်သူရှိခြင်း, ၆-ဝါသာဂါရတာ၊ မိမိတို့ နေရာ ကျောင်းဖြစ်ခြင်း, ၇-လေပဃဋ္ဋနာ၊ လိမ်းကျံမှု အချောကိုင်မှုတို့၏ အားလုံး ဆက်မိ စပ်မိခြင်း ပေါင်း ၇-ပါးတည်း။

အဒေသိတ ဝတ္ထုကတာနှင့် ပမာဏာတိက္ကန္တတာ ၂-ပါးတွင် တပါးပါးကိုသာ ယူရပါက ဆဋ္ဌင်ဖြစ်၏။

(ဆန္ဒမအကြိမ်)

(ခ) မိမိဆောက်လုပ်၍ မပြီးသေးသော ကုဋိကို သူတပါးအား ပေးပစ်လိုက်သောရဟန်း, ကုဋိရာမြေကို ပကတိမြေနှင့် ညီမျှအောင်ပြုလုပ်၍ ဖျက်ဆီးပစ်သော ရဟန်း, လိုဏ်ဂူ စသည်ဖြင့် ပြီးသောဂူ- မြက်မိုးသောကျောင်း- သစ်ရွက်မိုးသော ကျောင်းတို့တွင် တမျိုးမျိုးကို ပြုလုပ်စေသောရဟန်း, သူတပါး နေဘို့ရာဖြစ်စေ- နေဘို့ရာ ကျောင်းမျိုးမဟုတ်သဲ ဥပုသ်စသည် ပြုလုပ်ဘို့ရာဖြစ်စေ ကုဋိကိုဆောက်လုပ်သော ရဟန်း, ဥမ္မတ္တက စသော ရဟန်းတို့မှာ ဤသိက္ခာပုဒ်အရ အာပတ်မှ လွတ်ကြကုန်၏။

**အင်္ဂါအတွက် ကျက်မှတ်ရန် ဆောင်ပုဒ်**

ဥလ္လိတ္တာဒိ၊ ကုဋိမျိုးတွင်၊ ပါအဝင်ဖြစ်၊ ဟေဋ္ဌိမန္တ၊ ပမာဏနှော၊ မပြောကြားအပ်၊ ရှိလတ်ဝတ္ထု၊ ခွင့်ပြုအပ်ထ၊ ပမာဏ ကျော်၊ ရည်ရော်အပ်သူ၊ ဟူလေမိမိ၊ ရှိသည်တဖြာ၊ ကိုယ့်နေရာ လည်း၊ မှန်စွာဖြစ်လတ်၊ စပ်စေလေပ၊ အင်သတ္တ၊ မှတ်ကြ သရုပ်သန့်ချွတည်း။

ဤသိက္ခာပုဒ်သည် ဆသမုဋ္ဌာန, ရံခါ ကိရိယ ရံခါ ကိရိယာ ကိရိယ, နောသညာဝိမောက္ခ,အစိတ္တက, ပဏ္ဏတ္တိဝဇ္ဇ,ကာယကမ္မ, ဝစီကမ္မ, တိစိတ္တ, တိဝေဒနာတည်း။

ရံခါကိရိယာ ရံခါကိရိယာ ကိရိယဖြစ်ပုံကား-

ကုဋိရာကိုပြောစေ၍ ပမာဏ တိက္ကန္တ ကုဋိကိုပြုသောရဟန်းမှာ မပြုရမည့် ပမာဏာတိက္ကမနအမှုကိုပြုခြင်း"ကိရိယ"ကြောင့် ဖြစ်၏။ ကုဋိရာကို မပြောကြားစေဘဲ ပမာဏာတိက္ကန္တ ကုဋိကို ပြုသောရဟန်းမှာ ပြုရမည့် ကုဋိဝတ္ထုဒေသာပန အမှုကိုမပြု၊ မပြုရမည့် ပမာဏာတိက္ကမနအမှုကို ပြုခြင်း"ကိရိယာ ကိရိယ"ကြောင့် ဖြစ်၏။

ဆဋ္ဌသံဃာဒိသေသ်ပြီး၏။

(ဆဋ္ဌမအကြိမ်)

## သတ္တမ သံဃာဒိသေသ်

၁၈၁။ မေး သံဃာဒိသေသ် ဝိဟာရကာရ သိက္ခာပုဒ်၌ မဟန္တဘော ဂုဏ်ရှိသောကြောင့် မဟလ္လကဆိုရာ အဘယ်ထက် မဟန္တဖြစ်သည်တို့ကို ပြဆိုပါ။

၁၈၁။ ဖြေ သံဃာစိတ ကုဋိထက် မဟန္တ ဖြစ်ပါသည်။ သဿာမိကဘာဝ "ကျောင်းရှင် ဒါယကာ ရှိခြင်းတည်းဟူသော အကြောင်း" ပမာဏ မဟန္တတာ "ပမာဏအားဖြင့် ကြီးမားသည်၏ အဖြစ်တည်းဟူသော အကြောင်း" ဤအကြောင်း ၂-ပါးအားဖြင့် မဟန္တ ဖြစ်ပါသည်။

---

၁၈၂။ မေး (က) ဝိဟာရကာရသိက္ခာပုဒ်၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထုတို့ကို ညွှန်းပြ၍ (ခ) ကုဋိကာရသိက္ခာပုဒ်မှ ထူးသော ဝိဟာရကာရ သိက္ခာပုဒ်၏ ဝိသေသ ဌာနကိုလည်း ပြဆိုပါ။

၁၈၂။ ဖြေ (က) နိဒါန် - ကောသမ္ဗီပြည်၊ ပုဂ္ဂလ - ဆန္နထေရ်၊ ဝတ္ထု-လူတို့ အမြတ်တနိုး ကိုးကွယ်ပူဇော်အပ်သော သစ်ပင်ကြီးကို ခုတ်လှဲည်းစေမှု။

( ခ ) အကိရိယ သမုဋ္ဌာန်ကြောင့်သာဖြစ်ခြင်း, သံဃာဒိသေသ် တမျိုးတည်းသာရှိခြင်းတို့မှာ ဤသိက္ခာပုဒ်၏ ဝိသေသ ဌာနများ ဖြစ်ပါသည်။

သတ္တမ သံဃာဒိသေသ်ပြီး၏။

(ဆဋ္ဌမအကြိမ်)

## အဋ္ဌမသံဃာဒိသေသ်

၁၈၃။ မေး (က) သံဃာဒိသေသ် ပထမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ ဒုဋ္ဌ-ဒေါသ-ပုဒ်တို့၏ ဝစနတ္ထ အသီးသီးတို့၌ ဒူသိတ ဒူသက ဖြစ်ထိုက်သည်တို့ကို ကောက်ပြ၍ (ခ) တဦးတည်းသော ဒေါသသမင်္ဂီပုဂ္ဂိုလ်ကို ဒုဋ္ဌဟူ၍ငင်း, ဒေါသဟူ၍ငင်း ခေါ်ဆို ရခြင်း၏ အကြောင်းကိုလည်း ပြဆိုပါ။

၁၈၃။ ဖြေ (က) ၁-ဒူသိယတီတိ ဒုဋ္ဌော၊ ၂-ဒူသေတီတိ ဒေါသော၊ ၁-အမှတ်ဝစနတ်၌ ဒူသိတကား ဒေါသသမင်္ဂီ ပုဂ္ဂိုလ်, ဒူသကကား- ဒေါသတရားတည်း၊ ၂-အမှတ်ဝစနတ်၌ ဒူသိတကား-ဒေါသသမင်္ဂီ ပုဂ္ဂိုလ်၏ ဖျက်ဆီးမှု စော်ကားမှုကို ခံရသော အခြားပုဂ္ဂိုလ်တည်း၊ ဒူသကကား— ဒေါသသမင်္ဂီ ပုဂ္ဂိုလ်တည်း။

(ခ) တဦးတည်းသော ဒေါသသမင်္ဂီ ပုဂ္ဂိုလ်ကိုပင် ဒေါသ တရား၏ အနှိပ်စက် အဖျက်အဆီးကို ခံရသောကြောင့် ဒုဋ္ဌ, ဒေါသထွက်လျက် သူတပါးကို ဖျက်ဆီးစော်ကားတတ်သော ကြောင့် ဒေါသဟု အာကာရ နာနတ္တအားဖြင့် ခေါ်ဆိုရပါ သည်။

---

၁၈၄။ မေး (က) ဒေါသသမင်္ဂီ ပုဂ္ဂိုလ်ကို အဘယ်ကြောင့် အပ္ပတီတ ဆိုပါသနည်း၊ (ခ) "အမူလကေန ပါရာဇိကေန မမွေန"၌ မူလ၏အရကိုလည်း ကောက်ပြပါ။

(ဆဋ္ဌမအကြိမ်)

၁၈၄။ ဖြေ (က) ဒေါသသမင်္ဂီ ပုဂ္ဂိုလ်၏ သန္တာန်မှာ ပီတိသုခဘို့ မကပ်ကြသောကြောင့် ဒေါသသမင်္ဂီ ပုဂ္ဂိုလ်ကို အပ္ပတိတဆိုပါသည်။

(ခ) မူလတို့ကား ဒဿန - မြင်ခြင်း, သဝန - ကြားခြင်း, ပရိသင်္ကိတ-ယုံမှားသက်ာရှိခြင်းတို့ ဖြစ်ပါသည်။

---

၁၈၅။ မေး သံဃာဒိသေသ် ပထမဒုဌဒေါသ သိက္ခာပုဒ်၌ "အနုဒ္ဓံသေယျ" ပါဌ်နှင့်စပ်၍ သိအပ်သော စောဒနာ ၄-မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

၁၈၅။ ဖြေ စောဒနာ ၄-မျိုး ၁-ဝတ္ထုသန္ဒဿနာ, ၂-အာပတ္တိသန္ဒဿနာ, ၃-သံဝါသပ္ပဋိက္ခေပ, ၄-သာမိစိပ္ပဋိက္ခေပ, ပေါင်း ၄-မျိုး။ ထိုတွင်—

၁။ သင် မေထုန်မှီဝဲသည် စသည်ဖြင့် အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုကိုဖော်ပြ၍ စောဒနာခြင်းသည် ဝတ္ထုသန္ဒဿနာ မည်၏။

၂။ သင်မေထုနဓမ္မအာပတ်သို့ ရောက်သည် စသည်ဖြင့် အာပတ်ကိုဖော်ပြ၍ စောဒနာခြင်းသည် အာပတ္တိသန္ဒဿနာ မည်၏။

၃။ ကံကြီး ကံငယ်ဟူသော သံဝါသကို အတူတကွမပြုဘဲ ရှောင်လွှဲသောအားဖြင့် စောဒနာခြင်းသည် သံဝါသပ္ပဋိက္ခေပ မည်၏။

၄။ ရှိခိုးမှု ခရီးဦးကြိုဆိုမှု စသည်ကို မပြုမလုပ်ဘဲ နေသောအားဖြင့် စောဒနာခြင်းသည် သာမိစိပ္ပဋိက္ခေပ မည်၏။

(ဆန္ဒမအကြိမ်)

ဆောင်ပုဒ်

အာပတ်ကိုပြ၊ ဝဏ္ဏပြဘု၊ ပြမှုနှစ်သွယ်၊ သံဝါဖယ်ဘိ၊
သာမိစိဖြတ်၊ ဤလေးရပ်၊ သိအပ်စေဒနာ။

---

၁၈၆။ မေး သံဝါသပ္ပဋိက္ခေပ, သာမိစိပ္ပဋိက္ခေပ စောဒနာတို့၌ သံဝါသ, သာမိစိတို့ကို ပယ်ရုံမျှဖြင့် သံဃာဒိသေသ်သို့ ရောက်ပါသလား ဘယ်သို့ပြုမှ ရောက်ပါသနည်း။

၁၈၆။ ဖြေ သံဝါသ, သာမိစိတို့ကို ပယ်ရုံမျှဖြင့် မရောက်ပါ။ သင်ကား ရဟန်းမဟုတ် သင်နှင့်အတူ ကံကြီး ကံငယ်ကို မပြုနိုင်ဟု၎င်း, သင်ကား ရဟန်းမဟုတ် သင့်ကို ရှိခိုးမှုစသည်ကို မပြုနိုင်ဟု၎င်း, သင်ရဟန်းမဟုတ်ဟူသော စကားလုံးနှင့် တွဲဖက်၍ ပြောဆိုမှသာ သံဃာဒိသေသ်သို့ ရောက်ပါသည်။

---

၁၈၇။ မေး (က) သင်ရဟန်းမဟုတ်ဟူသော အဓိပ္ပါယ်ကို ကိုယ်အမူအရာ ကာယပယောဂဖြင့် ဖော်ပြလျက် အနုဒ္ဓံသန အမှုကိုပြုသော ရဟန်းမှာ သံဃာဒိသေသ် သင့်ပါမည်လော (ခ) စောဒနာရာ၌ စောဒကရဟန်း၏အလို "အဓိပ္ပါယ" အမျိုးအစားတို့ကို ဖော်ပြလျက် ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ လိုအပ်သော စောဒက အဓိပ္ပါယကိုလည်း ညွှန်းပြပါ။

၁၈၇။ ဖြေ (က) ကာယပယောဂဖြင့် ပြသောရဟန်းသည်လည်း သံဃာဒိသေသ်သို့ ရောက်သည်ပင် ဖြစ်ပါသည်။

(ခ) စောဒကာဓိပ္ပါယတို့ကား — ၁-စာဝနာဓိပ္ပါယ, ၂-အက္ကောသာဓိပ္ပါယ, ၃-ကမ္မာဓိပ္ပါယ, ၄-ဝုဋ္ဌာနာဓိပ္ပါယ, ၅-

(ဆန္ဒမအကြံ)

ဥပေါသထပနာ ဓိပ္ပါယ်, ၆-ပဝါရဏာထပနာ ဓိပ္ပါယ်, ၇-အနုဝိဇ္ဇနာ ဓိပ္ပါယ်, ၈-ဓမ္မကထာ ဓိပ္ပါယ်တို့တည်း။

စာဝနာ-ဓိပ္ပါယ် တမျိုးကိုသာ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ လိုအပ်ပါသည်။ ကြွင်း ၇-မျိုးကို မလိုပါ၊

"အပ္ပေဝ နာမ။လ။ စာဝေယျံ" ဟူသောစကားဖြင့် စာဝနာ ဓိပ္ပါယ် တခုမျှကိုယူ၍ ကြွင်းအဓိပ္ပါယ် ၇-မျိုးကို ပယ်သည်ဟူလို။

**ဆောင်ပုဒ်**

> အနုဝိဇ္ဇနာ၊ ဓမ္မကထာ၊ စာဝနာနှင့်၊ ဝုဋ္ဌာကမ္မ၊ အက္ကောသ ထုတ်၊ ဥပုသ်, ပဝါရဏာ၊ ဤရှစ်ဖြာ၊ မှတ်ပါစောဒက၊ ဓိပ္ပါယ။

---

၁၀၈။ **မေး** (က) ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌"ဘိက္ခုဉ္စဒေါသံ ပတိဋ္ဌာတိ" ဟူသော စကားအရ စောဒက ရဟန်းက မိမိအပြစ်ကို ဝန်ခံမှသာ သံဃာဒိသေသ်သို့ ရောက်ပါသလော၊ အဘယ် အခါ ရောက်ပါသနည်း။ (ခ) အဓိကရဏာဘေဒနှင့်တကွ (ဂ) "အမူလကဉ္စ တံ အဓိကရဏံ ဟောတိ" ၌ လိုအပ်သော အဓိကရဏာကိုလည်း ညွှန်းပြပါ။

၁၀၈။ ဖြေ (က) မိမိအပြစ်ကို ဝန်ခံမှသာ အာပတ်သို့ ရောက်သည် မဟုတ်ပါ။ စွပ်စွဲလိုက်ရာ ခဏကပင် အာပတ်သို့ ရောက်ပါသည်။

"ဘိက္ခုဉ္စ ဒေါသံ ပတိဋ္ဌာတိ" ဟူသောစကားမှာ အမူလက အဖြစ် ထင်ရှားရာကာလကို ပြခြင်းငှာသာ ဆိုသောစကားဖြစ်ပါသည်၊ အာပတ်သို့ ရောက်ရာကာလကို ပြသော စကားမဟုတ်ပါ။ (ဆဋ္ဌမအကြိမ်)

(ခ) အဓိကရဏာဘေဒ- ၁-ဝိဝါဒါဓိကရုဏ်း, ၂-အနုဝါဒါဓိကရုဏ်း, ၃-အာပတ္တာဓိကရုဏ်း, ၄-ကိစ္စာဓိကရုဏ်း, ပေါင်း ၄-ပါး။

(ဂ) ပါရာဇိက အာပတ်ဟူသော "အာပတ္တာ ဓိကရုဏ်း" ကိုသာ ဤ၌ လိုအပ်ပါသည်။

ဆောင်ပုဒ်

၁။ ဝိဝါ,နုဝါ၊ အာပတ္တာ၊ ကိစ္စာဓိကရုဏ်း။
၂။ အဓိကရဏ၊ စတုက္က၊ သိကြလေအားလုံး။

---

၁၈၉။ မေး (က) ပထမ ဒုဋ္ဌဒေါသသိက္ခာပုဒ်၏ နိဒါန်, ပုဂ္ဂလ, ဝတ္ထုတို့ကို ပြဆို၍ (ခ) အစွပ်စွဲခံရသော "စုဒိတက" ပုဂ္ဂိုလ်သည် ပါရာဇိကာပန္န အသုဒ္ဓ ဖြစ်ပါက စောဒကရဟန်းမှာ သံဃာဒိသေသ်သို့ ရောက်ပါသေးသလော ဆိုးဖြတ်ပါ။

၁၈၉။ ဖြေ (က) နိဒါန် - ရာဇဂြိုဟ်ပြည်၊ ပုဂ္ဂလ-မေတ္တိယဘုမ္မဇက ရဟန်းများ၊ ဝတ္ထု-အခြေအမြစ် မရှိသော ပါရာဇိကဖြင့် အရှင်ဒဗ္ဗကို စွပ်စွဲမှု။

(ခ) စုဒိတကပုဂ္ဂိုလ်က အသုဒ္ဓ ဖြစ်စေကာ စုဒိတက ပုဂ္ဂိုလ်၌ မိမိစွပ်စွဲအပ်သော ပါရာဇိက မရှိမှန်းသိလျက် သက်သက် စောဒနာခိပ္ပါယဖြင့် စောဒနာပါက စောဒကရဟန်းမှာ သံဃာဒိသေသ်မှ မလွတ်ပါ။

(ဆဋ္ဌမအကြိမ်)

၁၉၀။ မေး (က) စုဒိတက ရဟန်းကို စောဒနာခွင့် မတောင်းဘဲ ပါရာဇိကဖြင့် စွပ်စွဲသော ရဟန်းမှာ သံဃာဒိသေသ်မှတပါး အခြားအာပတ် သင့်ပါသေးသလော။

(ခ) အက္ကောသာဓိပ္ပါယ တို့ဖြင့် စောဒနာရာ၌ သင့်ရောက်ထိုက်သော အာပတ်များကိုလည်း ညွှန်ပြပါ။

၁၉၀။ ဖြေ (က) စောဒနာရန် အခွင့်မတောင်းသည့်အတွက် သံဃာဒိသေသ် အပြင် ဒုက္ကဋ်အာပတ် သင့်ပါသေးသည်။

(ခ) အက္ကောသာဓိပ္ပါယဖြင့် စောဒနာသော ရဟန်းမှာ အခွင့်မတောင်းဘဲ စောဒနာပါက ပါစိတ်နှင့် ဒုက္ကဋ်၊ အခွင့်တောင်း၍ စောဒနာပါက ပါစိတ်တမျိုး သင့်ပါသည်။

အခွင့်တောင်း၍ စောဒနာရမည်ကို အခွင့်မတောင်းဘဲ စောဒနာပါက ဒုက္ကဋ်အာပတ်သို့ ရောက်သည်ဟုမှတ်။

---

၁၉၁။ မေး (က) စောဒကာဓိပ္ပါယရှစ်မျိုးတို့တွင် မည်သို့သော အဓိပ္ပါယဖြင့် စောဒနာသော ရဟန်းမှာ မိမိစွပ်စွဲမည့် ပုဂ္ဂိုလ်ထံ ဩကာသကမ္မ "ခွင့်တောင်းမှု"ကို မပြုဘဲနေနိုင်ပါသနည်း၊ (ခ) စုဒိတကရဟန်း၏ မျက်ကွယ်၌ တစုံတခုသော အာပတ်ဖြင့် စွပ်စွဲ စောဒနာသော ရဟန်းမှာ မည်သည့်အာပတ် သင့်သည်ကိုလည်း ဆုံးဖြတ်ပါ။

၁၉၁။ ဖြေ (က) ကမ္မာ ဓိပ္ပါယ, ဝုဋ္ဌာနာ ဓိပ္ပါယ, ဥပေါသထ ထပနာဓိပ္ပါယ, ပဝါရဏာ ထပနာဓိပ္ပါယ, အနု

ဝိဇ္ဇနာ ဓိပ္ပါယ်, ဓမ္မကထာ ဓိပ္ပါယ်တို့ဖြင့် ပြောဆိုသောရဟန်းမှာ အပြောခံရသော ရဟန်းထံမှ ပြောခွင့်ဆိုခွင့်ကို တောင်းဘွယ် မရှိပါ။

(ခ) စုဒိတကရဟန်း၏ မျက်ကွယ်၌ အာပတ် ခုနစ်ပုံတို့တွင် တစုံတခုသော အာပတ်ဖြင့် စောဒနာပါက ဒုက္ကဋ်သင့်ပါသည်။

---

၁၉၂။ မေး ပထမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၏ အင်္ဂါတို့ကို ရေတွက်ဖော်ပြပါ။

၁၉၂။ ဖြေ အင်္ဂါတို့ကား ၁-အစွပ်စွဲခံရသူ၏ ဥပသမ္ပန္န ဝေါဟာရသို့ ရောက်သူဖြစ်ခြင်း, ၂-မိမိစွပ်စွဲအပ်သော ပုဂ္ဂိုလ် အပေါ်၌ သုဒ္ဓဟူသော အယူရှိခြင်း, ၃-စွပ်စွဲကြောင်းဖြစ်သော ပါရာဇိက၏ အမူလကဖြစ်ခြင်း, ၄-စာဝနာ ဓိပ္ပါယ်ဖြင့် စုဒိတက၏ မျက်မှောက်၌ စောဒနာခြင်း, ၅-စုဒိတက၏ ထိုခဏ၌ပင် ငါ့ကိုစွပ်စွဲသည်ဟု သိရှိခြင်း, ပေါင်း ၅-ပါး။

**အင်္ဂါအတွက် ကျက်မှတ်ရန် ဆောင်ပုဒ်**

ဥပသမ္ပန္န၊ ဝေါဟာရသို့၊ရောက်ထသူကို၊စွဲဆိုပြုလတ်၊ စွပ်စွဲ
အပ်ထ၊ ပုဂ္ဂလ၌၊ သုဒ္ဓဟုပင်၊ မှတ်ထင်မှုရှိ၊ ပါရာဇိက၊
ယင်းဓမ္မ၏မူလသုံးမျိုး၊မရှိရိုးမှန်၊တတန်စာဝန၊ဓိပ္ပါယ်ဖြင့်၊
သမ္မုခတွင်၊ပြစ်တင်စွဲဆို၊ပုဂ္ဂိုလ်သုဏာန်၊ အစွဲခံလည်း၊လျှင်
မြန်မုချ၊တခ်ဏတွင်၊သိမှုဝင်၊ ပဉ္စင်သရုပ် သကောင်တည်း။

ဤသိက္ခာပုဒ်သည် သာဓာရဏပညတ် သာဏတ္တိကတည်း။ သမုဋ္ဌာန်စသည်တို့မှာ အဒိန္နာဒါန် သိက္ခာပုဒ်နှင့်တူကုန်၏။ ဤ

(ဆန္ဒမအကြိမ်)

သိက္ခာပုဒ်ကို လွန်ကျူးသောပုဂ္ဂိုလ်မှာ ဝေဒနာတိက်အရ ဒုက္ခ ဝေဒနာ သမင်္ဂီ ပုဂ္ဂိုလ်တည်း။

အဋ္ဌမ သံဃာဒိသေသ် ပြီး၏။

---

## နဝမ သံဃာဒိသေသ်

၁၉၃။ မေး ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်လာ "အညဘာဂိယဿ အဓိကရဏဿ" ဟူသောပါဠိ၌ အည၏ အပါဒါန်နှင့် အညဘာဂ, အညဘာဂိယ, အဓိကရဏတို့၏အရကို ဤသိက္ခာပုဒ်၏ အဋ္ဌုပ္ပတ္တိလာတိုင်း ကောက်ပြပါ။

၁၉၃။ ဖြေ အရှင်ဒဗ္ဗ၏မနုဿဇာတိနှင့် ဘိက္ခုဘာဝသည် အညအပါဒါန်၊ မေတ္တိယဘုမ္မဇက ရဟန်းတို့က ဒဗ္ဗဟု အမည်ပေးအပ်သော ဆိတ်ဖို၏ တိရစ္ဆာနဇာတိနှင့် ဆဂလကဘာဝသည် အညဘာဂိယ၊ အညဘာဂိယ- အဓိကရဏတို့၏ အရကား ဆိတ်ဖိုတည်း။

ဆိတ်ဖိုသည် တိရစ္ဆာနဇာတိ ဆဂလကဘာဝ-ဟူသော အညဘာဂရှိသောကြောင့် အညဘာဂိယ၊ ဒဗ္ဗဟု မှည့်ခေါ်အပ်သော အမည်သညာ၏ တည်ရာဖြစ်သောကြောင့် အဓိကရဏမည်၏။

---

၁၉၄။ မေး (က) "ကိဉ္စိဒေသံ လေသမတ္တံ" ၌ ဒေသ- လေသပုဒ်တို့ကို ဝိဂ္ဂဟ်ပြု အရကောက်၍ (ခ) ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ အဓိကရဏနှင့် ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အဓိကရဏတို့၏ ခြားနားခြင်း ရှိ,မရှိကိုလည်း ဖော်ပြပါ။

(ဆဋ္ဌမအကြိမ်)

၁၉၄။ ဖြေ (က) ဒိယာတိ“ဝေါဟာရိယာတိတိ” ဒေသော၊ လိယာတိ“ဤသကံ အလ္လိယတီတိ” လေသော (ဇာတိလေသ- စသည်တို့တွင် တပါးပါးသော လေသကိုကောက်။)

(ခ) ခြားနားခြင်း ရှိပါသည်၊ ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်လာ အဓိကရဏကား ပါရာဇိက အာပတ် ဟူသော အာပတ္တာ ဓိကရဏ်း ဖြစ်ပါသည်၊ ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အဓိက ရဏကား ဇာတိလေသစသည်တို့၏ တည်ရာ ပုဂ္ဂိုလ်ဖြစ်ပါသည်။

**လေသ ၁၀-ပါးသရုပ်ပြ သင်္ဂဟဂါထာ**

လေသာ ဇာတိ နာမ ဂေါတ္တ၊ လိင်္ဂါ ပတ္တိ ဝသာပိ စ။
ပတ္တ စီဝရုပဇ္ဈာယာ၊ စရိယာ ဝါသ ဝသာ ဒသ။

**နဝမ သံဃာဒိသေသ်ပြီး၏။**

---

## ဒသမသံဃာဒိသေသ်

၁၉၅။ မေး (က) သံဃာဒိသေသ် ဒသမ သိက္ခာပုဒ်၌ “သမဂ္ဂဿ သံဃဿ”အရ သမဂ္ဂသံဃာဟူသည် ဘယ်လိုညီညွတ် သော သံဃာမျိုးပါနည်း။ (ခ) ဤသိက္ခာပုဒ်လာ အဓိကရဏ ဟူသည် အောက် ဒုဋ္ဌဒေါသ သိက္ခာပဒ ဒွယလာ အဓိကရဏ နှင့် တူသည် ထူးသည်ကိုလည်း ခွဲခြားဖော်ပြပါ။

၁၉၅။ ဖြေ (က) သမာနသံဝါသက **သမာန** သီမဋ္ဌဖြစ်၍ စိတ္တ သရီရအားဖြင့် **အဝိယုတ္တ** ဖြစ်သော သံဃာကို သမဂ္ဂ သံဃာ ဆိုပါသည်။

(ခ) ဤသိက္ခာပုဒ်လာ အဓိကရဏကား သမဂ္ဂ သံဃာ၏ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်း ဘေဒကရ ဝတ္ထု

ဖြစ်၍ အောက် သိက္ခာပဒဒွယလာ အဓိကရဏများနှင့် မတူ ထူးခြား ကွဲပြားကြပါသည်။

[အဓိကရဏ ၃-မျိုး အထူးကို သတိပြုပါ။]

**မှတ်ရန်**

ဤသိက္ခာပုဒ်လာ အဓိကရဏ သဒ္ဒါဖြင့် ဘေဒကရ ဝတ္ထု ၁၈-ပါးကို ပြ၏၊

**ဘေဒကရဝတ္ထု ၁၈-ပါးကား**

၁-အဓမ္မကို ဓမ္မဟုပြောဆိုခြင်း, ၂-ဓမ္မကို အဓမ္မဟု ပြောဆိုခြင်း (ဓမ္မဒုက်) ၃-အဝိနယကို ဝိနယဟု ပြောဆိုခြင်း, ၄-ဝိနယကို အဝိနယဟု ပြောဆိုခြင်း (ဝိနယဒုက်) ၅-အဘာသိတကို ဘာသိတဟု ပြောဆိုခြင်း, ၆-ဘာသိတကို အဘာသိတဟု ပြောဆိုခြင်း, (ဘာသိတဒုက်) ၇-အနာစိဏ္ဏကို အာစိဏ္ဏဟု ပြောဆိုခြင်း, ၈-အာစိဏ္ဏကို အနာစိဏ္ဏဟု ပြောဆိုခြင်း (အာစိဏ္ဏဒုက်) ၉-အပညတ္တကို ပညတ္တဟုပြောဆိုခြင်း, ၁၀-ပညတ္တကို အပညတ္တဟု ပြောဆိုခြင်း (ပညတ္တိဒုက်) ၁၁-အနာပတ္တိကို အာပတ္တိဟုပြောဆိုခြင်း, ၁၂-အာပတ္တိကို အနာပတ္တိဟု ပြောဆိုခြင်း (အာပတ္တိဒုက်) ၁၃-လဟုကာ ပတ္တိကို ဂရုကာ ပတ္တိဟု ပြောဆိုခြင်း, ၁၄-ဂရုကာပတ္တိကို လဟုကာပတ္တိဟုပြောဆိုခြင်း (လဟုကဒုက်) ၁၅-သာဝသေသာပတ္တိကို အနဝသေသာပတ္တိဟု ပြောဆိုခြင်း, ၁၆-အနဝသေသာပတ္တိကို သာဝသေသာပတ္တိဟု ပြောဆိုခြင်း (သာဝသေသဒုက်) ၁၇-ဒုဋ္ဌုလ္လာပတ္တိကို အဒုဋ္ဌုလ္လာပတ္တိဟုပြော ဆိုခြင်း, ၁၈-အဒုဋ္ဌုလ္လာပတ္တိကို ဒုဋ္ဌုလ္လာပတ္တိဟု ပြောဆိုခြင်း (ဒုဋ္ဌုလ္လဒုက်) ပေါင်း ၉ ဒုက် ၁၈-ပါး။

**သင်္ဂဟဂါထာများ**

၁။ ဓမ္မဝိနယ ဘာသိတာ၊ စိဏ္ဏပညတ္တိကာ ဒွိကာ။
အာပတ္တိ လဟု ဒုဋ္ဌုလ္လ၊ သာဝသေသဒုကာနိ စ။

(ဆဋ္ဌမအကြိမ်)

၂။ တောနိ ဌာရသဘေဒ၊ ကရဝတ္တုတိ ဝုစ္စရေ။
ဝိပလ္လာသဂဟိတာနိ၊ ဝါဒမူလူပနိဿယာ။

---

၁၅၆။ မေး (က)သံဃာဒိသေသ် သံဃဘေဒက သိက္ခာပုဒ်၌သံဃဘေဒက ရဟန်းအား ဘယ်လိုရဟန်းတို့က ပြောဆိုဆုံးမရမည်နည်း။ (ခ) သံဃဘေဒက ရဟန်းသည် တခြားကျောင်းတိုက်၌ နေသူဖြစ်ပါက ပြောရမည့် တာဝန်ရှိပါသေးသလော၊ တာဝန်ရှိလျက် မပြောမိပါက မည်သည့် အပြစ်ကိုရပါသနည်း။

၁၅၆။ ဖြေ (က) သံဃဘေဒက ရဟန်း၏ အပြုအမူကို မြင်ကုန်ကြားကုန်သော ရဟန်းတို့က ပြောဆိုဆုံးမရပါမည်။

(ခ) သံဃဘေဒက ရဟန်းနှင့် အတူတူပင် နေသည်ဖြစ်စေ တကျောင်းတိုက်စီပင် နေသည်ဖြစ်စေ သဗ္ဗန္တိမ ပရိစ္ဆေဒ အားဖြင့် ယူဇနာဝက် ခရီးသို့ပင် သွားရောက် ပြောဆိုဆုံးမရပါမည်။ ပြောရမည့် တာဝန်ရှိလျက် မပြောပါက ဝတ္တရား ပျက်ကွက်မှုအတွက် ဒုက္ကဋ်အာပတ် သင့်ပါသည်။

ပရက္ကမန္တံ သံဃဿ၊ ဘိက္ခုံ ဘေဒါယ ဘိက္ခုနော။
ဒိသွာ သုတွာ ဟိဝါဠ တွာ၊ အဝဒန္တဿ ဒုက္ကဋံ။

---

၁၅၇။ မေး သံဃဘေဒက အမှုသည် ဘိက္ခုနီနှင့် ဆိုင်သည် မဟုတ်ခြင်း, သံဃဘေဒက ရဟန်းမှာလည်း မပြုအပ်သော သံဃဘေဒ အမှုကိုပြုခြင်းကြောင့် သံဃဘေဒက သိက္ခာပုဒ်မှာ အသာဓာရဏပညတ် ကိရိယသာ ဖြစ်သင့်ပါလျက် အဘယ်ကြောင့် သာဓာရဏပညတ္တိအကိရိယ ဖြစ်နေပါသနည်း။

(ဆဋ္ဌမအကြိမ်)

၁၉၇။ ဖြေ ဘိက္ခုနီသည် သံဃာဒိသေသ အမှုကို မပြုသည် ကား မှန်၏။ သို့ရာတွင် ဘေဒါယပရက္ကမန အမှုကိုကား ပြုလေ သည် ဖြစ်သောကြောင့် ဤသိက္ခာပုဒ်ကို သာဓာရဏ ပညတ္တိဟု ဆိုပါသည်။ သံဃာဒိသေသ် အာပတ်သို့ ရောက်သည်မှာ မပြု အပ်သော သံဃာဘေဒက အမှုကို ပြုခြင်းကြောင့် မဟုတ်၊ "ပဋိ နိဿဇ္ဇာမိ"ဟု ကာယဝိကာရကိုသော်၎င်း, ဝစီဘေဒကိုသော်၎င်း ပြုရမည်ကို မပြုခြင်းကြောင့်သာ ဖြစ်ရကား အကိရိယဟု ဆိုပါ သည်။

---

၁၉၈။ မေး (က) သံဃဘေဒက ရဟန်းကို ဥတ်ကမ္မဝါစာ ဖြင့်ပြောဆိုဆုံးမရာ ဥတ်ကမ္မဝါစာအတွင်း ထိုရဟန်း၌ ထိုက် သည်အားလျော်စွာ သင့်ရောက် ကောင်းသော အာပတ်မျိုး တို့ကိုခွဲခြားဖော်ပြ၍ (ခ) သံဃဘေဒက သိက္ခာပုဒ်၏ အင်္ဂါ များကိုလည်း ညွှန်းပြပါ။

၁၉၈။ ဖြေ (က) သံဃာဘေဒက ရဟန်းအား ဥတ်အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာ ၂-ကြိမ်တို့ဖြင့် ထုလ္လစ္စည်း ၂-ချက်၊ "သော ဘာသေယျ"ဟု တတိယကမ္မဝါစာ "ယျ" အက္ခရာသို့ ရောက် သည်ရှိသော် ဒုက္ကဋ်နှင့် ထုလ္လစ္စည်းတို့ပျောက်၍ သံဃာဒိသေသ် အာပတ် တခုသာ သင့်ရောက်တော့၏။

(ခ) အင်္ဂါများကား ၁-သမဂ္ဂ သံဃာကို ကွဲပြားအောင် ပြုခြင်း, ၂-ဓမ္မကံဖြင့် သမနုဘာသန အမှုကို ပြုခြင်း, ၃-ကမ္မ ဝါစာ၏ ပြီးဆုံးခြင်း, ၄-မိမိ အမှုကို မစွန့်လွှတ်ခြင်း ပေါင်း ၄-ပါး။

(ဆဋ္ဌမအကြိမ်)

အင်္ဂါအတွက် ကျက်မှတ်ရန်ဆောင်ပုဒ်

စိတ်တူကိုယ်မျှ၊ မြတ်သံဃာကို၊ ပါပစိတ်ဆောင်၊ ကွဲပြားအောင်ပြု၊ သမနုဘာသန၊ ဓမ္မကံလှောက်၊ ပြီးမြောက်ကမ္မ၊ ကိုယ့်ဝါဒကို၊ မချမပယ်၊ ဤလေးသွယ်၊ မှတ်ဘွယ်အင်္ဂါရပ်တည်း။

ဤသိက္ခာပုဒ်သည် သာဓာရဏပညတ္တိ, အနာဏတ္တိက, သမနုဘာသန သမုဋ္ဌာန,အကိရိယ,သညာဝိမောက္ခ,သစိတ္တက,လောကဝဇ္ဇ,ကာယကမ္မ, ဝစီကမ္မ, အကုသလစိတ္တ, ဒုက္ခဝေဒနာတည်း။

**ဒသမသံဃာဒိသေသ်ပြီး၏။**

---

**ကောဒသမသံဃာဒိသေသ်**

၁၉၉။ မေး (က) ဘေဒါနုဝတ္တကသိက္ခာပုဒ်၌ ဘယ်လိုရဟန်းမျိုးကို ဘေဒါနုဝတ္တက ရဟန်းဟု ခေါ်ပါ သနည်း။ (ခ) ဤသိက္ခာပုဒ်၌ "ဧကော ဝါ ဒွေ ဝါ တယော ဝါ" ဟု သတ်မှတ်ရခြင်း၏ အကြောင်းကိုလည်း ပြဆိုပါ။

၁၉၉။ ဖြေ (က) သံဃဘေဒက ရဟန်း၏ ဒိဋ္ဌိ, ခန္တိ, ရုစိ-ဟူသောအယူ, နှစ်လိုမြိန်ရှက် သက်ဝင်ခြင်း, ကြိုက်နှစ်သက်ခြင်းတို့ကို ယူကာ ထိုရဟန်းသို့ အတုလိုက်၍ ပြုမူကျင့်ကြံနေထိုင်သော ရဟန်းမျိုးကို ဘေဒါ နုဝတ္တက ရဟန်းမျိုး ခေါ်ပါသည်။

(ခ) ၃-ပါးထက် လွန်ကုန်သော ၄-ပါး ၅-ပါး စသော ရဟန်းတို့ကို နိဂ္ဂဟကံ မပြုထိုက်သောကြောင့် "ဧကောဝါ ဒွေဝါ တယောဝါ" ဟုသာ သချ်ာသတ်မှတ်ခြင်းဖြစ်ပါသည်။ (ဥဇ္ဇာပတိ

က, စသော ကံမျိုးကိုကား များစွာသော ရဟန်းတို့အားလည်း ပြုထိုက်၏။)

ဘေဒါနုဝတ္တက သိက္ခာပုဒ်၏ အင်္ဂါများကား-သံဃဘေဒက သိက္ခာပုဒ်၏ အင်္ဂါ ၄ ပါးတို့တွင် "ပရက္ကမန"အင်္ဂါအစား "အနုဝတ္တန" အင်္ဂါကို ထည့်၍ ၄-ပါးပင်တည်း။

ကောဒသမ သံဃာဒိသေသ် ပြီး၏။

---

## ဒွါဒသမသံဃာဒိသေသ်

၂၀၀။ မေး (က) သံဃာဒိသေသ် ဒုဗ္ဗစ သိက္ခာပုဒ်၌ "ဥဒ္ဒေသပရိယာပန္နေသု သဟဓမ္မိကံ ဝုစ္စမာနော" ပုဒ်တို့၌ ဥဒ္ဒေသအရ, သဟဓမ္မိကအရနှင့် တကွ (ခ) အဘယ်ကြောင့် သဟဓမ္မိက ခေါ်ကြောင်းကို ပြဆိုပါ။

၂၀၀။ ဖြေ (က) ဥဒ္ဒေသဟူသည် ပါတိမောက္ခတည်း။ သဟဓမ္မိက ဟူသည် ဗုဒ္ဓပညတ္တသိက္ခာပဒတည်း။

(ခ) သီတင်းသုံးဘော် ၅-ဦးတို့ ကျင့်သင့် ကျင့်ထိုက် ကျင့်ကြရမည်ဖြစ်သောကြောင့်ရင်း, သီတင်းသုံးဘော် ၅-ဦးတို့၏ ဥစ္စာဖြစ်သောကြောင့်ရင်း, သိက္ခာပုဒ်တော်ကို သဟဓမ္မိက ခေါ်ရပါသည်။

ဤဒုဗ္ဗစသိက္ခာပုဒ်၏ အင်္ဂါများကား- သံဃဘေဒက သိက္ခာပုဒ်၏ အင်္ဂါ ၄-ပါးတွင် "ပရက္ကမန"အင်္ဂါအစား "အဝစနီယကရဏတာ" အင်္ဂါကိုထည့်၍ ၄-ပါးပင်တည်း။

> ဘိက္ခုပိ သာမဏေရောစ၊ သိက္ခမာနာစ ဘိက္ခုနီ၊
> သာမဏေရီတိ ကထိတာ၊ ပဉ္စေတေ သဟဓမ္မိကာ။

ဒွါဒသမ သံဃာဒိသေသ် ပြီး၏။

(ဆဋ္ဌမအကြိမ်)

## တေရသမသံဃာဒိသေသ်

၂၀၁။ မေး (က) သံဃာဒိသေသ် တေရသမ သိက္ခာပုဒ်၌ "ဂါမံဝါ နိဂမံဝါ" ဟု ဆိုသဖြင့် နဂရမှာ ဤသိက္ခာပုဒ်၏ အရာမဟုတ်ဟု မှတ်ရမည်လော၊ (ခ) ဘယ်လို ရဟန်းမျိုးကို ကုလဒူသကရဟန်းခေါ် ဆိုကြောင်းကိုလည်း ညွှန်းပြပါ။

၂၀၁။ ဖြေ (က) နဂရသည်လည်း ဂါမ၌ အတွင်းဝင်ပြီး ဖြစ်သောကြောင့် ဤသိက္ခာပုဒ်အရာပင် ဖြစ်ပါသည်။

(ခ) ပုပ္ဖဒါန- ပန်းပေးခြင်း စသော မလျော်ကပ်သော အလုပ်မျိုးတို့ဖြင့် ဒကာ ဒကာမတို့၏ အစစ် အမှန် ဖြစ်သော သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ရဟန်းမျိုးကို ကုလဒူသက ရဟန်းခေါ် ဆိုပါသည်။

ဒကာ ဒကာမတို့အား ပန်း, သစ်သီး စသည်တို့ကို ပေးသော ရဟန်းသည် မိမိကဲ့သို့ ပန်း, သစ်သီး စသည် မပေးသော ရဟန်း ကောင်းတို့အပေါ်၌ ဒကာ ဒကာမတို့ မကြည်ညိုအောင် သဒ္ဓါ ပျက်အောင် လုပ်သူဖြစ်ရကား ကုလဒူသက ဖြစ်တော့၏။

---

၂၀၂။ မေး (က) သံဃာဒိသေသ် ကုလဒူသကသိက္ခာပုဒ်၌ "ကုလဒူသကော" ဟူသော ပါဠိနှင့် စပ်၍ သိအပ်သော ကုလဒူသန အမှုမျိုးတို့ကို ထုတ်ပြ၍ (ခ) ဤ သိက္ခာပုဒ်၌ ကုလဒူသကရဟန်း၏ပဗ္ဗာဇနီယ ကမ္မာရဟအဖြစ်ကိုပြသော ပါဠိ ဝါကျစုကိုလည်း ထုတ်ပြပါ။

(ဆက်ရန်အကြိမ်)

၂၀၂။ ဖြေ (က) ကုလဒူသန အမှုမျာ:ကာ:-ပုပ္ဖဒါန-ပန်းပေးခြင်း, ဖလဒါန- သစ်သီးပေးခြင်း, စုဏ္ဏဒါန-ဆပ်ပြာမှုန့်ပေးခြင်း, မတ္တိကာဒါန- မြေညက်ပေးခြင်း, မျက်နှာချေပေးခြင်း, ဒန္တကဋ္ဌဒါန- ဒန်ပူပေးခြင်း, ဝေဠုဒါန- ဝါးပေးခြင်း, ဝေဇ္ဇကာ- ဆေးကုခြင်း, ဇင်္ဃပေသနိကာ- သလုံးမြင်းခေါင်းဖြင့် လူတို့၏ အစေအပါးခံခြင်း။

ဆောင်ပုဒ်

ပွင့်, သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေ၊ ဝေဇ္ဇ၍ရှစ်ဖြာ။

(ခ) အာယသ္မာ ခေါ် ကုလဒူသကော ။လ။ အလံတေ ဣဓ ဝါသေန။

(ဖြေလျှင် ပါဠိကို ပေးယျာလမခံဘဲ အကုန်ဖော်ရေး)

---

၂၀၃။ မေး (က)ပဗ္ဗာဇနီယကံ အပြုခံရသော"ပဗ္ဗာဇနီယကမ္မကတ" ရဟန်းသည် ဘယ်သို့သော အပြစ်ဒဏ်ကို ခံရပါသနည်း၊ (ခ) ကုလဒူသန အမှုမျိုးအတွက် သင့်ရောက်ထိုက်သော အာပတ်မျိုး တို့ကိုလည်း အကြောင်း ဝတ္ထုနှင့် တကွ ခွဲခြား ဖော်ပြပါ။

၂၀၃။ ဖြေ (က) ပဗ္ဗာဇနီယ ကမ္မကကရဟန်းသည်အကြင် ကျောင်း၌နေ၍ အကြင်မြို့ရွာ နိဂုံး၌ ကုလဒူသန အမှုကိုပြု၏၊ ထိုကျောင်း၌လည်း ဆက်လက်၍နေခွင့်မရ၊ ထိုမြို့ရွာ နိဂုံး၌လည်း ဆွမ်းအလို့ငှာ လှည့်လည်ကျက်စား သွားလာခွင့် မရတော့ပါ။ (ဆဋ္ဌမအကြိမ်)

(ခ) ဒါယကာတို့ကို ချီးမြှောက်ခြင်း "ကုလသင်္ဂဟ" အကျိုးငှာ ကိုယ့်ဥစ္စာကို ပေးခြင်းကြောင့် ဒုက္ကဋ်, သံဃိက ပစ္စည်းကို အစိုးတရပေးခြင်းကြောင့် ထုလ္လစ္စည်း, အနိုင်အထက် ပြုလုပ်၍ ပေးခြင်းကြောင့် ပါရာဇိက။

---

၂၀၄။ မေး (က) ကုလဒူသကရဟန်းအား "မာယာသွာ ဝေ အဝစ" စသော စကားဖြင့် တားမြစ်ရသည်မှာ အဘယ် အကျိုးငှါပါနည်း၊ (ခ) တားမြစ်ပြောဆိုပါလျက် မိမိအကျင့် ကို မစွန့်လွှတ်ခြင်းကြောင့် မည်သည့်အာပြစ် ထပ်မံ၍ ဖြစ်ပါသေး သနည်း။

၂၀၄။ ဖြေ (က) "ဆန္ဒဂါမိနော စ ဘိက္ခူ" စသော စကားကိုပြောဆိုခြင်းမှ ရပ်စဲရန် တားမြစ်ရပါသည်၊ ကုလဒူသန အမှုကို ပြုခြင်းမှ ရပ်စဲရန် တားမြစ်သည်မဟုတ်။

(ခ) တားမြစ် ပြောဆိုအပ်ပါလျက် မိမိအကျင့်ကို မစွန့် လွှတ်ခြင်းကြောင့် ဒုက္ကဋ်အာပတ် ထပ်မံ၍ သင့်ပါသည်။

ဤ ကုလဒူသက သိက္ခာပုဒ်၏ အင်္ဂါများကား- သံဃဘေဒက သိက္ခာပုဒ်၏အင်္ဂါ ၄-ပါးတွင် "ပရက္ကမန"အင်္ဂါအစား "ဆန္ဒာ ဒီဟိပါပန"အင်္ဂါကိုထည့်၍ ၄-ပါးပင်တည်း။

တေရသမ သံဃာဒိသေသ်ပြီး၏။

---

၂၀၅။ မေး (က) "နဝ ပဌမာပတ္တိကာ၊ စတ္တာရော ယာဝတတိယကာ"ဟူသော ပါဠိ၌ ပဌမာပတ္တိကပုဒ်ကို ဝစ

နှုတ်ထွက်ပုံ၍ (ခ) ပထမာပတ္တိက ယာဝတတိယက-အမည်ရကြောင်းကိုလည်း ဖော်ပြပါ။

၂၀၅။ ဖြေ (က) ပထမံ အာပတ္တိ ဧတေသန္တိ ပထမာပတ္တိကာ။

(ခ) ဦးစွာမဆွ ဝီတိက္ကမနက္ခဏ၌ သင့်ရောက်ခြင်းရှိသောကြောင့် "ပထမာ ပတ္တိက"၊ ယာဝတတိယ သမနုဘာသနကံ၏ အဆုံး၌ သင့်ရောက်ခြင်း ရှိသောကြောင့် "ယာဝတတိယက" အမည်ရပါသည်။

---

၂၀၆။ မေး (က) "ဇာနံ ပဋိစ္ဆာဒေတိ"၌ ဇာနံ-အရ ဇာနိတဗ္ဗအာပတ်ကို ယူရမည်လော အဘယ်ကို ယူရမည်နည်း။ (ခ) "ပဋိစ္ဆာဒေတိ" ပါဌ်အရ ပဋိစ္ဆန္န အာပတ်ဟု သိမှတ်ရကြောင်းဖြစ်သော ပဋိစ္ဆာဒန လက္ခဏာများကိုလည်း အကျဉ်းမျှ ညွှန်းပြပါ။

၂၀၆။ ဖြေ (က) ဇာနံ-အရ ဇာနိတဗ္ဗအာပတ်ကို မယူရပါ။ ပဋိစ္ဆာဒန ကြိယာ၏ ကတ္တားဖြစ်သော ဇာနန္တရဟန်းကိုသာ ယူရပါမည်။

(ခ) ပဋိစ္ဆာဒန လက္ခဏာများ ၁-အာပတ္တိ၊ သင့်ရောက်သော အာပတ်၏ သံဃာဒိသေသ် ၁၃-ပါးတို့တွင် တပါးပါးဖြစ်ခြင်း, ၂-အာပတ္တိသညီ၊ သံဃာဒိသေသ် အာပတ်သင့်မှန်းကို သိခြင်း၊ ၃-ပကတတ္တော၊ ပကာဘတ် ရဟန်းဖြစ်ခြင်း, ၄-ပကတတ္တသညီ၊ ငါပကတတ် ရဟန်းဟု သိရှိခြင်း, ၅-အနန္တရာယိကော၊ ရာဇန္တရာယ် စသား ၁၀-ပါးသော အန္တရာယ်မရှိခြင်း, ၆-အနန္တရာယိက

(ဆက်ရန်မအကြိမ်)

သညီ၊ အန္တရာယ်တစုံတရာမရှိဟုသိရှိခြင်း, ၇-ပဟုဲ၊ အခြားရဟန်း ထံသို့သွား၍ သင့်ရောက်သော အာပတ်ကို ပြောကြားခြင်းငှာ စွမ်းနိုင်ခြင်း, ၈-ပဟုသညီ၊ ထိုသို့ စွမ်းနိုင်သည်ဟု သိရှိခြင်း, ၉-ဆာဒေတုကာမော၊ သင့်ရောက်သော အာပတ်ကို မဖော် မကြား ဖုံးဖိ၍ထားလိုခြင်း, ၁၀-ဆာဒေတိ၊ ဖုံးဖိ၍ထားလိုသည့် အတိုင်း မဖော်မကြား ဖုံးဖိထားလျက် အရုဏ်တက်စေခြင်း။

ဤဆိုပြီးလက္ခဏာ ၁၀-ပါးနှင့် ပြည့်စုံညီညွတ်ပါက ဖုံးလွှမ်းရာ သို့ရောက်တော့၏။ ဖုံလွှမ်းသည် မည်တော့၏။ မည်သည့်အာပတ် ကိုမဆို ဖုံးလွှမ်းသည့်အတွက်လည်း အရုဏ်တက်သည်နှင့် တပြိုင် နက် ပဋိစ္ဆာဒနဒုက္ကဋ် ထပ်မံ၍ သင့်သေးသည်။

အမှာ

ဖြေရာ၌ ဤမေးခွန်းအရ ပါဠိသက်သက်မျှကိုဖြစ်စေ, မြန်မာ သက်သက်မျှကိုဖြစ်စေ ဖြေဆိုခြင်းဖြင့် ပြီးနိုင်၏။

ဆောင်ပုဒ်

၁။ သင့်တုံအာပတ်၊ ပကတတ်၊ ကင်းလတ်အန္တရာယ်။
၂။ ကြားငှါစွမ်းငြား၊ သညီပွား၊ ရှစ်ပါး သရုပ်ချယ်။
၃။ ဖုံးလွှမ်းလိုငြား၊ ဖုံးလွှမ်းငြား၊ ဆယ်ပါး ဖုံးလွှမ်း ဘွယ်။

---

၂၀၇။ မေး (က) အကြင်ရဟန်းသည် သံဃာဒိသေသ် အာပတ်သို့ ရောက်ပါလျက် အာပတ် လုံး လုံး မ သင့် ဟူ သော

(ဆက်ရန်အကြွင်း)

အထင်မျိုး, အခြားအာပတ် သင့်သည်ဟူသော အထင်မျိုး, သံဃာဒိသေသ်အာပတ် ဟုတ်လေသလား - မဟုတ်လေသလား- ဟူသော ယုံမှားဒွိဟ ဝေမတိကမျိုးရှိသဖြင့် မဖွင့်မကြား ဖုံးဖိ၍ ထားပါက ထိုရဟန်း၏ အာပတ်မှာ ဖုံးလွှမ်းအပ်သော အာပတ် ဟုတ်-မဟုတ်ကို ဆုံးဖြတ်၍ (ခ) "ယာဝတီဟံ"ပါဠိအရ အစ, အဆုံးဖြစ်သော ပရိဝါသ ဒိဝသတို့ကိုလည်း ညွှန်းပြပါ။

၂၀၇။ ဖြေ (က) ဖုံးလွှမ်းအပ်သော အာပတ်မဟုတ်ပါ။ အစ္ဆန္နအာပတ်သာဖြစ်ပါသည်။

(ခ) အစ နေ့ကား- ပဋိစ္ဆာဒိတဒိဝသ, အဆုံး နေ့ကား- အာရောစိတဒိဝသတည်း။

သံဃာဒိသေသ် အာပတ်ဟု မသိစေကာ ယခု ငါလွန်ကျူးသောအမှုသည် အာပတ်သင့်သောအမှုမျိုးဖြစ်သည်ဟုအကြောင်း ဝတ္ထုကိုသိပါလျက် ဖုံးလွှမ်း၍ထားပါမူကား ပဋိစ္ဆန္နဖြစ်တော့၏။

---

၂၀၈။ မေး "အကာမာ ပရိဝတ္ထဗ္ဗံ"ပါဠိအရ ပရိဝါသဘေဒ ကို မူလဘေဒ-အနုဘေဒ ရသင့်သမျှ ထုတ်ပြပါ။

၂၀၈။ ဖြေ မူလဘေဒ-ပဋိစ္ဆန္န ပရိဝါသ်, သုဒ္ဓန္တပရိဝါသ်, သမောဓာနပရိဝါသ်, ပေါင်း ၃-ပါး။

အနုဘေဒ-စူဠသုဒ္ဓန္တ,မဟာသုဒ္ဓန္တဟု သုဒ္ဓန္တပရိဝါသ် ၂-ပါး။

ဩဓာနသမောဓာန,အဂ္ဃသမောဓာန,မိဿကသမောဓာနဟု သမောဓာနပရိဝါသ် ၃-ပါး ဖြစ်ပါသည်။

(ဆရာမအကြိမ်)

၂၀၉။ မေး ပဋိစ္ဆန္န ပရိဝါသ်ဟူသည် ဘယ်လိုပရိဝါသ် မျိုးကို ဆိုပါသနည်း။ ဤပဋိစ္ဆန္နပရိဝါသ်အရာ၌ (က) ၁၅-ရက် ဖုံးလွှမ်း၍ထားအပ်သော သုက္ကဝိဿဋ္ဌိ အာပတ်တခုအတွက် ပရိဝါသ်တောင်းပုံ ပါဠိနှင့် (ခ) တရက်တည်း ဖုံးလွှမ်းအပ်သော အာပတ် ၁၅-ခုအတွက် ပရိဝါသ်တောင်းပုံ ပါဠိတို့ကို ရေး ပြပါ။

၂၀၉။ ဖြေ ဖုံးလွှမ်း၍ ထားအပ်သော အာပတ်ရှိခဲ့သော် ဖုံးလွှမ်းအပ်သော နေ့ရက် အရေအတွက် အတိုင်း ပေးရသော ပရိဝါသ်မျိုးကို ပဋိစ္ဆန္နပရိဝါသ် ဆိုပါသည်။

(က) အဟံ ဘန္တေ ဧကံ အာပတ္တိံ အာပဇ္ဇိံ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ ပက္ခပ္ပဋိစ္ဆန္နံ၊ သောဟံ ဘန္တေ သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ပက္ခပ္ပဋိစ္ဆန္နာယ ပက္ခပရိဝါသံ ယာစာမိ။

(ခ) အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ ဧကာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ဧကာဟပ္ပဋိစ္ဆန္နာနံ ဧကာဟ ပရိဝါသံ ယာစာမိ။

---

၂၁၀။ မေး (က) သံဃာဒိသေသ် အာပတ်တခု သင့်၍ ပရိဝါသ် တောင်းရာ၌ ဖုံးလွှမ်းအပ်သော ရက် အရေအတွက် အားလျော်စွာ မည်သို့ပြောင်းလဲ ပြုပြင်၍ ဆိုရမည်ကို ဖော်ပြ၍ (ခ) သုက္ကဝိဿဋ္ဌိ ကာယသံသဂ္ဂ စသော နာနာဝတ္ထုက သံဃာ

ဒိသေသ် အာပတ်တို့အတွက် ပရိဝါသ်တောင်းရာ၌ "နာနာဝတ္ထုကာယော"ဟု မဆိုဘဲ တောင်းနိုင် မတောင်းနိုင် ကိုလည်း ဖြေဆိုပါ။

၂၁၀။ ဖြေ (က) တရက်မှစ၍ ၁၄-ရက်ထိ ဖုံးလွှမ်းရာ၌ "ဧကာဟပ္ပဋိစ္ဆန္နံ ။လ။ စုဒ္ဒသာဟပ္ပဋိစ္ဆန္နံ" ဟု ဖုံးလွှမ်းအပ်သော ရက်ရှိသမျှ သင်္ချာတပ်၍ဆို၊ ၁၅-ရက် ဖုံးလွှမ်းလျှင် "ပက္ခပ္ပဋိစ္ဆန္နံ"ဟုဆို၊ ၁၅-ရက်အထက် တလအောက် ဖုံးလွှမ်းလျှင် "အတိရေကပက္ခပ္ပဋိစ္ဆန္နံ"ဟုဆို၊ တလဖုံးလွှမ်းလျှင် "မာသပ္ပဋိစ္ဆန္နံ"ဟုဆို၊ တလအထက် ၂-လအောက် ဖုံးလွှမ်းလျှင် "အတိရေက မာသပ္ပဋိစ္ဆန္နံ" ဟုဆို၊ ဤနည်းအတိုင်း "ဒွေမာသပ္ပဋိစ္ဆန္နံ, တေမာသပ္ပဋိစ္ဆန္နံ။ လ။ အတိရေကဧကာဒသမာသပ္ပဋိစ္ဆန္နံ"ဟု ထိုက်သလို ပြောင်းလဲ၍ဆို၊ တနှစ်ပြည့်လျှင် "ဧကသံဝစ္ဆရပ္ပဋိစ္ဆန္နံ" ဟုဆို၊ ဤနည်းအတိုင်း ပြောင်းလဲပုံကို သိလောက်ပြီ။

အာပတ်အများ ဖြစ်လျှင် "ဧကာဟပ္ပဋိစ္ဆန္နာယော" စသည်ဖြင့် ဝုစ်ပြောင်း၍ ဆိုရုံပင်။

(ခ) "နာနာ ဝတ္ထုကာယော"ဟု မဆိုဘဲလည်း တောင်းနိုင်ပါသည်၊ "သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ"ဟု သဇ္ဇာတ် သာဓာရဏ နာမမတ္တ၏ အစွမ်းဖြင့်၎င်း, "သမ္ဗဟုလာ အာပတ္တိယော အာပဇ္ဇိံ" ဟု သဗ္ဗသာဓာရဏနာမမတ္တ၏ အစွမ်းဖြင့်၎င်း, တောင်းခြင်းဖြင့်လည်း ပြီးနိုင်သည်ဟု အဋ္ဌကထာ ခွင့်ပြုတော်မူလျက်ရှိသည်။
(ဆန္ဒမအကြိမ်)

၂၁၁။ မေး (က) ဝတ်ဆောက်တည်သော ပါဠိ, ဝတ်ချသော ပါဠိတို့ကို ရေးပြ၍ (ခ) ဝတ်ဆောက်တည်သည့် အခါ ဝတ်ချသည့် အခါ၌ လိုအပ်သော သံဃာ အရေအတွက်ကို လည်း ညွှန်းပြပါ။

၂၁၁။ ဖြေ (က) ဝတ်ဆောက်တည်ပုံ "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"၊ ဝတ်ချပုံ "ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"။

(ခ) တပါးတည်းသော ရဟန်း၏ အထံ၌ပင်သော်လည်း ဝတ်ကိုဆောက်တည်နိုင် ချနိုင်ပါသည်။

ဝတ်ကို ဆောက်တည်ရာ၌ "ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ" ၂-ပုဒ်တွင်တပုဒ်တည်းကို ရွတ်ဆိုခြင်းဖြင့်လည်း ဆောက်တည်မှုကိစ္စ၌ ပြီးစီးပါသည်။ ၂-ပုဒ်ဖြင့်ကား သာ၍ပင် ပြီးတော့၏။ ဝတ်ချရာ၌လည်း နည်းတူပင်။

---

၂၁၂။ မေး မိမိနေရာ ကျောင်းတိုက်၏ အပြင်ဘက်သို့ ထွက်၍ ဝတ်စောင့်ခွင့်ရသော ရဟန်းသည် နေရာကျောင်းတိုက်မှ ဘယ်လောက်ဝေးသော အရပ်သို့ သွားရမည်၊ (ခ) ရဟန်း ဘယ်မျှ ခေါ်သွားရမည်၊ (ဂ) ဘယ်လိုနေရာမျိုး၌နေ၍ ဝတ် စောင့်သင့်သည် (ဃ) ဝတ်ကို ဘယ်အခါကြွားရမည်၊ (င)ဘယ် အခါ ချရမည်တို့ကို ဖော်ပြပါ။

၂၁၂။ ဖြေ (က) မိမိနေရာကျောင်းတိုက်သည် တံတိုင်း အာရာမ် ရှိသော ကျောင်းတိုက် ဖြစ်ပါက တံတိုင်း အာရာမ်မှ ခဲ ၂-ကျ အရပ်, တံတိုင်း အာရာမ် မရှိပါက အာရာမ်ထိုက်ရာ

(ဆန္ဒမအကြိမ်)

"ပရိက္ခေပရိယာဌာန"မှ ခဲ ၂-ကျ အရပ်၏ အပြင်ဘက်သို့ ထွက်သွားရမည်၊ (ရဟန်းတို့၏ အသံကို မကြားရန်ဖြစ်သည်။)

(ခ) ရဟန်းတပါးပါလျှင်ပင် ကိစ္စပြီးတော့သည်၊ များလျှင်ကား ဆိုဘွယ်မရှိ ကောင်းလှ၏။

(ဂ) သူငါကစ သွားလာကြသည့် လမ်းမကြီးမှ ဘေးသို့ ဖဲ၍ ချုံဖြင့်ဖြစ်စေ, တစုံတခုသော အကာ အရံဖြင့် ဖြစ်စေ အဖုံးအလွှမ်း အကာအကွယ် ရှိရာအရပ်၌ နေသင့်ပါသည်၊ (ရဟန်းတို့ကို မမြင်ရန် ဖြစ်သည်။)

(ဃ) ဝတ်ကို အရုဏ်မတက်မီ ဆောက်တည်၍ ကြားရပါသည်။

(င) အရုဏ်တက်ပြီးမှ ဝတ်ကို ချရပါသည်။

**ဝတ်ချပြီးနောက်** ပကတတ်အဖြစ်သို့ရောက်၍ **အခြား** ရဟန်းတို့နှင့် **အတူတကွ** ကိစ္စခပ်သိမ်း**အတွက်** ဆက်ဆံခွင့် ရတော့၏။

---

၂၁၃။ မေး (က) နံက်စောစော ဝတ် စောင့်နေဆဲမှာ မိမိနှင့် အတူတကွ ကျောင်းကပါလာသော ပကတတ်ရဟန်းက ကိစ္စတစုံတရာအတွက် အရုဏ်မတက်ခင် ပြန်သွားပါက ဘယ်သို့ ပြုရပါမည်နည်း၊ (ခ) အဗ္ဘာန် မသွင်းရသေးသမျှ ဥပဇ္ဈာယ် လုပ်၍ ရဟန်းခံပေးမှု စသည်ကို မပြုရဟု ပြောကြသည်မှာ ဟုတ်ပါ၏လော၊ "ကာရဏာသဟိတ" ဝိနိစ္ဆယ ညွှန်းပြပါ။

၂၁၃။ ဖြေ (က) အရုဏ်တက်လာလျှင် ကျောင်းသို့ ပြန်သွား၍ လက်ဦးဆုံးတွေ့သော ရဟန်းတပါးထံတွင် ဝတ်ကိုကြား၍ ချရမည်။

(ဆဋ္ဌမအကြိမ်)

(ခ) ထိုသို့ပြောကြသည်မှာ အနိက္ခိတ္တဝတ္တရဟန်းမျိုးကိုရည်ရွယ်ပါက ဟုတ်မှန်ပါသည်။ နိက္ခိတ္တဝတ္တ ရဟန်းအတွက်မှာကား "နိက္ခိတ္တကာလတော ပဋ္ဌာယ ပကာဘတ္တဋ္ဌာနေ တိဋ္ဌတိ" ဟူသောအဋ္ဌကထာအရ ဝတ်ကိုချထားပါက အာပတ်မသင့်ရသေးစေကာ ပကာဘတ်ရဟန်းပင် ဖြစ်နေရကား အခြားပကာဘတ်ရဟန်းများပမာ ဥပဇ္ဈာစရိယအဖြစ် စသည်ကို ထိုက်ပါတော့သည် စင်းစင်းတည်း။

---

၂၁၄။ မေး (က) သုဒ္ဓန္တပရိဝါသ်ဟူသည် ဘယ်လိုပရိဝါသ်မျိုးပါနည်း။ (ခ) ထိုသုဒ္ဓန္တပရိဝါသ် အပြားကိုလည်း အဓိပ္ပါယ်နှင့်တကွ ပြဆိုပါ။

၂၁၄။ ဖြေ (က) သံဃာဒိသေသ်အာပတ် တခုဖြစ်စေ အများဖြစ်စေ သင့်ပြီး၍ ထိုအာပတ်ကို ဖုံးလွှမ်းသော ရတ္တိပရိစ္ဆေဒကို အားလုံးဖြစ်စေ, တချို့တဝက်ဖြစ်စေ, မသိရှိမမှတ်မိသော ရဟန်းမျိုး, ယုံမှားဒွိဟ, ဝေမတိက ဖြစ်နေသော ရဟန်းမျိုးအား ပေးရသည့် ပရိဝါသ်မျိုးကို သုဒ္ဓန္တပရိဝါသ် ဆိုပါသည်။

(ခ) စူဠသုဒ္ဓန္တ=ငါရဟန်းဖြစ်ပြီးသည်မှစ၍ မည်သည့်ရက်, လတိုင်အောင် သံဃာဒိသေသ်မှ စင်ကြယ်သည် မည်သည့်ရက်, လမှစ၍ မစင်ကြယ်ဟု မှတ်ထင်မှုရှိနေသော ရဟန်းမျိုး, ရဟန်းခံပြီးသည်မှစ၍ မည်သည့် လ, မည်သည့်ရက်ကျမှ စင်ကြယ်သည်ဟု မှတ်ထင်သော ရဟန်းမျိုးအား မစင်ကြယ်ဟု ထင်သောနေ့ အရေအတွက်အတိုင် ပေးရသော ပရိဝါသ်မျိုး။

မဟာသုဒ္ဓန္တ = ရဟန်းဖြစ်သည့်နေ့မှစ၍ ပရိဝါသ်ယူသော နေ့တိုင်အောင်ပင် သံဃာဒိသေသ်မှ ငါမစင်ကြယ်ဟု မှတ်ထင်မှု ရှိသော ရဟန်းမျိုးအား ရဟန်းဖြစ်သည့်နေ့မှစ၍ ပရိဝါသ် ယူသည့်နေ့တိုင်အောင် နေ့ရက်တို့ကို ရေတွက်၍ ပေးရသော ပရိဝါသ်မျိုး။

အာပတ္တိ ပရိယန္တကို သိမှုမသိမှုမှာ ဤသုဒ္ဓန္တ ပရိဝါသ် အရာ၌ လိုရင်းပမာဏ မဟုတ်ပေ။

---

၂၁၅။ မေး (က) သမောဓာန ပရိဝါသ်ဟူသည် ဘယ်လို ပရိဝါသ်မျိုးပါနည်း။ (ခ) ထိုပရိဝါသ်၏ အပြားကိုလည်း အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

၂၁၅။ ဖြေ (က) "သမောဓာနေတွာ ဒါတဗ္ဗော ပရိဝါသော သမောဓာန ပရိဝါသော" ဟူသည်နှင့်အညီ နာနာကာလိက, နာနာဝတ္ထုက အာပတ်တို့ကို "အဂ္ဃ" စသည်တို့၏ အစွမ်းဖြင့် တပေါင်းတည်းပြု၍ ပေးအပ်သော ပရိဝါသ်မျိုးကို သမောဓာန ပရိဝါသ် ဆိုပါသည်။

(ခ) ဩဓာနသမောဓာန = ဝတ်၏ အတွင်းမှာ သံဃာဒိသေသ်အာပတ် ထပ်သင့်ပြန်ပြီးလျှင် ဖုံးလွှမ်း၍ထားသော ရဟန်းအား နောက်ကစောင့်ခဲ့ပြီးသော နေ့တို့ကိုဖျက်၍ မူလအာပတ်၏ ဒိဝသပရိစ္ဆေဒ၌ နောက်ထပ်သင့်သော အန္တရာပတ်ကို ပေါင်း၍ ပေးအပ်သော ပရိဝါသ်မျိုး။

(ဆဋ္ဌမအကြိမ်)

အဂ္ဃသမောဓာန = ကောဟပ္ပဋိစ္ဆန္န အာပတ်, ဒွိဟပ္ပဋိစ္ဆန္န အာပတ် စသည်ဖြင့် ဖုံးလွှမ်းသည့်ရက်, မတူမျှသော သံဃာဒိသေသ် အာပတ်များ ရှိနေရာ ရက်အကြာဆုံး ဖုံးလွှမ်းထားသော အာပတ်၌ ရှိသမျှအာပတ် အားလုံးကို ပေါင်းရုံးသွင်းသိပ်၍ ပေးအပ်သော ပရိဝါသ်မျိုး။

မိဿကသမောဓာန = သုက္ကဝိဿဋ္ဌိ ကာယသံသဂ္ဂ စသည်ဖြင့် အာပတ်သင့်ကြောင်း ဝတ္ထုအားဖြင့် တခြားစီ ဖြစ်နေသော သံဃာဒိသေသ် အာပတ်တို့ကို တပေါင်းတည်း ပေါင်းရုံး၍ ပေးအပ်သော ပရိဝါသ်မျိုး။

အန္တရာပတ်ဟူသည် ဝတ်ကို မချသေးမီ ဝတ်တင်းလင်း ရှိနေခိုက်မှာ သင့်ရောက်လာသော သံဃာဒိသေသ် အာပတ်တည်း။ ထိုအန္တရာပတ်သည် ၁-ပရိဝတ်ကျင့်စဉ်, ၂-မာနတ်ထိုက်စဉ် ၃-မာနတ်ကျင့်စဉ်, ၄-အဗ္ဘာန်ထိုက်စဉ် ဟူသော ခေတ် ၄-မျိုး၌ သင့်ထိုက်ရကား အန္တရာပတ်သင့်သော ရဟန်းမျိုးသည်လည်း "ပါရိဝါသိက, မာနတ္တာရဟ, မာနတ္တစာရိက, အဗ္ဘာနာရဟ" ဟူ၍ ၄-မျိုး ၄-စားပင် ကွဲပြား၏။ ဝတ်ချ၍ထားသော နိက္ခိတ္တဝတ္တ ရဟန်းသည်ကား ပကတတ်ရဟန်းပင် ဖြစ်၏။ ပကတတ်ရဟန်းမျိုးမှာလည်း အန္တရာပတ်သင့်ရသည် မဟုတ်ချေ၊ ထို့ကြောင့် ဝတ်ချထားခိုက်မှာ သံဃာဒိသေသ် အာပတ်သင့်လျှင် မူလာယပဋိကဿနအမှုကို မပြုရ၊ ထိုအာပတ်အတွက် သက်သက်သီးခြားဝတ်စောင့်ရသည်။ မဖုံးလွှမ်းလျှင်လည်း မာနတ်ကိုသာ ကျင့်ရ၏။ အဗ္ဘာနာရဟစခန်း အထက်တန်းသို့ ရောက်ခိုက်၌ပင် ဖြစ်စေကာ အန္တရာပတ် သင့်ရောက်ပါက နောက်ကစောင့်ပြီး ကျင့်ပြီးသော ပရိဝါသ်မာနတ်တို့ အကုန်ပျက်၏။ အသစ်ပြန်၍ ပရိဝါသ်စောင့်ရသည် မာနတ်ကျင့်ရသည်။

(ဆဋ္ဌမအကြိမ်)

၂၁၆။ **မေး** (က) မာနတ် အမျိုးအစားကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍ (ခ) မာနတ်ဆောက်တည်ရန် သွားသည့်အခါ ပကဘတ်ရဟန်း ဘယ်နှစ်ပါး ပါရမည်, ဘယ်ပုံ ဆောက်တည်ရမည်တို့ကိုလည်း ပြဆိုပါ။

၂၁၆။ **ဖြေ** (က) မာနတ်သည် ပဋိစ္ဆန္နမာနတ်, အပ္ပဋိစ္ဆန္နမာနတ်ဟု ၂-မျိုးရှိပါသည်။

ပဋိစ္ဆန္နမာနတ်=ဖုံးလွှမ်းအပ်သော အာပတ်ရှိသော ရဟန်းအား ပရိဝါသ်အဆုံး၌ ပေးရသော မာနတ်မျိုး။

အပ္ပဋိစ္ဆန္နမာနတ်=မဖုံးလွှမ်းအပ်သော အာပတ်ရှိသောရဟန်းအား ပရိဝါသ်ကို မပေးဘဲ ပေးရသော မာနတ်မျိုး။

(ခ) နံနက်စောစော အနည်းဆုံး ရဟန်း ၄-ပါးပါစေ၍ ပါရိဝ သိက ရဟန်းနေထိုင်သည့် အရပ်မျိုးသို့ပင် သွားကာ "မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ"ဟုဆို၍ ဆောက်တည်ရပါမည်။

"မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ"ဟု ချလေ။

---

၂၁၇။ **မေး** (က) "အဗ္ဘာန်" ဟူသော စကား၏ အဓိပ္ပါယ်ကို ဖော်ပြ၍ (ခ) အဗ္ဘာန်သွင်းရာ၌ သံဃာ ၂၀-မပြည့်သည်ကို သိလျက် အဗ္ဘာန်သွင်းပေးသော ရဟန်းတို့မှာ အဘယ်အပြစ်ရှိသည်ကိုလည်း ညွှန်းပြပါ။

(ဆ ၃၃ မအကြိမ်)

၂၁၇။ မေး (က) "အဗ္ဘာန"ဟူသော ဝိနည်းကံ၏အစွမ်းဖြင့် သံဃာ့ဘောင်သို့ ခေါ်ဆောင်သွတ်သွင်းမှုကို "အဗ္ဘာန်"ဟု ဆိုပါသည်။

(ခ) သံဃာ ၂၀-ဆယ် မပြည့်မှုန်းသိလျက် အဗ္ဘာန်သွင်းသောရဟန်းတို့မှာ ဒုက္ကဋ်အာပတ်သို့ ရောက်ကြကုန်သည်။

ပရိဝါသ် မာန်နတ်နှင့် စပ်၍ ပြည့်စုံသော အမိပ္ပါယ် အဆုံးအဖြတ်အကျယ်ကို ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး၏ "ပရိဝါသ မာနတ္တာဒိ ဝိနိစ္ဆယကျမ်း"မှ ယူကြလေကုန်။

တေရသမသံဃာဒိသေသ်ပြီး၏။

သံဃာဒိသေသကဏ္ဍ အလုံးစုံပြီး၏။

---

(ဆဋ္ဌမအကြိမ်)

# အနိယတကဏ္ဍ

## ပဌမ အနိယတ

၂၁၈။ မေး (က) ပဌမ အနိယတသိက္ခာပုဒ်၌ လိုအပ်သော မာတုဂါမမျိုးကို ပြဆို၍ (ခ) ရဟော-အရ စက္ခု, သောတ ရဟောဒွယတွင် အဘယ်ကို ယူရမည်ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၂၁၈။ ဖြေ (က) ယနေ့မွေးဖွားသော အသက်ရှင်နေသည့် မိန်းကလေးမှစ၍ ဇီဝမာနက မနုဿိတ္ထိ ဟူသမျှကို ဤသိက္ခာပုဒ်၌ မာတုဂါမဟု လိုအပ်ပါသည်။

(ခ) ပါဠိတော်၌ စက္ခု သောတ ရဟောဒွယတွင် ပဌမ ဆိုင်ရာဖြစ်သော "ပဋိစ္ဆန္နေ အလံကမ္မနိယေ"ဟူသော ပုဒ်တို့ကို ဟောတော်မူသောကြောင့် စက္ခုရဟောကိုသာ ယူရပါမည်။

ရဟန်းနှင့် မာတုဂါမတို့၏ ပြောစကားကို ကြားလောက်ရာ သဝန္ဒပစာအတွင်း၌ တံခါးပိတ်ထားသော အခန်းတွင်းမှာနေသော ဝိညူပုရိသနှင့် အနားမှာကပ်နေသော မျက်စိကန်း" အန္ဓ" ပုဂ္ဂိုလ်တို့ရှိကြစေကာ ဤသိက္ခာပုဒ်အရ အာပတ်မှမလွတ်သည်ကို ထောက်ဆ၍ သောတရဟောနှင့်မဆိုင်ကြောင်းကို သိလေ။

---

၂၁၉။ မေး (က) ပဌမ အနိယတသိက္ခာပုဒ်၌ "ကောဝ ကောယ" ဟူ ဟောတော်မူခြင်းကြောင့် ရဟန်းနှင့် မိန်းမ တယောက်ချင်းသာ မနေကောင်းသည်၊ မိန်းမပေါင်း များစွာ တို့နှင့်ကား နေကောင်းသည်သာဟု မှတ်ရပါမည်လော၊ [(ဆန္ဒမအကြိမ်)

(ခ) ''နိသဇ္ဇံ ကပ္ပေယျ''ဟု ဟောတော်မူခြင်းကြောင့် အိပ်ခြင်း ဣရိယာပုထ်တို့ဖြင့် နေကြမူကား အပြစ်မရှိပါဟု ယူရမည်လော။

၂၁၉။ ဖြေ (က) ''စေကော''ယ'' ဟူသော စကားသည် ဥပလက္ခဏ စကားမျှသာ ဖြစ်ပါသည်၊ ''ဣတ္ထီနံ ပန သတ်ပိန ကရောတိ''ဟူသော အဋ္ဌကထာအရ မိန်းမပေါင်းများစွာနှင့် နေသော်လည်း အာပတ်မှ မလွတ်ပါ။

(ခ) ''နိသဇ္ဇ''ဖြင့် သယနကိုလည်း ယူအပ်ပြီးသည် ဖြစ်သောကြောင့် အိပ်ခြင်း ဣရိယာပုထ်ဖြင့်နေသော်လည်း အာပတ်မှ မလွတ်ပါ။

---

၂၂၀။ မေး ပဌမ အနိယတသိက္ခာပုဒ်၌ ရဟန်းက ဝန်ခံသည်ဖြစ်စေ, မခံသည်ဖြစ်စေ ယုံကြည်လောက်သော စကားရှိသော အရိယာသာဝိကာမ၏ စကားအတိုင်းသာ အာပတ်တပ်ကောင်းပါလျက် အဘယ်ကြောင့် ရဟန်း၏ဝန်ခံချက်အတိုင်းသာ ဆုံးဖြတ်ရပါသနည်း။

၂၂၀။ ဖြေ စက္ခုဖြင့် မြင်မူဟူသည် မြင်တိုင်း ဟုတ်သည်လည်းရှိ၏၊ မဟုတ်သည်လည်းရှိ၏၊ထို့ကြောင့် သဒ္ဓေယျဝစသာ '' အရိယာသာဝိကာမက ပြောစေကာ '' သူမြင် တိုင်း လိုက် ၍ ဆုံးဖြတ်ခွင့်မရှိပါ၊ ထိုကြောင့် ရဟန်း၏ ဝန်ခံချက်အတိုင်းသာ ဆုံးဖြတ်ရပါသည်။

(ဆဋ္ဌမအကြိမ်)

## ဒုတိယ အနိယတ

၂၂၁။ မေး (က) ဒုတိယအနိယတ သိက္ခာပုဒ်၌"ရဟော" အရ စက္ခုရဟော, သောတရဟောတို့တွင် အဘယ်ကိုယူရမည်ကို အကြောင်းနှင့်တကွ ပြဆို၍ (ခ) "အယံမ္ပိ အနိယတော"၌ အနိယတဖြစ်ရကြောင်းကိုလည်း ဖော်ပြပါ။

၂၂၁။ ဖြေ (က) "နဟေဝ ခေါ ပန ပဋိစ္ဆန္နံ အာသနံ ဟောတိ ။ လ ။ ဩဘာသိတုံ" ဟူသော ပါဠိတော်အရ သောတရဟောကိုသာ လိုအပ်ပါသည်။

(ခ) ရဟန်းက ဝန်ခံတိုင်းသော အာပတ်ဝတ္ထုသို့လိုက်၍သာ ဆုံးဖြတ်ရသောကြောင့် အနိယတ ဖြစ်ရပါသည်။

---

၂၂၂။ မေး (က) အနိယတ သိက္ခာပုဒ်များ၌ ရဟန်း၏ ဝန်ခံချက်အတိုင်းသာ ဆုံးဖြတ်ရမည်ဆိုရာ ရဟန်းက အလဇ္ဇီ ဖြစ်နေလျှင်လည်း သူပြောတိုင်းပင် လုပ်ရမည်လော၊ (ခ) ဆိုင်ရာ သိက္ခာပုဒ်များရှိပြီးဖြစ်လျက် အနိယတုဒ္ဒေသကို ဟောပြန်ရခြင်းမှာ အကျိုးမည်သို့ ရှိပါသနည်း။

၂၂၂။ ဖြေ (က) အလဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ သူဝန်မခံပါက အာပတ်ဖြင့် မဆုံးဖြတ်ရ။ နေဝသုဒ္ဓနာသုဒ္ဓ-ဟူ၍သာ ဆုံးဖြတ်ခွင့် ရှိပါသည်။ သို့မဟုတ်လျှင်လည်း "ဗဟုမ္ပိ အလဇ္ဇီ ဘာသေယျ၊ ဝတ္တာနုသန္ဓိ တေန ကာရယေ" ဟူသော ပရိဝါ

ပါဠိအရ အလဇ္ဇီအဘို့မှာ သူ၏အကျင့်နှင့် သူပြောဆိုသော စကားကိုစပ်၍သာ ဆုံးဖြတ်ခွင့်ရှိပါသည်။

အချို့စာများ၌ ဝုတ္တာနုသန္ဓိ-ဟုရှိနေသည်၊ ဝတ္တာ-ရှိမှ ပရိဝါ အဋ္ဌကထာနှင့် ညီမည်။

(ခ) ဒိဋ္ဌံ, သုတ, ပရိသင်္ကိတ-ဟူသော မူလရှိသော သမူလကစောဒနာ၌ ဝတ္ထုကိုဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ ဝန်မခံခဲ့လျှင် အာပတ်တပ်၍ဆုံးဖြတ်ချက်မချရဟူသော အာပတ္တိ အာရောပန လက္ခဏာကို ပြခြင်းအကျိုးငှာ အနိယတဒွေသကို ဟောတော်မူရပါသည်။

ဒုတိယအနိယတ ပြီး၏။

အနိယတကဏ္ဍ အလုံးစုံပြီး၏။

# နိဿဂ္ဂိယပါစိတ္တိယကဏ္ဍ

## (စီဝရဝဂ်)

### ပထမနိဿဂ္ဂိ ပါစိတ်

၂၂၃။ မေး (က) "နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ"၌ အဘယ် အကြောင်းခြင်းရာတို့ဖြင့် စီဝရ၏ နိဋ္ဌာနဖြစ်သည်ကို ပြဆို၍ (ခ) "ဥဗ္ဘတသ္မိံ ကထိနေ" ပါဌ်နှင့်စပ်၍ သိအပ်သော ကထိနုဗ္ဘာရကိစ္စ၌ ဘယ်လို ရဟန်းမျိုးတို့အားသာ ကထိန်ခင်းခွင့် ပြုသည်။ (ဂ) အနည်းဆုံး ရဟန်းမည်မျှရှိမှ ကထိန်ခင်းနိုင်သည် တို့ကိုလည်း ဖြေဆိုပါ။

၂၂၃။ ဖြေ (က) အကြောင်းခြင်းရာများ- သူစိကမ္မ ပရိယောသာန၊ အပ်ချုပ်မှုနှင့်စပ်သော လုပ်ငန်း၏ ပြီးစီးခြင်း, နဋ္ဌ၊ သူခိုးခိုးခြင်း စသော အကြောင်းကြောင့် ပျောက်ပျက်ခြင်း, ဝိနဋ္ဌ၊ ခြကိုက်ခြင်း စသော အကြောင်းကြောင့် ပျက်စီးခြင်း, ဒဍ္ဎ၊ မီးလောင်ခြင်း, စီဝရာသာဥပစ္ဆိန္န၊ မည်သူ့ထံမှ သင်္ကန်း ရလိမ့်မည်ဟူသော မြော်လင့်ချက်ပြတ်စဲခြင်း။

(ခ) ဝါမကျိုးသော "ပုရိမဝဿံဝုတ္ထ" ရဟန်းမျိုးတို့အား သာ ကထိန်ခင်းခွင့်ပြုပါသည်။

(ဂ) အနည်းဆုံး ရဟန်း ၅-ပါးရှိမှသာ ကထိန်ခင်းနိုင်ပါ သည်။

ကထိနကံသည် စတုဝဂ္ဂ ကရဏီယကံဖြစ်၍ ကထိန်သင်္ကန်းပေး မည့် ရဟန်း ၄-ပါး, ကထိန်ခံရမည့် ရဟန်းတပါး ပေါင်း ၅-ပါး ရှိမှ ဖြစ်နိုင်သည်။

(ဆန္ဒမအကြိမ်)

၂၂၄။ မေး (က) တခုသော ကျောင်းတိုက်၌ ပုရိမဝဿံဝုတ္ထ ရဟန်း ၃-ပါးသာရှိရာ ထိုရဟန်းတို့အား ကထိန်သင်္ကန်း ဖြစ်ပေါ်၍ လာပါက ဘယ်လိုကထိန်ခင်းရမည်နည်း။ (ခ) သင်္ကန်း ၉-ထည်တို့တွင် အဘယ်သင်္ကန်းမျိုးဖြင့်သာ ကထိန်ခင်းနိုင်သည်ကိုလည်း ပြဆိုပါ။

၂၂၄။ ဖြေ (က) ပုရိမဝဿံဝုတ္ထ ရဟန်းက ၃-ပါးမျှသာ ရှိနေပါလျှင် ဤကျောင်းတိုက်တွင်းရှိ "ပစ္ဆိမဝဿူပဂတ" ရဟန်းတို့ကိုဖြစ်စေ, အခြားကျောင်းတိုက်က ရဟန်းတို့ကိုဖြစ်စေ, ဂဏပူရကပြု၍ ခင်းရပါမည်။ (ဂဏပူရက ရဟန်းတို့မှာ အာနိသင်မရ)

(ခ) သင်္ကန်း ၉-ထည်တို့တွင် သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသက ဤ ၃-ထည်တွင် တထည်ထည်ဖြင့်သာ ကထိန် ခင်းနိုင်ပါသည်။

---

၂၂၅။ မေး (က) ဘယ်လိုပုဂ္ဂိုလ်မျိုးက ဘယ်သို့ဆို၍ လှူသောသင်္ကန်းဖြင့် ကထိန်ခင်းရသည်။ (ခ) ဘယ်လိုပုဂ္ဂိုလ်မျိုးသာ ကထိန်ခင်းထိုက်သည်။ (ဂ) ဘယ်ပုံ ကထိန်ခင်းရသည် တို့ကို ဖြေဆိုပါ။

၂၂၅။ ဖြေ (က) ဒေဝ-မနုဿ- ဂဟဋ္ဌ-ပဗ္ဗဇိတ တို့တွင် မည်သူကမဆို "ဣမံ ကထိန စီဝရံ သံဃဿ ဒေမ" ဟု ဆို၍ လှူသောသင်္ကန်းဖြင့် ကထိန်ခင်းနိုင်ပါသည်။

(ဆက်မအကြိမ်)

(ခ) ပုဗ္ဗကရဏဇာနန=ပုဗ္ဗကရဏကို သိခြင်းစသော အင်္ဂါ ဂ-ပါးနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မျိုးသာ ကထိန်ခင်းထိုက်ပါသည်။

(ဂ) ကထိန်ခင်းလိုသောပုဂ္ဂိုလ်သည် သိမ်အပြင်၌ သံဃာကို စည်းဝေးစေ၍ မဟာဝဂ္ဂ ကထိနက္ခန္ဓကလာ ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် သံဃာက သင်္ကန်းပေးပြီးနောက် ဒုကုဋ်ဖြင့်ခင်းမည်ဖြစ်လျှင် အရင်က အဓိဋ္ဌာန်တင်ပြီး ဒုကုဋ်ဟောင်းရှိနေပါက ထိုဒုကုဋ်ဟောင်းကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"ဟု အဓိဋ္ဌာန်ချ၍ ကထိန်ခင်းမည့် ဒုကုဋ်သစ်ကို ကပ္ပဗိန္ဒုထိုးပြီးလျှင် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန်တင်၍ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"ဟု ဆို၍ ခင်းအပ်၏။ ကေသီဖြင့် ခင်းလျှင် "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ"ဟု ဆို၍ သင်းပိုင်ဖြင့်ခင်းလျှင် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" ဟု ဆို၍ ခင်းရသည်။

ကထိန်ခင်းမည့် သင်္ကန်းကို အဓိဋ္ဌာန်မတင်မီ သင်္ကန်းဟောင်းကို အဓိဋ္ဌာန်ချရသည်မှာ မူလကအဓိဋ္ဌာန်တင်ပြီး သင်္ကန်းဟောင်းရှိနေမှသာ ချရသည်။ အဓိဋ္ဌာန်ချစရာ မူလကတင်ပြီး သင်္ကန်းမရှိသဖြင့် ချက်ခြင်းတင် ချက်ခြင်းချ လုပ်ကြသည်မှာ အပိုသာဖြစ်၏။

---

၂၂၆။ မေး (က) ကထိန်ခင်းပြီးသော မထေရ်ကြီးက ကြွင်းရဟန်းတို့ကို အနုမောဒနာပြုရန် တိုက်တွန်းသော ပါဠိနှင့် ကြွင်းရဟန်းတို့က အနုမောဒနာပြုကြသော ပါဠိတို့ကိုရေး၍ (ခ) ကထိန်ခင်းသော ကျောင်းတိုက်ရှိ ပုရိမဝဿံဝုတ္ထ ရဟန်းတိုင်း ကထိန်အာနိသင် ရသည်မရသည်ကိုလည်း ဖြေဆိုပါ။

(ဆဋ္ဌမအကြိမ်)

၂၂၆။ ဖြေ (က) "တိုက်တွန်းပုံ" အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။

"အနုမောဒနာပြုပုံ" အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ။

(ခ) ပုရိမဝဿံဝုတ္ထ ရဟန်းတိုင်း ကထိနာ နိသံသကို ရသည် မဟုတ်ပါ၊ "အတ္ထတံ ဘန္တေ"စသော ပါဠိကို နှုတ်မြွက်ရွတ်ဆို ကာ အနုမောဒနာ ပြုမှသာ ရရှိနိုင်ပါသည်။

ပါဠိများ၏အနက်

> အာဝုသော၊တို့။ သံဃဿ၊သံဃာသည်။ကထိနံ၊ကထိန်ကို။ အတ္ထတံ၊ခင်းအပ်ပြီ။ကထိနတ္ထာရော၊ကထိန်ခင်းခြင်းသည်။ ဓမ္မိကော၊ တရားနှင့်လျော်၏။ တုမှေ၊ တို့သည်။ အနုမောဒထ၊ အနုမောဒနာ ပြုကြကုန်လော့။ ဝါ၊ ဝမ်းမြောက်ကြကုန်လော့။ မယံ၊တို့သည်။ အနုမောဒါမ၊ ဝမ်းမြောက်ပါကုန်၏။

ဝဒန္တ, သုဏန္တုတို့၏ ထေရ, နဝ- ဧက, ဗဟု အားလျော်စွာ "ဘန္တေအာဝုသော အနုမောဒထ-အနုမောဒါဟိ-အနုမောဒါမ အနုမောဒါမိ"ပါဠိပြောင်းလွဲ၍ ဆိုတတ်စေ။

---

၂၂၇။ မေး ကထိန်အာနိသင် ၅-မျိုးကို အဓိပ္ပါယ်ချုပ်နှင့် တကွ ဖော်ပြပါ။

၂၂၇။ ဖြေ ကထိနာနိသံသ- အနာမန္တစာရ, အသမာဒါန စာရ, ယာဝဒတ္ထစီဝရ, ဂဏဘောဇန, ယောစတတ္ထစီဝရုပ္ပါဒ- ပေါင်း ၅-ပါး။

(ဆဋ္ဌမအကြိမ်)

**အမိပ္ပါယ်အတွက်ကျက်မှတ်ရန်**

အနာမန္တ၊အသမာဒါနှင့်၊ တဖြာဂဏ၊ ယာဝ, ယောတတ်၊
ယင်းငါးရပ်၊ မှတ်လေအာနိသင်။

**အနာမန္တစာရ**

ဦးစွာပင့်အပ်၊ ဆွမ်းရှိလတ်လျက်၊တစ်တပ်ထင်ရှား၊ရဟန်း
အားကို၊ မကြားမပန်၊ သွားနိုင်ပြန်၊ မှတ်ရန်နာမန္တာ။

**အသမာဒါနစာရ**

ဆိုင်ရာနာမ၊ မိဋ္ဌာနဖြင့်၊ ကိစ္စပြီးပြေ၊ စီးသုံးထွေနှင့်၊ ကင်း
ကွေအရက်၊နေပါတုံလျက်၊ပြစ်မထွက်၊ လှစ်မြွက်အသမာ။

**ဂဏဘောဇန**

ဝစိဝိညတ်၊ မအပ်နိမန်၊ ကြောင်းနှစ်တန်ကြောင့်၊ ဂိုဏ်းထုံ
ရောက်လာ၊ ဘောဇနာကို၊ စားပါလျက်ပင်၊ ပြစ်မထင်၊
ကျိုးအင်ဂဏသာ။

**ယာဝဒတ္ထစီဝရ**

အမိဋ္ဌာန။ ဝိကပ္ပမှု၊ ပြုထိုက်သမျှ၊ စီဝရကို။ မပြုလိုက၊ မပြု
ရဘဲ၊ ငါးလအတွင်း၊ ထားနိုင်ခြင်း။ ကျိုးရင်းယာဝသာ။

**ယောစတတ္ထစီဝရုပ္ပါဒ**

ကထိန်ခင်းသည့်၊ တိုက်တွင်းဖြစ်လာ၊ သံဃာပိုင်ထ၊ စီဝရ
ပင်၊ ဖြစ်လေလျှင်လည်း၊ နိသင်မရ၊ ကြွင်းသံဃအား၊ ပေး
ကြြားမပြု၊ ယူနိုင်မှု၊ မှတ်ရှုယောတတ္ထာ။

ကထိန်မခင်းသော်လည်း အသမာဒါနမှ တပါးသော အာနိ
သင် ၄-ပါးတို့မှာ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တန်
ဆောင်မုန်းလပြည့်နေ့သို့ တိုင်အောင်သော စီဝရမာသ တလ အ
တွင်း၌ရတိုက်သောကြောင့် ကာလာနိသံ သတို့ခည်ကုန်၏။အနတ္ထ
(ဆဋ္ဌမအကြိမ်)

တကထိနရဟန်းတို့သည်လည်း အသမာဒါနစာရမှ တပါးသော အာနိသင် ၄-ပါးတို့ကိုစီ၀ရမာသ၌ရနိုင်ကြကုန်သည်ဟု ဆိုလို၏။

---

၂၂၈။ မေး "တံ ပနေတံ ကထိနံ အဋ္ဌသု မာတိကာသု အညတရ၀သေန ဥဒ္ဓရီယတိ" ပါဠိအရ ကထိနုဒ္ဓါရ အဋ္ဌမာတိကာ သရုပ်ကို ဖော်ထုတ် ရေတွက်လိုက်ပါ။

၂၂၈။ ဖြေ မာတိကာ ၈-ပါး ပက္ကမနန္တိကာ၊ ဖဲသွားခြင်းလျှင် အဆုံးအပိုင်းအခြားရှိသော ကထိန်နုတ်ခြင်း, ၂-နိဋ္ဌာနန္တိကာ၊ အာနိသင်သင်္ကန်း၏ ပြီးဆုံးခြင်းလျှင် အဆုံးအပိုင်းအခြားရှိသော ကထိန်နုတ်ခြင်း, ၃-သန္နိဋ္ဌာနန္တိကာ၊ စိတ်ကို ဆုံးဖြတ်ခြင်းလျှင် အဆုံး အပိုင်းအခြားရှိသော ကထိန်နုတ်ခြင်း, ၄-နာသနန္တိကာ၊ အာနိသင်သင်္ကန်း၏ ပျောက်ခြင်းလျှင် အဆုံးအပိုင်းအခြားရှိသော ကထိန်နုတ်ခြင်း, ၅-သ၀နန္တိကာ၊ ကထိန်နုတ်ပြီဟု ကြားခြင်းလျှင် အဆုံးအပိုင်းအခြားရှိသော ကထိန်နုတ်ခြင်း, ၆-အာသာ၀စ္ဆေဒိကာ၊ သင်္ကန်းရမှု၌ ဖြစ်သော အာသာ၏ ပြတ်စဲခြင်းရှိသော ကထိန်နုတ်ခြင်း, ၇-သီမာတိက္ကမနန္တိကာ၊ ဥပစာရ သိမ်၏အပ၌ သင်္ကန်းကာလကို လွန်ခြင်းကြောင့်ဖြစ်သော ကထိန်နုတ်ခြင်း, ၈-သဟုဗ္ဘာရာ၊ တိုက်တွင်းရဟန်းတို့နှင့် အတူတကွပြုအပ်သော ကထိန်နုတ်ခြင်း။

အဓိပ္ပါယ်ကိုမရေးဘဲ "ပက္ကမနန္တိကာ နိဋ္ဌာနန္တိကာ" စသည်ဖြင့် သရုပ်ပြပါဠိလောက် ရေးလျှင် ဤမေးခွန်းအရ ပြေပါပြီ။

ဆောင်ပုဒ်

ပက္က,နိဋ္ဌာ၊သန္နိဋ္ဌာနှင့်၊တဖြာမှတ်ကြ၊ နာသန,သ၀နာ၊
အာသာ၀စ္ဆေ၊ သီမေ,သဟ၊ ဥဗ္ဘာရ။ အဋ္ဌမာတိကာ။

(ဆဋ္ဌမအကြိမ်)

၂၂၉။ မေး (က) ပထမ ကထိန သိက္ခာပုဒ်၌ လိုအပ်သော စီဝရ၏ ဇာတိဘေဒနှင့် ပမာဏကို ပြဆို၍ (ခ) အနုလောမ သင်္ကန်းမျိုးတို့ကိုလည်း ထုတ်ဖော် ညွှန်းပြပါ။

၂၂၉။ ဖြေ (က) ဇာတိဘေဒ - ခေါမ, ကပ္ပါသိက, ကောသေယျ, ကမ္ဗလ, သာဏ, ဘင် ၆-မျိုး။

ပမာဏ- အခိုင်ဌာန်တင်လောက် ဝိကပ္ပနာ ပြုလောက်သော အလျားအနံ ရှိရပါမည်။

(ခ) အနုလောမစီဝရ- ဒုကူလ, ပဋ္ဋုဏ္ဏ, သောမာရဇ, စိနဇ, ဣဒ္ဓိဇ, ဒေဝဒိန္န ၆-မျိုး။

မှတ်ရန်အဓိပ္ပါယ်

ခေါမ ခုံချည်သင်္ကန်း,ကပ္ပါသိက-ဝါချည်သင်္ကန်း, ကောသေယျ, ပိုးချည်သင်္ကန်း, ကမ္ဗလ- သက္ကလပ်သင်္ကန်း, သာဏ- ပိုက်ဆံချည်သင်္ကန်း ဘင်-ဆန်ချည်သင်္ကန်း, ဒုကူလ ဘွဲဖြူပုဆိုးဖြင့် ပြုအပ်သောသင်္ကန်း ပဋ္ဋုဏ္ဏပဋ္ဋုဏ္ဏတိုင်း၌ဖြစ်သောသင်္ကန်း.သောမာရဇ သောမာရတိုင်း၌ ဖြစ်သော သင်္ကန်း, စိနဇ-စိန္နတိုင်း၌ဖြစ်သော သင်္ကန်း, ဣဒ္ဓိဇ-ဧဟိဘိက္ခုရဟန်း တို့၏ ပုညိဒ္ဓိကြောင့်ဖြစ်သော သင်္ကန်း, ဒေဝဒိန္န-နတ်တို့လှူအပ်သော ပဒေသာပင်၌ ဖြစ်သော သင်္ကန်း။

တရုပ်ပြည်ကို စိနရဋ္ဌ "စိန္နတိုင်း" ဟု ခေါ်သည်။ မြန်မာမှ တပါးအခြားလူမျိုးများက တရုပ်ပြည်ကို"ချိန"ဟုခေါ်ကြသည်။ ချိန-စိန အရှေ့တိုင်းဟု ဆိုလို၏။

၁။ ခေါမ ကောသေယျ ကပ္ပါသ၊ သာဏဘင်္ဂါနိ ကမ္ဗလံ။
　　ကပ္ပိယာနိ ဆဠေတာနိ၊ သာနုလောနိ ဇာတိတော။

၂။ ဒုကူလဋ္ဌေဝ ပဋ္ဋုဏ္ဏ၊ ပဋ္ဋံ သောမာရ စိနဇံ။
　　ဣဒ္ဓိဇံ ဒေဝဒိန္နဉ္စ၊ တဿ တဿာနုလောမိကံ။

(ဆဋ္ဌမအကြိမ်)

၂၃၀။ မေး (က) အတိရေကစီဝရ- ဟူသည် ဘယ်လို သင်္ကန်းမျိုးပါနည်း။ (ခ) အဘယ်ကြောင့် အတိရေကစီဝရ ဆိုပါသနည်း။

၂၃၀။ ဖြေ (က) အဓိဋ္ဌာန် မတင်အပ်, ဝိကပ္ပနာလည်း မပြုအပ်သော "အနဓိဋ္ဌိတ-အဝိကပ္ပိတ" သင်္ကန်းမျိုးကို အတိရေကစီဝရ ဆိုပါသည်။

(ခ) အဓိဋ္ဌာန်တင်အပ်,ဝိကပ္ပနာပြုအပ်သော သင်္ကန်းတို့တွင် မပါဝင်ဘဲ ပိုလျှံ၍နေသောကြောင့် အတိရေကစီဝရဆိုပါသည်။

---

၂၃၁။ မေး (က) သင်္ကန်း ၉-ထည်၏ အမည်သရုပ်ကို ဖော်ထုတ်၍ (ခ) ဝိကပ္ပနူပဂ စီဝရ၏ သဗ္ဗ ပစ္ဆိမ အလျား အနံ ပမာဏကိုလည်း သုဂတ, မဇ္ဈိမပုရိသ, ပကတိပုရိသတို့၏ အတိုင်းအရှည်အရ ခွဲခြားပြဆိုပါ။

၂၃၁။ ဖြေ (က) ၁-သံဃာဋိ၊ ဒုကုဋ်, ၂-ဥတ္တရာသင်္ဂ၊ ကိုယ်ရုံ, ၃-အန္တရဝါသက၊ သင်းပိုင်, ၄-ပရိက္ခာရစောဠ၊ ရေစစ် ပုဝါ လက်သုတ်ပုဝါစသော တိုလီမိုစ စောဠကပရိက္ခရာမျိုး, ၅-ဝဿိကသာဋိက၊ မိုးရေခံသင်္ကန်း, ၆-ကဏ္ဍုပ္ပဋိစ္ဆာဒိက၊ အမာလွှမ်းသင်္ကန်း, ၇-ပစ္စတ္ထရဏ၊ အပေါ် လွှမ်းအိပ်ရာခင်း၊ ၈-မုခပုဉ္ဆန။ မျက်နှာသုတ်ပုဝါ,၉-နိသီဒန၊ နိသီဒိုင်။

ဆောင်ပုဒ်

သံ, ဥတ်, အန်, ပ၊ ဝဿ်, ကဏ်, ပ၊ မုခ, နိသီဒိုင်။

(ခ) ဝိကပ္ပနူပဂ စီဝရ၏ပမာဏကား သုဂတဖြင့် အလျား လက် ၈-သစ်, အနံ လက် ၄-သစ်, မဇ္ဈိမဖြင့် အလျားတတောင်,

အနံတထွာ, ပကတိဖြင့် အလျားတတောင့်ထွာ, အနံတထွာနှင့် လက် ၆-လစ် ရှိပါသည်။

ဝိကပ္ပနူပဂ-ဝိကပ္ပနာလောက်။

မဇ္ဈိမနှင့် ဝနုကိအဘူတူဖြစ်၏၊ လက်သမားတောင်ခေါ်သည်၊ ပကတိပုရိသဟူသည် ယခုလူများတည်း။

---

၂၇၂။ မေး (က) "တိစီဝရံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ"ဟု ဟောတော်မူခြင်းကြောင့် တိစီဝရိက်ကို အဓိဋ္ဌာန်သာတင်ရသည်၊ ဝိကပ္ပနာမပြုရဟု မှတ်ရမည်လော (ခ) မည်သည့်ကာလအတွင်းသာ အဓိဋ္ဌာန်တင်ရမည်။ ထိုကာလကိုလွန်က အဓိဋ္ဌာန်မတင်ရဟု အဓိဋ္ဌိတ ကာလပရိစ္ဆေဒရှိသော သင်္ကန်းမျိုးရှိပါက ဆိုင်ရာကာလနှင့်တကွ ပြဆို၍ (ဂ) အဓိဋ္ဌိတကာလကိုလွန်က ဘယ်သို့ပြုရမည်ကိုလည်း ပြဆိုပါ။

၂၇၂။ ဖြေ "တိစီဝရံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ" ဟူသော ပါဠိတော်၌ "နဝိကပ္ပေတုံ"ဟူသောစကားဖြင့် "ဣမံ သံဃာဋိံ တုယှံ ဝိကပ္ပေမိ" စသည်ဖြင့် ဝိကပ္ပနာ ပြုလိုသော သင်္ကန်း၏ သံဃာဋိ စသော အမည်ကို ထုတ်ဖော်၍ ဝိကပ္ပနာ ပြုမှုကိုသာ တားမြစ်ပါသည်။ လုံး လုံး ဝိကပ္ပနာမပြုရဟု မတားမြစ်ပါ၊ ထို့ကြောင့် သံဃာဋိ စသော အမည်ကိုမတပ်ဘဲ စီဝရဟူသော အမည်သာမန်ဖြင့် "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"ဟု ဝိကပ္ပနာ ပြုကောင်းပါသည်။

(ခ) ဝဿိကသာဋိက- မိုးရေခံသင်္ကန်း, ကဏ္ဍုပဋိစ္ဆာဒိက- အမာလွှမ်းသင်္ကန်းတို့မှာ အဓိဋ္ဌိတကာလ ပရိစ္ဆေဒ ရှိကြ

ပါသည်။ ဝဿိကသာဋိကာ၏ အဓိဋ္ဌာတကာလကား မိုးလ ၄-လ ကဏ္ဍုပ္ပဋိစ္ဆာဒိက၏ အဓိဋ္ဌာတကာလကား အနာရှိနေသမျှကာလ ဖြစ်ပါသည်။

(ဂ) အဓိဋ္ဌာတကာလကိုလွန်က ဝိကပ္ပနာပြုရပါမည်။

"ဝဿိကသာဋိကံ ဝဿာနံ စတုမာသံ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ၊ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ၊ တတော ပရံ ဝိကပ္ပေတုံ" ကန်ါ၌ ထုတ်ပြသော ဤပါဠိတော် သက်သက်မျှကိုရေးလျှင်လည်း ပြီးနိုင်၏။

---

၂၃၃။ မေး (က) အဓိဋ္ဌာနရူပဂ ဖြစ်သော သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသကတို့၏ ပမာဏကို ဥက္ကဋ္ဌ, လာမက ပရိစ္ဆေဒအားဖြင့် ပြဆို၍ (ခ) ထိုပမာဏအတိုင်းမကျဘဲ ဦနအဓိက ဖြစ်နေပါလျှင် ဘယ်လို အဓိဋ္ဌာန် တင်ရမည် ကို လည်း ပြဆိုပါ။

၂၃၃။ ဖြေ (က) ထိုသင်္ကန်း ၃-ထည်လုံး၏ ပမာဏမှာ ဥက္ကဋ္ဌ ပရိစ္ဆေဒအားဖြင့် မြတ်စွာဘုရား သင်္ကန်းတော်လောက် နီးနီးကြီးနိုင်ပါသည်။ လာမကပရိစ္ဆေဒအားဖြင့်ကား သံဃာဋိ-ဥတ္တရာသင်္ဂတို့မှာ အလျား "မုဋ္ဌိပဉ္စက" ၅-တောင် တောင်ဆုပ်, အနံ "မုဋ္ဌိတ္တိက" ၃-တောင် တောင်ဆုပ်ရှိပါသည်။ အန္တရဝါသကမှာ အလျား "မုဋ္ဌိပဉ္စက" ၅-တောင် တောင်ဆုပ်, အနံ 'အစုတေယျ-ဒွိဟတ္ထ" ၂-တောင့်ထွာ+၂-တောင် ရှိပါသည်။

(ဆင္ဓမအာကြိမ်)

(ခ) ထိုပမာဏအတိုင်း မကျဘဲ ဦန-အဓိက-ဖြစ်နေပါက ပရိက္ခာရစေဥ္ဇ အဓိဋ္ဌာန်တင်ရပါမည်။

တောင်ပြည့် ၄ တောင်နှင့် တောင်ဆုပ် တတောင်ကို ၅ တောင် တောင်ဆုပ်ဆိုသည်။ အကြွင်းနည်းတူသိ။

၁။ သံဃာဋိ ပဉ္စမန္တေန၊ ဒိဃသော မုဋ္ဌိ ပဉ္စကော။
ဥတ္တမန္တေန သုဂတ၊ စိဝရူနာပိ ဝဋ္ဋတိ။

၂။ မုဋ္ဌိတ္တိကဥ္စ တိရိယံ၊ တထာ ဧကံသိကာဿပိ။
အန္တရဝါသကောစာပိ၊ ဒိဃသော မုဋ္ဌိပဉ္စကော။
အဍ္ဎတေယျော ဒွိဟတ္ထော ဝါ။ တိရိယန္တေန ဝဋ္ဋတိ။

---

၂၃၄။ မေး (က) အဓိဋ္ဌာန်တင်နည်းအမျိုးအစား မည်မျှ ရှိသည်ကို အဓိပ္ပါယ်နှင့်တကွ ပြဆို၍ (ခ) အနီးအဝေး အနည်း အများ တင်ရာ၌ ကွဲပြားပုံကိုလည်း သိသာရုံမျှညွှန်းပြပါ။

၂၃၄။ ဖြေ (က) အဓိဋ္ဌာန် တင်နည်းသည် ကာယာ ဓိဋ္ဌာန၊ ကိုယ်ဖြင့် အဓိဋ္ဌာန်တင်နည်း, ဝါစာဓိဋ္ဌာန၊ နှုတ်ဖြင့် အဓိဋ္ဌာန် တင်နည်း, ဟု နှစ်မျိုး နှစ်စား ရှိပါသည်၊ ထိုတွင် အဓိဋ္ဌာန်တင်မည့် သင်္ကန်းကို လက်ဖြင့် ကိုင် တွယ် သုံး သပ် ၍ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဤဒုကုဋ်ကို ငါအဓိဋ္ဌာန်တင်ပါ၏- ဟု စိတ်ထဲကနှုတ်သုံးသွင်းလိုက်လျှင် "ကာယာဓိဋ္ဌာန" ကိုယ်ဖြင့် အဓိဋ္ဌာန်တင်မှု ဖြစ်ပါသည်၊ တစုံတခုသော ကိုယ်အင်္ဂါဖြင့်

(ဆက်ရန်အကြွင်း)

ကိုင်တွယ် သုံးသပ်မှုကို မပြုဘဲ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟု နှုတ်မြွက်မှု သက်သက်ကိုသာ ပြုပါက "ဝါစာဓိဋ္ဌာန" နှုတ်ဖြင့် အဓိဋ္ဌာန်တင်မှု ဖြစ်ပါသည်၊ ဥတ္တရာသင်္ဂ စသည်၌လည်း နည်းတူ သိပါ။

(ခ) အနီးကို "ဣမ" သဒ္ဒါ, အဝေးကို "ဧတ" သဒ္ဒါနှင့် သုံးစွဲရပါသည်၊ ထိုကြောင့် အနီး,အနည်းဖြစ်လျှင် "ဣမံ" အနီး အများဖြစ်လျှင် "ဣမာနိ" အဝေး, အနည်းဖြစ်လျှင် "ဧတံ" အဝေး, အများဖြစ်လျှင် "ဧတာနိ"ဟု ပြောင်းလွှဲပြင်ဆင်ရပါ သည်၊ ၂-တောင့်ထွာ ဟတ္ထပါသ်အတွင်းကို အနီးဆိုသည်။

အဓိဋ္ဌာန်တင်ရာ၌ နှုတ်ကလည်းဆို ကိုယ်ကလည်း ကိုင်တွယ် သုံးသပ်ပါက "ကာယဝါစာဓိဋ္ဌာန်" ကိုယ်,နှုတ် ၂-ပါးလုံးဖြင့် အဓိဋ္ဌာန်တင်ခြင်း ဖြစ်ရာ၏၊ သို့ရာတွင် ပရိဝါပါဠိတော်၌ "ဒွေ စီဝရဿ အဓိဋ္ဌာနာနိ"ဟု အသေအချာ သချၤာတပ်လျက်လာသ ဖြင့် ၂-မျိုးသာခွဲလိုက်သည်၊ ဤပါဠိကိုမှီရာပြုကာ ကာယဝါစာဓိ ဋ္ဌာန-မရှိဟူ၍ကား မမှတ်သားရာ။

---

၂၃၅။ မေး အဓိဋ္ဌာန် တင်ထားသော အဝတ်အထည်တို့ကို သံဃာဋိ စသည် ချုပ်လုပ်နိုင်ပါက မူလတင်ပြီး အဓိဋ္ဌာန်ပျက် သွားပါသလော၊ နောက်ထပ်တဖန် အဓိဋ္ဌာန်တင်ဘွယ်ကိစ္စရှိပါ သေးသလော။

၂၃၅။ ဖြေ ဤသို့ပြုလုပ်ခြင်းမှာ အဓိဋ္ဌာန်ပျက်ကြောင်း ၈-ပါးတွင် မပါဝင်သဖြင့် မူလအဓိဋ္ဌာန်မပျက်ပါ၊ သို့ဖြစ်၍ သံဃာဋိ စသည်ဖြင့် ပြုလုပ်ပြီး၍ ဆိုးမှု ကပ္ပဗိန္ဒုထိုးမှုများ ပြီးစီး

(ဆဋ္ဌမအကြိမ်)

ခဲ့သော် "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"ဟု ပစ္စုဒ္ဓိုရ်ပြုကာ "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" စသည်ဖြင့် နောက်ထပ်တဖန် အဓိဋ္ဌာန် တင်ရပါသေးသည်။

ဂဏ္ဌိအဆို

ပရိက္ခာရစောဠ၏အစွမ်းဖြင့် အဓိဋ္ဌာန်တင်၍ ထားအပ်သော ပုဆိုးတို့ဖြင့် ဒုက္ကဋ်စသည် ချုပ်သော်လည်း တဖန်အဓိဋ္ဌာန်မတင် ရပြီ၊ ရှေးတင်ပြီးသော အဓိဋ္ဌာန်ပင် အဓိဋ္ဌာန်ဖြစ်လာသတည်း။

---

၂၃၆။ **မေး** (က) အဓိဋ္ဌာန်တင်ရာ၌ သံဃာဋိ စသော ဆိုင်ရာအမည်ကိုထုတ်ဖော်၍ တင်ခြင်းမှတပါး အခြားအဓိဋ္ဌာန် တင်ရန် မည်သို့သော နည်းလမ်းများ ရှိပါသေးသနည်း၊ (ခ) သင်္ကန်း ၉-ထည်တို့တွင် မည်သည့်သင်္ကန်းကို အထည် ပေါင်းမည်မျှ အဓိဋ္ဌာန်တင်နိုင်ခွင့် ရသည်ကိုလည်း ဖော်ပြပါ။

၂၃၆။ **ဖြေ** (က) ဆိုင်ရာအမည်ဖြင့် အဓိဋ္ဌာန်တင်နည်းမှ တပါး ပရိက္ခာရစောဠ အမည်ဖြင့် အဓိဋ္ဌာန်တင်ရသော နည်း တမျိုး ရှိပါသေးသည်၊ "ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ" ဟု ဆို၍ တင်ရပါသည်၊ အနီး အဝေး အနည်းအများ အလိုက် ထိုက်သည် အားလျော်စွာ "ဣမံ ဣမာနိ, ဧတံ ဧတာနိ" ဟု ပြောင်းလဲ၍ဆိုလေ။

(ခ) သင်္ကန်း ၉-ထည်တို့တွင် သံဃာဋိ ဥတ္တရာသင်္ဂ အန္တရဝါသက ဝဿိကသာဋိက ကဏ္ဍုပ္ပဋိစ္ဆာဒိက နိသီဒန ဤ ၆-ထည် တို့မှာ တထည်စီသာ အဓိဋ္ဌာန် တင်ရပါသည်၊ ပစ္စတ္ထရဏ

ပရိက္ခာရစောဠ မုခပုဉ္ဆန ဤ ၃-ထည် တို့မှာကား အထည် အရေအတွက် အများအပြားပင် အဓိဋ္ဌာန် တင်ထားနိုင်ပါသည်၊ မုခပုဉ္ဆနကို ၂-ထည်ဟုလည်း အဆိုရှိ၏။

တထည်သာ အဓိဋ္ဌာန်တင်ရမည်ဟူရာ၌ တခါအဓိဋ္ဌာန်တင်လျှင် တထည်သာတင်ရမည်၊ တကြိမ်တည်း ၂-ထည်ပူးမတင်ရဟု ဆိုလိုသည်မဟုတ်၊ အဓိဋ္ဌာန်တင်ထားသော သင်္ကန်းတထည်သာ ရှိရမည် ၂-ထည်မရှိရ၊ အသစ်တထည်ကို အဓိဋ္ဌာန်တင်လိုက မူလ အဓိဋ္ဌာန်တင်ပြီး သင်္ကန်းဟောင်းကို အဓိဋ္ဌာန်ချပြီးမှသာ တင်ရမည် ဟူလိုသည်။

---

၂၇၄။ မေး (က) ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်မှုမှာ အိတ်, ပုဝါစသော ပရိက္ခာရစောဠ သင်္ကန်းမျိုးနှင့်သာ ဆိုင်ပါသလော၊ (ခ) အားလုံးနှင့်ပင် ဆိုင်သည်ဆိုပါက သံဃာဋိစသော သူ့ဆိုင်ရာ အမည်ဖြင့် မတင်ဘဲ ပရိက္ခာရစောဠအမည်ဖြင့် တင်ရခြင်းအတွက် ဘယ်သို့သောအကျိုးထူး ထွက်ပါသေးသနည်း။

၂၇၄။ ဖြေ (က) ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်နည်းမှာ သင်္ကန်း ၉-ထည်လုံးနှင့်သက်ဆိုင်ပါသည်၊ (ပရိက္ခာရစောဠိယောသဗ္ဗံ၊ တထာ ဝတွာ အဓိဋ္ဌတိ။)

(ခ) ပရိက္ခာရစောဠ အမည်ဖြင့် တင်ရခြင်းအတွက် သုခပရိဘောဂတ္ထ ဆိုင်ရာအမည်ဖြင့် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းလို လုပ်ငန်းကိစ္စမထူးဘဲ လွယ်ကူချမ်းသာစွာ အသုံးပြုနိုင်ခြင်း အကျိုးရှိပါသည်။

(ဆဋ္ဌမအကြိမ်)

၂၃၈။ မေး (က) သင်္ကန်း ၉-ထည်တို့တွင် ဆိုးရန် ကပ္ပဗိန္ဒုထိုးရန် လိုသော သင်္ကန်းမျိုး မလိုသော သင်္ကန်းမျိုးတို့ကို သတ်မှတ်ပြဆို၍ (ခ) လိုသော သင်္ကန်းမျိုးတွင် မည်သည့် သင်္ကန်းအတွက် မည်မျှလိုသည်ကိုလည်း ပြဆိုပါ။

၂၃၈။ ဖြေ (က) ဆိုးရန် ကပ္ပဗိန္ဒုထိုးရန် လိုသော သင်္ကန်းမျိုးကား သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသက, ဝဿိကသာဋိက, ကဏ္ဍုပ္ပဋိစ္ဆာဒိက, ဤသင်္ကန်း ၅-ထည်မှာဆိုးမှု ကပ္ပဗိန္ဒုထိုးမှုကို ပြုရပါသည်။ ပရိက္ခာရစောဠ, ပစ္စတ္ထရဏ, မုခပုဉ္ဆန, နိသီဒန ဤသင်္ကန်း ၄-ထည်မှာ ဆိုးမှုကပ္ပဗိန္ဒုထိုးမှု မလိုပါ။

(ခ) ဆိုးမှု ကပ္ပဗိန္ဒု ထိုးမှုလိုသော သင်္ကန်းများတွင် သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသက ဤ ၃-ထည်မှာ ကောင်းမွန်ကျန သာရုပ္ပဖြစ်အောင် ဆိုးဘို့လိုပါသည်။ ထိုသို့ကောင်းမွန်စွာ ဆိုးမှလည်း အဓိဋ္ဌာန်နားပါသည်။ ဝဿိကသာဋိက, ကဏ္ဍုပ္ပဋိစ္ဆာဒိက ဤ ၂-ထည်မှာ "ဝဏ္ဏဘေဒမတ္တ" မူလ အဆင်းပျက်ရုံမျှလောက်သာ ဆိုးဘို့လိုပါသည်။ ကပ္ပဗိန္ဒုထိုးမှုအတွက် ပြောဘွယ်မရှိပါ။

ဆောင်ပုဒ်

ပ, ပ, နိ, မု၊ ဤလေးခု၊ ဗိန္ဒုဆိုးရည် မရွေးတည်း။

---

၂၃၉။ မေး အဓိဋ္ဌာန်လောက်သော အလျား အနံ ပမာဏရှိပါလျက် အဓိဋ္ဌာန် မထင်ဘဲ ထားနိုင်သော အဝတ်

(ဆန္ဒမအကြိမ်)

အထည် ပရိက္ခရာမျိုး ရှိကောင်းပါက မည်သည့်အရာများ ဖြစ်သည်ကို ညွှန်းပြပါ။

၂၃၉။ ဖြေ ၎င်းအရာများကား မဍ္ဍဘိသိ-ညောင်စောင်း ပေါ်၌ ခင်းသော ဘုံလျှို၊ ပိဋ္ဌဘိသိ-အင်းပျဉ်ပေါ်၌ ခင်းသော ဘုံလျှို၊ ဗိဗ္ဗောဟန ခေါင်းအုံး၊ ပါဝါရ-စုလျားအခင်း၊ ကောဇဝ-ကော်ဇော၊ ဤအခင်း ၅-မျိုးနှင့်တကွ သေနာသန ပရိက္ခာရ ကျောင်း အသုံးအဆောင် ပရိက္ခရာအကျိုးငှာ လှူအပ်သော "ပစ္စတ္ထရဏ" အပေါ်လွှမ်း အခင်းမျိုးတို့ ဖြစ်ပါသည်။

ပဋ္ဌဘိသိစသော ၅-မျိုးတို့မှာသည်း သေနာသန ပရိက္ခာရ ဖြစ်သောကြောင့် အဓိဋ္ဌာနကိစ္စ မရှိသည်ကို သိလေ။

---

၂၄၀။ မေး (က) အဓိဋ္ဌာန်ကျကြောင်း ၈-ပါးကို ဖော်ပြ၍ (ခ) တိစီဝရိက်နှင့်သာ ဆိုင်သော အဓိဋ္ဌာန်ကျကြောင်းကိုလည်း ပြဆိုပါ။

၂၄၀။ ဖြေ (က) အဓိဋ္ဌာန်ကျကြောင်း ၈-ပါး အညဿဒါန၊ သူတပါးအား ပေးလိုက်ခြင်း၊ အစ္ဆိန္ဒိတ္ဂာဂဟဏ၊ သူတပါး လုယက်၍ ယူသွားခြင်း၊ ဝိဿာသဂ္ဂါဟ၊ အကျွမ်းဝင်၍ ယူသွားခြင်း၊ ဟီနာယာဝတ္တန၊ သိက္ခာကိုမချဘဲ လူဝတ်လဲခြင်း၊ သိက္ခာပစ္စက္ခာန၊ သင်္ကန်းဝတ်လျက် သိက္ခာချခြင်း၊ ကာလံ ကိရိယာ၊ သင်္ကန်းရှင် ရဟန်းသေခြင်း၊ လိင်္ဂပရိဝတ္တန၊ လိင်ပြောင်းခြင်း၊ ပစ္စုဒ္ဓရဏ၊ ပစ္စုဒ္ဓိရ်ပြုခြင်း၊ ပေါင်း ၈-ပါး။ (ဤ ၈-ပါးကား ၉-ထည်လုံးနှင့် ဆိုင်၏။)

ပါဠိသက်သက်ဖြစ်စေ၊ မြန်မာသက်သက်ဖြစ်စေ ရေးနိုင်သည်။

(ဆဋ္ဌမအကြိမ်)

(ခ) တိစီဝရိက် ၃-ထည်တွင် သံဃာ၌, ဥတ္တရာသင်္ဘိုင်၏ အလျား အစွန်းမှတာထွာ, အနံအစွန်းမှ လက် ၈-သစ်, အန္တရဝါသက၏ အလျားအစွန်းမှတာထွာ, အနံအစွန်းမှ လက် ၄-သစ်မျှ ပမာဏရှိသော အရပ်၏ အတွင်းဘက်၌ လက်သန်း လက်သည်းခွံမျှ အပေါက်ပေါက်ခဲ့သော် အဓိဋ္ဌာန်ကျ၏။ သတ်မှတ်ပြဆိုအပ်သော အရပ်၌ ပြဆိုအပ်ခဲ့သလောက် အပေါက် ပေါက်ခြင်းသည် တိစီဝရိက်နှင့်သာ ဆိုင်သော အာဝေဏိက အဓိဋ္ဌာန်ကျကြောင်း ဖြစ်၏။

ဆောင်ပုဒ်

၁။ လက်သန်း သည်းမျှ၊ပေါက်လတ်က၊ သုံး၁ တိစီဝရိက် အကြောင်းတည်း။

၂။ လျားဆဲ့နှစ်သစ်၊ နံရှစ်သစ်၊ လေး သစ် သင်း ပိုင် နံပေါက်တည်း။

ဤတိစီဝရိက် အဓိဋ္ဌာန်ကို ဖျက်ဆီးတတ်သော အပေါက်မှာ "ဝိနိဝိဒ္ဓဆိဒ္ဒ" ထုတ်ချင်းထွင်းသော အပေါက်ဖြစ်ရမည်။ချည်မျှင် တမျှင်လောက် တန်း၍ ကျန်နေသေးလျှင် အဓိဋ္ဌာန်မကျ၊ ဤ "ဝိနိဝိဒ္ဓဆိဒ္ဒ"နှင့် တကွ တိစီဝရိက် အဓိဋ္ဌာန်ကျကြောင်း ၉-ပါး ရှိသည်ကို သတိပြုလေ။

သိက္ခာကိုပင် မချသော်လည်း၊ တကယ်လူထွက်လိုသော စိတ်ဖြင့် သက်န်းကို အာလယပြတ်စွန့်ကာ လူဝတ်လဲခြင်း ဟူသော "ဟိနာယာဝတ္တန" သင်္ကန်းကိုပင် ကိုယ်မှာဝတ်လျက် ကပ်လျက် ရှိသေးသော်လည်း သိက္ခာကို ချလိုက်ခြင်းဟူသော "သိက္ခာပစ္စက္ခာန" အကြောင်းတို့ကြောင့် အဓိဋ္ဌာန်ကျသည်ကို အထူးမှတ်သား၍ ထားပါ။ ဝါဒကွဲပြားရာ ဌာနဖြစ်သည်။

(ဆဋ္ဌမအကြိမ်)

၂၄၁။ မေး မိုးရေခံသင်္ကန်း အမာလွှမ်း သင်္ကန်းတို့မှာ မိမိတို့ဆိုင်ရာ အဓိဋ္ဌိတကာလ ပရိစ္ဆေဒကို လွန်ပါက အလိုလို အဓိဋ္ဌာန် ကျသွားပါသလော။ သို့မဟုတ် တမင် အဓိဋ္ဌာန်ချမှ ပင် ကျပါသလော ဆုံးဖြတ်ပါ။

၂၄၁။ ဖြေ တမင် အဓိဋ္ဌာန် ချနေရသည် မဟုတ်ပါ။ ဆိုင် ရာကာလကို လွန်ပါက အလိုလိုအဓိဋ္ဌာန် ကျပါသည်။

**မှတ်ရန်**

ဤအဖြေမှာ ကင်္ခါဋီကာသစ် အလိုအားလျော်စွာ ဖြေဆိုအပ် သော အဖြေသာတည်း။ "ဝဿိကသာဋိကာ ဝဿာန မာသာ တိက္ကမေနာဝိကဏ္ဍုပ္ပဋိစ္ဆာဒိ အာဗာဓဝူပသမေနာဝိ အဓိဋ္ဌာနံ ဝိဇဟတိ" (ကင်္ခါ)ဤကင်္ခါပါဠိ၌လာ "ဝဿာနမာသာ တိက္ကမေ နာဝိအာဗာဓဝူပသမေနာဝိ"ဟူသောပုဒ်တို့၌ သမ္ပိဏ္ဍနတ္ထ(အပိ) သဒ္ဒါဖြင့် မိုးရေခံသင်္ကန်း အမာလွှမ်း သင်္ကန်းတို့သည် "အည ဿဒါန"စသော အကြောင်း ၈-ပါးတို့ကြောင့်သာ အဓိဋ္ဌာန်ကို စွန့်ကုန်သည်မဟုတ်သေး၊ စင်စစ်သော်ကား ဝဿာန မာသာ တိက္ကမ အကြောင်း,အာဗာဓဝူပသမ အကြောင်းတို့ကြောင့်လည်း အဓိဋ္ဌာန်ကို စွန့်ကြကုန်သေးသည် ဟူသော အဓိပ္ပါယ်ကို သိရမည် ဟု ဋီကာကြီးတို့ တညီတညွတ်တည်း ဆိုကြကုန်၏။ ဤဝါဒအရ မိုးရေခံသင်္ကန်း အမာလွှမ်းသင်္ကန်းတို့၌ အဓိဋ္ဌာန်ကျကြောင်း ၉-ပါးဖြစ်ရာ၏။

---

၂၄၂။ မေး "နိဿဂ္ဂိယံ ပါစိတ္တိယံ" ဟူသော ပါဠိ၌ နိဿဂ္ဂိယ ပါစိတ္တိယ ၂-ပုဒ်ကို အနက်တူကြံ၍ တနည်း, အနက် ပြားကြံ၍ တနည်းအားဖြင့် နည်း ၂-ပါးအရ အဓိပ္ပါယ်ဖော်ပြပါ။

(ဆ၁၉မအကြိမ်)

၂၄၂။ ဖြေ အနက်တူကြံပါက စွန့်လွှတ်ခြင်း ဟူသော "နိဿဂ္ဂိယ" ဝိနည်းကံရှေးရှိသော ပါစိတ်အာပတ်သင့်သည် ဟု အဓိပ္ပါယ်ရပါသည်။

အနက်ပြားကြံပါက သင်္ကန်းသည်လည်း စွန့်ထိုက်သော သင်္ကန်းဖြစ်သွားသည်၊ ပါစိတ်အာပတ်လည်း ထိုရဟန်းအား သင့်သေးသည်ဟု အဓိပ္ပါယ်ရပါသည်။

---

၂၄၃။ မေး (က) လဆန်းတရက်နေ့က သင်္ကန်းကို ရရှိရာ ထိုသင်္ကန်းအတွက် ဒသာဟ ရေတွက်ရာ၌ သင်္ကန်းမရမီက လွန်ပြီးခဲ့သော လဆန်းတရက်နေ့၏ အရုဏ်ကိုပါ ထည့်သွင်း ရေတွက်ရပါသေးသလော၊ (ခ) ဒသာဟာတိက္ကန္တ နိဿဂ္ဂိယ ဖြစ်ပါက မည်သို့ပြုရမည့် အစီအရင်ကိုလည်း ဖော်ပြပါ။

၂၄၃။ ဖြေ (က) သင်္ကန်းဖြစ်ရာ လဆန်းတရက်နေ့၏ လွန်ခဲ့ပြီးသော အရုဏ်မှာ "စီဝရုပ္ပန္န ဒိဝသ နိဿိတ" သင်္ကန်း ဖြစ်ရာ လဆန်းတရက်နေ့ကို မှီသည်ဖြစ်သောကြောင့် ထိုအရုဏ် ကိုပါ ထည့်သွင်း ရေတွက်ရပါသည်။

(ခ) ဒသာဟာတိက္ကန္တ ဖြစ်၍ နိဿဂ္ဂိဖြစ်ခဲ့သော် ၁-ထို နိဿဂ္ဂိသင်္ကန်းကို သံဃာအားဖြစ်စေ, ဂိုဏ်းအားဖြစ်စေ, ပုဂ္ဂိုလ် အားဖြစ်စေ စွန့်ရမည်, ၂-စွန့်ပြီးလျှင် ဒေသနာကြားရမည်, ၃-ဒေသနာ ကြားပြီးလျှင် စွန့်ရာဖြစ်သော သံဃာ- ဂိုဏ်း- ပုဂ္ဂိုလ်က ပြန်ပေးရပါသည်။ (လုပ်ငန်း) ၃-ခုရှိပါသည်။

(ဆဋ္ဌမအကြိမ်)

နိဿဇ္ဇိတ္ဗာနဒေသေယျ၊ အာပတ္တိံ တေန ဘိက္ခုနာ။
ပဋိဂ္ဂဟေတ္ဗာ အာပတ္တိံ၊ ဒေယျံ နိဿဋ္ဌစီဝရံ။

---

၂၄၄။ မေး ဒသာဟာတိက္ကန္တ နိဿဂ္ဂိယ သက်နိုးကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့အား စွန့်ပုံ ပါဠိနှင့် သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့က ပြန်ပေးပုံ ပါဠိတို့ကို ရေးပြပါ။

၂၄၄။ ဖြေ သံဃာအား စွန့်ပုံပါဠိ "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာ ဟံ သံဃဿ နိဿဇ္ဇာမိ" ဟုဆို။

ဂိုဏ်းအားစွန့်ရာ၌ "သံဃဿ" နေရာတွင် "အာယသ္မန္တာနံ" ဟုဆို။

ပုဂ္ဂိုလ်အားစွန့်ရာ၌ "သံဃဿ"နေရာတွင်"အာယသ္မတော" ဟုဆို။

သံဃာက ပြန်ပေးပုံ "သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ စီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော နိဿဂ္ဂိယံ သံဃဿ နိဿဋ္ဌံ၊ ယဒိ သံဃဿ ပတ္တ ကလ္လံ၊ သံဃော ဣမံ စီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ" (ဗျတ္တ ပဋိဗလ ရဟန်းကဆို။)

ဂိုဏ်းကပြန်ပေးပုံ "သုဏန္တု မေ အာယသ္မန္တာ၊ ဣဒံ စီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော နိဿဂ္ဂိယံ အာယသ္မန္တာနံ နိဿဋ္ဌံ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ အာယသ္မန္တာ ဣမံ စီဝရံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျုံ" (ဗျတ္တ ပဋိဗလ ရဟန်းကဆို။)

ပုဂ္ဂိုလ်က ပြန်ပေးပုံ "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ"

(ဆဋ္ဌမအကြိမ်)

အနီးအဝေး အနည်းအများအလိုက် "ဣမံ, ဣမာနိ, ဧတံ, ဧတာနိ"ဟု ထိုက်သလို ပြောင်းလဲ၍ဆို။

မှတ်ရန်

"ပါဠိ" ဝတ္ထုအသဏ္ဌာနေ့ အညထာဝိ ဝတ္ထုဗ္ဗ"ဟုအဆိုရှိရကား "ဣဒံ မေ ဘန္တေ"စသော ပါဠိကို မဆိုနိုင်သော ရဟန်းသည် မိမိစွမ်းနိုင်ရာ အခြားဘာသာဖြင့်လည်း ဆိုနိုင်ခွင့် ရှိသည်ကို သိလေ။

---

၂၄၅။ မေး (က) စွန့်လွှတ်အပ်သော နိဿဂ္ဂိယဝတ္ထုကို ပြန်မပေးပါက မည်သို့အပြစ်ရှိပါသနည်း၊ (ခ)နိဿဂ္ဂိယဝတ္ထုကို မစွန့်လွှတ်ဘဲ အသုံးပြုနေပါက မည်သည့် အာပတ် သင့်ပါသနည်း။

၂၄၅။ ဖြေ (က) ငါ့အားပေးသည် ငါ့ဟာဖြစ်ပြီဟူသော အမှတ်အထင် သကသညာမျိုးဖြင့် ပြန်မပေးဘဲနေပါက ဒုက္ကဋ်အာပတ်သင့်ပါသည်၊ စွန့်လာသော ရဟန်း၏ဥစ္စာမှန်း သိပါလျက် သက်သက်အမြွက်ခထောင်ကာ ပြန်မပေးဘဲ နေပါမူကား ဥစ္စာရှင်ရဟန်းက "နမယှံဘဝိဿတိ" ငါပြန်ရတော့မည် မဟုတ်ပါဟု စိတ်ချလိုက်လျှင် ပစ္စည်းတန်ဘိုးအလိုက် ထိုက်သည်အားလျော်စွာ ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိက, အာပတ်များ သင့်ရောက်ပါသည်။

(ခ) နိဿဂ္ဂိယဝတ္ထုကို မစွန့်လွှတ်ဘဲ အသုံးပြုနေပါက ဒုက္ကဋ် အာပတ်သင့်ပါသည်။

အနိဿဇ္ဇိတွာ နိဿဂ္ဂိ၊ ပရိဘုဉ္ဇေ န ဒေယျဝါ။
နိဿဋ္ဌံ သကသညာယ၊ ဒုက္ကဋံ အညထေတရံ။
(ဆံ့ရှမအကြမ်)

မှတ်ရန်

ရဟန်းတပါး၏ နိဿဂ္ဂိယပစ္စည်းကို အခြားရဟန်းတပါးက အသုံးပြုမှုကား အနာပတ္တိဟု ဋီကာ၌ဆို၏ "အညဿ တံ ပရိဘုဥ္ဇတောပိ အနာပတ္တိ၊ အညေန ကတံ ပဋိလဘိတွာ ပရိဘုဥ္ဇတီတိ အာဒိဝစနတ္တော သာဓကံ"။

၂၄၆။ မေး (က) ဒသာဟာ နတိက္ကန္တ သက်နိုး၌ အတိက္ကန္တ သညာရှိလျက် သုံးဆောင်သော ရဟန်း (ခ) ဝေမတိက ရှိလျက် သုံးဆောင်သောရဟန်း (ဂ) ဒသာဟာတိက္ကန္တ သက်နိုး၌ အနတိက္ကန္တ သညာရှိလျက် သုံးဆောင်းသော ရဟန်း (ဃ) ဝေမတိကရှိလျက် သုံးဆောင်သော ရဟန်းတို့မှာ မည်သည့် အာပတ်များ သင့်ပါသနည်း။

၂၄၆။ ဖြေ (က) ရဟန်းမှာ ဒုက္ကဋ်။
(ခ) ရဟန်းမှာ ဒုက္ကဋ်။
(ဂ) ရဟန်းမှာ နိဿဂ္ဂိပါစိတ်။
(ဃ) ရဟန်းမှာ နိဿဂ္ဂိပါစိတ်။

၂၄၇။ မေး ပထမ ကထိန သိက္ခာပုဒ်၏ အင်္ဂါများကို ရေတွက်ဖော်ပြပါ။

၂၄၇။ ဖြေ အင်္ဂါများ ၁-ဇာတိပမာဏ သမ္ပန္နဿ စီဝရဿ အတ္တနော သန္တကတာ၊ ဇာတ်ပမာဏနှင့်ပြည့်စုံသော သင်္ကန်း၏ ကိုယ်ပိုင်ဥစ္စာမှန်ခြင်း, ၂-ဂဏနူပဂတာ၊ နေ့ဟူသော အရေအတွက်သို့ ရောက်ခြင်း, ၃-ဆိန္နပလိဗောဓဘာဝေါ၊ ပြတ်ပြီးသော စီဝရပလိဗောဓ, အာဝါသပလိဗောဓ ရှိခြင်း, ၄-အတိ

(ဆင့်မအကြွင်)

ရေက စီဝရတာ၊ အတိရေက သင်္ကန်းဖြစ်ခြင်း, ၅-ဒသာဟာ တိက္ကမော၊ ဆယ်ရက်ကိုလွန်ခြင်း ပေါင်း ၅-ပါး။

ဆောင်ပုဒ်

> ဇာတ်ပမာဏ၊ ဆမ္ပန္နဂုဏ်၊ လောက်လုံပြည့်ဝ၊ စီဝရ၏၊ သ သန္တကံ၊ ကိုယ်ပိုင်မှန်၍၊ မှတ်ရန်တဆူ၊ ဂဏ္ဌုပဂ၊ ဆိန္နပလိ၊ ဗောဓရှိစေ၊ အတိရေက၊ စီဝရလျှောက်၊ လွန်မြောက်ဒသ၊ အဟထည့်ပြန်၊ အင်္ဂါးတန်၊ မှတ်ရန် ပထမ ကထိန။

ဂဏ္ဌုပဂ-ဟူသည် ငါ့သင်္ကန်း ငါ့လက်သို့ ရောက်သည်မှာ ရက်ပေါင်းမည်မျှရှိပြီဟု ရက်ကို ရေတွက်ထိုက်သော သင်္ကန်းမျိုး ဖြစ်ရမည်။ လက်သို့ ရောက်ပြီးဖြစ်ရမည်ဟု ဆိုလို၏။ တရပ်တရွာ က မိမိအဘွက် လူကြုံတွင်အပ်၍ လှူလိုက်သော သင်္ကန်းမျိုးမှာ မိမိလက်သို့ မရောက်သေးသော်ငြား, အရှင်ဘုရားအား မည်သူက သင်္ကန်း လှူလိုက်ပါသည်ဟု အကြောင်းမကြား၍ မသိရသေး သော်ငြား, ထိုသင်္ကန်းမျိုးမှာ ဂဏ္ဌုပဂ မဖြစ်။

ဤသိက္ခာပုဒ်သည် သာဓာရဏပညတ္တိ အနာဏတ္တိက- ကထိန သမုဋ္ဌာန-အကိရိယ-နောသညာဝိမောက္ခ-အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ-ကာယကမ္မ-ဝစီကမ္မ-တိစိတ္တ-တိဝေဒနာတည်း။

ပထမ နိဿဂ္ဂိယပါစိတ်ပြီး၏။

---

## ဒုတိယ နိဿဂ္ဂိယပါစိတ်

၂၄၈။ မေး (က) ဒုတိယ ကထိနသိက္ခာပုဒ်၌ "တိစီဝ ရေန"ဟု ဆိုခြင်းကြောင့် တိစီဝရ ပရိယာပန္န ဧကကစီဝရ နှင့်မှု ကင်းကောင်းသည်ဟု မှတ်ယူရမည်လော (ခ) ဤသိက္ခာ ပုဒ်၌ အတိရေကစီဝရ, အနတိရေက စီဝရတို့တွင် ဘယ်လို

တိစီဝရမျိုးကို လိုသည်ဟုလည်း ခွဲခြားခွင့်ရှိဘမျှ ခွဲခြား သတ်မှတ်၍ပြပါ။

၂၄၈။ ဖြေ (က) "သံဃာဋိအာဒိသု ယေန ကေနစိ" ဟူသော စကားအရ ကောကစီဝရနှင့်လည်း ကင်း၍ မနေကောင်းပါ။

တိစီဝရ-ဟူသောအမည်သည် သင်္ကန်း ၃-ထည်လုံး၏ အမည်နာမ "သမုဒါယဝေါဟာရ" တည်း။ ထိုကို သံဃာဋိ,ဥတ္တရာသင်္ဂ, အန္တရဝါသကဟူသော အဝယဝ၌တင်၍ ကောက စီဝရကိုပင် ကေဒေသူပစာ နည်းအရ တိစီဝရဟု ဝေါဟာရ ပြုထားသည် ဟူ၏။

(ခ) အနတိရေက တိစီဝရကိုသာ လိုပါသည်။ ထိုအနတိရေက တိစီဝရသည်လည်း အဓိဋ္ဌိတ, ဝိကပ္ပိဘဟု ၂-မျိုး ရှိရာ အဓိဋ္ဌိတတိစီဝရကိုသာ လိုပါသည်။ ထိုအဓိဋ္ဌိတ တိစီဝရသည်လည်း ပရိက္ခာရစောဠဓိဋ္ဌိတ, တိစီဝရာဓိဋ္ဌိတဟု ၂-မျိုးရှိပြန်ရာ တိစီဝရာဓိဋ္ဌိတ တိစီဝရကိုသာ ဤနေရာ၌ လိုအပ်ပါသည်။

သံဃာဋိ-စသော ဆိုင်ရာအမည်ဖြင့် အဓိဋ္ဌာန်တင်ထားသော တိစီဝရိတ်ကိုသာ လိုသည်ဟူ၏။

---

၂၄၉။ မေး (က) "တိစီဝရေန ဝိပ္ပဝါသေယျ" ၌ ဝိပ္ပဝါသဟူသည် ဘာကိုဆိုပါသနည်း (ခ) ပါဠိတော်၌ ဟောတော်မူအပ်သော စီဝရ နိက္ခေပဌာနများကိုလည်း ရေတွက်ဖော်ပြပါ။

၂၄၉။ ဖြေ (က) ဂါမ-နိဝေသနစသော စီဝရနိက္ခေပဌာန တို့တွင် တခုခုသော ဌာန၌ သင်္ကန်းကို ထား၍ သင်္ကန်းထားရာ ဂါမ စသည်တို့၏အပြင်အပ ဟတ္ထပါသ် လွတ်ရာဌာန၌

အရဟတ္တဖိုလ်ကို တက်စေခြင်း, အရဟတ်တက်သည့် အခါ သင်္ကန်းနှင့် ဟတ္ထပါသ် လွတ်ရှိနေခြင်းတည်း။

(ခ) စီဝရ နိက္ခေပဌာနများ ဂါမ၊ ရွာ, နိဝေသန၊ အိမ်, ဥဒ္ဒေါသိတ၊ ဘဏ္ဍာတိုက်, အဋ္ဋ၊ ပြအိုး, မာဠ၊ တန်ဆောင်း, ပါသာဒ၊ ပြာသာဒ်ရှည်, ဟမ္မိယ၊ ပြာသာဒ်ဦးပြည်း, နာဝါ၊ လှေ, သတ္ထ၊ လှည်း,ခေတ္တ၊ လယ်, ဓညကရဏ၊ ကောက်နယ် တလင်း, အာရာမ၊ အာရာမ်, ဝိဟာရ၊ ကျောင်း, ရုက္ခမူလ၊ သစ်ပင်ရင်း, သစ်ပင်အောက်, အဇ္ဈောကာသ၊ လွင်တီးခေါင်, ၁၅-ပါး။

ဆောင်ပုဒ်

ရွာ,အိမ်နှင့်, တိုက်၊ထီးစိုက်,ဦးပြည်း၊ လှေ,လှည်း, ပြ,လယ်။ ကောက်နယ်, သစ်ပင်၊ လွင်, အာရာမ်, ကျောင်း၊ တန်ဆောင်း, ပဉ္စဒ၊ ကေုလ၊ အဝိပ္ပ၊ ဝါသ အရပ်တည်း။

ဂါမေ နိဝေသနေ ဥဒ္ဒေါ၊ သိတ ပါသာဒ ဟမ္မိယေ။
နာဝါဋ္ဋမာဠ အာရာမေ၊ သတ္ထ ခေတ္တ ခလေ ဒုမေ၊
အဇ္ဈောကာသေ ဝိဟာရေဝါ၊ နိက္ခိပိတ္ဝာ တိစီဝရံ။
ဘိက္ခူသမ္မုတိယာညတြ၊ ဝိပ္ပဝတ္ထုံ နဝဋ္ဋတိ။

---

၂၅၀။ **မေး** (က) ဒုတိယ ကထိနသိက္ခာပုဒ်လာ"အညတြ ဘိက္ခု သမ္မုတိယာ"ဟူသော ပါဠိ၌ မည်သည့် သမ္မုတိမျိုးဖြစ် သည်ကို အဓိပ္ပါယ်နှင့် တကွ ပြဆို၍ (ခ) ထိုသမ္မုတိမျိုးကို မည်သို့သောရဟန်းအား ပေးထိုက်သည်, မည်သူက မည်သို့ပေး ရသည်တို့ကိုလည်း ပြဆိုပါ။
(ဆဋ္ဌမအကြိမ်)

၂၅၀။ ဖြေ (က) အဝိပ္ပဝါသ သမ္မုတိ ဖြစ်ပါသည်။ အဝိပ္ပဝါသ သမ္မုတိ ဆိုသည်မှာ တိစီဝရိက်နှင့် ညဥ့်ကင်း၍ နေစေကာမူ ညဥ့်ကင်း၍ နေခြင်း မရှိသော ရဟန်းဟု သမုတ်ခြင်း။ ဝါ။ ညဥ့်ကင်း၍ နေလိုလျှင် နေစေဟူသောဘုရားရှင်၏ ခွင့်ပြုချက် အမိန့်တော်ကို ရရှိသော ရဟန်းဟု သမုတ်ခြင်း ဖြစ်ပါသည်။

(ခ) ထို အဝိပ္ပဝါသ သမ္မုတိကို ဂိလာန ရဟန်းအား သံဃာက ပါဠိတော်လာ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရပါသည်။

---

၂၅၁။ မေး (က) အရပ်တပါးသို့ ရောက်နေသဖြင့် တိစီဝရိက်နှင့် ညဥ့်ကင်းတော့မည် ရှိနေသည့်အခါ ဘယ်သို့ ပြုရပါမည်နည်း၊ (ခ) ဂိလာန ရဟန်းသည် အကြင်ရောဂါကြောင့် အဝိပ္ပဝါသသမ္မုတိကို ရ၏၊ ထိုရောဂါပျောက်ပြီးမှ တဖန် ပြန်ထခဲ့သော်ငြားငြား အခြားရောဂါတမျိုး ဖြစ်ပေါ်လာခဲ့သော်ငြား အသစ်တဖန် သမ္မုတိပေးရန် ကိစ္စ ရှိ မရှိကိုလည်း ဆုံးဖြတ်ပါ။

၂၅၁။ ဖြေ (က) ရောက်ရှိနေရာ အရပ်ကပင် အဓိဋ္ဌာန် ချပစ်လိုက်ရပါသည်။

(ခ) "လဒ္ဓကပ္ပိယ မေဝ ပုန သမ္မုတိ ဒါနကိစ္စံ နတ္ထိတိ အဓိပ္ပါယော"ဟူသော စကားအရ အသစ်တဖန် သမ္မုတိ ပေးရန် ကိစ္စမရှိတော့ပါ။

(ဆဋ္ဌမအင်္ကြိန်)၊

အဝေးမှလှမ်း၍ အဓိဋ္ဌာန်တင်ရာချရာ၌ 'ဌပိတဋ္ဌာနံ သလ္လက္ခေတွာ'ဟူသော စကားအရ အဓိဋ္ဌာန်တင်လိုချလိုသောသင်္ကန်းထားရာအရပ်ကို၎င်း,သင်္ကန်းကို၎င်း,စိတ်ကမှတ်သားရမည်၊ ရည်မှန်းရမည်။ ဤ၌ ဌပိတဋ္ဌာနကို မှတ်ခြင်းကား လိုရင်းမဟုတ်၊ စီဝရကို မှတ်ခြင်းသာ လိုရင်းတည်း။

---

၂၅၂။ မေး (က) ဒုတိယ ကထိနသိက္ခာပုဒ်၏ အင်္ဂါများ ရေတွက်ဖော်ပြ၍ (ခ) ပထမ ကထိနသိက္ခာပုဒ်နှင့် ဒုတိယ ကထိနသိက္ခာပုဒ် အကိရိယဖြစ်ပုံချင်းတူသည် ထူးသည် ကိုလည်း ရှင်းပါ။

၂၅၂။ ဖြေ (က)အင်္ဂါများ ၁-အဓိဋ္ဌိတစီဝရတာ၊အဓိဋ္ဌာန်တင်အပ်ပြီးသော သင်္ကန်းဖြစ်ခြင်း, ၁-အနတ္ထတ ကထိနတာ၊ မခင်းအပ်သော ကထိန်ရှိသူ ဖြစ်ခြင်း, ၃-အလဒ္ဓ သမ္မုတိတာ၊ မရအပ်သော သမ္မုတိရှိသူဖြစ်ခြင်း, ၄-ရတ္တိဝိပ္ပဝါသော၊ ညဉ့်ကင်းခြင်း ပေါင်း ၄-ပါး။

(ခ) ပထမ ကထိနသိက္ခာပုဒ်မှာ "အနဓိဋ္ဌာန- အဝိကပ္ပန" အဓိဋ္ဌာန်မတင်ခြင်း ဝိကပ္ပနာ မပြုခြင်းသည် အကိရိယ, ဒုတိယ ကထိနသိက္ခာပုဒ်မှာ "အပစ္စုဒ္ဓရဏ" ပစ္စုဒ္ဓိရ် မပြုခြင်းသည် အကိရိယဖြစ်၍ အကိရိယဖြစ်ပုံချင်း ထူးကြပါသည်။

ဆောင်ပုဒ်

အဓိဋ္ဌိတ၊ စီဝရမျိုး၊ ဖြစ်ရိုးတသင်း၊ ခင်းမှုကထိန်၊
မကြိမ်သူဖြစ်၊တလှစ်ထိုမှ၊မရအပ်ဘိ၊သမ္မုတိလည်း၊
ရှိသူမှန်စေ၊ ကင်းကွေညဉ့်ဆွယ်၊ အင်လေးသွယ်၊
မှတ်ဖွယ်ဒုတိယ ကထိန။

(ဆဋ္ဌမအကြိမ်)

ဤသိက္ခာပုဒ်သည် အသာဓာရဏ ပညတ္တိ-အနာဏတ္တိက-ကထိန သမုဋ္ဌာန်-အကိရိယ-နောသညာဝိမောက္ခ- အစိတ္တက- ပဏ္ဏတ္တိဝဇ္ဇ- ကာယကမ္မ- ဝစီကမ္မ- တိစိတ္တ-တိဝေဒနာတည်း။

ဒုတိယနိဿဂ္ဂိပါစိတ်ပြီး၏။

---

## တတိယနိဿဂ္ဂိပါစိတ်

၂၅၃။ မေး (က) တတိယ ကထိနသိက္ခာပုဒ်၌ အကာလစီဝရံအရ အကာလစီဝရဟူသည် ဘယ်လိုသင်္ကန်းမျိုးပါနည်း၊ (ခ) စီဝရကာလ အရကိုလည်း ညွှန်းပြပါ။

၂၅၃။ ဖြေ (က) စီဝရကာလမှ တပါးသော ကာလကို "အညော ကာလော အကာလော" အရ အကာလ ဆိုပါသည်၊ ဤအကာလအခါ၌ ဖြစ်ပေါ်လာသော သင်္ကန်းမျိုးကို အကာလစီဝရ ဆိုပါသည်။

(ခ) ကထိန်မခင်းပါက သီတင်းကျွတ် လပြည့်ကျော်တရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ တလ, ကထိန်ခင်းပါက သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တပေါင်း လပြည့်နေ့အထိ ၅-လသည် စီဝရကာလ၊ ဤစီဝရကာလ အတွင်း၌ဖြစ်ပေါ်လာသော သင်္ကန်းမျိုးကို ကာလစီဝရ ဆိုပါသည်။

ကာလသမယကို ကုဋ္ဌိသမယ, အကာလသမယကို ဝိဋ္ဌိသမယဟူ၍လည်း ဝိနည်းကျမ်းဂန်များ၌ အသုံးအနှုန်းရှိ၏။ ဤသိက္ခာပုဒ်၌ ဝိဋ္ဌိသမယ အကာလ၌ဖြစ်သော နိပ္ပရိယာယ-အကာလ စီဝရကိုသာ လိုသည်။

(ဆန္ဒမအကြိမ်)

၂၅၄။ မေး (က) စိဝရကာလ ကုစ္ဆိသမယ၌ ဖြစ်ပေါ်လျက် အကာလစီဝရဟု ဆိုနိုင်သောသင်္ကန်းမျိုး ရှိပါသလော၊ ဘယ်သင်္ကန်းမျိုးပါနည်း။ (ခ) "အကာလစီဝရံ ဥပ္ပဇ္ဇေယျ" ၌ သင်္ကန်းဖြစ်ပေါ်ပုံ အခြင်းအရာ "စီဝရုပ္ပဇ္ဇနာကာရ"ကိုလည်း အဋ္ဌကထာနည်းအရ ထုတ်ဖော်ညွှန်းပြပါ။

၂၅၄။ ဖြေ (က) ရှိပါသည် "ဣဒံ အကာလစီဝရံ"ဟု ရည်ညွှန်းပိုင်းခြား၍ သံဃာအား လှူအပ်သော သင်္ကန်းမျိုးသည် ၎င်း, "ဣဒံ တုယှံ ဒမ္မိ"ဟု တစုံတယောက်သော ပုဂ္ဂိုလ်အား ရည်ညွှန်းပိုင်းခြား၍ လှူအပ်သော သင်္ကန်းမျိုးသည်၎င်း, အကာလသင်္ကန်းပင် မည်ပါသည်။

ဤသို့ ကုစ္ဆိသမယ စီဝရကာလ၌ဖြစ်သော အကာလစီဝရမျိုးမှာ ပရိယာယ အကာလစီဝရသာဖြစ်သည်၊ဤအကာလစီဝရမျိုးကို တတိယ ကထိနသိက္ခာပုဒ်၌ မလို။

(ခ) သံဃာမှဖြစ်စေ, သုတ္တန္တိကစသော ဂိုဏ်းမှဖြစ်စေ, မိမိ၏ အဘိုဘာဂ ရသောအားဖြင့်သော်၎င်း, ဉာတိမိတ္တတို့ထံမှ ရသောအားဖြင့်သော်၎င်း, ပံသုကူရသောအားဖြင့်သော်၎င်း,မိမိပိုင် ဝါချည်စသော ဥစ္စာမှသော်၎င်း, သင်္ကန်း ပေါ်လာခြင်း ဖြစ်ပါသည်။

---

၂၅၅။ မေး "အကာလစီဝရံ ဥပ္ပဇ္ဇေယျ"၌ ပါဠိတော်လာ စီဝရုပ္ပါဒ အဋ္ဌမာတိကာ သရုပ်ကို ဖော်ထုတ်ရေတွက်ပြပါ။

ဆဋ္ဌမအကြိမ်)

၂၅၅။ ဖြေ သီမာယဒါန်၊ ဥပစာရသိမ်စသည်၌ ပေးလှူခြင်း, ကတိကာယဒါန်၊ ကတိကဝတ်ပြုရာအရပ်၌ ပေးလှူခြင်း, ဘိက္ခာပညတ္တိယာဒါန်၊ အမြဲဆွမ်းဝတ် တည်ရာအရပ်၌ ပေးလှူခြင်း,သံဃဿဒါန်၊ သံဃာအား ပေးလှူခြင်း,ဥဘတော သံဃဿဒါန်၊ဥဘတော သံဃာအားပေးလှူခြင်း, ဝဿံဝုတ္ထ သံဃဿဒါန်၊ ဝဿံဝုတ္ထ သံဃာအား ပေးလှူခြင်း, အာဒိဿဒါန်၊ရည်ညွှန်းပိုင်းခြား၍ ပေးလှူခြင်း, ပုဂ္ဂလဿ ဒါန်၊ ပုဂ္ဂိုလ်အားပေးလှူခြင်း ပေါင်း ၈-ပါး။

"သီမာယဒါန်,ကတိကာယဒါန်"စသည်ဖြင့် ပါဠိသက်သက်လည်း ရေးနိုင်သည်၊သားကိုဖြစ်စေတတ်သော အမိမသွေ သက်န်းရရှိခြင်းအကျိုးကို ဖြစ်စေတတ်သောကြောင့် သီမာဒါနစသည်ကို မာတိကာ ဆိုသည်။

ဆောင်ပုဒ်

သိမ်, ကတိကာ၊ ဘိက္ခာဒါန၊ သုံးသံဃနှင့်၊ အာဒိဿထည့်၊ ပုဂ္ဂလိ၊ ရှစ်ရှိမာတိကာ။

---

၂၅၆။ မေး (က) သင်္ကန်းဖြစ်ရာ မာတိကာ ၈-ပါးတို့တွင် "သီမာယ ဒေတိ"ဟူသော မာတိကာအရ သီမာဘေဒကို ထုတ်ပြ၍ (ခ) သင်္ကန်းလှူသူ ဒါယကာက သီမာဘေဒကို နားမလည်သဖြင့်"သီမာယဒမ္မိ, သီမဋ္ဌကသံဃော ဂဏှာတု"ဟု သာမညဆို၍ လှူခဲ့သောသင်္ကန်းကို ဘယ်ရဟန်းတို့အား ဝေဘန်ရမည်ကိုလည်း ပြဆိုပါ။

၂၅၆။ ဖြေ (က) သီမာဘေဒ- ခဏ္ဍသိမ်, ဥပစာရသိမ်, သမာနသံဝါသကသိမ်, အဝိပ္ပဝါသသိမ်, လာဘသိမ်, ဂါမသိမ်,

(ဆင့်မအကြိမ်)

နိဂမသိမ်, နဂရသိမ်, အဗ္ဗန္တရသိမ်, ဥဒကုက္ခေပသိမ်, ဇနပဒ သိမ်, ရဋ္ဌသိမ်, ရဇ္ဇသိမ်, ဒီပသိမ်, စက္ကဝါဠသိမ်, ပေါင်း ၁၅-မျိုး။

(ခ) "သီမာယဒမ္မိ"ဟု သာမညဆို၍ လှူအပ်သောသင်္ကန်းကို ဥပစာရသိမ်အတွင်းရှိ ရဟန်းများ ဝေခြမ်း၍ ယူကြရပါသည်။

ဥပစာရသိမ်ကို ထံတိုင်းအရံရှိသော ကျောင်းတိုက် ဖြစ်က ထိုတံတိုင်းအရံဖြင့်, မရှိသော ကျောင်းတိုက်ဖြစ်က အရံထိုက်ရာ အရပ်ဖြင့် ပိုင်းခြားရမည်၊ ပရိက္ခေပ ပရိက္ခေပါရဟ ဌာနတို့၏ အတွင်းကို ဥပစာရသိမ် ဆိုလို၏။

ဆောင်ပုဒ်

ဥပစာရ၊ ခဏ္ဍ,သမာ၊ အဝိပ္ပါနှင့်၊ လာ,ဂါ,နိ,န၊ ရဋ္ဌ,ဒီ, စက်၊ ရောစွက်အဗ္ဘ၊ ရဇ္ဇ,ဇန၊ ဥဒကထပ်၊ ပန္နရသ်၊ သိအပ် သိမ်အပြား။

---

၂၅၇။ မေး (က) "ဂါမသီမာယ ဒေမ"ဟု ဆို၍ လှူအပ် သော သင်္ကန်းကို ထို ဂါမသိမ်အတွင်းရှိ ဗဒ္ဓသိမ်၌ နေကုန်သော ရဟန်းတို့ ရထိုက်ပါသလော (ခ) ကျောင်းတိုက်တွင်းသို့ဝင်ပြီး "သံဃဿ ဒေမ"ဟု ဆို၍ လှူအပ်သော သင်္ကန်းကို ဘယ်ရဟန်းတို့ ရထိုက်သည်ကိုလည်း ဆုံးဖြတ်ပါ။

၂၅၇။ ဖြေ (က) "ဂါမသီမာယ ဒေမ"ဟု ဆို၍ လှူအပ် သော သင်္ကန်းကို ဗဒ္ဓသီမဋ္ဌရဟန်းတို့လည်း ရထိုက်ပါသည်။

(ဆန္ဒမအကြိမ်)

(ခ) ကျောင်းတိုက်တွင်းသို့ ဝင်ပြီး "သံဃဿဒေမ" ဟု ဆို၍ လှူအပ်သော သင်္ကန်းကို ဥပစာရသိမ်အတွင်းရှိ ရဟန်း အားလုံးတို့သည်ရင်း, ထိုဥပစာရသိမ၌ ရဟန်းတို့နှင့် "ကောဗဒ္ဓ" တဆက်တည်း တစပ်တည်း တည်နေကြကုန်သော ရဟန်းတို့သည် ရင်း ရထိုက်ကြပါကုန်သည်။

---

၂၅၈။ မေး (က) တတိယ ကထိန သိက္ခာပုဒ်၌ "ခိပ္ပမေဝ ကာရေတဗ္ဗံ" အရ နေ့ချင်းပြီးအောင်ပင် ပြုမည်လော။ အဘယ် မျှ မြန်မြန်ပြုရမည်နည်း။ (ခ) ပစ္စာသာသင်္ကန်းက မူလသင်္ကန်း နှင့် အတူမဟုတ်ဘဲ ထူလ,သဏှ ဖြစ်နေသဖြင့် တွဲစပ်၍ ချုပ် နိုင်ခွင့် မရပါက ဘယ်လို လုပ်ရမည်ကိုလည်း ညွှန်းပြပါ။

၂၅၈။ ဖြေ (က) အတိရေကစီဝရ ဓာရဏခေတ် ဖြစ် သော ဆယ်ရက်အတွင်းမှာ ပြီးစီးအောင် ပြုလုပ်ရပါမည်။

(ခ) ပစ္စာသာသင်္ကန်းက ထူလဖြစ်နေသဖြင့် တွဲစပ်၍ မချုပ် လိုခဲ့သော် မူလသင်္ကန်းကို သိမ်းထားသော ရက်,လ မပြည့်သေး သဖြင့် ဆက်လက်၍ သိမ်းထားနိုင်ခွင့် ရှိသေးပါက မူလသင်္ကန်း နှင့် တွဲစပ်၍ ချုပ်ဘို့ သင့်တော်သော နောက်ထပ် ပစ္စာသာ သင်္ကန်းကို မြှော်လင့်စောင့်ဆိုင်းကာ အချိန်မှီ ရပါက မူလ သင်္ကန်းနှင့် တွဲစပ်၍ ချုပ်လိုက်ရန်ပင် ဖြစ်၏။ အချိန်မှီမရပါက မူလသင်္ကန်းနှင့်တကွ ရရှိပြီးဖြစ်သော ထူလ ပစ္စာသာ သင်္ကန်းကို ပါ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လိုက်ရမည်။ ပစ္စာသာ သင်္ကန်း ကမူလသင်္ကန်းထက် ကောင်းမွန်စွာလှ သဏှဖြစ်နေပြန်သဖြင့် တွဲ စပ်၍ မချုပ်လိုခဲ့သော် မူလသင်္ကန်းကို ပရိက္ခာရစောဠ အဓိဋ္ဌာန်

(ဆဋ္ဌမအကြိမ်)

တင်၍ ပစ္စုပ္ပန်သက်န်းကို မူလသင်္ကန်းလုပ်၍ ထားလိုက်ရမည်။ မူလသင်္ကန်း လုပ်၍ ထားသော ပစ္စုပ္ပန် သင်္ကန်းမှာ တလ ထားခွင့် ရပြန်၏။

---

၂၅၉။ မေး (က) ရတ္တိဝိပ္ပဝုတ္ထ သင်္ကန်းကို စွန့်ပုံပါဠိနှင့် မာသာ တိက္ကန္တ အကာလသင်္ကန်းကို စွန့်ပုံ ပါဠိတို့ကို ရေးပြ၍ (ခ) ကထိနသိက္ခာပုဒ်တို့၌ လာသော "နိဋ္ဌိတ စီဝရသ္မိံ ဥဗ္ဘတသ္မိံ ကထိနေ" ပါဠိတို့ဖြင့် မည်သည့် ပလိဗောဓ ပြတ်စဲကြောင်းကို အသီးအသီး ပြဆိုသည်ဟုလည်း ညွှန်းပြပါ။

၂၅၉။ ဖြေ (က) ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

[ရတ္တိဝိပ္ပဝုတ္ထ သင်္ကန်းစွန့်ပုံ]

ဣဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(မာသာတိက္ကန္တ အကာလ စီဝရကိုစွန့်ပုံ)

(ခ) "နိဋ္ဌိတ စီဝရသ္မိံ ဘိက္ခုနာ" ဖြင့် စီဝရပလိဗောဓ ပြတ်စဲသည်ကို ပြ၏။ "ဥဗ္ဘတသ္မိံ ကထိနေ" ဖြင့် အာဝါသ ပလိဗောဓ ပြတ်စဲသည်ကို ပြ၏။

ဤသိက္ခာပုဒ်သည် သာမာရဏပညတ္တိ အနာဏတ္တိက ဖြစ်၏။ သမုဋ္ဌာန်စသည်မှာ ပဌမကထိန သိက္ခာပုဒ်အတိုင်းတည်း။

တတိယ နိဿဂ္ဂိယပါစိတ် ပြီး၏။

(ဆဋ္ဌမအကြိမ်)

## စတုတ္ထနိဿဂ္ဂိပါစိတ်

၂၆၀။ မေး (က) နိဿဂ္ဂိယစီဝရဝဂ် စတုတ္ထသိက္ခာပုဒ်၌ ဘိက္ခုနီအရ သုဒ္ဓဘိက္ခုသံဃာ၌ ပဥ္စင်းဖြစ်သော ရဟန်းမ, သုဒ္ဓဘိက္ခုနီသံဃာ၌ ပဥ္စင်းဖြစ်သော ရဟန်းမ, ဥဘတောသံဃာ၌ ပဥ္စင်းဖြစ်သော ရဟန်းမတို့တွင် ဘယ်လို ရဟန်းမမျိုးကို ယူရပါမည်နည်း။ (ခ) ဤသိက္ခာပုဒ်၌ ဘယ်လိုသင်္ကန်းမျိုးကို ပုရာဏစီဝရဆိုသည်ဟုလည်း ပြဆိုပါ။

၂၆၀။ ဖြေ (က) သုဒ္ဓဘိက္ခုသံဃာ၌ ပဥ္စင်းဖြစ်သော ရဟန်းမမျိုးကိုသာယူရပါမည်။

(ခ) ဆိုးမှု, ကပ္ပဗိန္ဒုထိုးမှုကို ပြုလုပ်ကာ တကြိမ်တခါမျှ ဝတ်ရုံပြီးသော သင်္ကန်းမျိုးကိုဖြစ်စေ, အယုတ်သဖြင့် သွားရာလာရာ၌ ပခုံးပေါ် ဦးခေါင်းပေါ်တင်မှုဖြင့် အသုံးပြုဘူးသော သင်္ကန်းမျိုးကိုဖြစ်စေ, ပုရာဏစီဝရ ဆိုရပါသည်။ သိပ်ဟောင်းမှ မဟုတ်။

သုဒ္ဓဘိက္ခုသံဃာ၌ ပဥ္စင်းဖြစ်သော ရဟန်းမမျိုးနှင့်ဥဘတောသံဃာ၌ ပဥ္စင်းဖြစ်သော ရဟန်းမမျိုးကိုသာ ပုရာဏစီဝရကို အလျှော်အဖွပ် ခိုင်းခြင်းကြောင့် နိဿဂ္ဂိပါစိတ်သင့်သည် သုဒ္ဓဘိက္ခုနီ သံဃာ၌ ပဥ္စင်းဖြစ်သောရဟန်းမမျိုးကို ခိုင်းခြင်းကြောင့်ကား နိဿဂ္ဂိပါစိတ်မသင့်ဟူ၏။

---

၂၆၁။ မေး (က) ရဟန်းယောကျ်ားလက်သို့ ပုရာဏစီဝရကို လျှော်ဖွပ်ရန် ပေးလိုက်ရာ ထိုရဟန်းယောကျ်ားက လိင်ပြန်၍ ဘိက္ခုနီဖြစ်သွားပြီးမှ ထိုသင်္ကန်းကိုလျှော်ဖွပ်ပါလျှင်

(ဆန္ဒမအကြိမ်)

အလျှော်ခိုင်းသောရဟန်းမှာ နိဿဂ္ဂိပါစိတ်မှ လွတ်ပါမည်လော၊ (ခ) ဘိက္ခုနီကို အလျှော် ခိုင်း မိသဖြင့် နိဿဂ္ဂိယဖြစ်သော သင်္ကန်းကို စွန့်ပုံပါဠိကိုလည်း ရေးပြပါ။

၂၆၁။ ဖြေ (က) အလျှော်ခိုင်းသောရဟန်းမှာ နိဿဂ္ဂိပါစိတ်မှ မလွတ်ပါ။

ဘိက္ခုနီမဟုတ်သူကိုခိုင်းသော်လည်း ထိုသူက တနည်းနည်းဖြင့် ဘိက္ခုနီဖြစ်ပြီးမှ လျှော်ဖွပ်ပါလျှင် ဤနည်းနှင်နှင်ချည်းမှတ်ပါ။

(ခ) "စွန့်ပုံပါဠိ" ဣဒံ မေ ဘန္တေ ပုရာဏစီဝရံ အညာတိကာယ ဘိက္ခုနိယာ ဓောဝါပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

---

၂၆၂။ မေး အညာတိက သိက္ခုနီမလက်သို့ ပုရာဏစီဝရကို ပေးအပ်ကာ ဓောဝန, ရဇန, အာကောဋန အမှုကိစ္စ ၃-ခုကို ပြုစေပါက နိဿဂ္ဂိယပါစိတ် ၃ ချက် သင့် မသင့် အကြောင်းနှင့် တကွ ဖြေဆိုပါ။

၂၆၂။ ဖြေ ပါစိတ် ၃-ချက် မသင့်ပါ၊ ပါစိတ် ၁-ချက် ဒုက္ကဋ် ၂-ချက် သင့်ပါသည်၊ အကြောင်းကား- နိဿဂ္ဂိယပါစိတ် ၃-ချက်သင့်လျှင် သင်္ကန်းတထည်တည်းကို ၃-ခါထပ် စွန့်ရလိမ့်မည်၊ ထိုသို့လည်း စွန့်ခွင့် မရှိရကား ခိုင်းအပ်သော ကိစ္စ ၃-ချက်တွင် တချက်အတွက် နိဿဂ္ဂိယပါစိတ်, ကြွင်း ၂-ချက်အတွက် ဒုက္ကဋ် ၂-ချက် သင့်ပါသည်။
(ဆန္ဒမအကြိမ်)

၂၆၃။ မေး (က) သုဒ္ဓဘိက္ခုနီသံဃာ၌ ပဋ္ဌင်းဖြစ်သော ရဟန်းမကို ခိုင်းသောရဟန်း (ခ) သူတပါးသက်န်းကို ဘိက္ခုနီ အား အလျှော်အဖွပ် ခိုင်းသောရဟန်း (ဂ) မိမိ၏ နိသီဒန, ပစ္စတ္ထရဏ စသည်ကို အဖွပ်ခိုင်းသော ရဟန်း (ဃ) ဉာတိဖြစ် သော ဘိက္ခုနီကို ဉာတိမဟုတ်ဟူသော အထင်ဖြင့် ခိုင်းသော ရဟန်း၊ (င) ဉာတိမဟုတ်သော ဘိက္ခုနီကို ဉာတိအထင်ဖြင့် ခိုင်းသော ရဟန်း၊ (စ) သိက္ခမာန်, သာမဏေရီတို့ကို အလျှော် အဖွပ်ခိုင်းသော ရဟန်းတို့အား အဘယ်အာပတ်သင့်ပါသနည်း။

၂၆၃။ ဖြေ (က) (ခ) (ဂ) (ဃ) ရဟန်းတို့မှာ ဒုက္ကဋ်၊ (င) ရဟန်းမှာ နိဿဂ္ဂိပါစိတ်အာပတ် သင့်ရောက်ပါသည်၊ (စ) ရဟန်းမှာ အနာပတ္တိဖြစ်ပါသည်။

---

၂၆၄။ မေး နိဿဂ္ဂိယ စီဝရဝဂ် စတုတ္ထ သိက္ခာပုဒ်၏အင်္ဂါ များကို ဖော်ပြပါ။

၂၆၄။ ဖြေ အင်္ဂါများ- ၁-ပုရာဏစီဝရတာ၊ သင်္ကန်း ဟောင်းဖြစ်ခြင်း, ၂-ဥပစာရေ ဌတ္ဝာ အညာတိကာယ ဘိက္ခု နိယာ အာဏာပနံ၊ ၁၂-တောင် ဥပစာအတွင်း၌တည်၍ အညာ တိကာဘိက္ခုနီကို စေခိုင်းခြင်း, ၃-တဿာ ဓောဝနာဒီနိ၊ ထို ရဟန်းမ၏ လျှော်ဖွပ်မှု စသည်ကိုပြုခြင်း, ပေါင်း ၃-ပါး။

ဆောင်ပုဒ်

သင်္ကန်းဟောင်းဖြစ်၊ တလှစ်ထိုမှ၊ ဒွါဒသဟတ်၊ ရှိလတ်
ဥပစာ၊ တွင်းမှာတည်လျက်၊ ဘ,မိဘက်မှ၊ မဆက်ဉာတိ၊

(ဆဋ္ဌမအကြိမ်)

ဘိက္ခုနီကို၊အလိုအတိုင်း၊ခိုင်းသည့်တတန်၊စေခံဖြစ်ထ၊
ထိုနီမလည်း၊ ခိုင်းသမျှမှု၊ အားလုံးပြုပေ၊ ဤသုံးထွေ၊
မှတ်လေအောင် သရုပ်တည်း။

ဤသိက္ခာပုဒ်သည် အသာခေရဏပညတ္တိ, သာဏတ္တိက, သစ္စ ရိတ္တ သမုဋ္ဌာန, ကိရိယ, နောသညာဝိမောက္ခ, အစိတ္တက, ပဏ္ဏတ္တိဝဇ္ဇ, ကာယကမ္မ, ဝစီကမ္မ, တိစိတ္တ, တိဝေဒနာတည်း။

စတုတ္ထနိဿဂ္ဂိပါစိတ် ပြီး၏။

---

## ပဉ္စမ နိဿဂ္ဂိပါစိတ်

၂၆၅။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် ပဉ္စမသိက္ခာပုဒ်၌ စီဝရ အရ ယူရမည်ဖြစ်သော သင်္ကန်း၏ ဇာတိပမာဏကိုပြဆို၍ (ခ) "ပဋိဂ္ဂဏှေယျ" ဟူသော ပါဠိအရ အဘယ်သို့ပြုမှုသည်ကို ပဋိဂ္ဂဏှာန ဆိုသည်ဟုလည်း ညွှန်းပြပါ။

၂၆၅။ ဖြေ (က) ဇာတိအားဖြင့် ခေါမ, ကပ္ပါသိက, ကောသေယျ, ကမ္ဗလ, သာဏ, ဘင်္ဂ ဟူသော သင်္ကန်း ၆-မျိုး တို့တွင် တမျိုးမျိုး, ပမာဏအားဖြင့် ဝိကပ္ပနာပြုလောက်သော အလျား အနံ ပမာဏရှိသော သင်္ကန်း ၉-ထည်လုံးပင်ဖြစ်ပါသည်။

(ခ) "ပဋိဂ္ဂဏှာန" ဟူသည် ဘိက္ခုနီမ ကိုယ်တိုင် ရဟန်း၏ လက်သို့ဆက်ကပ်ခြင်း, ရဟန်း၏အနီးအပါး၌ချထားခြင်း, ရဟန်း တရားဟောနေစဉ် ကောင်းချီးဩဘာပေးသောအနေဖြင့် အဝေးမှ ပစ်မြှောက်၍ ပေးလိုက်ခြင်း ဤအမှုတို့ဖြင့် ရရှိသောသင်္ကန်းကို

သာယာမှု လက်ခံမှုမျိုးဖြစ်ပါသည်။ (လက်ဖြင့်ခံယူမှုသာ ပဋိဂ္ဂဟဏ ဖြစ်သည်မဟုတ်ဟူ၏။)

---

၂၆၆။ မေး နိဿဂ္ဂိယ စီဝရဝဂ် ပဉ္စမ သိက္ခာပုဒ်၌ ဘိက္ခုနီမ၏ သင်္ကန်းမှန်လျှင် ဘယ်လိုနည်းနှင့်မျှ မခံယူကောင်းဟု မှတ်ရမည်လော။ သာယာ ခံယူစေကာမူ အပြစ်ကင်းသော နည်းလမ်းများ ရှိပါသေးသလော။

၂၆၆။ ဖြေ ဘိက္ခုနီမက အနုပသမ္ပန္န၏ လက်သို့အပ်နှံ၍ ပို့သအပ်သော သင်္ကန်းမျိုးကို ခံယူခြင်း, ပံသုကူ ကောက်ယူလိမ့်မည်ဟု နှလုံးပြုကာ အမှိုက်ပုံ စသည်တို့၌ ပစ်ထားအပ်သော သင်္ကန်းမျိုးကို ပံသုကူဟူသော နှလုံးသွင်းဖြင့်ပင် ကောက်ယူခြင်းတို့အတွက် အပြစ်တစုံတရာ မရှိပါ။

---

၂၆၇။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် ပဉ္စမသိက္ခာပုဒ်၌ ပါရိဝတ္တကအမှုကို ခွင့်ပြု၍ထားရာ အလားတူဖြစ်သော သင်္ကန်းမျိုးကို လက်ငင်းပေးပြီး လဲမှသာ ပါရိဝတ္တက ဖြစ်ပါသလော၊ (ခ) ဤသိက္ခာပုဒ်အရ နိဿဂ္ဂိယ သင်္ကန်းကို စွန့်ပုံပါဠိကိုလည်း ရေးပြပါ။

၂၆၇။ ဖြေ (က) "အန္တမသော ဟရီတကီခဏ္ဍမ္ပိ ဒတွာ" ဟူရကား အလားတူဖြစ်သော သင်္ကန်းမျိုးကို ပေးမှသာ ပါရိဝတ္တက ဖြစ်သည်မဟုတ်ပါ။ လဲလှယ်သည်ဟု ပြောရရုံ တစုံတခု

(ဆက်မအကြွင်)

သော ဝတ္ထု ပစ္စည်းကို ပေးရုံမျှဖြင့်လည်း ပါရိဝတ္တက ဖြစ်ပါ သည်။"ဒဿာမိတိ အာဘောဂံ ကတွာဝ ါ"ဟူရကား လက်ငင်း ပေးပြီး လဲမှသာ ပါရိဝတ္တကဖြစ်သည် မဟုတ်ပါ။ နောင် အခါမှ တစုံတခုကို ပေးတော့မည်ဟူသော နှလုံးသွင်းမျိုးဖြင့် ယူပါကလည်း ပါရိဝတ္တကပင် ဖြစ်ပါသည်။

(ခ) "စွန့်ပုံပါဠိ" ဣဒံ မေ ဘန္တေ စီဝရံ အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော ပဋိဂ္ဂဟိတံ အညတြ ပါရိဝတ္တကာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

---

၂၆၈။ မေး (က) အညာတိကာ ဘိက္ခုနီ၏ လက်မှ မည် သည့် ပစ္စည်း ပရိက္ခရာမျိုးကိုမှ မခံယူကောင်းဟု မှတ်ရမည်လော၊ (ခ) ဘိက္ခုနီ၏ စီဝရကို ခဏခေတ္တယူငင်မှု, သိက္ခမာန် သာ မဏေရီတို့၏လက်မှ သင်္ကန်းကို ခံယူမှုတို့အတွက်လည်း အပြစ် တစုံတရာ မရှိပါသလော။

၂၆၈။ ဖြေ (က) အဓိဋ္ဌာန် တင်ထိုက်သည့်ပစ္စည်းမျိုး မဟုတ်သော သပိတ်အိတ်စသော ပရိက္ခရာမျိုးကိုကား ခံယူ ကောင်းပါသည်။

(ခ) ဘိက္ခုနီ၏လက်မှ ခဏခေတ္တ ယူငင်မှု, သိက္ခမာန် သာမဏေရီတို့၏လက်မှ သင်္ကန်းကို ခံယူမှုများအတွက် အပြစ် တစုံတရာ မရှိပါ။
(ဆန္ဒမအကြိမ်)

၂၆၉။ မေး နိဿဂ္ဂိယ စီဝရဝဂ် ပဉ္စမသိက္ခာပုဒ်၏ အင်္ဂါများကို ဖော်ပြပါ။

၂၆၉။ ဖြေ အင်္ဂါများကား ၁- ဝိကပ္ပနူပဂစီဝရဘာ၊ ဝိကပ္ပနာ လောက်သော သက်န်းဖြစ်ခြင်း, ၂- ပါရိဘောဂ္ဂကာဘာဝေါ၊ လဲလှယ်မှု၏မရှိခြင်း, ၃- အညာတိကာယ ဟတ္ထတော ဂဟဏံ၊ အမျိုးမတော်သော ဘိက္ခုနီ၏လက်မှ ခံယူခြင်း, ပေါင်း ၃-ပါး။

ဆောင်ပုဒ်

ဝိကပ္ပနာ၊ ပြင့်ဘောလောက်ငါ၊ စီရဖြစ်စေ၊ မျိုးဆွေမဆက်၊ နီမလက်မှ၊ နှစ်သက်ကြည်ဖြူ၊ ခံယူမှုသွင်း၊ လဲလှယ်ခြင်းလည်း၊ အလျဉ်းမပါ၊ ဤသုံးဖြာ၊ မှတ်ပါအင်္ဂါရပ်တည်း။

ဤသိက္ခာပုဒ်သည် အသာဓာရဏပညတ္တိ, အနာဏတ္တိက,သဥ္စရိတ္တသမုဋ္ဌာန,ကိရိယာတည်း။(အကြွင်းစတုတ္ထသိက္ခာပုဒ်အတိုင်း။)

ပဉ္စမနိဿဂ္ဂိပါစိတ်ပြီး၏။

---

## ဆဋ္ဌနိဿဂ္ဂိပါစိတ်

၂၇၀။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် ဆဋ္ဌသိက္ခာပုဒ်၌ အိမ်ပိုင်ရှင်မဟုတ်သော ယောကျ်ားမျိုး, မိန်းမမျိုးကို ဂဟပတိ, ဂဟပတာနီ ဆိုနိုင်ပါမည်လော။ သယ်လိုယောကျ်ား, မိန်းမမျိုးကို ဆိုပါသနည်း။ (ခ) "ဝိညာပေယျ"၌ ဝိညာပန ဟူသည် ဘာကိုဆိုသည်ဟုလည်း ပြဆိုပါ။

၂၇၀။ ဖြေ (က) "ဂဟပတိ" ဟူသည် ရဟန်းတို့ထံ၌ ရှင်ရဟန်းပြု၍ နေသူ မဟုတ်သော အနုပသမ္ပန္နပုဂ္ဂိုလ်ကို ဆိုပါသည်။

"ဂဟာဂတာနီ"ဟူသည် ရဟန်းမတို့ထံ၌ ရှင်ရဟန်းပြု၍ နေသူ မဟုတ်သော အနုပသမ္ပန္နတွေကို ဆိုပါသည်။ အိမ်ပိုင်ရှင်ဖြစ်မှု မဖြစ်မှုမှာ ဤသိက္ခာပုဒ်၌ ပမာဏ မဟုတ်ပါ။

(ခ) "ဝိညာပေယျာတိ ယာစေယျ ယာစာပေယျ ဝါ"ဟု ဆိုခြင်းကြောင့် မိမိအလိုငှာ မိမိကိုယ်တိုင် တောင်းမှု, သူတပါးကို အတောင်းခိုင်းမှု ဤယာစန ယာစာပန အမှု ၂-မျိုးလုံး ကိုပင် ဝိညာပန ဆိုရပါသည်။

---

၂၇၁။ မေး နိဿဂ္ဂိယ စီဝရဝဂ် ဆဋ္ဌသိက္ခာပုဒ်အရ နိဿဂ္ဂိ သက်န်းကို စွန့်ပုံ ပါဠိကို ရေး၍ (က) ရဟန်းတပါး၏ ဉာတိ ပဝါရိတတို့ကို ထိုရဟန်းအတွက်ပင် တောင်းရသော ရဟန်း (ခ) အခြား ရဟန်းတပါးကို ထိုရဟန်းအတွက်ပင် သူ၏ အညာ တက အပဝါရိတတို့ထံ အတောင်းခိုင်းသော ရဟန်းတို့မှာ ဤ သိက္ခာပုဒ်အရ အာပတ်မှ လွတ်, မလွတ်ကိုလည်း ဆုံးဖြတ်ပါ။

၂၇၁။ ဖြေ "စွန့်ပုံပါဠိ" ဣဒံ မေ ဘန္တေ စီဝရံ အညာ တကံ ဂဟပတိကံ ဝိညာပိတံ အညတြ သမယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(က) (ခ) ရဟန်း ၂-မျိုးလုံး ဤသိက္ခာပုဒ်အရ အာပတ်မှ လွတ်ကြပါသည်။

(ခ) ရဟန်းချို့မှာ အခြားရဟန်းတပါးကို ဤအညာတက ဝိညတ္တိသိက္ခာပုဒ်ကိုအလွန်အကြူး ခိုင်းသောရဟန်းမျိုးဖြစ်သည်၊ (ဆဋ္ဌမအကြိမ်)

ဤသိက္ခာပုဒ်မှာ အနာဏတ္တိကဖြစ်သဖြင့် ထိုသို့သော စေခိုင်းမှုမျိုးအတွက် ဤသိက္ခာပုဒ်အရ အာပတ်မသင့်ပေ။

---

၂၇၂။ မေး နိဿဂ္ဂိယ စီဝရဝဂ် ဆဋ္ဌသိက္ခာပုဒ်၏ အင်္ဂါများကို ဖော်ပြပါ။

၂၇၂။ ဖြေ အင်္ဂါများ ၁-ဝိကပ္ပနူပဂစီဝရတာ၊ ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း, ၂-သမယာဘာဝေါ၊ တောင်းသင့်သော အခါမဟုတ်ခြင်း, ၃-အညာတကဝိညတ္တိ၊ အမျိုးမတော်သူကို တောင်းခြင်း, ၄-တာယပဋိလာဘော၊ ထိုတောင်းမှုဖြင့် ရခြင်း ပေါင်း ၄-ပါး။

ဆောင်ပုဒ်

ဝိကပ္ပနံ၊ ပြုရန်လောက်င၊ စီဝရမှန်၊ တောင်းရန်သင့်စွာ၊ ခွင့်အခါလည်း၊ ဘလာနတ္တိ၊ အညာတိကို၊ တောင်းဆိုပြန်လျှဦး၊ ထိုတောင်းခြင်းဖြင့်၊ လက်တွင်း ရောက်စေ၊ ဤလေးထွေ၊ မှတ်လေ အင်္ဂ သရုပ်တည်း။

ဤသိက္ခာပုဒ်သည် သာဓာရဏပညတ္တိ, အနာဏတ္တိကတည်း။ (သမုဋ္ဌာန်စသည် စတုတ္ထအတိုင်း။)

**ဆဋ္ဌနိဿဂ္ဂိပါစိတ် ပြီး၏။**

---

## သတ္တမ နိဿဂ္ဂိပါစိတ်

၂၇၃။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် သတ္တမသိက္ခာပုဒ်၌ "တ"ဟူသော ပုဒ်အရ ဘယ်ရဟန်းမျိုးကို ယူရမည်နည်း။ (ခ) "အဘိဟဋ္ဌုံ ပဝါရေယျ"၌ ကာယာဘိဟာရ, ဝါစာဘိ

ဟာရ ပဝါရဏာ ၂-မျိုးတွင် အဘယ်မျိုးကို လိုသည်ဟု ညွှန်းပြ၍ (ဂ) ထိုပဝါရဏာဒွယ၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

၂၄၃။ ဖြေ (က) "တံ"အရ သင်္ကန်းကို သူခိုးအခိုးခံရသော ရဟန်း, သင်္ကန်း ပျောက်ပျက်သော ရဟန်းမျိုးကို ယူရပါမည်။

(ခ) "အဘိဟဋ္ဌုံ ပဝါရေယျ" ကာယာဘိဟာရ, ဝါစာဘိဟာရ ပဝါရဏာ ၂-မျိုးလုံးကိုပင် လိုအပ်ပါသည်။

(ဂ) ကာယာဘိဟာရ ပဝါရဏာ ဟူသည် ရဟန်း၏အထံသို့ အဝတ်သင်္ကန်းတို့ကို ဆောင်ယူခဲ့လျက် အလိုရှိသမျှ ကောက်ယူတော်မူပါဟု ဘိတ်မန္တူမျိုး ဖြစ်ပါသည်၊ ဝါစာဘိဟာရ ပဝါရဏာဟူသည် ထိုသို့ ရဟန်း၏ အထံသို့ အဝတ်သင်္ကန်းတို့ကို ဆောင်ယူ၍ မလာခဲ့ဘဲ တပည့်တော်၏ အဝတ်အထည်ထားရာ ဘဏ္ဍာတိုက်ထဲမှ အရှင်ဘုရား အလိုရှိသမျှ ယူတော်မူပါဟု ဘိတ်မန္တူမျိုး ဖြစ်ပါသည်။

---

၂၄၄။ မေး နိဿဂ္ဂိယ စီဝရဝဂ် သတ္တမသိက္ခာပုဒ်၌ "သန္တရုတ္တရ ပရမံ သာဒိတဗ္ဗံ"ဟု ဆိုခြင်းကြောင့် မည်သည့် နဋ္ဌစီဝရ ရဟန်းမျိုးမဆို သင်းပိုင် ကိုယ်ဝတ် ၂-ထည်ကို ခံယူနိုင်သည်ဟု မှတ်ရမည်လော၊ မည်သည့်ရဟန်းမျိုးမှာ သင်္ကန်း မည်မျှသာ ခံယူရမည်ဟူသော စည်းကမ်းများ ရှိပါသေးသလော။

(ဆဋ္ဌမအကြိမ်)

၂၇၄။ ဖြေ "သန္တရုတ္တရ ပရမံ"ဟူသော စကားမှာ ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် ဆိုအပ်သော စကားသာ ဖြစ်ရကား ဆိုလတ္တံ့သော စည်းကမ်းများ အတိုင်းသာ ခံယူခွင့်ရှိပါသည်။

တိစီဝရိက်ဆောင်သော ရဟန်းအား ၃-ထည်လုံး ပျောက်ပျက်သွားပါက ၂-ထည်မျှ ခံယူရပါမည်၊ ၂-ထည် ပျောက်ပျက်သွားပါက တထည်မျှသာ ခံယူရပါမည်၊ တထည်မျှသာ ပျောက်ပျက်သွားပါက တထည်မျှပင် မခံယူရပါ။

ပင်ကိုယ်ကပင် သင်းပိုင်,ကိုယ်ဝတ် ၂-ထည်မျှဖြင့်သာ သွားလာနေထိုင်သော ရဟန်းမျိုးမှာ ၂-ထည်လုံး ပျောက်ပျက်သွားပါက ၂-ထည်ခံယူရပါမည်၊ တထည် ပျောက်ပျက်သွားပါက တထည်မျှကိုသာ ခံယူရပါသည်။

ပင်ကိုယ်ကပင် တထည်သာရှိသော ရဟန်းမှာ ထိုတထည်ပင် ပျောက်ပျက်သွားပါက ၂-ထည်မျှ ခံယူရပါမည်။

ဘိက္ခုနီမများ အဘို့မှာ ၅-ထည်လုံး ပျောက်ပျက်လျှင် ၂-ထည်, ၄-ထည် ပျောက်ပျက်လျှင် တထည် ခံယူရပါမည်၊ ၃-ထည် ပျောက်ပျက်ပါက တထည်မျှပင် ခံယူခွင့်မရပါ။

---

၂၇၅။ **မေး** (က) နိဿဂ္ဂိယ စီဝရဝဂ် သတ္တမသိက္ခာပုဒ်အရ နိဿဂ္ဂိယသက်နိုးကို စွန့်ပုံပါဠိကို ရေးပြ၍ (ခ) ဒါယကာတို့ လှူလာသော မည်သည့်သင်္ကန်းမျိုးကိုမဆို သန္တရုတ္တရထက်ပို၍ မခံယူရတော့ပြီလော ဆိုးဖြတ်ပါ။

(ဆင္ဍမအကြိမ်)

၂၇၅။ ဖြေ (က) "စွန့်ပုံပါဠိ" ဣဒံ မေ ဘန္တေ စီဝရံ အညာတကံ ဂဟပတိကံ တတုတ္တရိ ဝိညာပိတံ နိဿဂ္ဂိယံ၊ ဣမာ ဟံ အာယသ္မတော နိဿဇ္ဇာမိ။

(ခ) ၂-ထည်ကပို၍ ပြန်ပေးပါလျက် လှူသူဒါယကာက အပိုကိုလည်း အရှင်ဘုရားပင် ယူပါတော့ဟုဆို၍ ကပ်လှူသော သင်္ကန်းမျိုး,ခိုးသူလုယက်ခြင်း,သင်္ကန်းပျောက်ပျက်ခြင်း ဟူသော အကြောင်းမျိုးမှ တပါးသောအကြောင်းကြောင့် လှူအပ်သော သင်္ကန်းမျိုးတို့ကိုမူ အလိုရှိတိုင်း ခံယူကောင်းပါသည်။

"သန္တရုတ္တရ ပရမံ"ဟူသော စကားမှာအစ္ဆိန္နစီဝရ,နဋ္ဌစီဝရ အကြောင်းကြောင့် ဒါယကာတို့လှူသောသင်္ကန်းကို အလှူခံရဟန်းက မိမိဆန္ဒအတိုင်း ယူမှုကိစ္စ၌သာ ကန့်သတ်သော စကားဖြစ်သည်။

---

၂၇၆။ မေး နိဿဂ္ဂိယ စီဝရဝဂ် သတ္တမသိက္ခာပုဒ်၏ အင်္ဂါ များကို ဖော်ပြပါ။

၂၇၆။ ဖြေ အင်္ဂါများ ၁-တတုတ္တရိတာ၊ ထိုသင်းပိုင် ကိုယ်ရုံထက် ပိုလွန်ခြင်း, ၂-အစ္ဆိန္နာဒိကာရဏတာ၊ခိုးသူလုယက် မှုစသော အကြောင်းရှိခြင်း, ၃-အညာတကဝိညတ္တိ၊ အမျိုး မတော်သူကို တောင်းခြင်း, ၄-တာယ ပဋိလာသော၊ ထိုတောင်း မှုဖြင့် ရရှိခြင်း ပေါင်း ၄-ပါး။

ဆောင်ပုဒ်

တတုတ္တရိ၊ ဖြစ်ဘိတဖြာ၊အစ္ဆိန္နာဒိ၊စသည့်အကြောင်း၊
ထည့်လောင်းဖြည့်စွက်၊ မဆက်မျိုးဆွေ၊လှူစိမ်းတွေကို၊

(ဆန္ဒမအကြိမ်)

တောင်းလေ ထပ်ဆင့်၊ ထိုဖြင့်ရပြန်၊ ဤလေးတန်၊ မှတ်ရန်အင်္ဂါသရုပ်တည်း။

ဤသိက္ခာပုဒ်သည် သာဓာရဏပညတ်၊ အနာဏတ္တိကတည်း။ (သမုဋ္ဌာန် စသည် စတုတ္ထအတိုင်း။)

သတ္တမနိဿဂ္ဂိပါစိတ် ပြီး၏။

---

အဋ္ဌမနိဿဂ္ဂိပါစိတ်

၂၄၄။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် အဋ္ဌမသိက္ခာပုဒ်၌ "အစ္စာဒေဿာမိ" ဟူသော ဝေါဟာရဝစန၏ အဓိပ္ပါယ်တို့ကို ပြဆို၍ (ခ) "ဝိကပ္ပံ အာပဇ္ဇေယျ"၌ ဝိသဒ္ဒါ၏ သဒ္ဒတ္ထအဓိပ္ပါယ်နှင့် ကပ္ပသဒ္ဒတ္ထကိုလည်း ညွှန်းပြပါ။

၂၄၄။ ဖြေ (က) "အစ္စာဒေဿာမိ"၌ ဖုံးလွှမ်းခြင်း "အစ္ဆာဒန"ဟူသည် အဓိပ္ပါယ်တ္ထအားဖြင့် ပေးလှူခြင်း"ဒါနတ္ထ" ပင် ဖြစ်ပါသည်။ "အစ္စာဒေဿာမိတိ ဒဿာမိ"ကို ထောက်ပါ။

(ခ) ဝိသဒ္ဒါ၏ သဒ္ဒတ္ထကား- ဝိသိဋ္ဌတ္ထ, အဓိပ္ပါယ်တ္ထကား- အဓိကတ္ထ ဖြစ်ပါသည်။ ကပ္ပသဒ္ဒတ္ထကား စီရင်ခြင်း ဝိဓတ္ထ ဖြစ်ပါသည်။

"ဝိကပ္ပံ အာပဇ္ဇေယျာတိ ဝိသိဋ္ဌကပ္ပံ အဓိကဝိဓာနံ အာပဇ္ဇေယျ" ဟူသော အဋ္ဌကထာ၌ ဝိသိဋ္ဌဖြင့် "ဝိ"သဒ္ဒါ၏ သဒ္ဒတ္ထကို ပြသည်။ အဓိကဝိဓာနံဖြင့် အဓိကတ္ထဟူသော "ဝိ" သဒ္ဒါ၏ အဓိပ္ပါယ်တ္ထနှင့်ဝိဓတ္ထဟူသော ကပ္ပသဒ္ဒတ္ထကိုပြသည်။

(ဆဋ္ဌမအကြိမ်)

၂၇၈။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် အဋ္ဌမသိက္ခာပုဒ်၌ "ဝိကပ္ပံ အာပဇ္ဇေယျ" အရ စီရင်ပုံ အခြင်းအရာ "ဝိကပ္ပါကာရ" ကို ဖော်ပြ၍ (ခ) ဤသိက္ခာပုဒ်အရ နိဿဂ္ဂိသက်န်းကို စွန့်ပုံ ပါဠိကိုလည်း ရေးပြပါ။

၂၇၈။ ဖြေ (က) "သာဓု ဝတ မံ အာယသ္မာ။ပ။ အစ္ဆာဒေဟိ" ဟူသော ပါဠိမှာ ဝိကပ္ပါကာရကို ပြသော ပါဠိ ဖြစ်ပါသည်။

(ခ) ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတံ အညာတကံ ဂဟပတိကံ ဥပသင်္ကမိတွာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

---

၂၇၉။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် အဋ္ဌမသိက္ခာပုဒ်၌ စီရင်ရုံမျှဖြင့် အာပတ်သင့်ပါသလော။ မည်သို့သော စီရင်မှုမှာ အပ်သည်, မည်သို့သော စီရင်မှုမှာ မအပ်ဟု ကွဲပြားမှုရှိပါသေးသလော။ (ခ) မအပ်သောစီရင်မှုကို အကြောင်းပြုကာ အခိုက်အတန့် အားလျော်စွာ သင့်ရောက်ကောင်းသော အာပတ်များကိုလည်း ညွှန်းပြပါ။

၂၇၉။ ဖြေ (က) စီရင်ရုံမျှဖြင့် အာပတ်မသင့်ပါ။ ရဟန်းက ဘယ်လိုပင် စီရင်စီရင် အလှူရှင် ဒါယကာက ဘာမျှ မလုပ်ပါလျှင် စီရင်သူ ရဟန်းမှာ ဘာမျှမဖြစ်ပါ။ သို့ရာတွင် လှူလိုသည်ထက် ပိုလှူအောင် စီရင်မှုမျိုးမှာ စီရင်တိုင်း ပိုလှူပါက မအပ်သည်ဖြစ်၍ မအပ်သော စီရင်မှုမျိုးဖြစ်သည်ဟု ဆိုပါသည်။

(ဆဋ္ဌမအကြိမ်)

လျှော်လိုသည်ထက် မပိုစေရ အညီအမျှပင် ဖြစ်အောင်စီမံမှု, လျှော်လို သမျှအောက်ပင် လျော့အောင် နည်းအောင် တနည်းတလမ်း စီမံမှုမျိုးမှာကား ထိုအစီအမံအတွက် ရရှိသော ပစ္စည်းမှာအပ် သည်သာဖြစ်၍ အပ်သောစီရင်မှုမျိုးဖြစ်သည်ဟု ဆိုရပါသည်။

(ခ) မအပ်သော စီရင်မှုအတွက် မိမိစီရင်စွက်ဖက်ချက်အရ သင်္ကန်းကိစ္စအတွက် ဒါယကာ ပယောဂပြုတိုင်းပြုတိုင်း ရဟန်းမှာ ဒုက္ကဋ်၊ သင်္ကန်းရလာခဲ့သော် နိဿဂ္ဂိပါစိတ်သင့်ပါသည်။

---

၂၀၀။ မေး နိဿဂ္ဂိယ စီဝရဝဂ် အဋ္ဌမသိက္ခာပုဒ်၏ အင်္ဂါ များကို ဖော်ပြပါ။

၂၀၀။ ဖြေ အင်္ဂါများ ၁-စီဝရေ ဘိယျောကမျတာ၊ သင်္ကန်း၌ များသည်၏အဖြစ်ကို အလိုရှိခြင်း, ၂-အညာတက ဝိညတ္တိ၊ အမျိုးမစပ် မဘိတ်အပ်သူကို တောင်းခြင်း, ၃-တာယ ပဋိလာဘော၊ ထိုဝိညတ်အမှုဖြင့် ရရှိခြင်း, ပေါင်း ၃-ပါး။

ဆောင်ပုဒ်

သင်္ကန်းများစွာ၊ လိုရှိပါ၍၊ ဆွေညာမစပ်၊ မဘိတ်အပ် သူ၊ နှစ်မျိုးလူကို၊ တောင်းယူသောအား၊ ရရှိငြား၊ မှတ် သားအင်္ဂါ။

ဤသိက္ခာပုဒ်သည် သာဓာရဏပညတ္တိ အနာဏတ္တိကတည်း။ သမုဋ္ဌာန်စသည် စတုတ္ထ အတိုင်း။ ဤသိက္ခာပုဒ်ကို ပဌမဥပက္ခဋ သိက္ခာပုဒ်ဟူ၍လည်းခေါ်သည်။

အဋ္ဌမနိဿဂ္ဂိပါစိတ် ပြီး၏။

(အဋ္ဌမအကြိမ်)

## နဝမနိဿဂ္ဂိပါစိတ်

၂၈၁။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် အဋ္ဌမသိက္ခာပုဒ်၏ အနုပညတ်နှင့်တူသော သိက္ခာပုဒ်ကား အဘယ် သိက္ခာပုဒ် ပါနည်း။ (ခ) ထိုသိက္ခာပုဒ်နှင့် အဋ္ဌမသိက္ခာပုဒ်တို့မှာ မည်သို့ ခြားနားကြပါသေးသနည်း။

၂၈၁။ ဖြေ (က) နိဿဂ္ဂိယ စီဝရဝဂ် နဝမ သိက္ခာပုဒ် ဖြစ်ပါသည်။

အဋ္ဌမ သိက္ခာပုဒ်၌ ဒါယကာတဦးတည်းကို ညွှန်းပန်းသည်၊ နဝမသိက္ခာပုဒ်၌ ဒါယကာ ၂-ဦးကို ညွှန်းပန်းသည်၊ ဤသို့ ထူးကြပါသည်။

နဝမနိဿဂ္ဂိပါစိတ် ပြီး၏။

---

## ဒသမနိဿဂ္ဂိပါစိတ်

၂၈၂။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် ဒသမသိက္ခာပုဒ်၌ "စီဝရ စေတာပန္န" အရ ကပ္ပိယာ ကပ္ပိယ စေတာပန္န ၂-မျိုး တွင် အဘယ်ကို ယူရပါမည်နည်း၊ (ခ) ဤသိက္ခာပုဒ် ပါဠိ၌ အာဂမနသုဒ္ဓိကို ပြဆိုသော စကားရပ်ကိုလည်း ရေးပြပါ။

၂၈၂။ ဖြေ (က) ဟိရည သုဝဏ္ဏ စသော အကပ္ပိယ စီဝရ စေတာပန္နမျိုးကိုသာ လိုပါသည်။

(ခ) အာဂမနသုဒ္ဓိဒဿန စကားကား "ဣမိနာ စီဝရ စေတာပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ"။

(ဆဋ္ဌမအကြိမ်)

၂၇၃။ မေး နိဿဂ္ဂိယ စီဝရဝဂ် ဒသမသိက္ခာပုဒ်၌ ပေးသက ဖြစ်သော ရာဇ, ရာဇမဟာမတ္တ စသူတို့က ဒူတအား "ဣမိနာ စီဝရ စေတာပန္နေန" စသည်ဖြင့် မမှာကြားလိုက်ဘဲ "ဣဒံ စီဝရ စေတာပန္နံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟိ" ဟု မှာကြား၍ လွှတ်လိုက်ပါက မည်သို့ အပြစ်ရှိပါသေးသနည်း။

၂၇၃။ ဖြေ "ဣဒံ စီဝရစေတာပန္နံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟိ" ဟူသော စကားမှာ ကပ္ပိယဖြစ်သော သက်နီးဘိုး ကို အလှူခိုင်းသည့် စကားမဟုတ်၊ အကပ္ပိယသက်နီးဘိုးကို အလှူ ခိုင်းသည့် စကားဖြစ်၍ ဤစကားအရ အာဂမနသုဒ္ဓိ မဖြစ် သောကြောင့် ရဟန်းက ကပ္ပိယကာရက ကိုပင် ညွှန်းပြခွင့် မရှိ တော့ပါ၊ (ဥဘတောသုဒ္ဓိဖြစ်ရန်ကို ရည်ရွယ်ဟန်ရှိ၏။)

အာဂမန သုဒ္ဓိ ဖြစ်မှုမဖြစ်မှုမှာ လိုရင်းမဟုတ်။ တမန်က ကပ္ပိယဝေါဟာရဖြင့် လျှောက်ပါက ကပ္ပိယကာရက ညွှန်းပြ ကောင်းသည်သာဟု သာရတ္ထဋီကာရှင် မိန့်၏။

---

၂၇၈။ မေး နိဿဂ္ဂိယစီဝရဝဂ် ဒသမသိက္ခာပုဒ်၌ "ဣမိနာ စီဝရ စေတာပန္နေန" စသော စကားအရ စီဝရ စေတာပန္နမှာ အာဂမနသုဒ္ဓိဖြစ်ပါလျက် အဘယ်ကြောင့် ရဟန်းက "န ခေါ မယံ" စသည်ဖြင့် ပယ်ရပါသနည်း၊ အာဂမနသုဒ္ဓိ ဖြစ်သော ကြောင့် မပယ်မလှန် လက်ခံသင့်သည် မဟုတ်ပါလော။

(ဆဋ္ဌမအကြိမ်)

၂၇၄။ ဖြေ မူလက အာဂမနသုဒ္ဓိ ဖြစ်ပါသော်လည်း "ဣဒံ ခေါ ဘန္တေ ။လ။ ပဋိဂ္ဂဏှာတု အာယသ္မာ စီဝရစေတာပန္နံ"ဟူသော တမန်ယောကျ်ား၏ စကားအတွက် အကပ္ပိယ ဖြစ်သွားပါသဖြင့် ပယ်ခွင့် ရောက်လာသည် အားလျော်စွာ "န ခေါ မယံ"စသည်ဖြင့် ပယ်ရပါသတည်း။

---

၂၇၅။ မေး (က ဒါယကာက လှူစေကာမူ ရဟန်းတို့ မခံယူကောင်းသော ဝတ္ထုပစ္စည်းတို့ကို ဖော်ပြ၍ (ခ) မည်သည့် ဝတ္ထုပစ္စည်းမျိုးကို ခံယူပါက မည်သည့်အာပတ် သင့်ရောက်သည်ကိုလည်း ညွှန်းပြပါ။

၂၇၅။ ဖြေ (က) သုဝဏ္ဏ၊ ရွှေ, ရဇတ၊ ငွေ, ကဟာပဏ၊ ဒင်္ဂါး,မာသက၊ အရောင်းအဝယ်ကိစ္စ၌ သုံးစွဲရသော ပဲဆိုက်ဆံ, မုတ္တာ၊ ပုလဲ, မဏိ၊ ပတ္တမြား, ဝေဠုရိယ၊ ကျောက် မျက်ရွဲ,သန်း၊ ခရုသင်း, သိလာ၊ကျောက်သလင်း, ပဝါဠ၊သန္တာ,လောဟိတင်္က၊ ပတ္တမြားနီ, မသာရဂလ္လ၊ ပတ္တမြားပြောက်, သတ္တဓည၊ စပါးမျိုး ၇-ပါး, ဒါသီ၊ ကျွန်းမိန်းမ, ဒါသ၊ ကျွန်ယောကျ်ား, ခေတ္တ၊ လယ်, ဝတ္ထု၊ ယာ,ပုပ္ဖာရာမ၊ ပန်းဥယျာဉ်, ဖလာရာမ၊ သစ်သီး ဥယျာဉ်စသည်။

(သရုပ်တွေကို ရအောင် ကျက်ထားဖို့ လိုသည်။)

(ခ) သုဝဏ္ဏ- ရဇတ- ကဟာပဏ- မာသက ဤဝတ္ထုပစ္စည်း ၄-မျိုးမှာ နိဿဂ္ဂိယဝတ္ထုဖြစ်၍ ၎င်းတို့ကို အလှူခံပါက နိဿဂ္ဂိပါစိတ်, မုတ္တာ- မဏိ- စသည်တို့မှာ ဒုက္ကဋ် ဝတ္ထုများဖြစ်၍ ၎င်းတို့ကို အလှူခံပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။

(ဆဋ္ဌမအကြိမ်)

ဆောင်ပုဒ်

၁။ ရွှေ,ငွေ,ဒင်္ဂါး၊ ပိုက်ဆံများ၊ ခံခြင်းနိဿဂ္ဂိ။
၂။ ပတ္တမြား,ပုလဲ၊ ကျောက်မျက်ရွဲသွင်း၊ ခရုသင်းနှင့်၊ သလင်းသန္တာ၊ မှတ်ရာတခြား၊ ပတ္တမြားနီ,ပြောက်၊ သွင်းလျောက်စည၊ သတ္တမျိုးမည်၊ဒ သီ,ဒါသ၊ခေတ္တ ဝတ္ထု၊ နှစ်ခုအာရာမ်၊ အလှူခံ၊ အမှန်ဒုက္ကဋ်ချည်း။

ဤ နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုတို့ကို မိမိအတွက်သာ အလှူမခံရသည်မဟုတ်၊ စေတီ,သံဃာ,ဂိုဏ်း,ပုဂ္ဂိုလ်တို့အတွက်လည်း အလှူမခံကောင်းပေ၊ စေတီအတွက် အရှင်ဘုရားအား လှူပါသည် ဆိုလျှင် အလှူမခံကောင်း။ စေတီကို ပဋိဂ္ဂါဟက သမ္ဗဒါန် ထားလျက် "စေတိယဿ ဒေမ"ဟု ဆို၍ လှူလျှင်ကား စေတီအား မလှူနဲ့ဟု တားမြစ်ရန် အခွင့်မရှိ။

---

၂၀၆။ မေး နိဿဂ္ဂိယ စီဝရဝဂ် ဒသမ သိက္ခာပုဒ်၌ ရဟန်းက တမန်အား "စီဝရဥ္စ ခေါ မယံ ပဋိဂ္ဂဏှာမ"ဟူသော စကားကို ပြောဆိုခြင်းမှာ သင်္ကန်းရလိုမှုအတွက် ပရိယာယ်ပြောရာ မရောက်ပါလော၊ အဘယ်ကြောင့် ဤသို့ ပြောဆိုခွင့် ရပါသနည်း။

၂၀၆။ ဖြေ ပြောဆိုခွင့် ရှိသဖြင့်သာ ပြောဆိုခြင်းဖြစ်ရကား ပရိယာယ် ပြောရာသို့ မရောက်ပါ၊ ဤသို့ ပြောဆိုခွင့် ရသည်မှာလည်း သင်္ကန်းဘိုးက မိမိကိုရည်စူးကာ မိမိအတွက် ယူလာသော သင်္ကန်းဘိုးဖြစ်သောကြောင့် ဖြစ်ပါသည်။

---

၂၀၇။ မေး "ဝေယျာဝစ္စကရော နိဒ္ဒိသိတဗ္ဗော"ဟူသော စကားအရ ဘယ်လိုလျှောက်ထားမှ ရဟန်းက ကပ္ပိယကာရက

(ဆဋ္ဌမအကြိမ်)

ကို ညွှန်းပြကောင်းသည်, ဘယ်လိုလျှောက်ထားပါက မညွှန်းပြကောင်းသည်ကိုပြဆို၍ (ခ)"အာရာမိကော ဝါ ဥပါသကော ဝါ" ဟူသော စကားအရ အာရာမိကနှင့် ဥပါသကတို့ကိုသာ ကပ္ပိယကာရက ညွှန်းပြကောင်းသည်, အခြားသူတို့ကို မညွှန်းကောင်းဟု မှတ်ရမည်လော။

၂၀၇။ ဖြေ (က) ဤရာဇသိက္ခာပုဒ်၌လာရှိသော"အတ္ထိ ပနာဝုသော ကောစိ ဝေယျာဝစ္စကရော" ဟူသော စကားမျိုးဖြင့် ဖြစ်စေ, ကပ္ပိယညွှန်းပြတော်မူပါဟူသော စကားမျိုးဖြင့် ဖြစ်စေ, လျှောက်ထားမှသာ ကပ္ပိယကာရက ညွှန်းပြကောင်းပါသည်။ ဤဝတ္ထုပိုက်ဆံကို ဘယ်သူလက်ခံ ယူငင်ပါမည်နည်း, ဤဝတ္ထုပိုက်ဆံကို ဘယ်သူအား ပေးထားခဲ့ရပါမည်နည်း စသည်ဖြင့် လျှောက်ထားပါက ကပ္ပိယကာရကကို မညွှန်းပြကောင်းပါ။

(ခ) သီတင်းသုံးဘော် ၅-ဦးတို့မှတပါး မည်သူကိုမဆို ကပ္ပိယ ညွှန်းပြကောင်းပါသည်၊ အာရာမိကနှင့် ဥပါသကတို့ကို ထုတ်ဖော်၍ ဆိုခြင်းမှာကား အထူး သင့်တော်သောကြောင့်သာ ဆိုခြင်းဖြစ်ပါသည်။

ဘိက္ခု, ဘိက္ခုနီ,သာမဏေရ, သာမဏေရီ,သိက္ခမာနဟူသော သီတင်းသုံးဘော် ၅-ဦးတို့မှတပါး မည်သူမဆို ကပ္ပိယကာရက လုပ်နိုင်သည်ဟု ဆိုလို၏။

---

၂၀၈။ မေး (က) ဒါယကာက ဇပ္ပိယ ညွှန်းပြတော်မူပါဟု လျှောက်သည့်အခါ ရဟန်းက မည်သို့မည်ပုံ ပြကျင့်

(ဆန္ဒမအကြိမ်)

ရမည်, မည်သို့ မည်ပုံ မပြုကျင့်ရမည်ကို ပြဆို၍ (ခ) ရာဇ သိက္ခာပုဒ်၌ တမန်ယောကျ်ားက"ယံ ခေါ ဘန္တေ အာယသ္မာ" စသောစကားကို အဘယ်ကြောင့် ဆိုရသည်ကိုလည်း ပြဆိုပါ။

၂၀၀။ ဖြေ (က) "ခေါ ခေါ အာဝုသော ဘိက္ခုနှံ ယောဇ္ဇဝစ္စကရော"ဟူသော ရာဇ သိက္ခာပုဒ်လာ စကားအတိုင်း ဖြစ်စေ, ငါ၏ကပ္ပိယကား မောင်ဖြူဖြစ်သည် စသည်ဖြင့် အလား တူ အပ်စပ်သော စကားမျိုးကိုဖြစ်စေ, ပြောဆို၍ ကပ္ပိယညွှန်းရ ပါမည်။ သင်၏ဝတ္ထု "ပိုက်ဆံ" ကို မည်သူ့ထံ ပေးထားခဲ့ စသည်ဖြင့်ကား မပြောကြားကောင်းပါ။

(ခ) "ယံ ခေါ ဘန္တေ"စသော စကားကိုမလျှောက်ထားဘဲ ကပ္ပိယကာရက၏ လက်ထဲသို့ အပ်နှံ၍ သွားရုံမျှဖြင့် ရဟန်းက မတောင်းကောင်းပါ။ ထိုကြောင့် တောင်းခွင့် ရစေခြင်းငှာ "ယံ ခေါ ဘန္တေ" စသော စကားကို လျှောက်ထားရပါသည်။

---

၂၀၉။ မေး နိဿဂ္ဂိယ စီဝရဝဂ် ရာဇ သိက္ခာပုဒ်၌ တမန် ယောကျ်ားက "ယံ ခေါ ဘန္တေ"စသော စကားကို လျှောက် ထားခြင်း မပြုပါက ကပ္ပိယ ကာရကထံ မည်သည့် နည်းနှင့်မျှ သက်နိုးကို မတောင်းဆိုကောင်းဟု မှတ်ရမည်လော။ တောင်းဆို ခွင့်ရသော အစီအရင် အထူးရှိပါက ညွှန်းပြပါ။

၂၀၉။ ဖြေ ရဟန်းက မျက်မှောက်၌ပင် ဤသူကား ငါ၏ ကပ္ပိယကာရကတည်းဟု ညွှန်းပြ၍ တမန် ယောကျ်ားကလည်း

(ဆဋ္ဌမအကြိမ်)

မျက်နှာစုံညီပင် ရဟန်းညွှန်းပြသော ကပ္ပိယကာရက လက်သို့ သက်န်းဘိုးကို အပ်နှံကာ အရှင်မြတ်အား သက်န်းဝယ်၍ လှူလိုက်ပါဟု မှာထားခြင်း ပြုပါလျှင် "ယံ ခေါ ဘန္တေ" စသော စကားကို မလျှောက်ထားစေကာ ကပ္ပိယကာရကထံ သက်န်း တောင်းနိုင်ပါတော့သည်။

"ယံ ခေါ ဘန္တေ" စသော စကားမှာ ကပ္ပိယကာရက,က မျက်ကွယ်၌ ညွှန်းအပ်သော ပရမ္မုခါနိဒ္ဒိဋ္ဌ ကပ္ပိယကာရကမျိုး ဖြစ်သော်သာ ဆိုခွင့်ရှိသော စကားဖြစ်သည်။

---

၂၉၀။ မေး နိဿဂ္ဂိယစီဝရဝဂ် ရာဇသိက္ခာပုဒ်၌ ရဟန်းက မျက်ကွယ် ညွှန်းပြသော ပရမ္မုခါနိဒ္ဒိဋ္ဌ ကပ္ပိယ ကာရကထံ သက်န်းဘိုးကို အပ်နှံရာ တမန်ယောကျ်ားက မည်သို့ပြုလုပ်မှ ရဟန်းက တောင်းခွင့်ရပါမည်နည်း။

၂၉၀။ ဖြေ တမန်ယောကျ်ားက "ယခု အရှင်ဘုရား ညွှန်းပြသော ကပ္ပိယ ကာရကထံ တပည့်တော် သက်န်းဘိုးကို အပ်နှံခဲ့ပါမည်။ အရှင်မြတ် သက်န်းအလိုရှိသောအခါ တောင်းခံတော်မူပါ"ဟု သက်န်းဘိုး သွားမအပ်မီကပင် လျှောက်ထားသော်၎င်း ရဟန်းညွှန်းပြလိုက်သော ကပ္ပိယကာရကထံသို့ သက်န်းဘိုးကို အပ်နှံပြီးလျှင် မိမိကိုယ်တိုင် ပြန်မလျှောက်ဘဲ အခြားသူတဦးတယောက်ကိုလွှတ်၍ "အလိုရှိသောအခါ သက်န်း အလှူခံရန်" ဟုလျှောက်ထားခိုင်းခဲ့သော်၎င်း, မိမိကိုယ်တိုင်ပင် ပြန်လာပြီးလျှင် ပါတိမောက်ခ်၌လာသော "ယံ ခေါ ဘန္တေ"

(ဆက်ရန်အကြွင်း)

စသော စကားကို လျှောက်ထားခဲ့သော်ရင်း, ဤလုပ်ငန်း ၃-ခု တွင် တခုခုကို တမန်ကပြုလုပ်မှ ရဟန်းကတောင်းခွင့်ရပါသည်။

ဤအဖြေစကားအရ ရဟန်းက မျက်ကွယ်ညွှန်း၊ ကပ္ပိယကာရက ၃-ယောက်ရှိသည်ကိုသိလေ၊ တမန်၏ လုပ်ငန်းကို လိုက်၍ ပြောရသည်။

---

၂၉၁။ မေး နိဿဂ္ဂိယ စီဝရဝဂ် ရာဇသိက္ခာပုဒ်၌ (က) သက်န်းဘိုး အပ်နှံထားသော ကပ္ပိယကာရကထံ သင်္ကန်းကို နှုတ်ဖြင့်တောင်းဆိုရာ "အတ္ထော မေ အာဝုသော စီဝရေန" ဟူသော မာဂဓဘာသာဖြင့်သာ တောင်းဆိုခွင့် ရပါသလော။ (ခ) "ဒေဟိ မေ, အာဟရ မေ"စသည်ဖြင့် တောင်းဆိုပါက လည်း အပြစ် တစုံတရာ ရှိပါသေးသလော။

၂၉၁။ ဖြေ (က) "အတ္ထော မေ အာဝုသော စီဝရေန" ဟူသော စကား၏အဓိပ္ပါယ်ကို ဘယ် လို ဘာ သာ မျိုး ဖြင့် မဆို ပြောဆိုနိုင်ခွင့်ရှိပါသည်။

(ခ) မလုပ်ကောင်းဟု ပယ်အပ်သည်ကို ပြုလုပ်လေသော ကြောင့် ဝတ္တဘေဒ ဒုက္ကဋ်အာပတ်သို့ ရောက်ခြင်း အပြစ်ရှိပါ သည်။ (တောင်းခြင်းကိစ္စကား အထမြောက်သည်ပင်။)

ပဋိက္ခိတ္တသ ကတတ္တာ ဝတ္တဘေဒဒုက္ကဋံ အာပဇ္ဇတိ။

---

၂၉၂။ မေး (က) သက်န်းဘိုး အပ်နှံထားသောကပ္ပိယ ကာရက ထံသို့သွား၍ သင်္ကန်းကိုရလိုမှုဖြင့် ရပ်နေရာဒါယကာက အဘယ်အကြောင်းဖြင့် ကြွလာပါသနည်းဟု မေးလျှောက်သည့် အခါ မည်သို့ပြန်ပြောရပါမည်နည်း၊ (ခ) ရပ်မှုမဖက် တောင်းမှု

သက်သက်ကိုသာရင်း, တောင်းမှုမဖက် ရပ်မှုသက်သက်ကိုသာ ရင်း,ပြုလုပ်ပါက အကြိမ်ပေါင်း မည်မျှ တောင်းနိုင်ရပ်နိုင်သည် ကိုလည်း ပြဆိုပါ။

၂၉၂။ ဖြေ (က) "ဇာနာဟိ အာဝုသော" ဒါယကာ သင်ပင်သိလေတော့ဟု ပြောဆိုရပါမည်။

(ခ) တောင်းမှု သက်သက်ကိုသာ ပြုပါက ၆-ကြိမ်, ရပ်မှု သက်သက်ကိုသာပြုပါက ၁၂-ကြိမ်, တောင်းနိုင် ရပ်နိုင်ပါသည်။

တောင်းမှု ရပ်မှု ၂-မျိုးလုံးကိုပင်ပြုပါက တောင်းမှုတကြိမ်အတွက် ရပ်မှု ၂-ကြိမ်လျော့၏၊ ရပ်မှု ၂-ကြိမ်အတွက် တောင်းမှု တကြိမ်လျော့၏၊ ထိုကြောင့် ဤဆိုလတ္တံ့သော တိုးပုံ လျော့ပုံ စည်းကမ်းကိုသိရာ၏။

တကြိမ် တောင်းလျှင် ၁၀-ကြိမ်ရပ်, ၂-ကြိမ် တောင်းလျှင် ၈-ကြိမ်ရပ်, ၃-ကြိမ်တောင်းလျှင် ၆-ကြိမ်ရပ်, ၄-ကြိမ်တောင်း လျှင် ၄-ကြိမ်ရပ်, ၅-ကြိမ်တောင်းလျှင် ၂-ကြိမ်ရပ်, ၆-ကြိမ် တောင်းလျှင် လုံးလုံးမရပ်ရတော့ပြီ။ ဤကား တောင်းချိန်တိုး သည့်အတွက် ရပ်ကြိမ်လျော့ပုံတည်း။

၁-ကြိမ် ၂-ကြိမ်ရပ်လျှင် ၅-ကြိမ်တောင်း, ၃-ကြိမ် ၄-ကြိမ် ရပ်လျှင် ၄-ကြိမ်တောင်း, ၅-ကြိမ် ၆-ကြိမ်ရပ်လျှင် ၃-ကြိမ် တောင်း, ၇-ကြိမ် ၈-ကြိမ်ရပ်လျှင် ၂-ကြိမ်တောင်း, ၉-ကြိမ် ၁၀-ကြိမ်ရပ်လျှင် ၁-ကြိမ်သာတောင်း, ၁၁-ကြိမ် ၁၂-ကြိမ်ရပ် လျှင် လုံးလုံး မတောင်းရတော့ပြီ။ ဤကား ရပ်ကြိမ်တိုးသည့် အတွက် တောင်းကြိမ်လျော့ပုံတည်း။

"သစေ ဥဘယံ ကရောတိ၊ ဧကာယ စောဒနာယ ဒွေဌာနာနိ ဟာပေတဗ္ဗာနိ" ဟူသော အဋ္ဌကထာ စကား၏ အဓိပ္ပါယ်ကို အကျယ်သိကြရန် ဝေဘန်လိုက်သည်။

(ဆဋ္ဌမအကြိမ်)

၂၉၃။ မေး (က) နိဿဂ္ဂိယ စီဝရဝဂ် ရဇာသိက္ခာပုဒ် အရာ၌ ရသင့်ရထိုက်သော ကပ္ပိယကာရက တကျိပ်ကို ရေတွက်ဖော်ပြ၍ (ခ) ထိုကပ္ပိယကာရကတို့ထံ တောင်းမှုကိစ္စ၌ အတူအမျှပင် ကျင့်ရမည်, တမျိုးတဖုံစီ ကျင့်ရမည်တို့ကိုလည်း ဝေဘန်သတ်မှတ်၍ပြပါ။

၂၉၃။ ဖြေ (က) ရဟန်းကသော်၎င်း, အလှူရှင်ဒါယကာကသော်၎င်း,မညွှန်းအပ်သော အနိဒ္ဒိဋ္ဌကပ္ပိယကာရက ၂-ယောက် ညွှန်းအပ်သော နိဒ္ဒိဋ္ဌ ကပ္ပိယကာရက ၈-ယောက် ပေါင်း ၁၀-ယောက်။

**တနည်း။** မျက်မှောက်၌ ညွှန်းအပ်သော "သမ္မုခါနိဒ္ဒိဋ္ဌ" ကပ္ပိယကာရက ၂-ယောက်,မျက်ကွယ်၌ ညွှန်းအပ်သော "ပရမ္မုခါနိဒ္ဒိဋ္ဌ" ကပ္ပိယကာရက ၆-ယောက်, မျက်ကွယ်၌သော်၎င်း မျက်မှောက်၌သော်၎င်း မညွှန်းအပ်သော "အနိဒ္ဒိဋ္ဌ" ကပ္ပိယကာရက ၂-ယောက် ပေါင်း ၁၀-ယောက်။

**တနည်း။** ရဟန်းက ညွှန်းအပ်သော "ဘိက္ခုနိဒ္ဒိဋ္ဌ" ကပ္ပိယကာရက ၄-ယောက်, အလှူရှင် ဒါယကာက ညွှန်းအပ်သော "ဒါယကာနိဒ္ဒိဋ္ဌ" ကပ္ပိယကာရက ၄-ယောက်, ရဟန်းကသော်၎င်း အလှူရှင်ကသော်၎င်း မညွှန်းအပ်သော "အနိဒ္ဒိဋ္ဌ"ကပ္ပိယကာရက ၂-ယောက်, ပေါင်း ၁၀-ယောက်။

(ညွှန်းပုံအစီအရင်အကျယ်ကို မရေးသားတော့ပြီ။)

(ခ) အတူအမျှ မကျင့်ရပါ၊ ကွဲပြားပုံကား ရဟန်းက ညွှန်းပြအပ်သော ကပ္ပိယကာရက အပေါ်၌ ဤရဇာသိက္ခာပုဒ်

(ဆဋ္ဌမအကြိမ်)

လာ နည်းလမ်းအတိုင်း ပြုကျင့်ရပါသည်၊ အလှူဒါယကာက ညွှန်းပြအပ်သော ကပ္ပိယကာရက အပေါ်၌ မေဏ္ဍကသိက္ခာပုဒ်လာ နည်းလမ်းအရ စိတ္တဒိကပ္ပိယဘဏ္ဍာကို အကြိမ်အပိုင်း အခြားမရှိ တောင်းချင်တိုင်း တောင်းနိုင်ခွင့်ရှိပါသည်၊ မည်သူကမျှ မညွှန်းအပ်သော "အနိဒ္ဒိဋ္ဌ" ကပ္ပိယကာရကမျိုး အပေါ်၌ကား အညာတက အပ္ပဝါရိတ ဒကာဒကာမတို့၌ ကျင့်ရသလိုပင် ကျင့်ရပါသည်။ (တစုံဘာရာ ဘာကိုမျှ ပြောခွင့်ဆိုခွင့်မရ၊ သူတို့ အလိုအလျောက် လှူလာမှသာ အလှူခံရန် ရှိတော့သည် ဟူလို)။

ဆောင်ပုဒ်

၁။ မညွှန်းအပ်ငြား၊ ညွှန်းအပ်ငြား၊ နှစ်စားကပ္ပိယ။
၂။ မညွှန်းအပ်နှစ်၊ ညွှန်းအပ်ရှစ်၊ ဖြစ်သည်ဒသက။
၃။ ရဟန်းညွှန်းလေး၊ လူ ညွှန်း လေး၊ ပေါင်းရေး ရှစ်ယောက်ရ။
၄။ မျက်မှောက်မှာတစ်၊ ကွယ်သုံးဖြစ်၊ ညွှန်းလစ်ရဟန်းက။
၅။ ဒကာကလည်း၊ ရဟန်းနည်း၊ ညွှန်းပြီးလေးယောက်ရ။
၆။ ရှေ့အပ်ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားသည်ပ။
၇။ ဒကာညွှန်းလည်း၊ လေးပါးတည်း၊ ထိုနည်းတူအမှု။
၈။ ရှေ့အပ်မကြား၊ ကွယ်အပ်သွား၊ နှစ်ပါးမညွှန်းပ။

---

၂၉၄။ မေး (က) မုခဝေဝဋ္ဋိက ကပ္ပိယကာရကဟူသည် အဘယ်လို ကပ္ပိယကာရကမျိုးပါနည်း။ (ခ) ရာဇသိက္ခာပုဒ်အရ နိဿဂ္ဂိယ သက်န်းကို စွန့်ပုံ ပါဠိကိုလည်း ရေးပြပါ။
(ဆဋ္ဌမအကြိမ်)

၂၄၉။ ဖြေ (က) ရဟန်းကလည်း မညွှန်း ဒကာကလည်း မညွှန်းဘဲ သူ၏ အလိုအလျောက်ပင် ကျွန်ုပ် ကပ္ပိယကာရက လုပ်ပါမည်ဟု နှုတ်မြွက်ပြောဆို၍ ပြုလုပ်သော ကပ္ပိယကာရက မျိုး ဖြစ်ပါသည်။

(ခ) ဣဒံ မေ ဘန္တေ စီဝရံ အတိရေက တိက္ခတ္တုံ စောဒနာယ အတိရေက ဆက္ခတ္တုံ ဌာနေန အဘိနိပ္ဖါဒိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

---

၂၅၀။ မေး နိဿဂ္ဂိယစီဝရဝဂ် ရာဇသိက္ခာပုဒ်၌ ကပ္ပိယကာရကသက်န်းကိုမလှူဘဲနေပါက (ခ) အလှူရှင်တို့အား ပြန်ကြားပြောဆိုမှု မပြုသောရဟန်းမှာ မည်သို့အပြစ်ရှိပါသနည်း။ (ခ) ဤ သိက္ခာပုဒ်၏ အင်္ဂါများကိုလည်း ဖော်ပြပါ။

၂၅၀။ ဖြေ (က) ဝတ္တဘေဒ ဒုက္ကဋ်အာပတ် သင့်ပါသည်။

(ခ) အင်္ဂါများကား ၁-ရဟန်းက ညွှန်းပြအပ်သော ကပ္ပိယကာရက ဖြစ်ခြင်း, ၂-တမန်က ပြန်ကြား ပြောဆိုသိစေခြင်း, ၃-ကြိမ်, ၆-ကြိမ်ထက်ပို၍ တောင်းခြင်း, ရပ်ခြင်း, ၄-တောင်းမှု ရပ်မှုဖြင့် ရရှိခြင်း ပေါင်း ၄-ပါးတည်း။

ဆောင်ပုဒ်

ရဟန်းညွှန်ထ၊ ကပ္ပိယမှန်၊ တမန်ပြန်ကြား၊ သိစေပြောလျက်၊ ခွင့်ပြုချက်လွန်၊ အားသွန်ကြိုးစား၊ ရပြားလေပြန်၊ ဤလေးတန်၊ မှတ်ရန်အင်္ဂါရပ်တည်း။

(ဆရာမအကြိမ်)

ဤရာဇဝင်သိက္ခာပုဒ်၌ (ဒုတ) ဟူသော စကားမှာ ဒေသနာ မတွေ့ ဖြစ်၏။ အလျှုရှင်ကိုယ်တိုင် သက်နွံးတိုး လှူလာလျှင်လည်း ဤ အတိုင်းပင် အလုပ်လုပ်ရသည်။

ဒသမနိဿဂ္ဂိပါစိတ်ပြီး၏။

စီဝရဝဂ်ပြီး၏။

---

(ဧဠကလောမဝဂ်)

ပထမနိဿဂ္ဂိပါစိတ်

၂၉၆။ မေး (က) ဧဠကလောမဝဂ် ပထမသိက္ခာပုဒ်၌ ကောသေယျမိဿက သန္ထတကို ဘယ်လိုပြုလုပ်ရပါမည်နည်း။ (ခ) အဘယ်မျှလောက် များပြားသော ပိုးချည်တို့ဖြင့် ရောမှ ကောသေယျမိဿက ဖြစ်ပါသနည်း။ (ဂ) တမင်သက်သက် ထည့်သည်မဟုတ်ဘဲ တစုံတခုသော နည်းလမ်းအားဖြင့် ပိုးချည် အနည်းငယ်မျှ မတော်တဆ ပါသွားပါက ကောသေယျမိဿက ဖြစ်ပါသေးသလော အကြောင်းပြ၍ ဖြေဆိုပါ။

၂၉၆။ ဖြေ (က) ညီညွတ်သော မြေအပြင်၌ ပိုးချည်မျှင် တို့ကို အဆင့်ဆင့် ဖြန့်ခင်းခါ ပုံးရည်စသည်တို့ဖြင့် သွန်းဖျန်း၍ ပြုလုပ်ရပါသည်။

(ခ) တချောင်းတည်းသော ပိုးချည်မျှင်ဖြင့် ရောလျှင်ပင် ကောသေယျမိဿက ဖြစ်ပါတော့သည်။

(ဂ) ဤသိက္ခာပုဒ်မှာ အစိတ္တကဖြစ်သောကြောင့် တမင် သက်သက် မထည့်ဘဲ လေဖြင့် လွင့်၍ ပါလာခြင်းစသော တစုံ

တခုသော အကြောင်းကြောင့် အမှတ်မဲ့ ပါသွားလျှင်လည်း ကောသေယျမိဿကပင် ဖြစ်ပါတော့သည်။

ဤသိက္ခာပုဒ်လာ သန္ထတဟူသည် ရက်အပ်သော အခင်းမျိုး မဟုတ်၊ "သန္ထတံနာမ သန္ထရိတွာကတံ ဟောတိ အဝါယိမံ" (ပဒဘာဇနီပါဠိ)

---

၂၉၇။ မေး (က) နိဿဂ္ဂိယ ဧဠကလောမဝဂ် ပထမ သိက္ခာပုဒ်၌ "သန္ထတံ ကာရာပေယျ"ဟု ဆိုခြင်းကြောင့် ကာရာပန အမှုအတွက်သာ အာပတ်သင့်သည်။ ကိုယ်တိုင်ပြုခြင်း ကရဏ အမှုအတွက်ကား အာပတ်မသင့်ဟု မှတ်ရမည်လော။ (ခ) ဤသိက္ခာပုဒ်အရ နိဿဂ္ဂိယသက်နှိုးကိုစွန့်ပုံ ပါဠိကိုလည်း ရေး ပြပါ။

၂၉၇။ ဖြေ (က) ကရဏ-ကာရာပန ၂-မျိုးလုံးအတွက် ပင် အာပတ်သင့်ပါသည်။

(ခ) ဣဒံ မေ ဘန္တေ ကောသေယျ မိဿကံ သန္ထတံ ကာရာ ပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

---

၂၉၈။ မေး နိဿဂ္ဂိယ ဧဠကလောမဝဂ် ပထမသိက္ခာပုဒ် ၌ ရထိုက်သော အင်္ဂါများကို ဖော်ပြပါ။

၂၉၈။ ဖြေ ၁-ကောသိယဘာဝေါ၊ ပိုးချည်ဖြစ်ခြင်း, ၂-အတ္တနော အတ္ထာယ သန္ထတဿ ကရဏကာရာပနံ၊ မိမိ အတွက် အခင်းကိုပြုခြင်း ပြုစေခြင်း, ၃-ပဋိလာဘော၊ ရရှိခြင်း, ပေါင်း ၃-ပါး။

(ဆရာမဘာကြိမ်)

ဆောင်ပုဒ်

ပိုးချည်ဖြစ်တိ၊ မိမိအတွက်၊ ပြုချက်တသင်း၊ ပြုစေ
ခြင်းလှော်၊ လက်ရောက်ရလာ၊ ဤသုံးဖြာ၊ မှတ်
ပါအာဂ် ကောသိယ။

သမုဋ္ဌာန်ဇသည် ခေါဝါပနသိက္ခာပုဒ် အတိုင်း။

ပထမနိဿဂ္ဂိပါစိတ်ပြီး၏။

---

## ဒုတိယ-တတိယ နိဿဂ္ဂိပါစိတ်

၂၉၉။ မေး (က) နိဿဂ္ဂိယ ဧဠကလောမဝဂ် ဒုတိယ သိက္ခာပုဒ်၌ သုဒ္ဓကာဠက ဟူသည် အပြစ်ဒေါသ ကင်းလျက် နက်သားကောင်းလှသော သိုးမွေးမျိုးကို ဆိုပါသလော။ ဘယ် လို သိုးမွေးမျိုးကို ဆိုပါသနည်း။ (ခ) တတိယ ဒွေဘာဂ သိက္ခာပုဒ်လာ အခင်းမျိုးပြုလုပ်ပုံအစီရင်ကိုလည်း ပြဆိုပါ။

၂၉၉။ မေး (က) အညစ်အကြေးကင်း၍ သန့်ရှင်း စင် ကြယ်လျက် နက်သားကောင်းလှသော သိုးမွေးမျိုးကို သုဒ္ဓ ကာဠက ဆိုသည်မဟုတ်ပါ။ ကာဠကမှ တပါးသောသိုးမွေးတို့နှင့် မရောမယှက် "ကာဠက ဧဠကလောမ" သက်သက်ကိုသာ သုဒ္ဓကာဠက ဆိုပါသည်။

"သုဒ္ဓကာဠကာနံ"၌ သုဒ္ဓ သဒ္ဒါသည် စင်ကြယ်ခြင်း "ဝိသုဒ္ဓ" အနက်ကို မဟော၊ မရောယှက်ခြင်း "အသမ္ဘိဿ" အနက်ကိုသာ ဟောသည်။ ကာဠက-အရသူ့ အလိုလို နက်သော "သဘာဝကာဠ က" ဆိုးထား၍ နက်သော "ရဇနကာဠက" ၂-မျိုးလုံးကိုယူ။ (ဆဋ္ဌမအကြိမ်)

(ခ) အခင်းလုပ်မည့် သိုးမွေးတို့ကို ချိန်တွယ်ပြီးလျှင် အမွေး အချောင်းအရေကို မရေတွက်ရ။ သိုးမွေးအနက် ၂-ပုံ သိုးမွေး အဖြူတပုံ, သိုးမွေးအကြောင်တပုံ ပါဝင်စေ၍ ပြုလုပ်ရပါသည်။

---

၃၀၀။ မေး နိဿဂ္ဂိယ ဧဠကလောမဝဂ် တတိယ သိက္ခာပုဒ် အရ ဒွေဘာဂ သန္ထတကို ပြုလုပ်ရာ၌ သုဒ္ဓကာဠကကိုဒွေဘာဂ, ဩဒါတ ဂေါစရိယတို့ကို ကောဘာဂ စီထက် အယုတ်အလွန် ယူ၍ လုပ်သင့်မလုပ်သင့်ကို ပြဆို၍ (ခ) ဤသိက္ခာပုဒ်၏ ကိရိယ ဖြစ်ပုံကိုလည်း ရှင်းလင်းပါ။

၃၀၀။ ဖြေ (က) သုဒ္ဓကာဠကကို ဒွေဘာဂထက်ပို၍ မယူ ရပါ၊ လျော့လျှင်ကား အပြစ်မရှိ၊ ဩဒါတဂေါစရိယတို့ကို ကော ဘာဂစီထက် လျော့၍ မယူရပါ၊ ပိုလျှင်ယာ အပြစ်မရှိ။

(ခ) မယူရမည့် အတိုင်းအရှည် အမျိုးအစားကို ယူ၍ ပြုလုပ်ခြင်း, ယူရမည့် အတိုင်းအရှည် အမျိုးအစားကို မယူရဘဲ ပြုလုပ်ခြင်းတို့ကြောင့် ကိရိယာ ကိရိယ ဖြစ်ပါသည်။

ဒွေဘာဂ-မှာ ဥတ္တဋ္ဌပရိစ္ဆေဒဖြစ်သည်၊ ကောဘာဂကား ဟေ ဋ္ဌိမ ပရိစ္ဆေဒဖြစ်သည်၊ ထိုကြောင့် ဒွေဘာဂကိုလွန်ခြင်း, ကော ဘာဂအောက် လျော့ခြင်းတို့ကြောင့်သာ အပြစ်ရှိသည်၊ ဂေါစရိ ယ ဟူရာ၌ သုဒ္ဓကာဠကနှင့် ဩဒါတတို့ကို ချွင်းချန်၍ ကြွင်းသမျှ သိုးမွေးအားလုံးသည် ဂေါစရိယချည်းဖြစ်၏။

---

၃၀၁။ မေး (က) နိဿဂ္ဂိယ ဧဠကလောမဝဂ် ဒုတိယ တတိယ သိက္ခာပုဒ်တို့အရ နိဿဂ္ဂိယ သန္ထတကို စွန့်ပုံပါဠိကို

(ဆင့်မအကြိမ်)

ရေးပြ၍ (ခ) နိဿဂ္ဂိယဖြစ်သော ကောသေယျမိဿကာဒိ သန္ထတတ္တယကို ဝိနည်းကံအရ စွန့်လွှတ်ပြီးပါက ဆက်လက်၍ အသုံးပြုခွင့် ရှိ,မရှိကိုလည်း ဆိုးဖြတ်ပါ။

၃၀၁။ ဖြေ (က) ဣဒံ မေ ဘန္တေ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ သန္ထတံ ကာရာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ၊ (ဒုတိယအတွက်)

ဣဒံ မေ ဘန္တေ သန္ထတံ အနာဒိယိတွာ တုလံ ဩဒါတာနံ တုလံ ဂေါစရိယာနံ ကာရာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။ (တတိယအတွက်)

(ခ) အသုံးပြုခွင့် မရတော့ပါ၊ ပြုလျှင် ဒုက္ကဋ်။

နိဿဋ္ဌံ ပဋိလဒ္ဓံပိ အာဒိတော သန္ထတတ္တယံ န ကပ္ပတိ။

**ဒုတိယ တတိယ နိဿဂ္ဂိပါစိတ်ပြီး၏။**

---

## စတုတ္ထနိဿဂ္ဂိပါစိတ်

၃၀၂။ မေး (က) နိဿဂ္ဂိယ ဧဠကလောမဝဂ် စတုတ္ထ သိက္ခာပုဒ်၌ လာသော သမ္မုတိဟူသည် သယ်လိုသမ္မုတိမျိုးပါနည်း၊ မည်သည့် ရဟန်းမျိုးအား မည်သူက မည်သို့ပေးရပါသနည်း။ (ခ) သူတပါးအတွက် ပြုလုပ်ခြင်း, သူတပါးပြုလုပ်ထားသော သန္ထတကို အသုံးပြုခြင်းတို့ကြောင့် အပြစ် ရှိ,မရှိကိုလည်း ဆိုးဖြတ်ပါ။

၃၀၂။ ဖြေ (က) သန္ထတသမ္မုတိ ဖြစ်ပါသည်၊ ဂိလာနရဟန်းအား သံဃာက ဉတ္တိဒုတိယကမ္မဝါစာဖြင့် ပေးရပါသည်။ (ဆင္ဓမအကြိမ်)

(ခ) အပြစ်မရှိပါ။

ဤ၌ ဂိလာနရဟန်းဟူသည် သန္ထတနှင့် ကင်းနေရလျှင်လည်း မချမ်းသာ၊ သန္ထတကို ယူဆောင်၍ သွားခြင်းငှာလည်း မစွမ်းနိုင်သော ရဟန်းမျိုးကိုဆိုသည်။

အနာပတ္တိ ပရဇ္ဇာယ၊ ကာရာပေတိ ကရောတိ ဝါ။
ကတံ ဝါ ပန အညေန၊ လဘိတွာ ပရိဘုဉ္ဇတော။

စတုတ္ထနိဿဂ္ဂိပါစိတ်ပြီး၏။

---

ပဉ္စမနိဿဂ္ဂိပါစိတ်

၃၀၃။ မေး (က) နိဿဂ္ဂိယ ဧဠကလောမဝဂ် ပဉ္စမ သိက္ခာပုဒ်၌ ပုရာဏသန္ထတ ဟူသည် ဇိဏ္ဏသန္ထတကို ဆိုပါသလော၊ ဘယ်လိုသန္ထတမျိုးပါနည်း၊ (ခ) "သာမန္တာ သုဂတဝိဒတ္ထိ အာဒါတဗ္ဗာ" ၌ ယူပုံအခြင်းအရာ အာဒါနာကာရကိုလည်း ပြဆိုပါ။

၃၀၃။ ဖြေ (က) တကြိမ်တခါမျှ ထိုင်ခြင်း, အိပ်ခြင်း, ကိစ္စဖြင့် အသုံးပြုဘူးရာ ဖြစ်သော သန္ထတမျိုးကို ပုရာဏသန္ထတ ဆိုပါသည်။

(ခ) ပုရာဏသန္ထတ၏ နံဘေးဘဖက်ဟူသော သာမန္တ ဌာနမှ လုံ့လုံး ဝန်းဝန်းဖြစ်စေ, လေးထောင့်ဖြစ်စေ ဖြတ်၍ ယူသည့်နေရာ တထွာလောက်ရှိအောင် ယူရပါသည်။

သာမန္တာအရ သာမန္တဌာနဟူသည် ပုရာဏသန္ထတ၏ "ကောပဿ" နံဘေးတဖက်တည်း၊ ဧဠကလောမဝဂ် ပဌမ, ဒုတိယ,

တတိယ, စတုတ္ထ, ပဉ္စမ သိက္ခာပုဒ် ၅-ခုဖြင့် ပြအပ်သော အခင်း ၅-မျိုးတို့တွင် ပ, ဒ, တ ဟူသော ရှေ့အခင်း ၃-မျိုးမှာ ဝိနည်းကံဖြင့် စွန့်၍ ပြန်ရသော်လည်း အသုံးမပြု ကောင်းတော့ပြီ၊ နောက်အခင်း ၂-မျိုးကိုကား အသုံးပြုနိုင်ပါသေး၏။ ။(အဋ္ဌကထာကြီး။)

---

၃၀၄။ မေး (က) နိသီဒန သန္ထတကို ခင်းပုံ လုပ်ပုံ အခြင်းအရာ သန္ထရဏာကာရကို ပြဆို၍၊ (ခ) နိသီဒန သန္ထတကို ပြုလုပ်ရာ၌ ပုရာဏသန္ထတ၏ သမန္တဌာနမှ သုဂတဝိဒတ္ထိ ပမာဏကို လုံးဝမယူဘဲဖြစ်စေ, အယုတ်အလွန်အားဖြင့် ယူ၍ဖြစ်စေ ပြုလုပ်ပါက အပြစ်ရှိ, မရှိ ဆုံးဖြတ်ပါ။

၃၀၄။ ဖြေ (က) အခင်းသစ်၏ တစိတ်တဒေသဖြစ်သော နေရာကဖြစ်စေ, အခင်းဟောင်းက ဖြတ်ယူထားသော အပိုင်းအစကို ဖြေဖျက်ပြီးလျှင် အခင်းသစ်နှင့်ရောနှော၍ဖြစ်စေ ခင်းရ လုပ်ရပါမည်။

(ခ) မူလအခင်းဟောင်း လုံးလုံးမရှိသဖြင့် လုံးလုံးမယူဘဲ ပြုလုပ်ရသည်ဖြစ်စေ, အခင်းဟောင်းမှ တထွာပြည့်အောင် မရသဖြင့် တထွာအောက် ယုတ်လျော့၍ ယူရသည်ဖြစ်စေ အပြစ်မရှိပါ၊ တထွာထက် အပို အလွန် ယူ၍ ပြုလုပ်မှုကား အပြစ်မကင်းပါ။

သုဂတဝိဒတ္ထိဟူသော ပရိစ္ဆေဒမှာ ဥက္ကဋ္ဌပရိစ္ဆေဒဖြစ်သည်၊ ထို့ကြောင့် ပုရာဏသန္ထတမှ ဝိဒတ္ထိပမာဏထက် ပို၍ မယူရ၊ ဤ သိက္ခာပုဒ်၌ အနာဒါယဟူသောပုဒ်သည် ပဋိသင်္ခါပုဒ်ကဲ့သို့ တွာ ပစ္စယကာရိယ ယကာရလောပပုဒ်တည်း။
(ဆန္ဒမာအကြိမ်)

၃၀၅။ မေး နိဿဂ္ဂိ ဝေဿကလောမဝဂ် ပဉ္စမသိက္ခာပုဒ်၌ "အညာဿတ္တာယ ကာရေတုံ ကတဉ္စ ပဋိလဘိတွာ ဘုဉ္ဇိတုံ ဝဋ္ဋတိ" ဟု ဆိုသောကြောင့် နိဿီဒန သန္ထတကို သူတပါးအတွက်ပြုလုပ်မှု, သူတပါးလုပ်ပြီးသည်ကိုရရှိ၍ သုံးစွဲမှုအတွက် မည်သည့်အာပတ်မျှ မသင့်ဟု မှတ်ရမည်လော။

၃၀၅။ ဖြေ သူတပါးအတွက် ပြုလုပ်မှုကြောင့် နိဿဂ္ဂိ ပါစိတ်အာပတ် မသင့်၊ ဒုက္ကဋ်အာပတ်မူကား သင့်ပါသည်။

နိဿဂ္ဂိပါစိတ် မသင့်သည်ကိုရည်ရွယ်ကာ အဋ္ဌကထာ၌ ဝဋ္ဋတိ ဆိုသည်။

သူတပါး လုပ်ပြီးသည်ကို ရရှိ၍ သုံးစွဲမှုအတွက်ကြောင့်ကား မည်သည့်အာပတ်မျှ မသင့်ပါ။

အညဿတ္ထာယ ကရောတိ ဝါ ကာရာပေတိ ဝါ အာပတ္တိ ဒုက္ကဋဿ အနာပတ္တိ အညေန ကတံ ပဋိလဘိတွာဘုဉ္ဇတိ။
(ပဒဘာဇနီပါဠိ)

ဤသိက္ခာပုဒ်လာ နိဿီဒန သန္ထတမှာ နိဿီဒနစီဝရ မဟုတ်ရကား ခုတင် တေစီဝရိက ရဟန်းအားအပ်၏၊ စတုတ္ထစီဝရ မဟုတ်ဟူပေ။

ပဉ္စမနိဿဂ္ဂိပါစိတ် ပြီး၏။

---

## ဆဋ္ဌနိဿဂ္ဂိပါစိတ်

၃၀၆။ မေး (က) နိဿဂ္ဂိယ ဝေဿကလောမဝဂ် ဆဋ္ဌ သိက္ခာပုဒ်၌ "အဒ္ဓါန မဂ္ဂပ္ပဋိပန္နဿ"ဟု ဆိုခြင်းကြောင့် ခရီး

(ဆဋ္ဌမအကြိမ်)

သွားရင်းရမှသာ သိုးမွေးတို့ကိုခံယူရမည်လော၊ (ခ) ၃-ယူဇနာကို မည်မျှလွန်က မည်သည့်အာပတ်သင့်သည်ကိုလည်း ဆုံးဖြတ်ပါ။

၃၀၆။ ဖြေ (က) မည်သည့်နည်းမျိုးဖြင့်ပင် ရရ၊ တရားသဖြင့် ရခဲ့လျှင် ခံယူကောင်းသည်ပင် ဖြစ်ပါသည်။

အကြောင်းဝတ္ထု အားလျော်စွာသာ အဒ္ဓါန မဂ္ဂပ္ပဋိပန္နဿ ဟူသောစကားကို ဆိုခြင်းဖြစ်၏။

(ခ) ၃-ယူဇနာကို ခြေတလှမ်းကို လွန်စေက ဒုက္ကဋ်၊ ဒုတိယ မြောက် ခြေလှမ်းကို လွန်စေက နိဿဂ္ဂိပါစိတ်။

---

၃၀၇။ မေး (က) နိဿဂ္ဂိယ ဧဠကလောမဝဂ် ဆဌ သိက္ခာပုဒ်အရ ဧဠကလောမတို့ကို ၃-ယူဇနာ အတွင်းမှာပင် ဆောင်ယူသည်ဖြစ်ပါလျက် အာပတ် သင့် သေး သည် ဆို ပါ က မည်သည့်အတွက် မည်သည့်အာပတ်သင့်ပါသနည်း၊ (ခ) ဆောင်ယူသည့် လမ်းတာ ၃-ယူဇနာကျော်ပါလျက် အာပတ်မသင့်ဟူ ဆိုပါလျှင်လည်း ဘယ်လိုဆောင်ယူနည်းမျိုးပါနည်း။

၃၀၇။ ဖြေ (က) ၃-ယူဇနာကို မလွန်သေးဘဲလျက် ၃-ယူဇနာထက် လွန်သည်ဟူသော အတိရေက သညာမျိုးဖြင့် ဆောင်ယူသည့်အတွက် ဒုက္ကဋ်သင့်ပါသည်။

(ခ) ၃-ယူဇနာအတွင်းမှာပင် အသွား အပြန် ဆောင်ယူမှု သိုးမွေးတို့ကို ဆောင်ယူကာ ၃-ယူဇနာ အတွင်းရှိ တနေရာ တဌာနတွင် နေပါတော့မည်ဟု သွားပြီးမှ နေရာမကျသဖြင့်

(ဆဋ္ဌမအကြိမ်)

ရှေ့သို့ဆက်လက်၍ ဆောင်ယူသွားမှု ခိုးသူ လုယက်အပ်သော သိုးမွေး, ဝိနည်းကံဖြင့် စွန့်အပ်ပြီးသော သိုးမွေးတို့ကို ပြန်ရသဖြင့် ဆောင်ယူမှု, သူတပါးကို ဆောင်ယူစေမှု, ကြိုးဖြင့်ဖွဲ့၍ စည်း၍ထားသော သိုးမွေး အစည်းအထုံးကိုဖြစ်စေ သိုးမွေးတို့ဖြင့် ပြုလုပ်၍ထားအပ်သော ဝတ္ထုပစ္စည်းမျိုးကို ဖြစ်စေ ဆောင်ယူမှုတို့အတွက် အာပတ် မသင့်ပါ။

ဤသိက္ခာပုဒ်၌ ၃-ယူဇနာကိုလွန်၍ မဆောင်ရဟု တားမြစ်အပ်သော သိုးမွေးမှာ ကြိုးစသည်တို့ဖြင့် မဖွဲ့မစည်း မချည်မတုပ်ဘဲ သက်သက်ထားသော သိုးမွေးမျိုးတည်း။

---

၂၀၈။ မေး (က) နိဿဂ္ဂိယ ဧဠကလောမဝဂ် ဆဋ္ဌသိက္ခာပုဒ်အရ နိဿဂ္ဂိယ ဧဠကလောမတို့ကို စွန့်ပုံပါဠိကို ရေးပြ၍ (ခ) ဤသိက္ခာပုဒ်၌ ရထိုက်သော အင်္ဂါများကိုလည်း ဖော်ပြပါ။

၂၀၈။ ဖြေ (က) ဣမာနိ မေ ဘန္တေ ဧဠကလောမာနိ တိယောဇနပရမံ အတိက္ကာမိတာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(ခ) ၁-တစုံတခု ဝတ္ထုပစ္စည်း ပြုလုပ်၍ထားသော သိုးမွေးမဟုတ်ခြင်း, ၂-ရှေးဦးစွာ ရခြင်းဖြင့် ရရှိသော သိုးမွေးဖြစ်ခြင်း, (ခိုးသူလက်မှ ပြန်ရခြင်းမျိုးကား ဒုတိယ ပဋိလာဘ ဖြစ်သည်) ၃၊ ၃-ယူဇနာကို လွန်စေခြင်း, ၄-အသွားအပြန် ဆောင်ယူမှုမျိုး မဟုတ်ခြင်း, ၅၊ ၃-ယူဇနာအတွင်းရှိ ကျောင်း၌ အမြဲ

(ဆန္ဒမအကြိမ်)

နေမည်ဟူသော အလိုဆန္ဒ “ဝါသာဓိပ္ပါယ” ဖြင့် ဆောင်ယူမှု မဟုတ်ခြင်း ပေါင်း ၅-ပါး။

ဆောင်ပုဒ်

တစုံတရာ၊ ဘဏ္ဍာဝတ္ထု၊ မပြုအပ်ထ၊ ငွေကြေးဖြစ်၊ တလှစ် ထိုမှ၊ ဦးစွာရနှင့်၊ ယောဇနတိ၊ လွန်ဘိတထွေ၊ အစဉ် နေမည်၊ ရွယ်ရည်စိတ်ရင်း၊ မသွင်းမထား၊ သွားပြန် ဆောင်ခြင်း၊ မဟုတ်လျှင်းပေ၊ ၅ါးထွေ၊ မှတ်လေ အင်္ဂါရစ်တည်း။

ဆဋ္ဌနိဿဂ္ဂိပါစိတ် ပြီး၏။

---

## အဋ္ဌမနိဿဂ္ဂိပါစိတ်

၃၀၉။ မေး (က) ငွေကလောမဝဂ် အဋ္ဌမ သိက္ခာပုဒ်၌ ရွှေ၊ ငွေမဟုတ်သော ကြေးပြားပိုက်ဆံ မူးစေ့မတ်စေ့ ငွေစက္ကူ စသည်တို့ကို ခံယူပါက အပြစ်ရှိသည် မရှိသည်ကို အကြောင်းနှင့် တကွ ဖြေဆို၍ (ခ) မိမိအား လှူလာသော ရွှေ၊ ငွေမျိုး တနေရာ တဌာနတွင် ပိုင်ရှင်မရှိ နိပ္ပရိဂ္ဂဟိတဖြစ်သော ရွှေ၊ ငွေမျိုးတို့တွင် ဘယ်လို ရွှေ၊ ငွေမျိုးကို ခံယူမှသာ ဤသိက္ခာပုဒ်ဖြင့် အပြစ်ရှိသည် ကိုလည်း ဆုံးဖြတ်ပါ။

၃၀၉။ ဖြေ (က) အပြစ်ရှိပါသည်။ အကြောင်းကား ဤသိက္ခာပုဒ်၌ ရောင်းဝယ်မှု ကိစ္စမျိုးတွင် အသုံးပြုနိုင်ခွင့်ရှိသော ငွေစက္ကူစသည်တို့ကို ရဇတဟု ဆိုအပ်သောကြောင့် ပါတည်း။

ရဇတ-အရ ငွေစက္ကူစသည်တို့ကိုလည်း ယူရသည် ဟူ၏။ ((ဆန္ဒမအကြိမ်))

(ခ) ရွှေ ငွေဆိုလျှင် ဘယ်လို ရွှေ ငွေမျိုးကိုပင် ခံယူ ခံယူ ဤသိက္ခာပုဒ်ဖြင့် အပြစ်သင့်သည်ပင် ဖြစ်ပါသည်။ ရွှေ ငွေ ဖြစ်မှုသာ လိုရင်းဟူ၏။

တစုံတခုသောနေရာတွင် ရွှေ ငွေကိုတွေ့မြင်၍ ငါကောက်ရသည်ဟု ယူလျှင်လည်း ဤသိက္ခာပုဒ်ဖြင့် အပြစ်မလွတ်ပေ။ ကိုင်ရုံမျှဖြင့်ပင် ဒုက္ကဋ် သင့်လေပြီ။

---

၃၁၀။ မေး ငွေကလောမဝဂ် အဋ္ဌမသိက္ခာပုဒ်၌ "ဥပနိက္ခိတ္တံ သာဒိယေယျ" ဖြင့် ပြအပ်သော ဥပနိက္ခိတ္တသာဒိယန ဟူသည် ဘယ်လို အမှုမျိုးဖြစ်သည်ကို ပြဆိုပါ။

၃၁၀။ ဖြေ အရှင်ဘုရားအား လှူပါ၏ဟု လျှောက်ဆို၍ အလှူခံရဟန်း၏ အနီးအပါး "မျက်မှောက်" သို့ ဆောင်ယူချထားအပ်သော ရွှေ ငွေ မျိုးကိုဖြစ်စေ၊ မည်သည့်နေရာဌာနတွင် တပည့်တော်ပိုင် ရွှေ ငွေ ရှိပါသည်၊ ထိုရွှေ ငွေကို အရှင်ဘုရားအား လှူပါ၏ဟု လျှောက်ထား၍ လှူအပ်သော မျက်ကွယ် ရွှေ ငွေမျိုးကို ဖြစ်စေ ကိုယ်နှုတ်ဖြင့် မပယ်ရှားဘဲ နှစ်သက်မှု, စိတ်ထဲကသာယာမှု မျိုးကို ဥပနိက္ခိတ္တ သာဒိယန ဆိုပါသည်။

အထက်ပါ အဖြေစကားအရ မျက်မှောက်၌ ထားအပ်သော ဇာတရူပရဇတကိုသာ ဥပနိက္ခိတ္တ ဆိုသည်မဟုတ်၊ သမ္မုခါဋ္ဌိတ ပရမ္မုခါဋ္ဌိတ ၂-မျိုးလုံးကိုပင် ဥပနိက္ခိတ္တ ဆိုသည်ဟု သိနိုင်ပြီ။ လှူရာ၌လည်း လှူပါသည်ဟု နှုတ်ကမပြောဘဲ လှူပါသည်ဟူသော အဓိပ္ပါယ်ကို ကိုယ်အမူအရာ ကာယပယောဂဖြင့် သိစေလျှင်လည်း လှူသည်ပင် မည်တော့၏။

စိတ်က လိုချင်စေကာမူ ကိုယ်နှုတ်ဖြင့် ပယ်ရှားခဲ့သော်ငြား, ကိုယ်နှုတ်ဖြင့် မပယ်ရှားစေကာ သာယာမှုမဝင် စင်ကြယ်သော စိတ်ရှိလျက် "နယိဒံ အမှာကံ ကပ္ပတိ"ဒီရွှေငွေဟာ တို့မှာ အပ်တာမဟုတ်ဟု နှလုံးပြုကာ မသာယာဘဲ နေခဲ့သော်ငြား အပြစ်မရှိ၊ ကိုယ်နှုတ်ဖြင့်ပယ်ပယ် စိတ်ဖြင့်ပယ်ပယ် ပယ်ရာရောက်သည်ဟူလို။

---

၃၁၁။ မေး (က) ငွေကလောမဝဂ် အဌမ သိက္ခာပုဒ်၌ ငွေအကျပ်တရာကို တကျပ်စီ တကျပ်စီ အကြိမ်တရာပင် သာယာခံယူမှု, ငွေတရာအထုပ်ကို တကြိမ်တခါတည်းအထုပ်လိုက် သာယာခံယူမှုတို့အတွက် အာပတ်သင့်ပုံ တူသည် မတူသည်ကို ခွဲခြား ပြဆို၍ (ခ) ဤနိဿဂ္ဂိယ ဇာတရူပရဇတကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့တွင် အဘယ်၌ စွန့်ရမည် ဘယ်ပုံ စွန့်ရမည်ကိုလည်း ညွှန်းပြပါ။

၃၁၁။ ဖြေ (က) ဤခံယူမှု ၂-မျိုးလုံးအတွက် ခံယူအပ်သော ဝတ္ထု အရေအတွက် အားလျော်စွာ နိဿဂ္ဂိပါစိတ် တရာစီပင် သင့်ပါသဖြင့် အာပတ်သင့်ပုံချင်း အတူတူပင် ဖြစ်ပါသည်။ (အထုပ်အတွင်းရှိ ငွေသည်လည်း ဿနုဗဒ္ဓတလုံး တခဲ တတွဲ တစပ်တည်း မဟုတ်။)

(ခ) သံဃာ့အလယ်၌သာ စွန့်ရပါသည်၊ စွန့်ပုံကား "အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"။

ခံယူအပ်သော နိဿဂ္ဂိ ဝတ္ထုက တလုံး တခဲ တတွဲ တစပ်တည်း ဿနုဗဒ္ဓဖြစ်နေလျှင်ကား နိဿဂ္ဂိပါစိတ် တချက်သာ။

(ဆဌမအကြိမ်)

၃၁၂။ မေး (က) ရွှေ, ငွေကို စေတိယ, သံဃ, ဂဏ, အညပုဂ္ဂလတို့ အကျိုးငှါ အလှူခံပါက မည်သို့ အပြစ်ရှိပါသနည်း။ (ခ) ရူပိယသိက္ခာပုဒ်၏ ရံခါကိရိယ, ရံခါ အကိရိယ ဖြစ်ပုံကိုလည်း သိသာရုံမျှ ဖြေရှင်းပါ။

၃၁၂။ ဖြေ (က) ဒုက္ကဋ်အာပတ် သင့်ပါသည်။ (ခ) ရံခါ-မခံယူရမည့် ရွှေ, ငွေကို ခံယူခြင်းကြောင့် ကိရိယ, ရံခါ-ပြုလုပ်ရမည့် ပယ်ရှားမှုကို မပြုလုပ်ခြင်းကြောင့် အကိရိယ ဖြစ်ပါသည်။

အဋ္ဌကထာ၌ "သိယာ အကိရိယံ ပဋိက္ခေပဿ အကရဏတော" ဟူသောပါဠိဝယ် "ပဋိက္ခေပဿ အကရဏတော" ဖြင့် ကိုယ်,နှုတ်တို့ဖြင့် ပြုသင့်သော ပဋိက္ခေပ အမှုကို မပြုခြင်း ကြောင့်သာ အာပတ် သင့်ရသည်၊ စိတ်က သာယာရုံမျှဖြင့် အာပတ် မသင့်ဟူသော အဓိပ္ပါယ်ကို ပြလေရကား "မနောဒွါရေ အာပတ္တိနာမ နတ္ထိ" ဟူသော နိဒါန ဝဏ္ဏနာလာ အဋ္ဌကထာစကားမှာ သြဇဝန္တသာရနဿ အဆိုရှိသော စကားတည်းဟု ဋီကာကြီးဆို၏၊ ဥပနိက္ခိတ္တသာဒိယန အာပတ်သည်လည်း နိဒါနကဏ္ဍလာ ဝစီဒွါရ၌ အကိရိယသမုဋ္ဌာန သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်ပမာ ကာယဒွါရ ဝစီဒွါရ၌ အကိရိယ သမုဋ္ဌာန အာပတ်သာတည်း၊ မနောဒွါရ၌ဖြစ်သော အာပတ်မဟုတ်။

---

၃၁၃။ မေး ငွေကလောမဝဂ် အဋ္ဌမ သိက္ခာပုဒ်၌ ရထိုက်သော အင်္ဂါများကို ဖော်ပြပါ။

၃၁၃။ ဖြေ ၁-ခံယူအပ်သော ဝတ္ထု၏ ဇာတရူပ ရဇတ ဖြစ်ခြင်း, ၂-မိမိအတွက် ရည်ရွယ်ချက်ရှိခြင်း, ၃-ဂဟဏ

(ဆင့်မအကြိမ်)

ဂါဟာပဏ္ဏ ဥပနိက္ခိတ္တ သာဒိယနတို့တွင် တခုခုကိုပြုခြင်း ပေါင်း၊ ၃-ပါး။

ဤသိက္ခာပုဒ်ဖြင့် ရွှေ,ငွေ,ပုလဲ,ပတ္တမြား စသော နိဿဂ္ဂိယ ဝတ္ထု-ဒုက္ကဋ် ဝတ္ထုတို့ကို မခံယူရဟု တားမြစ်သည်။

**ဆောင်ပုဒ်**

ရွှေ ငွေ ဖြစ်ဘိ၊ မိမိအတွက်၊ ရည်ရွယ်ချက်ပါ၊ ဂဟ ဏာဒိ၊ ကံတြိတွင်၊ ပါဝင်လေငြား၊ တပါးပါးဟူ၊ အင် သုံးဆူ၊ လွယ်ကူမှတ်ကြ ရူပိယ။

**အဓိပ္ပါယ်**

ဤရူပိယ သိက္ခာပုဒ်၌ ရူပိယပဋိဂ္ဂါဟက ရဟန်းက သံဃာ့ အလယ်တွင်စွန့်အပ်သော ရွှေငွေကို မည်သို့မည်ပုံ ပြုလုပ်ရမည် ဟူသော အစီအရင်ကို ကမ္ဘာ့တွင်ဆိုသမျှ ထုတ်ပြဦးအံ့—

ရွှေ,ငွေကို စွန့်ရာ၌သာနသို့ လူဒါယကာ ထယောက်ယောက် ရောက်ရှိ၍လာပါက ထိုဒါယကာအား "ဣဒံ ဇာနာဟိ" ဤ ရွှေ,ငွေကို သင်သိလော့ ဟုပြောဆိုရမည်၊ ဒါယကာက ဤ ရွှေ, ငွေဖြင့် ဘယ်အရာဝတ္ထုကို တပည့်တော်ဆောင်ယူခဲ့ရပါမည်နည်း ဟု မေးလျှောက် ခဲ့သော် သက်နီး, ဘိနပ် စသည် ဤမည်သော အရာဝတ္ထုကို ဆောင်ယူခဲ့ဟုမပြောမဆိုကောင်း၊ သက်နီး ဘိနပ် စသည် ဤမည်သော အရာဝတ္ထုသည် ရဟန်းတို့အား အပ်စပ်၏ ဟုသာ ပြောဆိုရမည်၊ ဤသို့သာ ပြောကောင်းသည်၊ ထိုစကား အရ ဒါယကာက သံဃာသုံးပြုကပ္ပိယ ဝတ္ထုပစ္စည်းကို ဆောင် ယူ၍လာလျှင် ဝတ္ထုပစ္စည်းကို ရွှေငွေကိုခံယူသော ရူပိယပဋိဂ္ဂါ ဟကရဟန်းမှ တပါး ကြွင်းရဟန်း အားလုံးတို့ ဝေဘန်ခွဲခြမ်း၍ အသုံးပြုကောင်း၏၊ ရူပိယ ပဋိဂ္ဂါဟက ရဟန်းသည်ကား မိမိ ခံ ယူထားသော ထိုရွှေ,ငွေမှ ဖြစ်ပေါ်၍လာသည့် ဝတ္ထုပစ္စည်း တစုံ တရာကို သူတပါးလက်မှ တဆင့်ရစေကာမူ မခံယူမသုံးစွဲကောင်း တော့ပြီ။ ကုန်ကုန်ပြောရလျှင် ထိုရွှေငွေကိုအကြောင်းပြုကာ တ

(ဆက်မအကြိမ်)

နည်းတလမ်းအားဖြင့် ဖြစ်ပေါ်၍လာသော သစ်ပင်၏ အရိပ်ကို ပင် ခိုနားမှု, နေထိုင်မှု အသုံးပြုခွင့်မရတော့ပြီ။

ဒါယကာက တစုံတခု ဝတ္ထုပစ္စည်းကို မဆောင်ယူလိုခဲ့လျှင် "ဇာမံ ဆင္ဆေဟိ" ဤရွှေငွေကို စွန့်လိုက်ပါဟု ပြောရမည်၊ ဒါယကာက တနေရာတဌာနၥ ချထားခဲ့သော်၎င်း ယူသွားသော်၎င်း မထားနှင့် မယူနှင့်ဟု မပြောဆိုရ မထားမြစ်ရ၊ ဒါယကာကမစွန့်ပစ်ဘဲ မျက်နှာလွှဲ၍ သွားဘိမူကား ဆန္ဒာဂတိသို့ မလိုက်ခြင်း ဒေါသာဂတိသို့မလိုက်ခြင်း, မောဟာဂတိသို့မလိုက်ခြင်း, ဘယာဂတိသို့မလိုက်ခြင်း, စွန့်အပ်, မစွန့်အပ်သည်ကို သိခြင်း ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းကို ရူပိယဆဍ္ဍက သမ္မုတိပေးရမည်၊ ထိုသမ္မုတိရ ရူပိယဆဍ္ဍကရဟန်းကတစုံတခု အမှတ်နိမိတ်မပြုဘဲ (ပြုလျှင်ဒုက္ကဋ်) မစင်ကိုစွန့်ပစ်သည် ပမာ နိရပေက္ခ စွန့်ပစ်လိုက်ရမည်။

ကုလဒူသန အမှုကြောင့် ဖြစ်ပေါ်ရရှိသော ကုလဒူသက ကမ္မုပ္ပန္န ပစ္စည်းမျိုး, ဗျာန် မဂ် ဖိုလ်ကိုမရဘဲ ရ၏ဟု ပြောဆိုမှုကြောင့် ဖြစ်ပေါ်ရရှိသော အသန္တသမ္ဘာဝနုပ္ပန္န ပစ္စည်းမျိုး, ဗုရိယာပထ သန္နိသိတစသော ကုဟနဝတ္ထု စသည်ကြောင့်ဖြစ်ပေါ်ရရှိသော ကုဟနာဒုပ္ပန္န ပစ္စည်းမျိုးမှာ "နေဝ တဿ န အညဿ ဝဋ္ဋတိ" ဟူသော အဋ္ဌကထာကြီး စကားအရ အမှုသည် ရဟန်းရော အခြား ရဟန်း များပါ အသုံးမပြု ကောင်းတော့ပြီ။

ဤအဓိပ္ပါယ်ကို ကြည့်ရှုမှတ်သားကာ ရွှေငွေကို စွန့်ရာဌာနသို့ အခန့်သင့် ရောက်ရှိလာသော ဒါယကာက ဤရွှေငွေဖြင့် ဘယ်လိုဝတ္ထုပစ္စည်းမျိုးကို ဆောင်ခဲ့ ရပါ မည်နည်းဟု မေးလျှောက်ပါက မည်သို့ပြောဆိုရမည်နည်း စသော မေးခွန်းမျိုးကို ဖြေဆိုတတ်ပါစေ။

အဋ္ဌမနိဿဂ္ဂိပါစိတ်ပြီး၏။

(ဆဋ္ဌမအကြိမ်)

## နဝမနိဿဂ္ဂိပါစိတ်

၃၁၄။ မေး ဋ္ဌေကာဒလာမဝဂ် နဝမသိက္ခာပုဒ်ဖြင့် ရွှေ, ငွေစသော နိဿဂ္ဂိယဝတ္ထု၊ ပုလဲ, ပတ္တမြားစသော ဒုက္ကဋ္ဋဝတ္ထုများကို မလဲလှယ်ရဟု တားမြစ် ခြင်းကြောင့် မည်သည့်ဝတ္ထုဖြင့် မည်သည့်ဝတ္ထု လဲလှယ်က မည်သို့ အာပတ်သင့်သည်ကို ဝေဘန်ခွဲခြမ်း၍ ပြပါ။

၃၁၄။ ဖြေ ဒုက္ကဋ္ဌဝတ္ထု အချင်းချင်း လဲလှယ်မှု, ဒုက္ကဋ္ဌဝတ္ထုနှင့် ကပ္ပိယဝတ္ထုကို လဲလှယ်မှု, ကပ္ပိယဝတ္ထုနှင့် ဒုက္ကဋ္ဌဝတ္ထုကို လဲလှယ်မှုတို့အတွက် ဒုက္ကဋ္ဌသင့်၏။

နိဿဂ္ဂိယဝတ္ထု အချင်းချင်း လဲလှယ်မှု, နိဿဂ္ဂိယဝတ္ထုနှင့် ဒုက္ကဋ္ဌဝတ္ထုကိုလဲလှယ်မှု,နိဿဂ္ဂိယဝတ္ထုနှင့်ကပ္ပိယဝတ္ထုကိုလဲလှယ်မှု, ဒုက္ကဋ္ဌဝတ္ထုနှင့် နိဿဂ္ဂိယဝတ္ထုကို လဲလှယ်မှု, ကပ္ပိယဝတ္ထုနှင့် နိဿဂ္ဂိယဝတ္ထုကို လဲလှယ်မှုတို့အတွက် နိဿဂ္ဂိပါစိတ်သင့်၏။

ဤအဖြေကို ကြည့်ရှုကာ (က) မိမိ၏ပုလဲနှင့် သူတပါး၏ ပတ္တမြားကို လဲလှယ်ပါက ဒုက္ကဋ်။ (ခ) မိမိပုလဲနှင့် သူတပါး၏ သင်္ကန်းကိုသဲလှယ်ပါက ဒုက္ကဋ်။(ဂ)မိမိ၏ပုလဲနှင့်သူတပါး၏ရွှေ, ငွေကို လဲလှယ်ပါက နိဿဂ္ဂိပါစိတ် စသည်ဖြင့် သိလေ၊ အကြွင်းဝတ္ထုဖြင့် အကြွင်းဝတ္ထုကို လဲလှယ်၏၊ ထိုသဲလှယ်ကြောင်း ဝတ္ထု လဲလှယ် အပ်သော ဝတ္ထုတို့တွင် တခုခုက နိဿဂ္ဂိယဝတ္ထု ဖြစ်လျှင် နိဿဂ္ဂိယပါစိတ်၊ ဝတ္ထု ၂-မျိုးလုံး နိဿဂ္ဂိယဝတ္ထုမဟုတ်ဘဲ ဒုက္ကဋ္ဌဝတ္ထု ကပ္ပိယဝတ္ထုဖြစ်လျှင် ဒုက္ကဋ္ဌဟု အချုပ်မှတ်လေ။

---

၃၁၅။ မေး (က) ဋ္ဌေကာဒလာမဝဂ် နဝမသိက္ခာပုဒ် အရ နိဿဂ္ဂိယဝတ္ထုကို စွန့်ပုံပါဠိကို ရေး၍ (ခ) ဤသိက္ခာပုဒ်၌ ရထိုက်သော အင်္ဂါများကိုလည်း ရေတွက်ပြပါ။

(ဆဌမအကြိမ်)

၃၁၅။ ဖြေ (က) အဟံ ဘန္တေ နာနာပ္ပကာရကံ ရူပိယ သံဝေါဟာရံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

(ခ) ၁-လဲလှယ်အပ်သော ဝတ္ထုနှင့် လဲလှယ်ကြောင်း ဝတ္ထု တို့တွင် တခုခုက နိဿဂ္ဂိယဝတ္ထုမျိုးဖြစ်ခြင်း, ၂-လဲလှယ်ခြင်း, ပေါင်း အင်္ဂါ ၂-ပါး။

ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယဝတ္ထု ဒုက္ကဋ်ဝတ္ထုတို့ကို လဲလှယ် ဖလှယ်ခြင်းကို တားမြစ်သည်။

**ဆောင်ပုဒ်**

> **လဲ**ကြောင်းလဲအပ်၊ နှစ်ရပ်ပြားဘိ၊ ဝတ္ထုဒွိတွင်၊ နိဿဂ္ဂိ မျိုး၊ ဖြစ်ရိုးတခု၊ လဲမှုတဖြာ၊ ဒွိအင်္ဂါ၊ မှတ်ပါဋ္ဌေ**က** နဝမ။

နဝမ နိဿဂ္ဂိပါစိတ် ပြီး၏။

---

## ဒသမ နိဿဂ္ဂိပါစိတ်

**၃၁၆။ မေး** (က) ဌေကလောမဝဂ် ဒသမသိက္ခာပုဒ်၌ ကယဝိက္ကယဖြစ်ပုံကို ထင်ရှားအောင်ပြဆို၍ (ခ) ဤသိက္ခာပုဒ် လာ နာနာပ္ပကာရဝတ္ထုနှင့် ရှေးနဝမ သိက္ခာပုဒ်လာ နာနာပ္ပ ကာရ ဝတ္ထုတို့၏ ခြားနားပုံကိုလည်း ပြဆိုပါ။

၃၁၆။ ဖြေ (က) ငါ့တွင်ရှိသော ဤဆန်ဖြင့် သင့်တွင် ရှိသော ဤဆီကို ပေးလော့- ဆောင်ယူခဲ့လော့- လဲလှယ်လော့- ဝယ်ယူလော့ဟုဆို၍ သူတပါး၏ သက်န်းစသော ကပ္ပိယဘဏ္ဍာ

ကိုယူလျှင် ဝယ်ခြင်း "ကယ" အမှုသို့ရောက်၏၊ မိမိ၏ ကပ္ပိယ ဘဏ္ဍာကိုပေးလျှင် ရောင်းခြင်း "ဝိက္ကယ"အမှုသို့ရောက်၏။

(ခ) ဤဒသမ သိက္ခာပုဒ်လာ နာနာပ္ပကာရ ဝတ္ထုကား သက်န်း စသော ကပ္ပိယဘဏ္ဍာတည်း၊ ရွှေနဝမ သိက္ခာပုဒ်လာ နာနာပ္ပကာရဝတ္ထုကား ရွှေ,ငွေ-စသော အကပ္ပိယဘဏ္ဍာတည်း။

ဤကယဝိက္ကယအမှုကို သီတင်းသုံးဘော် ၅-ယောက်တို့မှတပါး အခြားမည်သူ တစုံတယောက်နှင့်မျှ မပြုမလုပ်ကောင်း၊ ဤထမင်းကို စားပြီး ဤဆပ်ပြာကိုယူပြီး ငါ့ကျောင်းဝိုင်းထဲမှာ မြက်ပေါက်ပေး စသည်ဖြင့် မခိုင်းကောင်း၊ ခိုင်းလျှင် နိဿဂ္ဂိယဝတ္ထုမဖက် ပါစိတ်သက်သက်သင့်သည်၊ စားပြီး ယူပြီးဟူသော နောက်စကားကို ငဲ့ကွက်သည့် စကားလုံးမျိုးမသုံးဘဲ စားတော့- ယူတော့-ဟု ပြီးပြီးပြတ်ပြတ် ပြောပြီးမှ ခိုင်းလိုရာကိစ္စကို ခိုင်းမှုကားအပြစ်မရှိ။

---

၃၁၇။ မေး (က) မိမိ၏ ကပ္ပိယဘဏ္ဍာဖြင့် သူတပါး၏ ကပ္ပိယဘဏ္ဍာကို ကယဝိက္ကယ မဖြစ်အောင် ဘယ်လိုပြုလုပ်၍ ယူရမည်နည်း (ခ) ကယဝိက္ကယ အမှုဖြင့်ရသော နိဿဂ္ဂိယ ဝတ္ထုကို စွန့်ပုံပါဠိကိုလည်း ရေးပြပါ။

၃၁၇။ ဖြေ (က) ငါ့မှာ သက်န်းသာရှိသည် ငါကလည်း သက်န်းကို မလို ဘိနပ်ကိုသာ လိုချင်သည် စသည်ဖြင့် ပြောဆိုကာ မိမိ၏ဥစ္စာဖြင့် ရရှိသော ပစ္စည်းမျိုးကို ယူကောင်းပါသည်။

(ဆင့်မအကြိမ်)

(ခ) အဟံ ဘန္တေ နာနာပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့ထံတွင် စွန့်လိုရာ၌ စွန့်နိုင်သည်။

---

၃၁၈။ မေး ဧဠကလောမဝဂ် ဒသမ သိက္ခာပုဒ်၌ ရထိုက်သော အင်္ဂါများကို ရေတွက်ဖော်ပြပါ။

၃၁၈။ ဖြေ ၁-တေသံ ကပ္ပိယဝတ္ထုတာ၊ ထိုလဲလှယ်ကြောင်း ဖြစ်သောဝတ္ထု ၂-ခုတို့၏ ကပ္ပိယဝတ္ထုချည်းဖြစ်ခြင်း, ၂-အသဟဓမ္မိကတာ၊ သီတင်းသုံးဘော် အချင်းချင်းမဟုတ်ခြင်း, ၃-ကယဝိက္ကယ သမာပဇ္ဇနံ၊ ရောင်းမှု ဝယ်မှု အနေသို့ ရောက်ခြင်း, ပေါင်း ၄-ပါး။

ဤသိက္ခာပုဒ်ဖြင့် သင်္ကန်းဘိနပ် စသော ကပ္ပိယဝတ္ထုချင်း လဲလှယ်မှုကို တားမြစ်သည်။

ဆောင်ပုဒ်

ကပ္ပိယဟု၊ ဝတ္ထုနှစ်သွယ်၊ လဲလှယ်မိစေ၊ တထွေသီတင်း၊
သုံးဘော်ချင်းလည်း၊ အလျှင်းမဖြစ်၊ ရောက်လစ်ကယ၊
ဝိက္ကယဟူ၊ ဤသုံးဆူ၊ မှတ်ယူအင်္ဂ သရုပ်တည်း။

**ဒသမ နိဿဂ္ဂိပါစိတ်ပြီး၏။**

**ဧဠကလောမဝဂ်ပြီး၏။**

(ဆဋ္ဌမအကြိမ်)

(ပဋ္ဌာဝဂ်)

ပထမ နိဿဂ္ဂိပါစိတ်

၃၁၉။ မေး ပတ္တဝဂ် ပထမသိက္ခာပုဒ်၌ (က) အတိရေကပတ္တ ဟူသည် ဘယ်လို သပိတ်မျိုး ပါနည်း၊ သပိတ်အမျိုးအစား ပတ္တဘေဒ ကိုလည်း (ခ) ဇာတိအားဖြင့်၎င်း (ဂ) ပမာဏအားဖြင့်၎င်း ခွဲခြားဝေဘန်၍ ပြပါ။

၃၁၉။ ဖြေ (က) အဓိဋ္ဌာန်လည်းမတပ်အပ် ဝိကပ္ပနာလည်း မပြုအပ်သော "အနဓိဋ္ဌိတ-အဝိကပ္ပိတ" သပိတ်မျိုးကို အတိရေကပတ္တ ဆိုပါသည်။

(ခ) ဇာတိဘေဒအားဖြင့် အယောပတ္တ-သံသပိတ်, ဘူမိပတ္တ-မြေသပိတ်,ဟု ၂-မျိုး ၂-စား ကွဲပြားပါသည်။

(ဂ) ပမာဏဘေဒအားဖြင့် "ဥက္ကဋ္ဌုက္ကဋ္ဌ, ဥက္ကဋ္ဌ မဇ္ဈိမ, ဥက္ကဋ္ဌောမက"ဟု ဥက္ကဋ္ဌသပိတ် ၃-မျိုး၊ "မဇ္ဈိမ မုက္ကဋ္ဌ, မဇ္ဈိမ မဇ္ဈိမ, မဇ္ဈိမောမက"ဟု မဇ္ဈိမသပိတ် ၃-မျိုး၊ "ဩမကုက္ကဋ္ဌ, ဩမကမဇ္ဈိမ, ဩမကောမက" ဟု ဩမက သပိတ် ၃-မျိုး ပေါင်း ၉-မျိုး ရှိပါသည်။

ဥက္ကဋ္ဌ-မဇ္ဈိမ-ဩမက ဟူသော မူလသပိတ် ၃-လုံးတွင် တလုံးတလုံး၌ ဥက္ကဋ္ဌ-မဇ္ဈိမ-ဩမကဟု ၃-မျိုးစီ ကွဲပြားသဖြင့် ၃×၃=၉ လုံးဖြစ်ရ၏။

---

၃၂၀။ မေး (က) ဥက္ကဋ္ဌ-မဇ္ဈိမ-ဩမက သပိတ်တို့၏ ပမာဏကို ပြဆို၍ (ခ) သပိတ် ၉-လုံးတို့တွင် အဓိဋ္ဌာန်တင်ခွင့်

(ဆဋ္ဌမအကြိမ်)

ဝိကပ္ပနာပြုခွင့်ရှိသော "ပမာဏယုတ္တ" သပိတ်, တင်ခွင့်မရှိသော "အပ္ပမာဏယုတ္တ"သပိတ်တို့ကိုလည်း ခွဲခြားပြဆိုပါ။

၃၂၀။ ဖြေ (က) ဆန်တပြည်ချက် စိတ်ထက်ဝက်ဖြစ်သော ဆွမ်းကိုရင်း, ထိုဆွမ်း၏ ၄-ပုံ တပုံစီဖြစ်သော လက်ကော် ရပဲနောက်ဟင်းနှင့် ငါးအမဲစသော ဟင်းလျာကိုရင်း, ဤသို့ ဆွမ်းရော ဟင်းပါ ၃-ပြည်သား သာသာတို့ကို ထည့်လိုက်က အနားရေးနှင့် အညီအမျှရှိသော သပိတ်ကို ဥက္ကဋ္ဌခေါ်ပါသည်၊ ဥက္ကဋ္ဌသပိတ်၏ ထက်ဝက် ၁-ခွက်သား သာသာဝင်မျှ ပမာဏ ရှိသော သပိတ်ကို မဇ္ဈိမခေါ်ပါသည်၊ မဇ္ဈိမသပိတ်၏ထက်ဝက် ၁-စလည်သား သာသာဝင်မျှ ပမာဏရှိသော သပိတ်ကို ဩမက သပိတ် ခေါ်ပါသည်။

(ခ) အကြီးဆုံး "ဥက္ကဋ္ဌုက္ကဋ္ဌ"နှင့် အငယ်ဆုံး "ဩမကောမက"သပိတ်တို့မှာ အပ္ပမာဏယုတ္တ, ကြွင်း ၇-လုံးမှာ ပမာဏယုတ္တ သပိတ်များ ဖြစ်ကြပါသည်။

၃-ပြည်သား သာသာမျှရှိသော ဆွမ်းနှင့် ဟင်းတို့ကို ထည့်လိုက်ပါက အနားရေးသို့မမှီမရောက် ခပ်ဟောက်ဟောက် ဖြစ်နေလျှင် ဥက္ကဋ္ဌုက္ကဋ္ဌ အနားရေးကိုလွန်လျက် စုံ့စုံ့မို့မို့တက်နေလျှင် ဥက္ကဋ္ဌောမကသပိတ် ခေါ်သည်၊ (သပိတ်ကြီး၌ ဟောက်သည် သပိတ်ငယ်၌ မောက်သည်ကိုရိပ်မိစေ) မဇ္ဈိမုက္ကဋ္ဌ-မဇ္ဈိမောမက ဩမကုက္ကဋ္ဌ-ဩမကောမကတို့၌လည်း နည်းတူသိလေ၊ အပ္ပမာဏယုတ္တ သပိတ် ၂-လုံးကို ထာလက ခွက်အဖြစ်ဖြင့် အသုံးပြုခွင့်ရ၏၊

(ဆဋ္ဌမအကြိမ်)

၃၂၁။ မေး (က) ပတ္တဝဂ် ပထမ သိက္ခာပုဒ်၌ "သမဏသာရုပ္ပေန ပက္က" ဟူသော စကားအရ အကြိမ်ပေါင်း မည်မျှ ဖုတ်မှ သမဏသာရုပ္ပ ဆိုရမည်နည်း၊ (ခ) သပိတ်လုံးရေပေါင်း မည်မျှ အဓိဋ္ဌာန် တင်ထားနိုင်သည်ကိုလည်း ပြဆိုပါ။

၃၂၁။ ဖြေ (က) သံသပိတ်ကို ၅-ကြိမ် မြေသပိတ်ကို ၂-ကြိမ် ဖုတ်ရမည်ဟု အဋ္ဌကထာကြီးတွင် သတ်မှတ်ပြဆိုပါသည်၊ ကမ်္ဘာ၌ တိုက်ရိုက်အဆိုမရှိ။

(ခ) အဓိဋ္ဌာန်တင်က တလုံးသာ တင်ရပါသည်၊ ကြွင်းသပိတ်များ ရှိနေပါက ဝိကပ္ပနာ ပြုထားရပါသည်။

သပိတ်ဖုတ်ရာ၌ မည်းမည်းနက်နက် ကျက်ဘို့သာ လိုရင်းဖြစ်ရကား ၅-ကြိမ် ၂-ကြိမ်ဟုသတ်မှတ်သည်မှာ ဤမျှလောက်ဖုတ်ပါက မည်းမည်းနက်နက် ကျက်လောက်ပြီဟု ပြဆိုမှုဖြင့်သာ သတ်မှတ်ခြင်းဖြစ်သည်၊ မနက်သည်ဖြစ်စေ, နက်သည်ဖြစ်စေ ၅ကြိမ် ၂ကြိမ် ဖုတ်ပါက အဓိဋ္ဌာနူပဂဖြစ်ပြီဟု ပြလိုရင်းမဟုတ်၊ သို့ဖြစ်၍ မည်းမည်းနက်နက်ကျက်ပါလျှင် တကြိမ်တည်းပင်ဖုတ်စေကာ အဓိဋ္ဌာနူပဂ ဖြစ်ပြီဟူသော ဝါဒကို သာရတ္ထ၌ပြဆို၏။ သပိတ် ၂-လုံးကို တပြိုင်နက် အဓိဋ္ဌာန်တင်မူ တလုံးမျှ အဓိဋ္ဌာန် တင်ရာမရောက်၊ တလုံးပြီးတလုံး တင်မူကား ရှေ့တလုံးသာ အဓိဋ္ဌာန် တင်ရာရောက်သည်။

---

၃၂၂။ မေး (က) မိမိလက်တွင်းသို့ ရောက်ပြီးဖြစ်သော အဓိဋ္ဌာန်လောက်သည့် ဇာတိ, ဝဏ္ဏ, ပမာဏ သမ္ပန္န ကပ္ပိယ သပိတ်မှန်လျက် အဓိဋ္ဌာန် မဘင်ထိုက်သော သပိတ် မျိုး ရှိပါသေးသလော။ (ခ) သပိတ် အဓိဋ္ဌာန်ကျကြောင်းများကိုလည်း ရေတွက်ဖော်ပြပါ။

(ဆဋ္ဌမအကြိမ်)

၃၂၂။ ဖြေ (က) အဘိုးပေး၍ဝယ်ရသော သပိတ်ဖြစ်ပါက မိမိအသုံးပြုနေဆဲပင် ဖြစ်စေကာ ပေးရန် သပိတ်ဘိုးကျန်ရှိပါသေးလျှင် အဓိဋ္ဌာန်တင်ခွင့်မရပါ။

(ခ) "ထွက်, ယူ, ပေး, လု၊ မစွ၊ လိင်ပြန်၊ အဓိဋ္ဌာန်ချ၊ သိက္ခာချ" ဟူသော အကြောင်း ၈-ပါး, အနားရေးမှ လက်နှစ်သစ်အောက် ဆပ်ဆန် ထမင်းလုံး ထွက်လောက်အောင် အပေါက်ပေါက်ခြင်းဟူသော အကြောင်းတပါး ပေါင်း ၉-ပါး ရှိပါသည်။

သပိတ်အဘိုးမကျေသေးပါက အဓိဋ္ဌာနုပဂသပိတ်မဖြစ်၊ ထိုသပိတ်ကို ဝိနယ ဝိကပ္ပနာလည်းမပြုရ၊ ထပနဝိကပ္ပနာသာ ပြုရသည်၊ ထပနဝိကပ္ပနာဟူသည်မှာ ဘာမျှမလုပ်ဘဲ ထားလိုက်ခြင်းပင်ဖြစ်သည်၊ ဤထပနဝိကပ္ပနာကို ရည်၍ပင် ကင်္ခါ၌ "အပ္ပစ္စုဒ္ဓရဏေန ဝိကပ္ပေတဗ္ဗော"ဟုဆိုသည်။ "ထပေတဗ္ဗောတိ အဓိပ္ပါယော"ဟု ဋီကာဆို၏။

---

၃၂၃။ မေး (က) ပတ္တဝဂ် ပဌမ သိက္ခာပုဒ်၏ အင်္ဂါများကိုဖော်ပြ၍ (ခ) ဒသာဟာတိက္ကန္တ နိဿဂ္ဂိယ သပိတ်ကို စွန့်ပုံပါဠိကိုလည်း ရေးပြပါ။

၃၂၃။ ဖြေ (က) စီဝရဝဂ် ပဌမ သိက္ခာပုဒ်၏ အင်္ဂါ ၅-ပါးတွင် "ဆိန္နပလိဗောဓ ဘာဝေါ" ဟူသော အင်္ဂါကို ချန်ထား၍ ကျန်အင်္ဂါ ၄-ပါးမှာ ဤသိက္ခာပုဒ်၏ အင်္ဂါများ

(ဆက်မအကြွင်း)

ဖြစ်ထိုက်ပါသည်။ (ဆရာတော် ဦးဗုမ်နိသျှဉ်ကား ၅-ပါးပင် ပြ၏။)

(ခ) အယံ မေ ဘန္တေ ပတ္တော ဒသဟာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ပထမနိဿဂ္ဂိပါစိတ်ပြီး၏။

---

## ဒုတိယနိဿဂ္ဂိပါစိတ်

၃၂၄။ **မေး** ပတ္တဝဂ် ဒုတိယသိက္ခာပုဒ်၌ မြေသပိတ်တွင် မည်သည့်နေရာက မည်မျှကွဲအက်ပါလျှင် အဖွဲ့ပေါင်း မည်မျှ ဖွဲ့ရမည်ကို ပြဆိုပါ။

၃၂၄။ **ဖြေ** သပိတ်၏အနားရေးမှ အောက်၌ လက် ၂-သစ်မျှ ပမာဏရှိသော ကွဲကြောင်း အက်ကြောင်းတခုပေါ်လာပါက တဖွဲ့ဖွဲ့ရပါမည်၊ လက် ၂-သစ်ရှိသော ကွဲကြောင်းအက်ကြောင်း ၂-ခုဖြစ်စေ, လက် ၄-သစ်ရှိသော ကွဲကြောင်း အက်ကြောင်း တခုတည်းဖြစ်စေ ပေါ်လာပါက ၂-ဖွဲ့ ဖွဲ့ရပါမည်၊ လက် ၂-သစ်ရှိသော ကွဲကြောင်းအက်ကြောင်း ၃-ခုဖြစ်စေ, လက် ခြောက်သစ်ရှိသော ကွဲကြောင်း အက်ကြောင်းတခုတည်းဖြစ်စေ ပေါ်လာပါက ၃-ဖွဲ့ ဖွဲ့ရပါမည်၊ လက် ၂-သစ်ရှိသော ကွဲကြောင်း အက်ကြောင်း တခုတည်းဖြစ်စေ ပေါ်လာပါက

(ဆဋ္ဌမအကြိမ်)

၄-ဖွဲ့ ဖွဲ့ရပါမည်၊ လက်၂-သစ်ရှိသော ကွဲကြောင်း အက်ကြောင်း ၅-ခုဖြစ်စေ, လက် ၁၀-သစ်ရှိသော ကွဲကြောင်း အက်ကြောင်း တခုတည်းဖြစ်စေ ပေါ်လာပါက ၅-ဖွဲ့ ဖွဲ့ရပါသည်။

---

၃၂၅။ မေး (က) ကွဲကြောင်းအက်ကြောင်း ပေါ်လာသော သပိတ်ကိုဖွဲ့ရာ၌ မည်သို့မည်ပုံ ဖွဲ့ရသည် (ခ) ဖွဲ့ပြီးသည့်နောက် ထပ်မံ၍ အဓိဋ္ဌာန် တင်ဘွယ်ကိစ္စရှိသေးသည် မရှိသည်ကို ပြဆိုပါ။

၃၂၅။ ဖြေ (က) ကွဲအက်သော အရေးအကြောင်း၏ အောက်အစွန်းက သပိတ်ဖောက်စူးငယ်ဖြင့် ဖောက်၍ မီးဖုတ်ပြီးလျှင် ချည်ကြိုး လျှော်ကြိုး ခဲကြိုး စသည်တို့ဖြင့် ဖွဲ့ချည်ကာ ထိုဖွဲ့ရာ တည်ရာ အရပ်၌ အာမိသမကပ်စိမ့်သောငှာ ခဲပြားဖြင့်သော်လည်း ဖုံးအုပ်၍ ထားရမည်၊ သစ်စေးဖြင့်သော်လည်း လိမ်းသုတ်၍ ထားရမည်။

(ခ) ဖွဲ့ပြီးသော သပိတ်ကိုလည်း အဓိဋ္ဌာန်တင်၍သာ အသုံးပြုရပါသည်။

သံသပိတ်အတွက်ကား ၅-ပေါက်ဖြစ်စေ, ထိုထက် အလွန်ဖြစ်စေ, ပေါက်လာလျှင် ထိုအပေါက်တို့ကို သံမှုန့်ဖြင့်ဖြစ်စေ, သံဖျော့ဖြင့်ဖြစ်စေ, သံပြားဖြင့်ဖြစ်စေ, ပိတ်ဆို့ဖါထေး၍ ပြေပြစ်ချောမောသေးပါလျှင် ထိုသပိတ်ကိုပင် ဆက်လက်၍ အသုံးပြုရမည်။ ဖါလို့ထေးဆို့ပင် မပြေပြစ်လောက်အောင် အပေါက်ကြီးမျိုး ပေါက်လာလျှင်ကား သပိတ်အသစ်ကို တောင်းခွင့်ရောက်တော့၏။

(ဆ႒မအကြိမ်)၊

၃၂၆။ မေး (က) ပတ္တာဝင် ဒုတိယသိက္ခာပုဒ်အရ နိဿဂ္ဂိ သပိတ်ကို စွန့်ပုံပါဠိကို ရေးပြ၍ (ခ) ဤသိက္ခာပုဒ်၏ အင်္ဂါ များကိုလည်း ဖော်ပြပါ။

၃၂၆။ ဖြေ (က) "အယံ မေ ဘန္တေ ပတ္တော ဦန ပဉ္စဗန္ဓ နေန ပတ္တေန စေတာပိတော နိဿဂ္ဂိယော၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ" (သံဃာ၌သာ စွန့်ရသည်။)

(ခ) ၁-လက်ရှိသပိတ် ၅-ဖွဲ့ မပြည့်ခြင်း, ၂-မိမိအတွက် ရည်စူး၍ တောင်းခြင်း, ၃-ဉာတိ ပဝါရိတ မဟုတ်သူထံ တောင်း ခြင်း, ၄-တောင်းမှုဖြင့် ရရှိခြင်း ပေါင်း ၄-ပါး။

ဆောင်ပုဒ်

ငါးဖွဲ့မပြည့်၊ သပိတ်ရှိလျက်၊ ကိုယ့်အတွက်လာ၊ အပဝါရိ၊ အညာကိထံ၊ တောင်းခံသောအား၊ ရရှိ ငြား၊ မှတ်သားအင်စတုက်။

အမိန့်ပါယ်

ဤပတ္တာဝင် ဒုတိယ သိက္ခာပုဒ်၌ "ယောစ တဿာ ဘိက္ခုပရိ သာယ ပတ္တပရိယန္တော၊ သော တဿ ဘိက္ခုနော ပဒါတဗ္ဗော" ဟူသော ပါတိမောက်ပါဠိဝယ် အဓိပ္ပါယ်သဒ္ဒါပကို ကမ္ဘာ့ဆိုသမျှ ထုတ်ပြပါဦးအံ့။

နိဿဂ္ဂိယသပိတ်ကို စွန့်ရာဌာနသို့ လာရောက်ကြမည့် ရဟန်း တို့သည် မူလကပင် အဓိဋ္ဌာန် တင်ပြီးဖြစ်သော မိမိသပိတ်ကို ဆောင်ယူ၍ လာရောက်ကြရမည်၊ "ပကတိယာ စ အတ္တနော အတ္တနော အဓိဋ္ဌိတပတ္တံ ဂဟေတွာ" ဟူသော အဋ္ဌကထာပါဠိ ဝယ် "ပကတိယာစ" ဟူသော စကားဖြင့် ပင်ကိုက အဓိဋ္ဌာန် တင်ပြီးသော သပိတ်ကိုသာ ယူခဲ့ရမည်၊ သပိတ်ကောင်းကိုယူမည် ဟု နှလုံးပြုကာ သွားခါနီးမှ ညံ့သောသပိတ်ကို ချက်ခြင်းအဓိဋ္ဌာန်

[(ဆဋ္ဌမအကြိမ်)]

တင်၍ ယူမသွားရဟု ပြသည်။ ဤသို့ပြုလျှင် ဒုက္ကဋ်၊ သံဃာ အစုံအညီ စည်းဝေးမိကြသည့်အခါ ဆန္ဒာဂတိသို့ မလိုက်ခြင်း စသော အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော ရဟန်းကို ပဒဘာဇနီယာ ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ပတ္တဂ္ဂါဟာပက သမ္မုတိပေး၍ ထိုသမ္မုတိရ ရဟန်းက နိဿဂ္ဂိယသပိတ်၏ ဟုဘ်မှန်သော ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုပြီးလျှင် အကြီးဆုံး သံဃာ့ထေရ်အား ဤသပိတ်ကို ယူတော်မူပါဟု လျှောက်ထား၍ သပိတ်ကို ပေးအပ်ရမည်၊ မထေရ်ကြီးက သပိတ်ကို မကြိုက်၍ဖြစ်စေ, အပ္ပိစ္ဆတာဂုဏ်နှင့် ပြည့်စုံ၍ ဖြစ်စေ မယူဘဲနေလျှင် အပြစ်တစုံတရာမရှိ၊ နိဿဂ္ဂိယသပိတ်ရှင် ရဟန်းအပေါ်၌ သနားငဲ့ညှာမှုဖြင့် မယူဘဲ နေမှုကား ဒုက္ကဋ် အာပတ်သင့်၏၊ မထေရ်ကြီးက ယူခဲ့လျှင် နိဿဂ္ဂိယသပိတ်ကို မထေရ်ကြီးအားပေး၊ မထေရ်ကြီး၏ မူလရှိရင်းသပိတ်ကို ဒုတိယမထေရ်အားပေး။ ဒုတိယသထေရ်၏သပိတ်ကို တတိယမထေရ်အားပေး၊ ဤနည်းနှင်နှင် သံဃနဝက အငယ်ဆုံး "သံဃနော" အထိ ပေးလေ၊အငယ်ဆုံးရဟန်းက စွန့်လိုက်သော သပိတ်သည်ကား "ပတ္တပရိယန္တ" အဆုံး၌တည်သော သပိတ် ဖြစ်တော့၏။

ထိုသပိတ်ကို နိဿဂ္ဂိယ သပိတ်ရှင်ရဟန်းအား ပေးရမည်၊ ထိုရဟန်းကလည်း မိမိရရှိသောပတ္တပရိယန္တကို ရိရိသေသေကောင်းကောင်းမွန်မွန် အသုံးပြုရမည်၊ လွှင့်ပစ်ခြည် မတော်ရာ၌ ထားမည်ဆိုလျှင် ဒုက္ကဋ်အာပတ်သင့်ရောက၏၊ ဤသို့ သပိတ်ကို အဆင့်ဆင့် ပေးရာ၌ ကိုယ်မလိုချင်၍ မယူဘဲနေသည့်အတွက် အပြစ် တစုံတရာ မရှိသည်ကိုလည်း သတိပြုပါ။

ဒုတိယနိဿဂ္ဂိပါစိတ်ပြီး၏။

---

## တတိယနိဿဂ္ဂိပါစိတ်

၃၂၇။ မေး ပတ္တဝဂ် တတိယသိက္ခာပုဒ်၌ သပ္ပိ, နဝနီတ စသော သတ္တာဟကာလိက နိဿဂ္ဂိ ဝတ္ထုတို့ကို ကင်္ခါအဆိုအတိုင်း ပိုင်းခြား သတ်မှတ်ပြပါ။

၃၂၇။ ဖြေ နွားစသော အသားအပ်သော သတ္တဝါမျိုး တို့၏ နို့ရေမှဖြစ်သော ထောပတ်သည် သပ္ပိ, ထိုအသားအပ် သော သတ္တဝါတို့၏ နို့ရေမှဖြစ်သော ဆီဥ မသကာ, ထောပတ် သည် နဝနီတ, နှမ်း, မုန်ညှင်း, သစ်မည်စည်, ကြက်ဆူ, သားဆီ စသည်တို့မှ ထုတ်ယူအပ်သော အဆီသည် တေလ, ယင်ပျား, ပျားငယ်, ပျားကြီးတို့ ပြုလုပ်အပ်သော ပျားရည်သည် မဓု, ကြံ ရည်ကို အစပြု၍ မချက်အပ်သော အပက္ကဝတ္ထု အဖတ်မပါဘဲ ချက်အပ်သော အပက္ကဖြစ်သော ကြံအထူးကို တင်လဲ "ဖာဏိတ" ခေါ်ပါသည်။

အသားမအပ်သော သတ္တဝါတို့၏ နို့ရည်မှဖြစ်သော ထော ပတ် ဆီဥတို့သည်လည်း အပ်ကုန်သည်သာ၊ သို့ရာတွင် ဝင်းတို့မှာ ဒုက္ကဋ် ဝတ္ထုများသာ ဖြစ်သောကြောင့် ဤသိက္ခာပုဒ်အရ မယို အပ်ကုန်။

---

၃၂၈။ မေး ပတ္တဝဂ် တတိယသိက္ခာပုဒ်၌ (က) "ပဋိ သာယနီယာနိ" ဟူသော ပါဌ် (ခ) "တာနိ ပဋိဂ္ဂဟေတွာ" ဟူသော ပါဌ်တို့ဖြင့် ပြအပ်သော ဒီပနတ္ထဝိသေသကို ညွှန်းပြပါ။

၃၂၈။ ဖြေ (က) "ပဋိသာယနီယာနိ" ဟူသောပါဌ်ဖြင့် မိမိကိုယ်တိုင် ကိုင်တွယ်၍ အကပ်ဖျက်၍ ထားအပ်ကုန်သောသပ္ပိ နဝနီတ စသည်တို့ကို ၇-ရက်ကို လွန်စေသော်လည်း အာပတ်

မသင့်ဟူသော အတ္ထဝိသေသကို ပြပါသည်၊ (မသုံးဆောင်ထိုက်ရကား ပဋိသာယနီယ ဝတ္ထု မဟုတ်သောကြောင့်ဟူလို။)

(ခ) "တာနိ ပဋိဂ္ဂဟေတွာ" ဟူသော ပါဠိဖြင့် သားဆီမှတပါး နို့ရေ စသော ယာဝကာလိက ဝတ္ထုမှ ဖြစ်လာသော ထောပတ် စသော ဆေးတို့၏ဖြစ်ကြောင်း မူလ နို့ရေ စသော ယာဝကာလိက ဝတ္ထုရင်းတို့ကို အကပ်ခံကာ ပြုလုပ်အပ်ကုန်သော ထောပတ် စသည်တို့ကို ၇-ရက်ကို လွန်စေသော်လည်း အာပတ် မသင့် ဟူသော အတ္ထဝိသေသကို ပြပါသည်၊ (အကပ်ခံအပ်သော ဝတ္ထုမှာ "တာနိ" ဟူသော ပါဠိအရ သပ္ပိ စသော ဘေသဇ္ဇမဟုတ်ဘဲ "ခီရ" စသော မူလဝတ္ထုဖြစ်နေသောကြောင့် ဟူလို။)

ဤအဖြေစကားရပ်များအရ အကပ်မခံဘဲ မိမိကိုယ်တိုင် ကိုင်၍ သိမ်းဆည်းထားအပ်သော ထောပတ် စသည်တို့ကိုရင်း, နို့ရေ စသောမူလဖြစ်ကြောင်း ဝတ္ထုရင်းကို အကပ်ခံ၍ပြုလုပ်အပ်သော ထောပတ် စသည်တို့ကိုရင်း ၇-ရက်ကိုလွန်သော်လည်း ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်သည်ကို သိလေ။

---

၃၂၉။ မေး (က) ပတ္တဝဂ် တတိယ သိက္ခာပုဒ်အရ သတ္တာဟကာလိကဖြစ်သော "ဝသာတေလ" သားဆီကို ပြုလုပ်ရာ၌ မူလဝတ္ထုဖြစ်သော အဆီခဲကို ရဟန်းကိုယ်တိုင် အကပ်ခံ၍ အဆီဖြစ်အောင် ကိုယ်တိုင် ချက်ကောင်း ထုတ်ကောင်း ပါသလော (ခ) ထိုသို့ ကိုယ်တိုင်ပြုလုပ်အပ်သော အဆီမျိုးနှင့် လူ သာမဏေတို့ ပြုလုပ်၍ ပေးအပ်သော အဆီမျိုးကို အတူ

(ဆက်မအကြိမ်)

အမျှပင် အသုံးပြုနိုင်သည် မပြုနိုင်သည်ကိုလည်း ပိုင်းခြား သတ်မှတ်၍ ပြပါ။

၃၂၉။ ဖြေ (က) ပုရေဘတ္တကာလ၌ မူလဝတ္ထုဖြစ်သော အဆီခဲကို အကပ်ခံ၍ ကိုယ်တိုင်ပင် ချက်ကောင်း ထုတ်ကောင်း ပါသည်။ (ပစ္ဆာဘတ္တ ကာလ၌ကား မပြုမလုပ်ကောင်း။)

(ခ) ရဟန်းကိုယ်တိုင် ချက်အပ် ထုတ်အပ်သော သားဆီကို ၇-ရက်အတွင်း အာမိသကင်းသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်နိုင်ပါသည်။ လူ သာမဏေတို့ ပြုလုပ်၍ ပေးအပ်သော သားဆီကိုကား ၇-ရက်အတွင်းမှာ နိရာမိသ ပရိဘောဂဖြင့် သုံးဆောင်နိုင်ရုံမက ထိုအကပ်ခံရာနေ့၏ ပုရေဘတ္တ ကာလ၌မူ အာမိသနှင့်တကွပင် သုံးဆောင်နိုင်ပါသေးသည်။

မူလ ယာဝကာလိက ဝတ္ထုရင်းကို အကယ်၍ စိမံပြုလုပ်မှုမှာ "ဝသာတေလ" သားဆီတမျိုး အတွက်သာရသည်၊ ကြွင်းသော ယာဝကာလိကဝတ္ထုမှ ဖြစ်လာကုန်သော ထောပတ် စသည်တို့၏ နိ့ရေ စသော ယာဝကာလိက ဝတ္ထုကိုကား ထိုသို့ အကပ်ခံ၍ မပြုမလုပ်ကောင်း၊ သားဆီခဲဟူသော ဝတ္ထုကို ကိုယ်တိုင်ချက်မှု ကိုယ်တိုင် အဆီ ထုတ်ယူမှု တို့ မှာ လည်း ပုရေဘတ္တကာလ၌သာ အပ်သည်။ ပစ္ဆာဘတ္တကာလ၌မူကား အထက်ပါ ကိစ္စ ၃-ချက် လုံးကိုပြုမူ ဒုက္ကဋ် ၃-ချက်, ၂-ချက်ကိုပြုမူ ဒုက္ကဋ် ၂-ချက်, တချက် ကိုပြုမူ ဒုက္ကဋ်တချက် သင့်၏။

---

၃၃၀။ မေး (က) နံနက်ဘက်က အကပ်ခံထားသော နွားနို့ကို လူသာမဏေတို့ ထောပတ်ချက်၍ကပ်ပါက သုံးဆောင်

ကောင်းပါမည်လော (ခ) အကပ်ခံထားသည့် သပ္ပိ, နဝနီတ စသော သတ္တာဟကာလိကဝတ္ထုတို့ကို ဆွမ်းစသော အာမိသနှင့် ရော၍ သုံးဆောင်ကောင်း မသုံးဆောင်ကောင်း ကိုလည်း ဆုံးဖြတ်ပါ။

၃၃၀။ ဖြေ (က) ထိုအကပ်ခံရာနေ့၏ "ပုရေဘတ္တ" မွန်းမတည့်မီ ကာလအတွင်း၌ ဆွမ်း စသော အာမိသနှင့်ရော၍ ပင် သုံးဆောင်ကောင်းပါသေးသည်။ ထိုနေ့၏ "ပစ္ဆာဘတ္တ" မွန်းတည့်ပြီး ကာလမှ စ၍ လုံးလုံး မသုံးဆောင် ထိုက်သော အနဇ္ဈောဟရဏီယ ဝတ္ထုအဖြစ်သို့ ရောက်ပါတော့သည်။

အနဇ္ဈောဟရဏီယ ဖြစ်သောကြောင့်ပင် သတ္တာဟကို လွန်စေသော်လည်း အာပတ်မသင့်။ ပဋိသာယနီယ ဘေသဇ္ဇမဟုတ်ဟူ၏။

(ခ) နံနက်ဖက် "ပုရေဘတ္တကာလ"၌ အကပ်ခံအပ်သော သပ္ပိ,နဝနီတ စသည်တို့ကို ထိုအကပ်ခံရာနေ့၏ပုရေဘတ္တကာလ၌ ဆွမ်း စသော အာမိသနှင့် ရော၍ သုံးဆောင်ကောင်းပါသည်၊ ပစ္ဆာဘတ္တ ကာလမှစ၍ နံနက်က အကပ်ခံထားအပ်သော ထောပတ် စသည်တို့နှင့်တကွ ပစ္ဆာဘတ္တကာလ၌ အကပ်ခံထားအပ်သော ထောပတ်စသည်တို့ကိုပါ ၇-ရက်အတွင်း အာမိသ ကင်းသော သုံးဆောင်ခြင်းဖြင့်သာ သုံးဆောင်ကောင်းပါတော့ သည်၊ ဆွမ်း စသော အာမိသတို့နှင့် ရောစပ်၍ မသုံးဆောင် ကောင်းပါ။

---

၃၃၁။ မေး ထောပတ် စသော သတ္တာဟကာလိက ဝတ္ထု တို့ကို အကပ်ခံထားရာ ၇-ရက်ကို လွန်တော့မည် ရှိသောအခါ အာပတ် မသင့်အောင် ဘယ်လိုပြုလုပ်ရပါမည်နည်း။

၃၃၁။ ဖြေ ၇-ရက် မလွန်မီ ဤထောပတ်ဆီ စသည်ကို ကိုယ်လက် သုတ်လိမ်းခြင်း စသော ဗာဟိရကိစ္စအတွက်သာ ငါ အသုံးပြုတော့မည်ဟု စိတ်ကဆောက်တည်ရည်မှန်း၍ ထားလိုက်ပါက အာပတ်မသင့်ပါ။

---

၃၃၂။ မေး အကပ်ခံရာ နေ့၏ ပုရေဘတ္တ ကာလ၌ သာမိသ, နိရာမိသ ပရိဘောဂ ၂-မျိုးလုံးဖြင့် သုံးဆောင်ခွင့် ရှိသော သပ္ပိ နဝနီတမျိုး, နိရာမိသ ပရိဘောဂ တမျိုးဖြင့်သာ သုံးဆောင်ခွင့်ရှိသော သပ္ပိ နဝနီတမျိုးတို့ကို ခွဲခြားပြဆိုပါ။ (သဝတ္ထုက ပရိဂ္ဂဟိတကို မလို။)

၃၃၂။ ဖြေ လူ, သာမဏေဟူသော အနုပသမ္ပန္နပုဂ္ဂိုလ်တို့ ပြုလုပ်၍ ကပ်အပ်သော ထောပတ်, ဆီဦတို့ကို အကပ်ခံရာနေ့၏ ပုရေဘတ္တကာလ၌ ပရိဘောဂ ၂-မျိုးလုံးဖြင့် သုံးဆောင်ခွင့် ရှိပါသည်။ ရဟန်းကိုယ်တိုင် ချက်အပ်သော နိဗ္ဗတ္တိတသပ္ပိ, နဝနီ တမျိုးကို နိရာမိသ ပရိဘောဂဖြင့်သာ သုံးဆောင်ခွင့်ရှိပါသည်။

နို့,ရေ,နို့ ခမ်းဟူသော မူလဝတ္ထုမှထုတ်အပ်ပြီးသော သပ္ပိ,နဝ နီတကို နိဗ္ဗတ္တိတဆိုသည်၊နိဗ္ဗတ္တိတသပ္ပိ,နဝနီတသည် သတ္တာဟကာ လိကဖြစ်၍ ကိုယ်တိုင်ချက်ခြင်းသာမံပါကအမှုကိုပြုနိုင်သည်၊သာမံ

(ဆန္ဒမအကြိမ်)

ပါက သတ္တာဟကာလိက၌ နိရာမိသ ပရိဘောဂတမျိုးသာရထိုက်သည်၊ ဆွမ်းစသော ယာဝကာလိကနှင့် ရောလျှင် ယာဝကာလိက ဝတ္ထုပါ သာမိသပါက သဘောသို့ ရောက်သွားတော့သဖြင့် သာမိသ ပရိဘောဂကို မရနိုင်။

---

၃၃၃။ မေး (က) မှန်ညှင်းစေ့စသော ယာဝဇီဝိက ဝတ္ထုတို့ကို ဆီပြုလုပ်ရန် အကပ်ခံထားရာ ဆီမလုပ်ဘဲ ၇-ရက် လွန်သွားပါက မည်သို့ အပြစ်ရှိပါသေးသနည်း။ (ခ) အကပ်ခံသည့်နေ့တွင် မပြုလုပ်ဘဲ အလိုရှိရာ တနေ့နေ့တွင် ပြုလုပ်ပါလျှင်လည်း ထိုဆီကို ၇-ရက်ပင် သုံးစွဲနိုင်သည်ဟု မှတ်ရမည်လော ဆုံးဖြတ်ပါ။

၃၃၃။ ဖြေ ဒုက္ကဋ်အာပတ်သို့ ရောက်ခြင်း အပြစ်ရှိပါသည်။

(ခ) မမှတ်ရပါ၊ အကပ်ခံရာနေ့မှ ဒုတိယနေ့၌ ပြုလုပ်အပ်သော ဆီကို ၆-ရက်သာ အသုံးပြုနိုင်ပါသည်၊ တတိယနေ့၌ ပြုလုပ်အပ်သော ဆီကို ၅-ရက်၊ စတုတ္ထနေ့၌ ပြုလုပ်အပ်သော ဆီကို ၄-ရက်၊ ပဉ္စမနေ့၌ ပြုလုပ်အပ်သော ဆီကို ၃-ရက်၊ ဆဋ္ဌနေ့၌ ပြုလုပ်အပ်သော ဆီကို ၂-ရက်၊ သတ္တမနေ့၌ ပြုလုပ်အပ်သော ဆီကို ထိုပြုလုပ်ရာနေ့၌သာ အသုံးပြုနိုင်ပါတော့သည်။

မူလဝတ္ထုကို အကပ်ခံရာနေ့မှစ၍ ၇-ရက်ကို ရေတွက်ရမည်ဟူ၏။ အဋ္ဌမနေ့၌ ပြုလုပ်အပ်သော ဆီသည်ကား အနဇ္ဈောဟရဏီယ အပ္ပဋိသာယနီယ ဖြစ်တော့၏၊ နိဿဂ္ဂိယဝတ္ထုမဟုတ်သည့်အတွက် ကိုယ်လက်အင်္ဂါကို သုတ်လိမ်းခြင်းစသော ဗာဟိရကိစ္စမျိုး၌ကား အသုံးပြုကောင်းပါ၏။

(ဆဋ္ဌမအကြိမ်)

၃၃၄။ မေး (က) သတ္တာဟာတိက္ကန္တ ဖြစ်သော သပ္ပိ နဝနီတ စသည်တို့ကို စွန့်ပုံပါဠိကို ရေးပြ၍ (ခ) ထိုဝိနည်းကံ ဖြင့် စွန့်အပ်ပြီးသော သပ္ပိ, နဝနီတ စသည်တို့ကို ပြန်ရပါက သုံးဆောင်ခွင့် ရ,မရ ကိုလည်း ဆုံးဖြတ်ပါ။

၃၃၄။ ဖြေ (က) ဣဒံ မေ ဘန္တေ ဘေသဇ္ဇံ သတ္တာဟာ တိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(ခ) စားသောက်ခြင်း ကိုယ်လက်အင်္ဂါကို လိမ်းခြင်း စသော သရီရ ကိစ္စတို့၌ အသုံးမပြုကောင်းတော့ပါ၊ မီးထွန်းမှု တစုံတခု သော ဝတ္ထုပစ္စည်းကို လိမ်းသုတ်မှုတို့၌သာ အသုံးပြုနိုင်ပါသည်။ အခြားရဟန်းများကား အနာလိမ်းခြင်း စသော ကာယိက ပရိဘောဂ အမှုမျိုးကို ပြုနိုင်သည်၊ မစားကောင်း။

ဝိနည်းကံဖြင့် စွန့်သည်မဟုတ်ဘဲ တစုံတယောက်အား နိရာ ပေက္ခ အာလယပြတ် စွန့်အပ်ပေးအပ်ပြီးသော သပ္ပိစသည်တို့ကို ကား ပြန်ရလျှင် စားကောင်း သောက်ကောင်းသည်။

ဆောင်ပုဒ်

အကပ်ခံအပ်၊ ထောပတ်စသား၊ ဖြစ်ငြားတထွေ၊ ပိုင်စေ မိမိ၊ လွန်ဘိသတ္တ၊ အဟာရှိခြင်း၊ အင်သုံးခင်း၊ မယွင်းမှတ် ကြ ဘေသဇ္ဇ။ (သာရတ္ထ-ဝိမတိ။)

တတိယနိဿဂ္ဂိပါစိတ်ငြိး၏။

## စတုတ္ထနိဿဂ္ဂိပါစိတ်

၃၃၅။ **မေး** (က) မိုးရေခံသင်္ကန်း၏ ကုစ္ဆိသမယ ဟူသော ခေတ္တ, ပိဋ္ဌိသမယဟူသော အခေတ္တတို့ကို ခွဲခြားပြဆို၍ (ခ) ကုစ္ဆိသမယ ခေတ္တ၌ ပရိယေသနခေတ်, ကရဏခေတ်, နိဝါသနခေတ်, အဓိဋ္ဌာနခေတ် တို့ကိုလည်း ပိုင်းခြားပြဆိုပါ။

**၃၃၅**။ ဖြေ (က) နယုန်လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ဝါမထပ်လျှင် ၅-လ, ဝါထပ်လျှင် ၆-လသည် ကုစ္ဆိသမယ၊ တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့မှ နယုန်လပြည့်နေ့အထိ ၇-လသည် ပိဋ္ဌိသမယ မည်ပါသည်။

(ခ) ကုစ္ဆိသမယ ၅-လ, ၆-လ သည် ပရိယေသန ခေတ် ဝါဆိုလဆန်း တရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ ၄-လခွဲသည် ကရဏခေတ်, နိဝါသနခေတ်, မိုးဃ ၄-လသည် အဓိဋ္ဌာနခေတ် ဖြစ်ပါသည်။

ကုစ္ဆိသမယ ၅-လကို (က) နယုန်လပြည့်ကျော် ၁-ရက်နေ့မှ နယုန်လကွယ်နေ့အထိ ၁၄-ရက်တပိုင်း, (ခ) ဝါဆိုလဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ၁၅-ရက်တပိုင်း, (ဂ)ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှတန်ဆောင်မုန်း လပြည့်နေ့အထိ ၄-လ တပိုင်းအားဖြင့် ၃-ပိုင်းခွဲခြားကာ (က) အပိုင်းမှာ ပရိယေသန ခေတ် တမျိုးသာ ဖြစ်သည်၊ (ခ) အပိုင်းမှာ ပရိယေသန,ကရဏ, နိဝါသနခေတ် ၃-မျိုးဖြစ်သည်၊ အဓိဋ္ဌာနခေတ်ကား မဟုတ်သေး၊ (ဂ) အပိုင်း ၄-မျိုးလုံး၏ ခေတ်ဖြစ်သည်ဟု မှတ်လေ။

[(ဆရာမဘာကြိမ်)]

"ပါတိမောက္ခ ပဒတ္တအနုဝဏ္ဏနာ"၌ အဆိုတမျိုး လာသည်ကို "အဇာနိတွာ ဝဒန္တိ"ဟု ဋီကာကြီး ဝိနိစ္ဆယပြု၏။

---

၃၃၆။ မေး (က) "ဝဿိက သာဋိက စီဝရံ ပရိယေသိတဗ္ဗံ"အရ မည်သူ့ထံမှ မည်သို့သော နည်းလမ်းမျိုးဖြင့် ရှာမှီးရမည်နည်း (ခ) "ကတွာ နိဝါသေတဗ္ဗံ"၌ ကတွာ-အရ ကရဏဟူသည် နိဋ္ဌာပနပင်ဖြစ်ရကား ယင်းနိဋ္ဌာပန အမျိုးအစား မည်မျှကွဲပြားသည်ကိုလည်း ကင်္ခါလာသမျှ ထုတ်ပြပါ။

၃၃၆။ ဖြေ (က) သံဃာအား ဘိတ်ကြားထားသူတို့ထံမှ "ကာလော ဝဿိက သာဋိကာယ"စသော သတိပေးစကားမျိုးကို ပြောဆိုခြင်းဖြင့် ရှာမှီးရပါသည်၊ မိမိ၏ ဉာတိပဝါရိတ ဒကာ ဒကာမတို့ထံမှကား "ငါ့အား မိုးရေခံသင်္ကန်းကို လှူကြကုန်"စသော တောင်းရမ်းခြင်း "ဝိညတ်" အမှုမျိုးဖြင့်လည်း ရှာမှီးကောင်းပါသည်။

(ခ) နိဋ္ဌာပန အမှုမျိုးသည် ၁-သူစိကမ္မနိဋ္ဌာပန, ၂-ရဇန နိဋ္ဌာပန, ၃-ကပ္ပဗိန္ဒုနိဋ္ဌာပနအားဖြင့် ၃-မျိုး ၃-စား ကွဲပြားပါသည်။

သူစိကမ္မနိဋ္ဌာပနေန သကိဒွိ ဝဏ္ဏဘေဒမတ္တရဇနေန ကပ္ပဗိန္ဒု ကရဏေနစ ကတွာ"ဟူသော ကင်္ခါစကားဖြင့် ကရဏဟူသော နိဋ္ဌာပန၏ ၃-မျိုး ပြားပုံကို ပြဆိုသည်။
(ဆဋ္ဌမအကြိမ်)

၃၃၇။ **မေး** (က) မိုဃ်းရေခံသင်္ကန်းကို ပိဋ္ဌသမယအကာလ၌ ဉာတိ ပဝါရိတတို့ထံမှ မိုဃ်းရေခံသင်္ကန်း၏ အချိန်အခါတန်ပြီ စသည်ဖြင့် သတုပ္ပါဒ အမှုကိုပြုကာ ရှာမှီးမှု တောင်းဆိုမှု (ခ) အညာတက အပ္ပဝါရိတထံမှ ရှာမှီးမှု တောင်းဆိုမှုတို့အတွက် မည်သို့ အပြစ်ရှိပါသနည်း။

၃၃၇။ **ဖြေ** (က) သတိပေးခါ ရှာမှီးမှုအတွက် ဝဿိက သာဋိက သိက္ခာပုဒ်ဖြင့် အာပတ်သင့်ပါသည်၊ တောင်းဆိုမှု အလှူခံမှုအတွက် အညာတက ဝိညတ္တိသိက္ခာပုဒ်ဖြင့် အာပတ် မသင့်ပါ။ (ဝဿိက သာဋိက သိက္ခာပုဒ်ဖြင့်သာ သင့်သည်။)

(ခ) သတိပေးကာ ရှာမှီးမှုအတွက် နိဿဂ္ဂိပါစိတ်, တောင်းဆိုမှု အလှူခံမှုအတွက် အညာတက ဝိညတ္တိ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် သင့်ပါသည်။

ကုစ္ဆိသမယကာလ ဉာတိပဝါရိတ မဟုတ်သူတို့ထံမှ သတိပေးကာ ရှာမှီးလျှင် ဝတ္တဘေဒဒုက္ကဋ်, ဒေထ မေ-စသည်ဖြင့် တောင်းလျှင် အညာတက ဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် သင့်၏၊ မိမိကို ပုဂ္ဂလိက မဘိတ်စေကာ သံဃာအား ဘိတ်ထားလျှင်လည်း ပဝါရိတပင်ဖြစ်၏၊ မည်သူကိုမျှ ဘိတ်မထားသော်လည်း နှစ်စဉ် မိုဃ်းရေခံသင်္ကန်း လှူနေကျ ဒကာများကိုမူကား "ကာလော ဝဿိကသာဋိကာယ"စသည်ဖြင့် သတိပေးကောင်းသည်။

---

၃၃၈။ **မေး** (က) နိဿဂ္ဂိယ မိုဃ်းရေခံသင်္ကန်း စွန့်ပုံပါဠိကို ရေးပြ၍ (ခ) ဝဿိကသာဋိက သိက္ခာပုဒ်၌ ပရိယေသန အာပတ်၏ အင်္ဂါ (ဂ) နိဝါသနအာပတ်၏ အင်္ဂါများကိုလည်း ခွဲခြားပြဆိုပါ။

(ဆဋ္ဌမအကြိမ်)

၃၃၈။ ဖြေ (က) ဣဓ ပန မေ ဘန္တေ ဝဿိကသာဋိကံ စီဝရံ အတိရေကမာသေ သေသေ ဂိမှာနေ ကတ္ဝာ ပရိယိဋ္ဌံ အတိရေကဒ္ဓမာသေ သေသေ ဂိမှာနေ ကတ္ဝာ ပရိဒဟိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(ခ) ၁-မိမိကို ရည်စူးခြင်း, ၂-အခါမဟုတ်သည်၌ ရှာမှီးခြင်း, ၃-ရှာမှီးတိုင်းပင် ရရှိခြင်း ပေါင်း ၃-ပါး။

(ဂ) ၁-သင်းပိုင် ကိုယ်ဝတ်ဟူသော သင်္ကန်းရှိခြင်း, ၂-ဘေးရန်မရှိခြင်း, ၃-မိုးသည်းရေခံ သင်္ကန်း၏ ကိုယ့်ဟာ ဖြစ်ခြင်း, ၄-အခါမဟုတ်သည်၌ ဝတ်ခြင်း ပေါင်း ၄-ပါး။

ဆောင်ပုဒ်

၁။ မိမိကိုရည်၊ ရှာသည့်တဝ၊ အကာလထဖြစ်၊ ရလစ်တုံပြန်၊ အင်္ဂါသုံးတန်၊ မှတ်ရန် ပရိယေသန အာပတ်တည်း။

၂။ ဥတ္တရာသံ၊ အန္တရံဟု၊ နှစ်တန်စီရ၊ ရှိထတုံလျှင်းကွာ ကင်းဘေးရန်၊ မိုးသည်းရေခံ၏၊ အမှန်ကိုယ့်ဟာ၊ အခါမတန်၊ ဝတ်ပြန်သမှု၊ အင်္ဂါလေးခု၊ မှတ်ရှုနိဝါသန အာပတ်တည်း။

စတုတ္ထနိဿဂ္ဂိယပါစိတ်ပြီး၏။

---

## ပဉ္စမနိဿဂ္ဂိယပါစိတ်

၃၃၉။ မေး ပတ္တဝဂ် ပဉ္စမအစ္စေကစီဝရ သိက္ခာပုဒ်၌ အစ္စေကစီဝရ အမှုမှာ (က) လုတတ်သော ရဟန်း၏ နှလုံးသွင်း (ခ) အလုခံရသော ပုဂ္ဂိုလ်အမျိုးအစား (ဂ) လုယူအပ်သော ပစ္စည်း အမျိုးအစားသို့ လိုက်၍ အာပတ်သင့်ပုံချင်း မတူ ထူးခြားကွဲပြား ပါသေးသလော။

(ဆနွမအကြိမ်)

၃၃၉။ ဖြေ (က) သကသညာဖြင့်လုမှု နိဿဂ္ဂိပါစိတ်, သကသညာမရှိဘဲလုမှု လုယူအပ်သော ဘဏ္ဍာ၏တန်ဘိုးအလိုက် ထိုက်သလိုဆိုးဖြတ်ပါ။

(ခ) ဥပသမ္ပန္နပုဂ္ဂိုလ်ထံမှ သင်္ကန်းကိုလုမှု နိဿဂ္ဂိပါစိတ်၊ အနုပသမ္ပန္နပုဂ္ဂိုလ်ထံမှ လုမှု ဒုက္ကဋ်။

(ဂ) လုယူအပ်သော ပစ္စည်းသည် ဥပသမ္ပန္နပုဂ္ဂိုလ်၏ သင်္ကန်းပစ္စည်းဖြစ်က နိဿဂ္ဂိပါစိတ်, ဥပသမ္ပန္နပုဂ္ဂိုလ်၏ သင်္ကန်းမှ တပါးသော သပိတ်စသော ပစ္စည်းမျိုး အနုပသမ္ပန္နပုဂ္ဂိုလ်၏ အလုံးစုံသော ပစ္စည်းမျိုးကို လုယူက ဒုက္ကဋ် ဤသို့အားဖြင့် ခြားနားပါသည်။

ဤသိက္ခာပုဒ်၌ “ဝေယျာဝစ္စာဒိနိ ပစ္စာသီသမာနော” ဟူသော ကန်ါပါဠိဖြင့် သင်္ကန်းပေးမှုသည် ငါ၏ကိစ္စကြီးငယ်ကို ဆောင်ရွက်၍ ပေးလိမ့်မည်ဟူသော မြော်လင့်ချက်ဖြင့် ပေးခြင်းမျိုးသာ ဖြစ်သည်။ နိဿဋ္ဌဒါနမျိုးမဟုတ်ဟူသော အဓိပ္ပါယ်ကို ပြသည်ဟု ဋီကာကြီးဆို၏။

---

၃၄၀။ မေး (က) ပတ္တဝဂ် ပဌမ သိက္ခာပုဒ်အရ နိဿဂ္ဂိယ သင်္ကန်းကို စွန့်ပုံပါဠိကို ရေးပြ၍ (ခ) ဤသိက္ခာပုဒ်၏ အင်္ဂါများကိုလည်း ပြဆိုပါ။

၃၄၀။ ဖြေ (က) ဣဒံ မေ ဘန္တေ စီဝရံ ဘိက္ခုဿ သာမံ ဒတွာ ပုန အစ္ဆိန္နံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။
(ဆဋ္ဌမအကြိမ်)

(ခ) ၁-ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း, ၂ ကိုယ်တိုင်ပေးခြင်း, ၃-ပြန်လုအပ်သော သင်္ကန်း၌ သကသညာရှိခြင်း, ၄-အလုခံရသော ပုဂ္ဂိုလ်၏ ဥပသမ္ပန္နပုဂ္ဂိုလ်ဖြစ်ခြင်း, ၅-အမျက်၏ အစွမ်းဖြင့်လုခြင်း, လုစေခြင်း ပေါင်း ၅-ပါး။

ဆောင်ပုဒ်

ဝိကပ္ပနာ၊ ပြဋ္ဌာလောက်င၊ စီဝရမှန်၊ သာမံဒိန္န၊ သကသညာ၊ ရှိပါတချက်၊ လုယက်ခံသူ၊ ဘိက္ခူဖြစ်ငြား၊ မျက်မာန်ပွား၍၊ လုငြားလုစေ၊ ငါးထွေ၊ မှတ်လေအင်္ဂါရပ်တည်း။

ပဉ္စမ နိဿဂ္ဂိယပါစိတ် ပြီး၏။

---

## ဆဋ္ဌနိဿဂ္ဂိယပါစိတ်

၃၄၁။ မေး (က) ပတ္တဝဂ် ဆဋ္ဌသိက္ခာပုဒ်၌ သုတ္တ-အရလိုအပ်သော ချည်အမျိုးအစားကို ပြဆို၍ (ခ) မည်သို့သော ချည်မျိုးကို မည်သို့သော ရက်ကန်းသည်မျိုးအား မည်သို့ မည်ပုံ အရက်ခိုင်းသဖြင့် မည်မျှလောက် ပြီးစီးပါက နိဿဂ္ဂိယပါစိတ် သင့်သည်ကိုလည်း ဖော်ပြပါ။

၃၄၁။ ဖြေ (က) ခေါမ ကပ္ပါသိက စသော ချည် ၆-မျိုးကိုရင်း, ယင်းတို့အား လျော်သော ဒုကူလစသော အနုလောမ ချည်မျိုးကိုရင်း သုတ္တဟု လိုအပ်ပါသည်။

(ခ) ဉာတိ ပဝါရိတ မဟုတ်သူတို့ထံမှ သင်္ကန်းရက်ရန် တောင်းအပ်သော အကပ္ပိယ ချည်မျိုးကို ဉာတိ ပဝါရိတ မဟုတ်

သော အကပ္ပိယ ရက်ကန်းသည်မျိုးအား ငါ့သင်္ကန်းကို ရက်၍ ပေးလော့ဟူသော အကပ္ပိယ ဝိညတ်စကားမျိုးဖြင့် ခိုင်းစေကာ အလျားတထွာ အနံတတောင် ပြီးစီးပါက နိဿဂ္ဂိပါစိတ် သင့်ပါသည်။

ဉာတိ ပဝါရိတ ရက်ကန်းသည်ပင် မဟုတ်စေကာ အကပ္ပိယ ဝိညတ်မှုဖြင့် ရအပ်သော ရက်ကန်းသည်မျိုး မဟုတ်ဘဲ "ဟတ္ထကမ္မ" လက်အမှုကို တောင်းခြင်း၏ အစွမ်းဖြင့် ရအပ်သော ရက်ကန်းသည်မျိုးသည်လည်း ကပ္ပိယတန္တဝါယပင် ဖြစ်တော့၏။

---

၃၄၂။ မေး ပတ္တဝဂ် ဆဋ္ဌသိက္ခာပုဒ်၌ ကပ္ပိယ ရက်ကန်းသည်ကို (က) အကပ္ပိယချည်ကို ရက်စေမှု (ခ) ကပ္ပိယချည်ကို ရက်စေမှု (ဂ) ကပ္ပိယာ-ကပ္ပိယ မိဿကချည်ကို ရက်စေမှု (ဃ) အကပ္ပိယ ရက်ကန်းသည်ကို ကပ္ပိယချည်ကို ရက်စေမှု (င) အကပ္ပိယ ချည်ကို ရက်စေမှု (စ) ကပ္ပိယာ - ကပ္ပိယ မိဿက ချည်ကို ရက်စေမှုတို့အတွက် သင့်ရောက်ထိုက်သော အာပတ်များကို ညွှန်းပြပါ။

၃၄၂။ ဖြေ (က) ဒုက္ကဋ်။

(ခ) အနာပတ္တိ။

(ဂ) အကပ္ပိယချည်အတွက် ဒုက္ကဋ်၊
ကပ္ပိယချည်အတွက် အနာပတ္တိ။

(ဃ) ဒုက္ကဋ်။

(င) နိဿဂ္ဂိယပါစိတ်။

(ဆဋ္ဌမအကြိမ်)

(စ) အကပ္ပိယ ချည်အတွက် နိဿဂ္ဂိပါစိတ်၊ ကပ္ပိယချည်အတွက်ဒုက္ကဋ်အာပတ်များအသီးသီးသင့်ပါသည်။

ရက်ကန်းသည်ကလည်း အကပ္ပိယ, ချည်ကလည်း အကပ္ပိယဖြစ်မှသာ ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် သင့်သည်၊ တခုခုက ကပ္ပိယဖြစ်နေပါလျှင် ဒုက္ကဋ်သာ၊ ၂-ခုလုံး ကပ္ပိယဖြစ်နေလျှင်ကား အနာပတ္တိ။

---

၃၄၃။ **မေး** ဉာတိ ပဝါရိတ မဟုတ်သူတို့ထံမှ (က) သူ တပါးကို အတောင်းခိုင်းခြင်းဖြင့် ရအပ်သောချည်ကို အကပ္ပိယ ရက်ကန်းသည်ကို အရက်ခိုင်းပါက သုတ္တဝိညတ္တိ သိက္ခာပုဒ်အရ နိဿဂ္ဂိယ ဖြစ်, မဖြစ်ကို အကြောင်းနှင့်တကွ ပြဆို၍၊ (ခ) စီဝရ သိဗ္ဗန ပတ္တထဝိက စသည်တို့ အကျိုးငှာ ချည်ကို တောင်းပါက အပြစ် ရှိ,မရှိကိုလည်း ဆုံးဖြတ်ပါ။

၃၄၃။ **ဖြေ** (က) နိဿဂ္ဂိယမဖြစ်ပါ၊ "သာမံ သုတ္တံ ဝိညာပေတွာ" ဟူသော ပါဠိကို ထောက်ပါ။

(ခ) စီဝရသိဗ္ဗန စသည်တို့အကျိုးငှာ ချည်ကိုတောင်းမှုအတွက် သုတ္တဝိညတ္တိ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ပါ၊ ဝိညတ္တိ သိက္ခာပုဒ်ဖြင့်ကား အကတဝိညတ် ဒုက္កဋ် သင့်ပါသေးသည်။

---

၃၄၄။ **မေး** (က) ပတ္တဝဂ် ဆဋ္ဌသိက္ခာပုဒ်အရ နိဿဂ္ဂိယ သက်န်းကို စွန့်ပုံပါဠိကို ရေးပြ၍ (ခ) ဤသိက္ခာပုဒ်၏ အင်္ဂါများကိုလည်း ဖော်ပြပါ။

၃၄၄။ **ဖြေ** (က) ဣဒံ မေ ဘန္တေ စီဝရံ သာမံ သုတ္တံ ဝိညာပေတွာ တန္တဝါယေဟိ ဝါယာပိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(ဆဋ္ဌမအကြိမ်)

(ခ) ၁ - သင်္ကန်းရက်ရန်အတွက် တောင်းအပ်သော ချည်ဖြစ်ခြင်း, ၂-မိမိအတွက် ရည်စူးခြင်း, ၃-အကပ္ပိယ ရက်ကန်းသည်ကို အကပ္ပိယ ဝိညတ်စကားမျိုးဖြင့် အရက်ခိုင်းခြင်း ပေါင်း ၃-ပါး။

ဆောင်ပုဒ်

သင်္ကန်းရက်ရန်၊ ရည်သန်တောင်းရိုး၊ ချည်မျိုးဖြစ်တိ၊ မိမိကိုမှန်း၊ ရက်ကန်းသည့်ဟူ၊ ခိုင်းအပ်သူလည်း၊ မဟူဉာတိ၊ ပဝါရိဖြစ်၊ တလှစ်မအပ်၊ ဝိညတ်မှုသွင်း၊ ရက်စေခြင်းပါ၊ ဤသုံးဖြာ၊ အင်္ဂါသရုပ် မှတ်ဘွယ်တည်း။

ဆဋ္ဌနိဿဂ္ဂိပါစိတ်ပြီး၏။

---

## သတ္တမ နိဿဂ္ဂိပါစိတ်

၃၄၅။ မေး (က) ပတ္တဝဂ် သတ္တမ သိက္ခာပုဒ်၌ "ပုဗ္ဗေ အပ္ပဝါရိတော" အရ မည်သူတို့က မည်သို့ မဘိတ်အပ်သည်ကို၎င်း၊ (ခ) "ဝိကပ္ပံ အာပဇ္ဇေယျ" အရ ဝိကပ္ပါပဇ္ဇနာ-ကာရကို၎င်း ညွှန်းပြ၍ (ဂ) "အန္တမသော ပိဏ္ဍပါတမတ္တမ္ပိ" အရ ဆွမ်းပေးရုံမျှဖြင့် နိဿဂ္ဂိယ ဖြစ်ပါသလော၊ ဘယ်အနေမျိုးသို့ ရောက်မှ နိဿဂ္ဂိယဖြစ်သည်ကို ပြဆိုပါ။

၃၄၅။ ဖြေ (က) သင်္ကန်းလှူမည့် ဒကာများက အရှင်ဘုရား ဘယ်လိုသင်္ကန်းမျိုးကို အလိုတော်ရှိပါသနည်း၊ အရှင်ဘုရားအတွက် အဘယ်လို သင်္ကန်းမျိုးကို အရက်ခိုင်းရပါမည်နည်း၊ လိုရာ အမျိုးအစားကို မိန့်ကြားတော်မူပါဟု မဘိတ်အပ်သည်ကို အပ္ပဝါရိတ ဆိုပါသည်။

(ခ) ပါတိမောက်၌ "ဣဒံ ခေါ အာဝုသော ။လ။ အနုပဒဇ္ဇေယျာမ"ဟူသော ပါဠိဖြင့် စီရင်မှုသို့ ရောက်ပုံအခြင်းအရာ "ဝိကပ္ပါ ပဇ္ဇနာ-ကာရ"ကို ပြပါသည်။

(ဂ) ဆွမ်းကို ပေးရုံမျှဖြင့် နိဿဂ္ဂိယ သင်္ကန်း မဖြစ်ပါ၊ ရဟန်း၏ စီမံစွက်ဖက်မှုအရ ရက်ကန်းသည်တို့က သင်္ကန်းဒကာများ၏ထံမှ ချည်ကိုထပ်တောင်းပြီးလျှင် ချဲ့ထွင်ရက်လုပ်သဖြင့် သင်္ကန်းကို ရရှိမှသာ နိဿဂ္ဂိယ ဖြစ်ပါသည်။ (သင်္ကန်း မရမီ ရက်ကန်းသည်တို့၏ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်။)

---

၃၄၆။ မေး (က) ပတ္တဝဂ် သတ္တမ သိက္ခာပုဒ်အရ နိဿဂ္ဂိယ သင်္ကန်းကို စွန့်ပုံပါဠိကိုရေးပြ၍ (ခ) ၎င်းသိက္ခာပုဒ်၏ အင်္ဂါများကိုလည်း ပြဆိုပါ။

၃၄၆။ ဖြေ (က) ဣဒံ မေ ဘန္တေ စီဝရံ ပုဗ္ဗေ အပ္ပဝါရိတဿ အညာတကဿ ဂဟပတိကဿ တန္တဝါယေ ဥပသင်္ကမိတွာ ဝိကပ္ပံ အာပန္နံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(ခ) ၁-ဉာတိ ပဝါရိတ မဟုတ်သူတို့၏ ရက်ကန်းသည်တို့ ထံသို့ သွားရောက်စီမံခြင်း, ၂-မိမိအတွက် ရည်စူးသော သင်္ကန်း ဖြစ်ခြင်း, ၃-ထိုရဟန်း၏ စီမံချက်အရ ချည်ကိုတိုး၍ ရက်စေခြင်း, ၄-သင်္ကန်းကို ရရှိခြင်း, ပေါင်း ၄-ပါး။

**ဆောင်ပုဒ်**

သင်္ကန်းဒကာ၊ အပ္ပဝါရိ၊ အညာတိတို့၊ ခိုင်းဘိတန္တ၊
ဝါယသို့ကပ်၊ စီမံလတ်ဘိ၊ မိမိဘို့မှန်၊ စီမံပြောကြား၊

(ဆ၃မအကြိမ်)

ကိုယ့်စကားကြောင့်၊ ချည်ပွားပြန်ခဲ့၊ ရခြင်းထဲ့၊ မှတ်ဘွယ့်အင်စတုက်။

သတ္တမနိဿဂ္ဂိပါစိတ်ပြီး၏။

---

## အဋ္ဌမနိဿဂ္ဂိပါစိတ်

၃၄၇။ **မေး** (က) ပတ္တဝဂ် အဋ္ဌမ သိက္ခာပုဒ်၌ အစ္စေက စီဝရဟူသည် မည်သည့်ပုဂ္ဂိုလ်တို့က မည်သို့မည်ပုံလျှောက်ဆို၍ လှူအပ်သော သင်္ကန်းမျိုးပါနည်း။ (ခ) နိဿဂ္ဂိယ အစ္စေက သင်္ကန်းကို စွန့်ပုံပါဠိနှင့်တကွ (ဂ) ဤသိက္ခာပုဒ်၏အင်္ဂါများကိုလည်း ဖော်ပြပါ။

၃၄၇။ **ဖြေ** (က) ခရီးသွားလတ္တံ့ ပုဂ္ဂိုလ်, မကျန်းမမာဖြစ်နေသော ပုဂ္ဂိုလ်, ကိုယ်ဝန်ရှိနေသူ, ရတ်တရက် ချက်ခြင်း သဒ္ဓါတရား ဖြစ်ပွားလာသူတို့က "ဝဿာဝါသိကံ ဒဿာမိ" ဝါဆိုသင်္ကန်းကို လှူပါမည်ဟု လျှောက်ဆို၍ လှူအပ်သော သင်္ကန်းမျိုးကို အစ္စေကစီဝရ ဆိုပါသည်။

(ခ) ဣဒံ မေ ဘန္တေ အစ္စေက စီဝရံ စီဝရကာလသမယံ အတိက္ကာမိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

(ဂ) ၁-ဝိကပ္ပနာ ပြုလောက်သော အစ္စေက သင်္ကန်း၏ မိမိပိုင် သင်္ကန်းဖြစ်ခြင်း, ၂-သီတင်းကျွတ် လဆန်း ၅-ရက်နေ့၌ ဖြစ်ပေါ်ရရှိခြင်း, ၃-အဓိဋ္ဌာန် ဝိကပ္ပနာ မပြုခြင်း, ၄-သင်္ကန်းကာလကို လွန်စေခြင်း ပေါင်း ၄-ပါး။

ဆောင်ပုဒ်

ဝိကပ္ပနာ၊ ပြုဌာလောက်င၊ စီဝရ၏၊ သသန္တကံ၊ ကိုယ်ပိုင်မှန်စေ၊ ကတ္တိကေလ၊ ဆန်းပက္ခ၏၊ ဒိဝသညီ၊ ပဥ္စ

(ဆဋ္ဌမအကြိမ်)

မိဥ္စ၊ ဖြစ်သည့်တတန်၊ အဓိဋ္ဌာန်မှု၊ ဝိကပ်မှုကို၊ မပြု တခန်း၊ သက်နီးအခါ၊ လွန်စေပါ၊ လေးဖြာအင် သရုပ်တည်း။

အဋ္ဌမနိဿဂ္ဂိပါစိတ်ပြီး၏။

---

## နဝမနိဿဂ္ဂိပါစိတ်

၃၄၈။ မေး ပတ္တဝဂ် နဝမ သိက္ခာပုဒ်၌ ဘယ်လိုသေနာသနမျိုးကို (က) အာရညက (ခ) သာသင်္ကသမ္မတ (ဂ) သပ္ပဋိဘယဆိုသည်ဟု ရှင်းလင်းဖော်ပြပါ။

၃၄၈။ ဖြေ (က) အကာအရံရှိသော မြို့ရွာ၏တံခါးခုံမှ အကာအရံမရှိသော မြို့ရွာ၏ အရံထိုက်ရာ ပရိက္ခေပါရဟဋ္ဌာနမှ မြန်မာတိုင်းသုံး သံတောင်လေးတောင်ရှိသော ကုလလေးတာဖြင့် အပြန် ငါးရာနှင့်နှင့် ဝေးကွာသော တောအရပ်၌ ဆောက်လုပ်အပ်သောကျောင်းမျိုးသည် အာရညကသေနာသနမည်ပါသည်။

ရွာ၌ အစွန်ဆုံးအိမ်၏ ဃရူပစာရမှ မဇ္ဈိမပုရိသ၏ ခဲတကျ အရပ်သည် ပရိက္ခေပါရဟဋ္ဌာနတည်း။

(ခ) ခိုးသူ စသည်တို့ တည်နေ ခိုအောင်း သည့် နေရာ စသည်ကို မြင်သဖြင့် မသင်္ကာစရာရှိသည်ဟု သမုတ်အပ်သော အရပ်မျိုးသည် သာသင်္က သမ္မတ မည်ပါသည်။

(ဂ) လူတို့ အရိုက် အနှက် အလု အယက် ခံရခြင်းဟူသော ဘေးဘျမ်းမျိုးနှင့် တကွဖြစ်သော အရပ်မျိုးသည် သပ္ပဋိဘယ မည်ပါသည်။

၃၄၉။ **မေး** ပတ္တဝဂ် နဝမ သိက္ခာပုဒ်၌ "အန္တရဃံရေ နိက္ခိပေယျ"အရ မည်မျှလောက်သော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံမှ နိက္ခိပနအမှုကို ပြုခွင့်ရသည်ကို ညွှန်းပြပါ။

၃၄၉။ **ဖြေ** ၁-ပုရိမဝါကပ်ဆို၍ သီတင်းကျွတ် လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြုခြင်း, ၂-သီတင်းကျွတ် လပြည့်ကျော် တရက်မှ တန်ဆောင်မုန်း လပြည့်အထိ ဟူသော ကတ္တိကလ ဖြစ်ခြင်း, ၃-တောကျောင်း အင်္ဂါလုံလောက်သော တောကျောင်းဖြစ်ခြင်း, ၄-သာသင်္က သပ္ပဋိဘယ ဖြစ်ခြင်း, ဤ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံမှ စီဝရနိက္ခိပန အမှုကို ပြုနိုင်ပါသည်။

ဆောင်ပုဒ်

၁။ ကတ္တိကေ ယေဝ မာသသ္မိံ၊ ပဌမာယ ပဝါရိတော။
ပဉ္စမေန ပမာဏေန၊ ယုတ္တေ သာသင်္ကသမ္မတေ။
၂။ သေနာသနေ ဝသန္တော၀၊ ဥပေတုံ ကေစီဝရံ။
စတုရင်္ဂသမာယောဂေ၊ လဗ္ဘတီတိ ပကာသိတော။

(ဝိနယဝိနိစ္ဆယ)

---

၃၅၀။ **မေး** (က) ပတ္တဝဂ် နဝမ သိက္ခာပုဒ်၌ "တေန စီဝရေန ဝိပ္ပဝသိတဗ္ဗံ" ဟူသော ပါဠိအရ ဘယ်လိုကင်းခြင်းမျိုး ကို ဝိပ္ပဝါသ ဆိုပါသနည်း (ခ) "ဆာရတ္တပရမံ" ဟူသော ပိုင်းခြားမှုမှာ မိမိနေရာ အာရညက သေနာသန အတွက် ပိုင်း ခြားခြင်းပါလော ဆုံးဖြတ်ပါ။

၃၅၀။ **ဖြေ** (က) မိမိနေရာ အရညက သေနာသန၌ သတ္တမမြောက် အရုဏ်ကို မတက်စေခြင်း, သတ္တမမြောက်နေ့၏

(ဆက်ရန်မအကြွင်း)

အရုဏ် တက်လာသည့်အခါ မိမိနေရာ အာရညက သေနာသနှ၌ မရှိခြင်းကို ဝိပ္ပဝါသ ဆိုပါသည်။

(ခ) မိမိနေရာ အာရညကသေနာသနအတွက် ပိုင်းခြားခြင်း မဟုတ်ပါ၊ အခြားနေရာ၌ နေခိုက်မှာ ဤမျှလောက် ကင်း၍ နေနိုင်သည်ဟု ပိုင်းခြားခြင်းသာ ဖြစ်ပါသည်။ မိမိနေရာ အာရညက သေနာသန၌ကား စီဝရမှ သာ တလလုံးပင် ကင်း၍နေနိုင် ပါသည်။

ဓွန့်ပုံပါဠိ

ဉာဒံ မေ ဘန္တေ စီဝရံ အတိရေက ဆာရတ္တံ ဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ဆောင်ပုဒ်

၁။ ယံ ဂါမံ ဂေါစရံ ကတ္ဘာ၊ ဘိက္ခု အာရညကေ ဝသေ။
တသ္မိံ ဂါမေ ဌပေတုံ တံ၊ မာသမေကမ္ပိ ဝဋ္ဋတိ။
၂။ အညတ္ထေဝ ဝသန္တဿ၊ ဆာရတ္တ ပရမံ မတံ။
အယမဿ အဓိပ္ပါယော၊ ပဋ္ဌိဿ္ခေ ပကာသိတော။

(ဝိနယ ဝိနိစ္ဆယ)

နဝမနိဿဂ္ဂိပါစိတ် ပြီး၏

---

ဒသမနိဿဂ္ဂိပါစိတ်

၃၅၁။ မေး (က) ပတ္တဝဂ် ဒသမ သိက္ခာပုဒ်၌ သံဃာ အား ညွတ်ရရုံသာ ညွတ်ရသေးသဖြင့် သံဃာ့ဥစ္စာ မဖြစ်သေး သော လာဘ်ကို အဘယ်ကြောင့် သံဃိက ဆိုပါသနည်း။ (ခ) မိမိသို့ ညွတ်စေရုံမျှဖြင့်ပင် နိဿဂ္ဂိယပါစိတ် သင့်ပါသလော။ (ဆရာမအကြိမ်)

(ဂ) သံဃစေတိယ ပုဂ္ဂလတို့၌ ညွတ်ပြီးသော လာဘ်ကို ညွတ်ရင်းမှ တပါးသော သံဃ စေတိယ ပုဂ္ဂလတို့သို့ ညွတ်စေက မည်သို့ အပြစ်ရှိသေးသည်ကိုလည်း ဖော်ပြပါ။

၃၅၁။ ဖြေ (က) ညွတ်ခြင်းဟူသော အကြောင်း ပရိယာယ်တမျိုးအရ သံဃိက ဖြစ်ပါတော့သည်။

(ခ) နိဿဂ္ဂိယပါစိတ် မသင့်ပါ၊ ဒုက္ကဋ်မျှသာ သင့်ပါသည်။ (မိမိလက်သို့ရောက်မှ နိဿဂ္ဂိပါစိတ်။)

(ဂ) ဒုက္ကဋ်အာပတ် သင့်ပါသည်။

၁။ ယော ပနန္တမသော ဘိက္ခု၊ သုနခဿာပိ ဩဏတံ။
သုနခဿ ပနာညဿ၊ ပရိဏာမေယျ ဒုက္ကဋံ။

ဤ"ဝိနယဝိနိစ္ဆယ"စကားအရ ခွေးတကောင်အတွက် ရည်မှန်းထားသော အစာကိုပင် အခြားခွေးတကောင်ကို အကျွေး မခိုင်းရ။

ဗွန့်ပုံပါဠိ

ဣဒံ မေ ဘန္တေ ဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမိတံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ဆောင်ပုဒ်

၁။ စေတိယဿံစ သံဃဿ၊ ပုဂ္ဂလဿာပိ ဝါ ပန။
အညဿ ပေါဏာမညဿ၊ ပရိဏာမေယျ ဒုက္ကဋံ။
၂။ တိဏာဂ်ါနေ ဥ္ညာတာနိ၊ သံဃေ ပရိဏတံ တထာ။
ပဋိလာဘောစ လာဘဿ၊ ဇာနတော သဿ နာမနံ။

ဒသမနိဿဂ္ဂိပါစိတ်ပြီး၏။

နိဿဂ္ဂိယပါစိတ္တိယကဏ္ဍ အလုံးစုံပြီး၏။

(ဆန္ဒမအကြိမ်)

# နိဂမဂါထာများ

(က) ဂရူန မဝလမ္ဗာ ဟံ၊
ယေသံ ဉာဏာနုဘာဝကံ။
နိဋ္ဌာပေသိံ ဣမံ ဂန္ထံ၊
တေဇယန္တု သဒါ သုခံ။

(ခ) ဝိနယော သာသနဿာယု၊
ဘူတော စိရံ ပတိဋ္ဌတံ။
ပါလေန္တု သာသနံ သန္တာ၊
သမဏာ သက္ယပုတ္တိယာ။

(ဂ) ယောဂိန မေတ္တ သောတူနံ၊
ဉာဏံ မံ ဉာဏသင်္ဂမံ။
ပတွာ သုခေန္တု ဘူတတ္ထံ၊
သော အသ္မာက ပတ္ထနာတိ။

ကန်ဒါမေးခွန်းနှင့်အဖြေ

ပထမတွဲပြီး၏။

○ ကင်္ခါ မေးခွန်းနှင့် အဖြေ ○

ဒုတိယတွဲ

ရိုက်နှိပ်နေပါပြီ

---

အဂ္ဂမဟာပဏ္ဍိတ

ညောင်လေးပင်တောရကျောင်းတိုက်

နာယကဆရာတော်ဘုရား

ရေးသားတော်မူအပ်သော

# ဝိသုဒ္ဓိမဂ်အရသာ

ဒုတိယအကြိမ် ရိုက်နှိပ်ပြီးစီးပါတော့မည်

## ကြွင်ကြွင်

ပိဋကတ်တော်ဖြန့်ချိရေးနှင့် စာအုပ်ချုပ်လုပ်ရာဌာန
ဆဌမူကျမ်းစာများ အရောင်းကိုယ်စားလှယ်
အမှတ် ၄၃-၄၄၊ ရွှေတိဂုံအရှေ့မုခ်
ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့